www.burmeseclassic.com



www.burmeseclassic.com

# စိတြအဂ္ဂ

မြဘုရားရတနာသိုက်


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ထုတ်ဝေသူ | - | ဦးအောင်စိုး (ခုနစ်စဥ်ကြယ်စာပေ)<br>(၁၈၂)၊ (၃၁)လမ်း၊ ပန်းဘဲတန်းမြို့နယ်။ |
| အတွင်းနှင့် | - | ဦးကျင်ရှင် (၀၅၄၁၇) (ရွှေခြသေ့်ပုံနှိပ်တိုက်) |
| အဖုံးပုံနှိပ်သူ | | (၂၂၅)၊ ၃၂-လမ်း၊ ပန်းဘဲတန်းမြို့နယ်။ |
| ကွန်ပျူတာစာစီ | - | ပြည့်ဖြိုး |
| အဖုံးပန်းချီ | - | L လင်း |
| အတွင်းဖလင် | - | ကိုကြီးပေါက် (၀၉-၄၂၀၂၄၃၃၂၇) |
| ထုတ်ဝေသည့်အကြိမ် | - | ပထမအကြိမ်၊ ၂၀၁၅၊ ဇူလိုင်လ။ |
| အုပ်ရေ / တန်ဖိုး | - | ၅၀၀ အုပ် / ၁၄၀၀ ကျပ် |
| ဖြန့်ချိရေး | - | ခုနစ်စဥ်ကြယ်စာပေ<br>အမှတ် ၁၈၂ (B)၊ ၃၁-လမ်း၊<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။<br>ဖုန်း- ၀၉ ၇၃၀၅၁၆၆၄၊ ၀၉ ၇၃၁၂၆၃၅၈ |


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

ခင်ထားမြင့်သည် မော်လမြိုင် အထက်တန်းခရီးသည်များ ထွက်ရန် ဂိတ်ပေါက်မှထွက်၍ ဘူတာမျက်နှာစာသို့ ရောက်လာ၏။ လက်မှနာရီက ညနေလေးနာရီခွဲဟု ညွှန်ပြနေသည်။ သူမအား လာကြို မည့်သူမရှိ၍ သည်မိုး၊ သည်လေနှင့် မည်သို့ သွားရမှန်းမသိ ဖြစ်နေ၏။ ဆိုင်ကယ်ကယ်ရီများ ရှိသော်လည်း မိုးနှင့်လေနှင့်မို့ စီး၍မဖြစ်ပါ။ ယခုပင် အတော်စိုနေပြီ ဖြစ်၏။

လေအေးက တစ်ကိုယ်လုံးကို ချမ်းစိမ့်စိမ့် ဖြစ်လာ၏။ ရင်ထဲတွင် နိုက်နိုက်တုန်နေသည်။ ပြန်မရောက်သည်မှာကြာပြီမို့ သည်မြို့၊ သည်နေရာသည် သူမအဖို့ အနည်းငယ် စိမ်း၍နေ၏။ အသိအကျွမ်းများပင် တစ်ဦးတလေမျှ မတွေ့မိ။

စကြိုမျက်နှာစာလှေကားထစ်အောက်တွင် ရပ်နေသည်



www.burmeseclassic.com

www.burmeseclassic.com



ဟိုင်းလတ်ကားတစ်စီး သူမအနီးသို့ ဝူးခနဲ ကပ်၍ ထိုးဆိုက်လာသောကြောင့် ခင်ထားမြင့်မှာ အထိတ်တလန့်ဖြင့် နောက်ပြန်တက်လိုက်မိသည်။ နွမ်းနယ်တုန်ယင်နေသည့် ခန္ဓာကိုယ်ကြောင့် လိုရာသို့ ချိန်သားကိုက်စွာမရောက်ဘဲ ခြေဖနောင့်နှင့် လှေကားထစ်နဲ့ နာကျင်စွာ တိုက်မိပြီး ဘေးစောင်းလည့်၍ ကျသွားတော့၏။

"ဟာ မတော်လို့ပါ၊ တောင်းပန်ပါတယ်"

ကားပေါ်မှ အလောသုံးဆယ် ဆင်းလာသူသည် ပြန်ထနိုင်ရန် ကြိုးစားနေသော ခင်ထားမြင့်၏ဘေးတွင် ထူရမလို၊ ကူရမလို ယောင်ချာချာရပ်ရင်း ပြောနေသည်။

သူ့အသံအား ခင်ထားမြင့် ကောင်းစွာသိ၏။ ထိုသူသည် မော့ကြည့်လိုက်သော ခင်ထားမြင့်အားလည်းကောင်း၊ ခင်ထားမြင့်သည် ငုံ့ကြည့်နေသော ထိုသူ့အားလည်းကောင်း သိနေကြပါလေသည်။ ထိုသူသည် သွက်လက်စွာဒူးထောက်၍ ခင်ထားမြင့်အား မိမိရရ ဆွဲထူလိုက်သည်။

"ခင်ထား ... ခင်ထားမြင့် မဟုတ်လားဟင်"

"ဟုတ်ပါတယ် လူရဲရယ်"

"သိပ်နာသွားသလား ခင်ထား။ ကိုယ် မျာလောင်ခတ်လို့ ဖြစ်ရတာပါ၊ တောင်းပန်ပါတယ်ကွာ"

"ကိစ္စမရှိပါဘူး လူရဲရယ်"





"ကိုယ်လေ သူငယ်ချင်းတစ်ယောက်ကို လာကြိုတာ၊ ရထားဆိုက်တာတောင် တော်တော်ကြာသွားပြီထင်တယ်၊ ခင်ထား ဒီရထားနဲ့ ပါလာတာလား။ ကိုယ်လိုက်ပို့ပေးမယ်၊ ပေး ပေး ... ခြေထောက်ရော ထောက်နိုင်ရဲ့လား။ တကယ်ကွာ ကိုယ့်အပြစ်ပါ၊ လာ လာ ... ကားပေါ်မှာ ထိုင်နှင့်၊ ကိုယ့်သူငယ်ချင်းကို ပြေးရှာလိုက်ဦးမယ်၊ ဒုက္ခပဲကွာ ... ဟိုကောင်တော့ ကိုယ့်ကို ဆဲနေတော့မှာပဲ၊ ကိုယ် အခုပဲ ပြန်လာမယ်နော် ခင်ထား"

သူသည် ခင်ထားအား ဖေးကိုင်၍ ကားရှေ့ခန်းထဲ အရင်ပို့၏။ သားရေအိတ်နှင့် ခြင်းကိုကား နောက်ခန်းထဲတွင် ထည့်လိုက်၏။ နောက် ဘူတာအတွင်းပိုင်းသို့ ခြေလှမ်းကျဲကြီးများဖြင့် ပြေးဝင်သွားလေတော့၏။

မိုးလေလုံခြုံသော ကားရှေ့ခန်းထဲသို့ရောက်သောအခါမှ ခင်ထားမြင့်မှာ ဆံပင်မှ ရေစများကို ကိုင်စမ်းတောက်ခါမိတော့၏။ ဆွယ်တာတစ်ထည်ထုတ်၍ ဝတ်လိုလှသော်လည်း သားရေအိတ်က ကားနောက်ခန်းထဲတွင် ရောက်နေပြီမို့ ဆင်းယူရန် ဝန်လေးနေမိသည်။

"ဟိုကောင့်ကို ရှာလို့တော့မတွေ့ဘူး ခင်ထား၊ အိမ်များရောက်နေပြီလားပဲ၊ အေးကွာ ... ကိုယ်ကလည်း ကားသိမ်းနောက်ကျသွားတာကိုး၊ ဒါထက် ဘယ်ကိုပို့ပေးရမလဲ ခင်ထား"

တံခါးကိုဖွင့် လူရဲတက်လာကာ စက်နှိုးရင်း ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ထားအိမ်ကိုပဲ ပို့ပေးပါ၊ ရှင်က အခု တက္ကစီကားမောင်း နေလားဟင်"

"ဟုတ်တယ် ခင်ထား၊ တက္ကစီကားမောင်းနေတာ နှစ်နှစ် ရှိပြီပေါ့"

လှရဲ၏ကားကလေး ဝူးခနဲထွက်လာသည်။ ခေတ္တမျှ စကား ပြတ်သွားကြပြန်၏။ လှရဲဘက်ရှိ ဟထားသောကားပြတင်းမှ ပြေး ဝင်လာနေသည့်လေအေးမှာ ခင်ထားမြင့်အား ကျောပြင်တစ်လျှောက် စိမ့်တက်လာစေ၏။ ဦးခေါင်းက မူးလာ၏၊ မျက်ရိုးက ကိုက်လာ၏။ သူမကိုယ်သူမ ဖျားပြီဖြစ်ကြောင်း သိလိုက်၏။

တစ်ကိုယ်လုံး မလှုပ်ချင်တော့အောင် ကိုက်ခဲနာကျင်လာ၏။ အာခေါင်တွေရော အသားတွေပါ ပူခြစ်နေသော ခင်ထားမြင့်မှာ မျက်လုံးများပါ ပြာလာ၏။

သူမ၏ခြံဝင်းထဲ ကားကွေ့ဝင်ပြီဆိုကတည်းက ဘာမှမသိ တော့။

ဤသည်ကို လှရဲ မရိပ်မိပါ။ သူ့ဘက်မှတံခါးကိုဖွင့်၍ ပေါ့ပါးစွာဆင်းလိုက်၏။ ပြီး ... ကားရှေ့မှ ပတ်ကွေ့၍ ခင်ထားမြင့် ဘက်မှ တံခါးကို အပြင်မှဖွင့်ပေး၏။

"ဆင်းတော့လေ ခင်ထား။ ဟင် ... ခင်ထား အိပ်ပျော် နေသလား"





အိပ်ပျော်နေသည်ထင်၍ လှုပ်နှိုးရန်ကြံသော်လည်း ဘယ် နေရာကို ကိုင်လှုပ်၍ နှိုးရမည်မသိဖြစ်နေ၏။ နောက်ဆုံး မလှုပ်ဝံ့ မကိုင်ဝံ့နှင့်ပင် ခင်ထားမြင့်လက်မောင်းကလေးကို အသာအယာ ကိုင် လှုပ်လိုက်စဉ် ...

"ဟာ ... ခင်ထား ကိုယ်တွေသိပ်ပူနေပါလား၊ ဖျားနေပြီ ဒုက္ခပဲ၊ ခင်ထား ... ခင်ထား၊ ဟင် ... ခေါ်လို့လည်း မရပါလား၊ သူ သူ သတိလစ်နေတာပဲ၊ ဒေါ်လေးရေ မြန်မြန်လာစမ်းပါ"

ကားသံကြားသဖြင့် တံခါးဖွင့်ကြည့်နေသော ဒေါ်လေး နော် လေးဖောအား လှရဲက ရေးကြီးသုတ်ပျာ အော်ခေါ်လိုက်ပြီး ခင်ထား မြင့်၏ကိုယ်ကလေးကို ပွေ့ယူလိုက်၏။ နော်လေးဖောသည် ကားဆီသို့ အမြန်ဆင်းလာရင်း ...

"ဟင် လှရဲ ... နင် ဘယ်သွားနေတာလဲ၊ ဘူတာမှာ တင်ဦး ကို သွားကြိုမယ်ဆို၊ တင်ဦးကဖြင့် အိမ်ရောက်လို့ ထမင်းတောင် စားပြီးပြီ ဟဲ့ ... ဒါက ဘယ်သူလဲ၊ ဘာဖြစ်နေတာလဲ၊ ဟင် ... မိန်း ကလေးတစ်ယောက်ပါလား"

"ခင်ထားလေ၊ ခင်ထားမြင့်ပါ၊ ကဲ ... နောက်မှမေး၊ ခု သူ သိပ်ဖျားပြီး သတိလစ်လာတယ်၊ အိမ်ပေါ်သွားရအောင်၊ နင့်ဦးလေး တော့ သံဖြူဇရပ်ကခြံသွားပြီး ရော်ဘာပျိုးပင် အယူကောင်းလို့ အအေးမိပြီး ဖျားလာပါရောလား၊ တင်ဦး ရောက်ရောက်ချင်း ဆေးတိုး



www.burmeseclassic.com

www.burmeseclassic.com



ပေးလို့ အခု အိပ်ရာထဲမှာလေး ကဲပါဟယ် ... ခင်ထားကို နင်ပဲ သယ်သွားစမ်း၊ သူ့ပစ္စည်းတွေ ငါ ယူခဲ့မယ်''

''ဒါဖြင့် ... တင်ဦး ဘယ်မလဲ အဒေါ်''

''ငါ ဒီမှာပေါ့ လူရဲ''

တင်ဦး (ခ) ပုပ္ပါးက လက်သုပ်ပဝါတစ်ထည်နှင့် လက်များကို သေချာသုတ်ရင်း ထမင်းစားခန်းမှ ထွက်လာ၏

''အတော်ပဲပေါ့ တင်ဦး ... ဒီမှာ လူနာတစ်ယောက်ပါလာ တယ်၊ လုပ်စမ်းပါဦး ... သိပ်ဖျားနေပြီး သတိတောင်လစ်နေတယ်''

## အခန်း (၂)

အမျိုးအမည်မသိသော ဝေဒနာတစ်ခုက ရင်ထဲတွင် လှုပ်ရှား နေ၏။ ဒေါ်လေးပြင်ထားသော ညစာထမင်းကိုပင် ဖြောင့်ဖြောင့် မစားဖြစ်။ လေးငါးလုတ်မျှဖြင့် လက်ဆေးထခဲ့၏။

ဦးလေးဦးကျော်စိုးရှိရာ အောက်ထပ်အိပ်ခန်းသို့ အရင်ဝင် ကြည့်သည်။ ဦးလေးအိပ်ပျော်နေပုံရသဖြင့် ခြေသံဖွဖွနင်းကာ လှေကားမှ တက်ခဲ့၏။ ခင်ထားအခန်းထဲသို့ရောက်လာချိန်တွင် တင်ဦး က ခင်ထားနှလုံးခုန်သံကို နားကြပ်ဖြင့် အသေအချာ နားထောင်စမ်း ကြည့်နေ၏။

''ဘယ့်နှယ်လဲ တင်ဦး ... စိုးရိမ်ရသလား''

''ဒါလောက်လည်း မဟုတ်ပါဘူး၊ သူ သိပ်အားနည်းနေ တယ်၊ ခုတော့ သူ သတိကောင်းကောင်းရပြီး အိပ်ပျော်နေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒီည သူ့ကို စောင့်ကြည့်ဖို့ တစ်ယောက်လိုတယ်၊ ဘယ်သူစောင့်မလဲ"

"ငါစောင့်မယ်"

ငိုင်ငိုင်ကြီးရပ်နေမိသော လူရဲက ခပ်မြန်မြန်ဖြေလိုက်၏။ တင်ဦးက သူ့ကို အံ့ဩသလို တစ်ချက်မော့ကြည့်ပြီး –

"ဖြစ်ပါ့မလား"

"ဘာလို့ မဖြစ်ရမလဲ၊ ဖြစ်တယ်"

"အေးလေ ... ဘယ်သူစောင့်စောင့် ရပါတယ်၊ ငါက မင်း မနက်လည်း ကားမောင်းထွက်ရဦးမှာမို့ အိပ်ပျက်မှာစိုးလို့ပါ"

"ရပါတယ်ကွာ၊ ခင်ထားကို ငါကိုယ်တိုင်ပဲ စောင့်ချင်တယ်၊ တို့သုံးယောက် အထက်တန်းကျောင်းတုန်းက အတူတူစား၊ အတူတူသွား ခင်မင်ရင်းနှီးခဲ့ရတာတွေ ငါတော့မမေ့ဘူး။ မင်းကတော့ ဆရာဝန်ကြီးဖြစ်သွားတဲ့ကောင်ကိုး၊ မေ့ချင်မေ့လိမ့်မပေါ့လေ ဟုတ်လား"

"ဘယ်တော့မှ မမေ့ပါဘူးကွာ၊ မင်း ဒီလိုမထင်စမ်းပါနဲ့၊ တို့ လူနာစောင့်ရင်း စကားပြောတာပေါ့၊ ငါလည်းမအိပ်သေး ပါဘူး။ အစောကြီးရှိသေးတယ်"

"အေး ... ကောင်းတယ်"

နှစ်ယောက်သား ဝရန်တာသို့ ထွက်ခဲ့ကြ၏။

"ငါ မင်းကို လာကြိုတာနောက်ကျသွားတယ်၊ ဆောရီးကွာ၊ ဘူတာကိုရောက်တော့ မင်းကိုမတွေ့ဘဲ ခင်ထားနဲ့ သွားဆုံတာပဲကွ"





"နေစမ်းပါဦး ... မင်းကိုမတွေ့လည်း ငါက မပူသေးဘူး၊ ဘုန်းရှင်ကံရှင်ဆိုတော့ ရထားဆိုက်လို့ ဆင်းလိုက်တာနဲ့ အန်ကယ်ဦးခင်ဇော်ရဲ့ကားလေးက ရွာခနဲ ဆိုက်လာရောဆိုပါတော့ကွာ"

"ဩော် ... မင်းကို အန်ကယ်ဦးခင်ဇော် လိုက်ပို့တာပေါ့လေ၊ ငါလည်း ခင်ထားအတွက် စိတ်ပူရတာနဲ့ ငါ့အိမ်ကို ဘယ်လိုရောက်လာလဲဆိုတာကိုတောင် မမေးမိလိုက်ဘူးကွာ"

"ငါသိပါတယ်၊ မင်း ခင်ထားအတွက် စိတ်သောကရောက်နေတာကို၊ ဒါပေမဲ့ ဒီခြံနဲ့အိမ်ကို မင်း အပိုင်ဝယ်လိုက်တာလား လူရဲ"

"ဘယ်ကလာ ငါဝယ်နိုင်မှာလဲကွာ၊ ဝမ်းဝဖို့တောင် ကားမောင်းရှာစားနေရတဲ့ ကားသမားပါကွာ၊ မင်းလို ဝင်ငွေကောင်းတဲ့ ဆရာဝန်မဟုတ်ပါဘူး သူငယ်ချင်းရဲ့"

"ဘာကွ၊ ဝင်ငွေကောင်းတဲ့ဆရာဝန် ဟုတ်လား ... ဟား ဟား ဟား"

"ဆရာဝန်ဆိုပြီး အထင်မကြီးစမ်းပါနဲ့၊ ဒီမှာ ငါပြောမယ် သူငယ်ချင်း ... ငါ ဆရာဝန်ဖြစ်တာ သုံးနှစ်ရှိပြီ၊ တောမြို့ကလေးရဲ့ ပြည်သူ့ဆေးရုံက အညတြဆရာဝန်လေးတစ်ယောက်ပါကွာ၊ ရတဲ့ လစာနဲ့ သုံးစွဲနေရတာ"

"တော်စမ်းပါ ... ငါ ငွေချေးမှာစိုးလို့ ကာပြောမနေပါနဲ့ တင်ဦးရာ"



www.burmeseclassic.com

www.burmeseclassic.com



“ခက်နေပြန်ပြီ။ ငါ အဟုတ်ပြောတာ၊ ငါ ရှင်းရှင်းပဲ ပြောလိုက်မယ်၊ မင်းက ငါ့ဆီမှာ ငွေချေးမှာကြောက်လို့ မဟုတ်ဘူး။ ငါ အခုလာတာ မင်းဆီမှာ ငွေချေးဖို့ပဲ”

တင်ဦးက တဲ့တိုးကြီး ပြောချလိုက်၏။

“ဟုတ်ရဲ့လား တင်ဦး၊ မင်းကပါ ငါ့ကို အထင်ကြီးနေပြန်ပြီ”

“တကယ်ပြောနေတာ လူရဲ၊ ငါ့မှာ အရေးတကြီးငွေလိုနေလို့ ခွင့်ယူပြီး မင်းဆီ ပြေးလာတာ၊ ဒီလောက်ငွေတော့ မင်းဆီမှာ ရှိမှာပဲလို့”

“ဘယ်လောက်မို့လဲ သူငယ်ချင်း၊ ငါတော့ မင်းပြောတာကို မယုံချင်သေးဘူး”

“မင်းမယုံချင်လည်း နေကွာ၊ ငါတော့ ငွေသယ့်ငါးသိန်းလိုနေတာ အမှန်ပဲ”

“ဘာ ... အို ဘုရားသခင် ကယ်တော်မူပါ။ ငါ့နှယ် သေလိုက်ပါတော့ကွာ ... ဟား ဟား”

“ဘာဖြစ်လို့လဲ လူရဲ”

လူရဲက ဟက်ဟက်ပက်ပက် ရယ်မောနေမိ၏။

“မင်း သိပ်အထင်ကြီးလွန်းနေပြီ သူငယ်ချင်း၊ ငါ အခုမောင်းနေတဲ့ကားက အန်ကယ်ဦးခင်ဇော်ကားကွ၊ အန်ကယ်ခင်ဇော်ကို





တစ်နေ့ အုံနာခငွေတစ်သောင်း ပေးရတယ်၊ အိမ်စရိတ်၊ ငါ့အသုံးစရိတ်၊ ဖော့မူနဲ့ကြင်စိန် ကျောင်းစရိတ်၊ မုန့်ဖိုး၊ အဝတ်အစားဖိုး၊ ကားကို အရစ်ကျစနစ်နဲ့ ဝယ်ထားမိတော့ လစဉ် ငွေသွင်းရသေးတယ်၊ လလည်းကုန်ရော ငါရတာလည်း ကုန်ရော ဆိုပါတော့ကွာ၊ မင်းက အထင်ကြီးနေလို့ ရှင်းပြရတာ၊ ဘယ်လိုမှ မအောက်မေ့ပါနဲ့ တင်ဦးရာ”

ဖော့မူနှင့်ကြင်စိန်တို့ မောင်နှမမှာ လူရဲနှင့် ဆွေမျိုးအနည်းငယ်သာ စပ်သော်လည်း ဆင်းရဲနွမ်းပါးကာ ဖခင်မရှိရှာကြသဖြင့် လူရဲက ကျောင်းနေရေးတာဝန်ကို ယူလိုက်ရ၏။ ယခု သူတို့နှစ်ယောက်မှာ တစ်ယောက်က ရှစ်တန်း၊ တစ်ယောက်က ခုနစ်တန်းသို့ ရောက်နေကြပေပြီ၊ သူတို့အား လူရဲနှင့် အတူခေါ်မထားပေ။ သူတို့၏မိခင်နှင့်ပင် ကြာအင်းဆိပ်ကြီး၌ အိမ်ငယ်ကလေးတစ်လုံးနှင့် အတူနေစေ၏။ ကျောင်းစရိတ်ကို လှမ်းပို့ပေးရ၏။

“ဒါပေမဲ့ ... စိတ်မပျက်ပါနဲ့ သူငယ်ချင်း၊ လောလောဆယ် ငါ့မှာ ငွေမရှိပေမယ့် မင်းလိုတယ်ဆိုရင် အန်ကယ်ခင်ဇော်ကို ကားဖိုး အရစ်ကျသွင်းထားတာတွေ ရှိတယ်၊ အဲဒီငွေတွေကို ငါပြန်တောင်းပြီး မင်းကို ပေးမယ်”

“ငါ့အတွက် ဒုက္ခမရှာပါနဲ့တော့ လူရဲ၊ အခုဖြစ်နေတာက ငါ ခွင့်စေလို့ပြန်တဲ့အခါ ငွေပါမသွားရင် အိုကွာ ... မသိချင်ပါနဲ့တော့ သူငယ်ချင်း၊ ငါ့ကံနဲ့ငါပဲရှိပါစေတော့၊ မင်းကို အပူကပ်မိတာကိုပဲ ငါ



www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်ချင်တယ်၊ အမှန်တကယ် ငွေလိုတာက သိန်းနှစ်ဆယ်လောက်၊ ငါ့မှာစုထားတာက ငါးသိန်းလောက်တော့ ရှိပါတယ်၊ အဲ ... ကျန်တဲ့ဆယ့်ငါးသိန်းကျော်ကို ငါ ဘယ်လိုမှ မရှာနိုင်ဖြစ်နေလို့ မင်းဆီကို ပြေးလာတာ၊ မင်းမှာလည်း အဆင်မပြေတာကတော့ ဘယ်တတ်နိုင်ပါ့မလဲ၊ ငါ့ကုသိုလ်ပေါ့ကွာ''

''သိပ်လည်း စိတ်မပျက်ပါနဲ့ မင်း ခွင့်မစေ့ခင် ငါဖန်တီးကြည့်ပါဦးမယ်၊ ရောက်တဲ့အခိုက် ပျော်ပျော်နေစမ်းပါ၊ ဒါနဲ့ ... မင်း ဘယ်သွားချင်သေးလဲ၊ ငါ ပို့ပေးမယ်''

''အေး ... မနက်ဖြန်တော့ ငါ့ကို အန်ကယ်ခင်ဇော်အိမ်ပို့ပေးစမ်းပါ၊ မနက်စာစားဖို့ ငါ့ကိုဖိတ်ထားတယ်၊ သိပ်တော့ သွားချင်စိတ် မရှိဘူးကွ''

''သွားသာသွား ကိုယ့်လူ ... မင်းကို အဘိုးကြီး တော်တော်သဘောကျနေပြီထင်တယ်၊ မင်းက ဆရာဝန်ကိုး၊ အင်း ... ရှေ့မှာ တက်လမ်းတွေ တက်လမ်းတွေ''

''မင်းပါးစပ်ပိတ်ထားစမ်း လူရဲ့ စိတ်ညစ်ရတဲ့အထဲ၊ ဒါနဲ့ နေစမ်းပါဦး ... ဒီအိမ်နဲ့ခြံက မင်းပိုင်မဟုတ်ဘူးပေါ့''

''မဟုတ်ပါဘူးကွာ၊ တစ်လ တစ်သောင်းငါးထောင်နဲ့ ငှားနေတာပါ''

''ဟင် ... ဒါဖြင့် မင်း လတိုင်း ကားအတွက်လည်း ပေးရ၊

ခု နစ် စဉ် ကြယ် စာ ပေ



အိမ်လခလည်းပေးရနဲ့ ဘယ်မှာစားသာလို့လဲ''

''ဒါ ... ခင်ထားမြင့်အိမ် မဟုတ်လား''

''အေးလေ ... မင်းမှတ်မိသားပဲကိုး''

''မှတ်မိတာပေါ့ကွ၊ ရှစ်တန်းကတည်းက မင်းခေါ်လို့ ငါ အဖော်လိုက်လာတာပဲဟာ''

''ဟိုတက်ခြံက အပင်တွေက ကြက်မောက်ပင်တွေ မဟုတ်ဘူးလား''

''အေး ... ဟုတ်တယ်၊ ကြက်မောက်ပင်တွေပဲ၊ အဲဒီခြံကို ဦးလေးဦးကျော်စိုး ဝယ်လိုက်တာ၊ ဒါပေမဲ့ ... အိမ်ဆောက်ဖို့ ပိုက်ဆံမရှိသေးလို့ ကြက်မောက်ခြံနဲ့ အနီးဆုံးဖြစ်တဲ့ ခင်ထားမြင့်အိမ်ကို ငှားနေလိုက်ရတာ၊ ကဲ ... မင်းလည်း တစ်နေ့လုံး ရထားစီးလာရတာ ညောင်းရောပေါ့''

''အေး ... ဟုတ်တယ်ကွာ၊ အိပ်မှပဲ''

''လူရဲ ... သူ ထူးခြားရင် ငါ့ကို အချိန်မရွေးလာနှိုးကွာ''

''ကဲ လူရဲရေ ငါအိပ်တော့မယ်၊ သူနိုးတာနဲ့ကြုံရင် လေးနာရီတစ်ခါ ဆေးတိုက်ပါ။ မနိုးရင်တော့ နှိုးပြီးမတိုက်နဲ့၊ ကိစ္စမရှိဘူး''

''အေး ... ငါတော့ စီးကရက်နဲ့အဖော်လုပ်ပြီး သူ့ကိုစောင့်မယ်''

❑❑❑

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

အပိုင်းလိုက် အကွင်းလိုက် ဝေ့ဝိုက်တက်သွားအောင် လှုရဲသည့် စီးကရက်မီးခိုးများကို မှုတ်ထုတ်ပြီး ငေးကြည့်နေပေမယ့် စီးကရက်မီးခိုးများကို သူ မမြင်ပါ။ တောင်ယာကို ရှို့သည့်မီးမှ ကောင်းကင်သို့ ထိုးတက်သော မီးခိုးတန်းများကိုသာ သူ မြင်ယောင်နေမိ၏။

တောင်ယာမီးရှို့သော တန့်ခူးလ။

သူတို့ စကောကရင်အခေါ် "သွေးကောလ" မှာပင် ခင်ထားမြင့်နှင့် သူ စတင်တွေ့ခဲ့ရသည် မဟုတ်ပါလား။ လွန်ခဲ့သည့် ဆယ့်သုံးနှစ်ကျော်လောက်က ဖြစ်ခဲ့သည်။

သည်တုန်းက သူက တစ်ဆယ့်နှစ်နှစ်သား၊ ခင်ထားမြင့်သည်လည်း သူ့အရွယ်ပင်ဖြစ်၏။ လှုရဲမှာ မိတများနှင့်အတူ တောင်ယာခုတ်ရာတွင်လည်း ပါ၏။ မီးရှို့ရာတွင်လည်း ကူ၏။ ဥယျာဉ်ဆင်း



လှိုင်လည်း လိုက်ပါသည်။

သူတို့မိသားစုမှာ ကွမ်းသီး၊ ကွမ်း၊ တညင်း၊ ဒူးရင်း၊ မင်းဘွတ်၊ နာနတ်ရေနေသော သီးစုံဥယျာဉ်ကို ပိုင်သဖြင့် ချောင်လည်ကြ၏။ အမေသည် တစ်အူတုံဆင်း အရင်းအချာ မောင်နှမဟူ၍ ရှိ။ ဦးလှမြင့် (ခ) အဒူလေးဟူသည့် မောင်တစ်ယောက်သာ ရှိပြီး သံဖြူဇရပ်တွင် ကျောင်းဆရာ လုပ်နေသည်။

လှုရဲ၏အဖေကမူ တောင်ယာနှင့်ဥယျာဉ်ခြံလုပ်ငန်းများဖြင့် နှစ်ခွေရွာမှတစ်ပါး အခြားမြို့ရွာများသည် ပျော်စရာမြေမရှိဟု မှတ်ယူထားသူ ဖြစ်သည်။

တောင်ယာတိုင်းတွင် မီးခိုးငွေ့တလူလူ ဖုံးနေတတ်သော "သွေးကောလ" သည် သူ့ဘဝအတွက် မှတ်တိုင်တစ်ခုဖြစ်ခဲ့၏။ ထိုလကို သူ တစ်သက်မမေ့နိုင်စရာမရှိ။

မီးရှို့တောင်ယာကိုထားသဖြင့် မီးခိုးများမှာ ပြာနည်းရာမြေတစ်ပိုက်မှ အထက်ကောင်းကင်သို့ ထိုးတက်၍နေ၏။ သည်မှာပင် ခင်ထားမြင့်ကို သူ စတွေ့ရ၏။ မြင်တွေ့စဉ်က ခင်ထားမြင့်ဟူ၍ သိသည်တော့မဟုတ်။ ပန်းနုရောင် ဂါဝန်ရှည်ဖားဖားကြီးနှင့် သွယ်သွယ်နှင့် ကလေးမလေးတစ်ယောက် သူ့ထံသို့ လာနေပုံမှာ ပန်းနုရောင်အဝတ်စတစ်စ လေတွင် လွင့်လာသည်လို့သာ ရုတ်တရက် ထင်မှတ်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ဟေ့ . . . သူငယ်ချင်း . . . မင်း ခုနစ်ခွေရွာက မဟုတ်လား"

ကလေးမလေးက မီးခိုးများကို ရှောင်ကွင်း၍လျှောက်လာပြီး သူနှင့် အနီးဆုံးနေရာတွင် ရပ်ရင်းမေး၏။

သူ အံ့အားသင့်သွားသည်။ ရုတ်တရက် ပြန်မဖြေမိ။ ငေးကြည့်နေမိ၏။ သူမက ထပ်မံ၍ –

"ဟင် . . . မင်း မြန်မာစကား မပြောတတ်ဘူးလား"

"အို . . . ငါ မြန်မာလိုပြောတတ်ပါတယ်၊ ငါ ခုနစ်ခွေရွာကပဲ၊ အဲဒါ ဘာဖြစ်သလဲကွ"

"မင်းပြန်ရင် ငါ လိုက်ခဲ့မယ်။ ငါ့အဘွားနဲ့ လိုက်လာတာ၊ အဘွားက ကရင်ကြီးတွေနဲ့ စကားပြောနေတုန်း ငါတစ်ယောက်တည်း လျှောက်သွားလိုက်တာ အိမ်ကို မပြန်တတ် တော့ဘူး"

"မင်းနာမည် ဘယ်လိုခေါ်လဲ"

"ခင်ထားမြင့်"

"ငါ့နာမည်က လူရဲတဲ့ မှတ်ထားနော်၊ ငါလည်း အိမ်ပြန်တော့မှာ။ လိုက်ခဲ့လေ . . . မင်းကို ငါပို့ပေးပါ့မယ်၊ ဘယ်သူ့အိမ်မှာတည်းသလဲ"

"ဟိုလေ၊ ဟို . . . ဦးတာတီးအိမ်မှာ"

သူတို့သည် ပြန့်ကျဲနေသော မီးလောင်ပြင်များ၊ မီးသွေး





တုံးများကို ဖြတ်ကျော်နင်း၍ လျှောက်လာကြသည်။

"ဟေ့ . . . ဟေ့ . . . သစ်ငုတ်ကြီး၊ သစ်ငုတ်ကြီး၊ မနင်းနဲ့ မနင်းနဲ့"

သူသတိပေးစကားသံ နောက်ကျသွားသည်။ ဟိုဟိုသည်သည် ငေးမောကာ လိုက်လာသော ခင်ထားမြင့်သည် မီးမလောင်ဘဲ ကျန်ခဲ့သည့် သစ်ငုတ်ချွန်ကို တည့်တည့်ကြီး တက်နင်းမိတော့၏။ သူက လှမ်းဆွဲလိုက်သော်လည်း မမီတော့။ ချွန်ထက်လှသော သစ်ငုတ်သည် စီးထားသော ကြိုးသိုင်းဖိနပ်ပါးပါးကလေးကို ဖောက်ကာ ခင်ထားမြင့်၏ဘယ်ဘက်ခြေဖဝါးအား စူးဝင်သွားလေတော့၏။

"ဒုက္ခပါပဲ . . . မင်း လမ်းလျှောက်နိုင်မှာမဟုတ်ဘူး၊ ဘယ်လိုလုပ်မလဲ၊ ငါ ချီသွားပေးရမလားဟင်"

"ကဲ . . . တို့ အိမ်မြန်မြန်ပြန်ရအောင်၊ ဒါမှ မင်းအနာကို ဆေးမြန်မြန်ထည့်နိုင်မှာ၊ ငါ မင်းကို ချီနိုင်ပါတယ်၊ ငြိမ်ငြိမ်လေး လိုက်ခဲ့နော်"

"ဟင့်အင်း . . . မလိုက်ဘူး"

"မရဘူး လိုက်ခဲ့၊ အနာက သွေးတွေ သိပ်ထွက်နေတယ်၊ လူကြီးတွေဆီ မြန်မြန်ရောက်မှဖြစ်မယ်"

"ဟင့်အင်း . . . ကိစ္စမရှိဘူး"

"စကားမများနဲ့ . . . လာ"



www.burmeseclassic.com

သူနဲ့ခင်ထားမြင့်မှာ အသက်ချင်းသာတူသော်လည်း အရွယ်ချင်းက မတူ။ ခင်ထားက ပါးပါးလျားလျား သွယ်သွယ်လေးဖြစ်၏။ သူက တောင်ပေါ်တွင်ကြီးပြင်းရသည့် တောင်ပေါ်သားပီပီ ငယ်စဉ်ကပင် ထွားထွားကျိုင်းကျိုင်းနှင့် သန်စွမ်း၏။ ကျစ်လျစ်တောင့်တင်း၏။

အရွယ်ကငယ်ပေမယ့် မိန်းကလေးနှင့်ယောကျ်ားလေးဟူသောအသိကြောင့် တွင်တွင်ငြင်းနေသည့် ကောင်မလေးမှာ သူ့လက်မောင်းများအကြားမှာ ရှက်မျက်နှာရဲရဲကလေးဖြင့် ပါလာခဲ့ရတော့၏။

❑

စီးကရက်တိုလေးများ တောင်လိုပုံနေတော့၏။ သူ့အတွေးများက ပစ္စုပ္ပန်၏ညကို ကျော်လွှား၍ ကျန်ခဲ့သောကာလများဆီတွင် ဝဲလှည့်၍ကောင်းဆဲပင်၊ နောက်ဆုံး စီးကရက်က တဖြည်းဖြည်းတိုလာ၏။ လက်ကိုလောင်လုလုအနေအထားရောက်မှ ယောင်ယမ်းပြီး လွှတ်ချမိ၏။

ထိုအခါမှပင် စိတ်အစဉ်မှာ ကုန်ဆုံးခဲ့ပြီးသော ဆယ့်သုံးနှစ်ကျော်ကာလဝန်းကျင်မှ ပစ္စုပ္ပန်၏ညဆီသို့ ပြန်ရောက်လာခဲ့သည်။ ထိုစဉ်ခိုက် ခင်ထား၏နှုတ်ခမ်းကလေးမှာ တရွရွ လှုပ်လာသည်။





"အို . . . လူရဲပါလား။ ဒါ ခင်ထားအိမ် မဟုတ်လား။ ခင်ထားအိမ်ကိုရောက်နေပြီနော်"

ခင်ထားမြင့်၏တိုးလွန်းသည့်အသံကလေးက တအံ့တသြပင် ထွက်လာသည်။

"နိုးပြီလား ခင်ထား၊ ဟုတ်တယ် . . . ဒါ ခင်ထားအိမ်ပါ၊ သက်သာရဲ့လား"

သူ့အမေးကို ခင်ထားက ဖြည်းလေးစွာ ခေါင်းခါပြီး အဖြေပေး၏။

"ဟင် . . . ဒါဖြင့် ကိုယ် ဘာလုပ်ပေးရမလဲဟင်၊ တင်ဦးကို နှိုးမှထင်တယ်"

"တင်ဦးဆိုတာ ဘယ်သူလဲဟင်"

"တို့များ ရှစ်တန်းကတည်းက တူတူကျောင်းနေခဲ့တဲ့ 'ပုပ္ပါး' လေ၊ အခုတော့ တင်ဦးလို့ နာမည်ပြောင်းထားတယ်၊ သူက အခု ဆရာဝန်ဖြစ်နေပြီ၊ မှတ်မိပြီလား"

"အင်း . . . မှတ်မိပြီ၊ ဪ . . . သူက ဆရာဝန်တောင် ဖြစ်နေပြီကိုး"

"နေကောင်းသွားအောင် ဆေးသောက်လိုက်ပါလား၊ အေး . . . ဟုတ်ပြီ၊ ဒီရေကျက်အေးလေးပါ သောက်လိုက်ပါဦး"

"ကျေးဇူးတင်ပါတယ် လူရဲရယ်၊ မင်း ပြန်တော့လေ"

www.burmeseclassic.com



"ကိုယ် ဘယ်ကိုပြန်ရမလဲ"

"မင်းအိမ်ကိုပေါ့"

"ကိုယ် ဒီအိမ်မှာ နေတယ်လေ"

"မနောက်ပါနဲ့ လူရဲရယ်"

"အာ ... အဲဒါမှခက်တော့တာပဲ"

လူရဲစိတ်ထဲတွင် ခင်ထား၏အမေးကို မရှင်းမလင်း ဖြစ်သွားရ၏။ ခင်ထားသည်လည်း ငိုင်သွားရသည်။ လူရဲ၏အဖြေကို သူနားမရှင်း။

"ဩော် ... ဒါနဲ့ ခင်ထားကို ဘယ်သူအဝတ်လဲပေးသလဲဟင်၊ ပြီးတော့ ... အိမ်ပေါ် ဘယ်လိုရောက်လာသလဲ"

ခင်ထားမြင့်က အိပ်ရာခုတင်နှင့် သူ၏ဝတ်ထားသော အဝတ်အစားများကိုကြည့်ရင်း ရုတ်တရက်မေးလိုက်မိသည်။

"အိမ်ပေါ်ရောက်အောင်တော့ ကိုယ်သယ်လာတာလေ၊ ခင်ထားကို ဒေါ်လေးနော်လေးဖော အဝတ်လဲပေးတာပေါ့၊ ဒေါ်လေးကိုတော့ ခင်ထားမှတ်မိတယ် မဟုတ်လား"

"အို ... အားနာလိုက်တာ၊ နော်လေးဖောကို မှတ်မိပါတယ်"

"သူစိမ်းတွေမဟုတ်ပါဘူး ခင်ထားရယ်၊ အားနာစကား မပြောပါနဲ့လား"





"ဩော် ... ဒါနဲ့ ဒီအိမ်ကို လူရဲတို့ ဘယ်လိုရောက်နေတာလဲဟင်"

"ဟာ ... ခင်ထား တကယ်မသိဘူးလား"

"တကယ်မသိဘူး"

"ဟာ ... ဘယ်လိုဖြစ်နေပါလိမ့်၊ တကယ်ပဲ ခင်ထားမသိဘူးပေါ့၊ ကိုယ်တို့ ခင်ထားခြံနဲ့အိမ်ကို ငှားပြီးနေတာ ငါးလတောင်ရှိသွားပြီ"

"ဘာ ... ခင်ထားအိမ်ကို ငှားနေတယ်၊ ခင်ထားလည်း မသိရပါလား၊ ဘယ်သူ့ဆီက ငှားသလဲ"

"ခင်ထားဦးလေးဆီကပေါ့၊ ဒီခြံအိမ်ရဲ့ကိစ္စအားလုံး ခင်ထားသူ့ကိုလွှဲသွားတာ မဟုတ်လား"

"ဟုတ်တယ် ... ဒီအိမ်ကိုငှားငှား၊ ရောင်းရောင်း သူ့ကို ခင်ထား အားလုံးလွှဲခဲ့တယ်"

ခင်ထား အံ့ကြိတ်မိ၏။

"ခု သူတို့ ဘယ်မှာလဲ၊ ခုပဲ ... ခေါ်ပေးစမ်းပါ လူရဲ"

"ဟင် ... ခင်ထားမသိဘူးလား၊ ဒုက္ခပါပဲ၊ ကိုယ်တော့ ဘာနားလည်ရမှန်းမသိတော့ဘူးကွာ၊ သူနဲ့ သူ့သားနှစ်ယောက်လုံး ကိုယ့်ကို ဒီအိမ်ငှားပြီး နှစ်ရက်လောက်ကြာတော့ မြဝတီဘက်ကို ပြောင်းသွားကြတာပဲ၊ အဲဒီကနေ မဲဆောက်ဘက်ကူးမယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ပြောသွားတာပဲ၊ ဒုက္ခပါပဲကွာ . . . တစ်ခုခုတော့ မှားနေပြီ ထင်တယ်''

လူ့ရဲ စိတ်ရှုပ်သွားလေ၏။ တစ်ခုခုတော့ မှားယွင်းနေပေပြီ။

''ဘယ်လိုလဲ ခင်ထားရယ် . . . ကိုယ့်ကိုယ်လည်း ပြောပါဦး။ သူတို့ ခြိမ်းခြောက်ခဲ့တာကို ပိုင်ရှင်ဖြစ်တဲ့ ခင်ထား မသိဘူးဆိုတော့ . . . ဒါဟာ . . . ဒါဟာ''

''ရှင်းနေပါပြီ။ ဒါဟာ . . . လိမ်တာပဲပေါ့၊ အို . . . မင်းကို ပြောတာ မဟုတ်ပါဘူး။ ကိုယ့်ဦးလေးဟာ မင်းကို လိမ်သွားတာ''

''ကိုယ် ဘာလုပ်ရမလဲ။ ခင်ထားမသိဘဲ ခင်ထားအိမ်ကို ကိုယ်တို့ တက်နေသလိုဖြစ်နေပြီ။ အိမ်ပြောင်းဆို ပြောင်းပေးပါ့မယ် ကွာ''

''အို . . . ဒီလိုလည်း မဟုတ်သေးပါဘူး၊ ကဲ . . . အိပ်တော့၊ ကိုယ့်ကို တစ်ယောက်တည်း ထားခဲ့စမ်းပါ''

''ကိုယ်တောင်းပန်ပါတယ်ကွာ၊ ကိုယ့်စကားနားထောင်ပါ။ ညဦးကတည်းက ကိုယ် တစ်ရေးမှမအိပ်ဘဲ မင်းကို စိတ်မချလို့ ထိုင်စောင့်နေတာပါ''

''အို . . . တကယ်လားဟင်၊ ကိုယ် ဘယ်လိုများဖြစ်သွားသလဲဟင်''

''ခင်ထားကို ဘူတာမှာတွေ့ပြီး ကိုယ် အိမ်ကိုခေါ်လာတော့





ကားပေါ်မှာတင် သတိလစ်သွားတယ်၊ ဖျားလည်းနေတယ်၊ အားလည်း နည်းနေတယ်၊ ဒါကြောင့် . . . တင်ဦးက ဆေးထိုးပြီး ဆေးတိုက်ထားတယ်၊ ကဲ . . . ပြန်အိပ်တော့နော်၊ မနက်ကျ နေကောင်းသွားမှာပါကွာ''

သူ့စကားကို ခင်ထား မငြင်းတော့ပေ။ ကျောနောက်မှ ခေါင်းအုံးများကို မူလနေရာတွင် ပြန်ထားကာ ခင်ထားမြင့်အား အိပ်စေလိုက်သည်။ ခြင်ထောင်ကို ဖြန့်ချပြီး မွေ့ရာအောက်သို့ သပ်သပ်ရပ်ရပ် ဖိသွင်းပြီး လူ့ရဲ အခန်းပြင်သို့ ထွက်လာခဲ့လိုက်သည်။

''ကဲ . . . ဒီဒရင်းဘတ်မှာပဲ ကိုယ်တစ်ရေးလောက် မှေးလိုက်တော့မယ်၊ အနေရခက်ရင် လှမ်းအသံပြုလိုက်။ လွတ်လွတ်လပ်လပ် စိတ်ချမ်းချမ်းသာသာ အိပ်နော် ခင်ထား။ ဒီညအဖို့တော့ ကိုယ်က လူနာစောင့်ပေါ့''

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"ညက အိပ်ရရဲ့လား လူရဲ"

"တစ်ရေးရတယ် အဒေါ်၊ ကိစ္စမရှိပါဘူး။ တစ်ညတလေပဲ"

လူရဲက ပြောပြောဆိုဆို စားပွဲတွင် ဝင်ထိုင်လိုက်ပြီး ပလတ်စတစ်အုပ်စောင်းကို ဆွဲဖယ်ကြည့်၏။

"တင်ဦးတော့ အိပ်တုန်းပဲ၊ မနိုးတော့ပါဘူး၊ သူ့ဟာသူ နိုးတဲ့အချိန်မှာ စားလိမ့်မယ်၊ ဩော် ... အဒေါ် ကျွန်တော် ကားမောင်းထွက်သွားရင် ညွှန့်သည်တွေကို ဂရုစိုက်ပါ။ ပိုက်ဆံကော ရှိသေးရဲ့လား။ ကျွန်တော် ပေးခဲ့မယ်"

အိတ်ထဲမှ တစ်ထောင်တန်သုံးရွက်နှင့် စာရွက်ခေါက်ကလေးတစ်ခုကို နော်လေးဖောအား ပေးလိုက်ပြီး လူရဲ ထမင်းကြော်စား၏။





"ဒေါ်လေး ... အဲဒီစာကို ခင်ထားနိုးလာရင် ပေးလိုက်ပါ။ ဩော် ... ပြီးတော့ အိမ်ငှားတုန်းက ချုပ်တဲ့စာချုပ် ဒေါ်လေးသိမ်းထားတယ်မဟုတ်လား"

"အေး ... သိမ်းထားတယ်"

"အဲဒီစာချုပ်ကို ခင်ထားနိုးလာရင် ပြလိုက်ပါ"

"အေးပါဟယ် ... အားလုံး စိတ်ချသွားပါ။ ညွှန့်သည်တွေ ငါ ဂရုစိုက်ပါ့မယ်၊ နင်သာ ကားကို သတိထားမောင်း။ အိပ်ရေးမဝလို့ ငိုက်နေမှာစိုးလို့ဟဲ့"

လူရဲမှာ ကားမောင်းထွက်သွားလေသည်။ တင်ဦးကတော့ ကိုယ်လက်သုတ်သင်ပြီး၍ သူ့အခန်းမှ ထွက်အလာ ဈေးခြင်းတောင်းကို လက်မောင်းမှာ ချိတ်လာသော ဒေါ်လေး နော်လေးဖောအား မီးဖိုတွင် တွေ့သည်။

"တင်ဦးကို မှာသွားတယ်၊ ခုနစ်နာရီလောက်မှ လူရဲ ပြန်လာခေါ်မယ်တဲ့၊ မီးဖိုထဲမှာ စားဖို့ပြင်ထားတယ်၊ ဘာမှ အားနာစရာမလိုဘူး။ ကဲ ... ဒေါ်လေး ဈေးပြေးလိုက်ဦးမယ်"

အိမ်ပေါက်မှ နော်လေးဖောထွက်မည့်အပြုတွင် ဆယ့်သုံးနှစ်ခန့် မိန်းကလေးတစ်ယောက် အိမ်ထဲသို့ ဝင်လာ၏။

"ဟဲ့ ဖော့မူ ... စောစောစီးစီးပါလား"

"ကိုလူရဲက ဖော့မူကို အိမ်သွားပြီး ဖျားနေတဲ့အစ်မ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဘေးမှာ စောင့်ပေးပါဆိုလို့''

''ဟော ... လူရဲလွှတ်လိုက်တာလား။ အေး ... အတော်ပဲ သွား သွား။ အပေါ်ထပ်က အခန်းမှာ။ ငါ ဈေးသွားလိုက်ဦးမယ်''

နေခြည်ပြောက်နုနုကလေးများသည် ခန်းဆီးကို ထွင်းဖောက်ကာ ခြင်ထောင်ဖာအတွင်းမှ ခင်ထား ပါးပြင်ပေါ် ကျရောက်လာကြသည်။ ပထမဆုံး ကလေးမလေးတစ်ယောက်ကို မြင်လိုက်ရ၏။

''ကျွန်မ ဘာလုပ်ပေးရမလဲ အစ်မ၊ ကိုလူရဲက အစ်မအနားမှာနေဖို့ ကျွန်မကို လွှတ်လိုက်တယ်၊ ကျွန်မနာမည် ဖော့မူ။ အစ်မလိုတာအားလုံး ခိုင်းပါ''

အသွက်လေးက မြန်မာစကား ပီပီသသဖြင့် ချက်ချက်ချာချာ ပြောပြရင်း ထ,ရန်အားယူနေသည့် ခင်ထားအား ကူညီထူမပေးသည်။

ခင်ထားမြင့်၏ တစ်ကိုယ်ရေသန့်ရှင်းရေးကိုလည်း ပြုလုပ်ပေး၏။ ဖော့မူသည် ရှုပ်ပွနေသော ခင်ထားဆံပင်ကို စိတ်ရှည်လက်ရှည်ရှင်းလင်းကာ ဆံကျစ်ကျစ်နေခိုက် ဒေါ်လေးနော်လေးဖော ပြန်ရောက်လာသည်။

''နေကောင်းရဲ့လား တူမလေး။ ညကဖြင့် ဒေါ်လေးတို့အားလုံး ဗျာများလိုက်ရတာဟယ်၊ ဆရာဝန်တစ်ယောက် အိမ်ပေါ်မှာ ရှိနေလို့ တော်သေးတာပေါ့၊ အံမယ် ... ဖော့မူက လီမွာသားပဲ၊





ကြည့်စမ်း ... ခင်ထားကို မျက်နှာလည်း သစ်ပေးပြီးပြီ၊ ခေါင်းလည်း ရှင်းပေးပြီးပြီ၊ ညက လူရဲသောက်ထားတဲ့ စီးကရက်ပြာတွေလည်း လှည်းရှင်းထားတယ်၊ ဒါကြောင့် ငါချစ်တာ''

ဒေါ်လေး နော်လေးဖောသည် ဖော့မူ၏ပါးကလေးကို ဆွဲလိမ်လိုက်၏။

''တူမရေ ... တင်ဦးက ခင်ထားကို အဖတ်မကျွေးရဘူးတဲ့၊ ဒီမနက်တော့ နွားနို့ပဲသောက်ပြီး တင်းတိမ်လိုက်ပါဦးကွယ်''

''ရပါတယ် အဒေါ် ... ခင်ထားအတွက် ဒုက္ခမရှာပါနဲ့''

''ဘာမှအားမနာပါနဲ့ တူမ၊ ဒေါ်လေးတို့ဟာ ခုမှတွေ့ကြတဲ့ သူစိမ်းမှ မဟုတ်တာပဲ၊ ကဲ ကဲ ... အိပ်ရာထ အားရှိသွားအောင် ဒီနွားနို့တစ်ခွက်တော့ ကုန်အောင်သောက်လိုက်နော်၊ ခဏနေ တင်ဦး လာကြည့်လိမ့်မယ်၊ ဟော ... ပြောရင်းဆိုရင်း တင်ဦးတောင် လာနေပြီ၊ အတော်ပဲ''

နို့ဖန်ခွက်ကိုကျော်၍ ခင်ထားမြင့်သည် ဝင်လာသူအား ကြည့်လိုက်၏။ နားကြပ်ကိုလက်တွင်ရစ်၍ ကိုင်လာသည်။ ခင်ထားမြင့် ရုတ်မိလာ၏။ ကျောင်းနေဖက်သူငယ်ချင်း တင်ဦး(ခ) ပုပ္ပါးပင် ဖြစ်လေတော့၏။

''ဘယ့်နှယ်နေသလဲ ခင်ထား''

''ညကထက်တော့ နေလို့ကောင်းလာသလိုပဲ ဒေါက်တာ၊



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ မောနေတာကတော့ တစ်ခါတစ်ခါ အသက်မရှူနိုင်ဘူး''

''ကိစ္စမရှိပါဘူး။ သိပ်အားနည်းနေလို့ပါ။ ဖျားတာလည်း သုံးလေးရက်ဆို ကောင်းသွားမှာပါ''

''ဒေါ်လေး ... ဦးလေးကို သွားကြည့်ကြစို့ ကဲ ခင်ထား ... ကျွန်တော့်ကို ခွင့်ပြုဦးနော်''

''ဟုတ်ကဲ့ ဒေါက်တာ ... ဟုတ်ကဲ့''

ခင်ထားအားပေးရန် လူရဲမှာသွားသော အိမ်ငှားစာချုပ်နှင့် စာခေါက်ကလေးကို ကြောင်အိမ်ပေါ်တွင် မြင်လိုက်ရမှ ပေးရန် သတိရတော့၏။

ထို့ကြောင့် စာချုပ်နှင့်စာခေါက်ကို ကပျာကသီယူပြီး ခင်ထားထံ ပြေးရပြန်၏။

''ဩော် ... ဒီမှာ အိမ်ငှားတုန်းက ချုပ်တဲ့စာချုပ်၊ လူရဲက တူမကို ပြလိုက်ပါဆိုလို့၊ သူ့စာလည်း ပါတယ်၊ ဒေါ်လေးလည်း ဦးလေးဆီ ပြေးလိုက်ဦးမယ်နော်''

သို့သော် သူမအောက်ထပ်သို့ပြန်ရောက်သောအခါ ဦးလေး ဦးကျော်စိုးမှာ ရယ်ကာမောကာဖြင့် တင်ဦးနှင့်အတူ အခန်းထဲမှ ထွက်လာနေပြီဖြစ်၏။

''ဟောတော့ ... နေမကောင်းဘဲနဲ့ ရှင်ဘာဖြစ်လို့ ထွက်လာတာလဲ''





''နေကောင်းလို့ ထွက်လာတာပေါ့ နော်လေးရဲ့၊ ငါ အဖျားမှ မရှိတော့တဲ့ဟာ''

ကိုးနာရီထိုးရန် ဆယ်မိနစ်ခန့်လိုသေးသဖြင့် တင်ဦးသည် ခြံထဲသို့ဆင်းခဲ့ပြီး အိမ်ကိုပတ်၍ ခြံထဲလမ်းလျှောက်၏။

မကြာခင် ကားတစ်စီးဝင်လာ၏။ တိုယိုတာဆလွန်းကား အဖြူလေးဖြစ်ပြီး မိန်းမပျိုတစ်ဦး မောင်းလာ၏။

သူကား ဦးခင်ဇော်၏သမီးနှစ်ယောက်အနက်မှ ပိုလှသော အကြီးမ နော်လေးတာဆုဖြစ်၏။

''ဘာငေးနေတာလဲ ဒေါက်တာကြီးရဲ့၊ လာလေ ကား ပေါ်တက်။ အဖေက အကြိုခိုင်းလိုက်လို့၊ ယူ့ကို မနေ့က ထမင်းစား ဖိတ်ထားတယ်ဆို''

''အင်း ... ဟာ ... ဟုတ် ... ဟုတ်ပါတယ်၊ လူရဲကို စောင့်ဦးမလားလို့ပါ''

''အို ... မဟုတ်တာ၊ သူက ကားမောင်းထွက်သွားပြီပဲ၊ ဘာလဲ မလိုက်ချင်ဘူးလား''

တင်ဦး အားနာသွား၏။ ထို့ကြောင့် လူရဲရောက်လာလျှင် နော်လေးတာဆု လာကြိုသဖြင့် သူလိုက်သွားရကြောင်း ဒေါ်လေး အား မှာပြီး နော်လေးတာဆုနှင့် ပါသွားရတော့၏။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ဦးခင်ဇော်၏အိမ်မှာ ယခင်အခါက သူရောက်ခဲ့ဖူးသည်နှင့် မတူ။ ပို၍ခမ်းနားနေပါ၏။ တောက်ပနေပါ၏။ ပြန်လည်ရဲ့ထားသဖြင့် ယခင်ကထက် ကျယ်ဝန်းနေ၏။ ဆင်ဝင်နှစ်ခုပြိုင်၍ ရှေ့သို့ထုတ်ကာ အလယ်တွင် ဧည့်ခန်းလုပ်ထားသည်။ စင်စစ် တိုက်နှစ်လုံးကို ဧည့်ခန်းကျယ်ကြီးက ပေါင်းကူးဆက်စပ်ထားခြင်း ဖြစ်ပါ၏။

သူနှင့် နော်လေးတာဆု ဧည့်ခန်းဝရောက်သောအခါ ဦးခင်ဇော်သည် ဧည့်သည်အမျိုးသားတစ်ယောက်နှင့် စကားပြောလျက်ရှိသည်ကို တွေ့ရသည်။ ဧည့်သည်အမျိုးသားက နော်လေးတာဆုကို မြင်လျှင်ပင် ထိုင်ရာမှ သွက်လက်စွာထလာပြီး –

"ဟိုင်း နော်လေး . . . ကိုယ်လည်း ခုနကပဲရောက်တယ် ယူ့ကို ချက်ချင်းမတွေ့ရတော့ သိပ်ကိုအားငယ်သွားတာပဲကွာ"





"ဆောရီးပဲ ကိုတင်ထွန်း . . . အဖေက ဟောဒီဒေါက်တာကိုလည်း ယူ့လိုပဲ ထမင်းစားဖိတ်ထားတယ်လေ၊ အဲဒါ နော်လေးပဲ သွားကြိုရတာပေါ့၊ ဒေါက်တာက ဒီမြို့ကို ခဏလာတဲ့ ဧည့်သည်ပဲ၊ ဗြဲဘ် ဒေါက်တာ . . . ဒါ ကိုတင်ထွန်းတဲ့၊ ရော်ဘာခြံစီမံကိန်း မန်နေဂျာလေ၊ နော်လေးနဲ့ ရန်ကုန်တက္ကသိုလ်မှာကတည်းက ခင်တယ်၊ ကိုတင်ထွန်း . . . ဒါက ဒေါက်တာတင်ဦးပါ"

"ကဲ ကဲ . . . စကားပြောနေကြဦး၊ အန်ကယ့်ကို အပြင်ခဏလေး သွားခွင့်ပြုပါ၊ ထမင်းစားအမီ ပြန်လာခဲ့မှာပါ၊ မသွားမဖြစ်လို့၊ ဒီကြားထဲ ဧည့်သည်တွေမဆာရအောင် နော်လေးက တစ်ခုခု တိုက်ထားနှင့်ပါ၊ ကဲ . . . အဖေသွားမယ်"

ဧည့်သည်များကို ခွင့်တောင်းပြီး ဦးခင်ဇော် ကားပေါ်တက်ကာ ကိုယ်တိုင်မောင်းထွက်သွား၏။

"ကဲ . . . ဧည့်သည်ချင်းပဲ စကားပြောနေကြဦးနော်၊ ယူတို့အတွက် ဘာရနိုင်မလဲလို့ နောက်ဖေးဆောင်မှာ နော်လေး သွားကြည့်လိုက်ဦးမယ်"

နှစ်ဦးသား အပြုံးမျက်နှာကို စွပ်ထားကြသော်လည်း စကားလက်ဆုံ မဝင်မိချေ။ တင်ဦးက ဧည့်ခန်း၏အဆင်အပြင်ကို လေ့လာနေ၏။ ထိုအခိုက် အိမ်ဖော်အမျိုးသမီးတစ်ဦး လင်ပန်းတစ်ချပ်ဖြင့် ဧည့်ခန်းထဲ ဝင်လာသည်။ နက်စ်ကဖီးနံ့သင်းနေသော ကော်ဖီနှစ်ခွက်



www.burmeseclassic.com

www.burmeseclassic.com



ဇွိလ်ရိုးကို ခပ်ထူထူလိမ်းထည့်ထားသော မုန့်တစ်ပန်းကန်တို့ကို ရှေ့တွင် ချပေးလာ၏။

“သုံးဆောင်ကြပါရှင့်၊ ဆယ့်တစ်နာရီမှာ မနက်စာ စားပါ့မယ်ရှင်”

မုန့် ကော်ဖီသောက်ပြီးသည်အထိ ဦးခင်ဇော် ပြန်မလာသေးချေ။ နော်လေးတာဆု ထွက်လာသည်။ မရမ်းရောင်နုနု ဝတ်စုံနှင့်ဖြစ်၏။ ဆံပင်ကို အလိပ်အခွေများဖြင့် လှပစွာပြုပြင်ထား၏။

“ပျင်းနေကြပြီလား၊ နော်လေး ရေချိုးတာ နည်းနည်းကြာသွားတယ်၊ ဆောရီးနော် . . . မနက်စာစားပြီးရင် ရေတံခွန်တောင် သွားကြရအောင်၊ မကောင်းဘူးလားဟင်”

“သွားတာကတော့ ဟုတ်ပါပြီ၊ ရာသီဥတုက မှန်တာမဟုတ်ဘူး။ ဟိုရောက်မှ မိုးရွာလို့ ဘယ်ပြေးခိုရမှန်းမသိ ဖြစ်နေဦးမယ်”

“အို . . . ကိုတင်ထွန်းကလည်း မိုးရွာထဲ ရေချိုးရတာက ပိုတောင်ပျော်သေး”

“သဘောဗျာ . . . သဘော”

တင်ဦးကမူ ဘာမျှဝင်မပြောပေ။ နော်လေးတာဆု၏ကိုယ်ပေါ်၌သာ မျက်စိပသာဒကျနေသော ကိုတင်ထွန်းအားကြည့်၍ တစ်ချက်မဲ့လိုက်မိသည်။ နော်လေးတာဆုကလည်း နော်လေးတာဆုပင်။

ဝတ်ထားပုံကလည်း အင်္ကျီမှာ အပါးစားမရမ်းနုရောင်





လည်ဟိုက်လက်တိုဖြစ်၏။ အောက်မှ လက်တစ်လုံးခန့် ဘရာစီယာကလေးက မလုံ့တလုံ။ လုံချည်ဆိုသည်ကလည်း ပျော့ပေ့ အိပေ့ဆိုသည့် အကောင်းစား မရမ်းနုရောင်ဘေးကွဲနှင့် ခါးတွင် ဒေါက်ပတ်ပတ်လည်ထည့်ပြီး ခပ်တင်းတင်း ဆွဲဝတ်ထား၏။ အတွင်းခံပင်ပါပုံမရ၊ အားလုံး အရှိကိုအရှိအတိုင်း ပြထားသော မော်ဒယ်ဖက်ရှင်တစ်မျိုး ဖြစ်နေ၏။

ကြည့်၍ကား လှပါသည်။ ကြည့်ချင်စရာလည်း ကောင်းပါဘိသည်။ သို့သော် ရင်ခုန်ရပေသည်တကား။

ဆယ့်တစ်နာရီတိတိထိုးသည်နှင့် ဦးခင်ဇော် ပြန်ရောက်လာ၏။ အနည်းငယ်ကြာသွားသည့်အတွက် ဧည့်သည်များအား ခွင့်လွှတ်ရန် စကားဆို၏။

“ကဲ . . . ဒေါက်တာရော၊ ကိုတင်ထွန်းရော ထမင်းစားခန်းကို ကြွနှင့်ကြပါ။ အန်ကယ် ရေချိုးလိုက်ပါရစေဦး”

ဦးခင်ဇော် ဧည့်ခန်းမှထွက်၍ လက်ဝဲဘက်သို့ ကူးသွားသည်တွင် သူတို့နှစ်ယောက်အား နော်လေးတာဆုက လက်ယာဘက်တံခါးမှဖြတ်၍ နောက်ဘက်ရှိ ထမင်းစားခန်းထဲသို့ ခေါ်သွား၏။ လွန်ခဲ့သည်သုံးနှစ် တိုက်ဆောက်ပြီးစ အိမ်သစ်တက် မင်္ဂလာပြုစဉ်က ပရိဘောဂမှစ၍ အဆင်အပြင်အားလုံးသည် ဤမျှ မသားနားပေ။ နော်လေးတာဆုဆိုသော မိန်းမချော၏ အလှသည်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဤရွှေဤမျှ ကြွရွသစ်လွင်မှု မရှိခဲ့သေးပေ။ ထိုစဉ်က နော်လေးတာဆုထံတွင် တောင်ပေါ်ကရင်မလေးတစ်ဦး၏ အသွင် အပြင်ဟန်ပန် မပျောက်သေး။ ယခုမူ အားလုံး ပြောင်းလဲသစ်ဆန်း၍နေပေပြီ။

"ဟော . . . အဖေလည်း လာပြီ။ စားကြစို့"

နော်လေးတာဆုက စားပွဲထိပ်မှ ကုလားထိုင်ကို နောက်သို့ အနည်းငယ်ဆွဲပေးရင်း ဦးခင်ဇော်အား ထိုင်စေ၏။

"အားလုံး မြိန်မြိန်သုံးဆောင်ကြပါ။ အားမနာတမ်းပေါ့"

ထမင်းစ၍စားကတည်းက တင်ဦးမှာ ခံတွင်းတွေ့လှသော်လည်း ကိုတင်ထွန်းကမူ တို့ကနန်း ဆိတ်ကနန်း လုပ်နေသည်။

သူတို့အားလုံး ထမင်းစ၍ စားနေကြစဉ်မှာပင် ဆယ့်ရှစ်နှစ်ခန့် မိန်းမငယ်တစ်ယောက် ဝင်လာ၏။ ကရင်လုံချည်အနက်နှင့် အနီစင်းကို ဝတ်ထားကာ ဘလောက်စ်ပန်းရောင်လေးနှင့် ဖြစ်သည်။ နော်လေးတာဆု၏ညီမ နော်လေးဂေးဖြစ်ပါ၏။

နော်လေးတာဆုလိုတော့ အဆင်အပြင် မကလက်ပေ။ သို့သော် သူသည်လည်း ခေတ်လွန်သူတစ်ယောက်ပင် ဖြစ်ပါလေသည်။

ကိုတင်ထွန်းက သူ့နံဘေးကုလားထိုင်တွင် ဝင်ထိုင်လာသော နော်လေးဂေးအား တောက်တောက်ရွှန်းရွှန်း ပြုံးကြည့်နေလေသည်။

❑ ❑ ❑

## အခန်း (၆)

ခင်ထားမြင့်သည် ဒေါ်လေးဖောပေးသွားသော အိမ်ငှားစာချုပ်ကို ရင်ဘတ်ပေါ်တင်ကာ မျက်နှာကြက်ဆီ ငေးလျက်ရှိ၏။ ရင်ထဲမှာ ခံခက်နာကျင်နေ၏။

ဦးလေးတို့မိသားစုကိုလည်း ယခုပင် မျက်နှာချင်းဆိုင်ကာ မေးမြန်းပြောဆိုပစ်လိုက်ချင်စမ်း၏။

ငယ်စဉ်ကတည်းက မိဘမဲ့ခဲ့၍ အဘွားလက်ပေါ်တွင်သာ ကြီးပြင်းခဲ့ရသည်။

မြေးအဘွားနှစ်ယောက် အိမ်ကြီးတစ်လုံးနှင့် ဘဝကို ရုန်းကန်လှုပ်ရှားခဲ့၏။ စားဝတ်နေရေးအဖြစ် ကွမ်းသီးလုပ်ငန်းကိုပင် အဘွားက ဆက်လုပ်၏။

ခင်ထားမြင့်မှာ ငယ်စဉ်ကတည်းက သွေးအားနည်းကာ



www.burmeseclassic.com

www.burmeseclassic.com



ချုံချာခဲ့၍ ဆယ်တန်းရောက်ပြီး နှစ်တစ်ဝက်မှာပင် ကျောင်းထွက်လိုက်ရ၏။ သို့နှင့်ပင် ဆယ်တန်းကို မဖြေလိုက်ရပေ။

ကျောင်းမှထွက်ပြီး အဘွားနှင့်အတူ တောင်ပေါ်ကွမ်းသီးခြံသွားသည့်လများတွင် ခင်ထားမြင့်လည်း ကျန်းမာရေး တိုးတက်လာ၏။

ဤသို့ဖြင့် ခင်ထားမြင့် အသက်နှစ်ဆယ်၌ အဘွား ကွယ်လွန်သွားခဲ့၏။ သည်တုန်းက ခင်ထားမြင့် ငိုမဆုံး။

အို . . . အထီးကျန်မှ အထီးကျန်ပါပဲ၊ အဘွား၏တစ်ခုတည်းသော အမွေဟုဆိုရမည့် အိမ်တစ်လုံးတွင် ခင်ထားမြင့် တစ်ယောက်တည်း သောကဝဲထဲ နစ်ကျန်ရစ်၏။

နောက်ပိုင်း တစ်ယောက်တည်းနေ၍ မသင့်လျော်သည့်အလျောက် ဦးလေးဦးတင့်ဆွေတို့ မိသားစုအား အောက်ထပ်တွင် ခေါ်ထားလိုက်ပြီး ခင်ထားမြင့်က အပေါ်ထပ်တွင်နေ၏။

အဘွားဆုံးပြီးသည့်နောက်ပိုင်း လူရဲတစ်ယောက် ခုနစ်ခွေအထက်ရွာတွင် ကျောင်းဆရာလုပ်နေရာမှ ခင်ထားမြင့်ထံ မကြာခဏအလည်အပတ်လာလေ့ရှိ၏။ အားပေး၏။ ကူညီ၏။

သူ့မျက်လုံးများက ရင်ထဲမှ စကားလုံးများစွာကို သယ်ဆောင်၍ ခင်ထားမြင့်ထံ ပို့ခဲ့၏။

ခင်ထားမြင့်အား ကြည့်လိုက်တိုင်း ကရုဏာရည်ဖြင့်





ဖိတ်ဖိတ်လျှံလျက်ရှိသည့် သူ့မျက်လုံးများမှာ တောက်ရွှန်းစိုလက်နေတတ်၏။

လူရဲမှာ ခင်ထားမြင့်တစ်ယောက် စိတ်အားငယ်မည်ကို မိုးပြိုမည်ထက် ကြောက်ရှာ၏။

ဤသည်ကို ခင်ထားမြင့်လည်း သိပါ၏။ လူရဲက ကရင်အမျိုးသား ခရစ်ယာန်တစ်ယောက်။ မိမိမှာ မွန်အမျိုးသမီး ဗုဒ္ဓဘာသာစစ်စစ်။

သူက ကရင်လူမျိုးဖြစ်နေသည်မှာ အရေးမဟုတ်။ သွေးတူသားတူ တစ်မြေတည်းနေ တစ်နေရတည်းသောက် တိုင်းရင်းသားလူမျိုးတွေ မဟုတ်ပါလား။ ခက်သည်က ကိုးကွယ်သည့်ဘာသာမတူမှုပင်။

ကိုးကွယ်ယုံကြည်ရာချင်း မတူသည့် လူနှစ်ယောက်၏ဘဝအား ပေါင်းစပ်၍ မဖြစ်နိုင်ဟု ခင်ထားမြင့် ယုံကြည်ထား၏။

နောက်အချက်ကား လူရဲသည် မိန်းမပျိုတိုင်း ကြိုက်နိုင်လောက်သည့် ရုပ်ရူပကာကို ပိုင်ဆိုင်သူဖြစ်နေခြင်းပင်။

လူချောလူခန့်တစ်ယောက်ကို ဝိုင်း၍ကြိုက်သောမိန်းမတောထဲတွင် ခင်ထားမြင့် မပါလိုပေ။

ခုနစ်ခွေအထက်ရွာ၌ ကျောင်းဆရာအလုပ်လုပ်ပြီး အားလပ်ချိန်တွင် တောင်ယာလုပ်ပေမယ့် လူရဲအသားကဖြူပြီး ဝင်းနေ



www.burmeseclassic.com

www.burmeseclassic.com



၏။ အရပ်မြင့်၍ ကျစ်လျစ်တောင့်တင်းကာ အလွန်ကြည့်ကောင်းသော ကိုယ်နေဟန်လည်း ရှိ၏။

လူရဲအဖို့ကား မတူသောဘာသာကလည်းကောင်း၊ ချောမောသောရုပ်ရည်ကလည်းကောင်း၊ ခင်ထားမြင့်နှင့် အကြောင်းကံမဆုံရန် ဖန်တီးသည့် တရားခံများဖြစ်နေကြောင်း သိရှာမည်မဟုတ်ပေ။

သို့နှင့်ပင် သူသိရန် ခင်ထားမြင်က သွယ်ဝိုက်ပြီး ဖန်တီးရတော့၏။ နောက်တစ်နေ့တွင် ခုနစ်ခွေအထက်သို့ ပြန်ရတော့မည်ဖြစ်၍ လာနှုတ်ဆက်သော လူရဲအား ဘုရားသို့ လိုက်ခဲ့ရန်ခေါ်ခဲ့၏။

မငြင်းမဆန် ဝမ်းသာရွှင်လန်းစွာ သူလိုက်ခဲ့၏။ ခင်ထားမြင့်နှင့် အဖော်သူငယ်ချင်း ခင်လေးနွယ်တစ်ယောက်လည်း ပါ၏။

ရင်ပြင်တော်တွင် တစ်ပတ်ပတ်၍ ရုပ်ပွားတော်များ စံပယ်ရာဂန္ဓကုဋိတိုက်သို့ ဝင်လာကြ၏။

ခင်ထားမြင့်နှင့်ခင်လေးနွယ်က ဘုရားရုပ်ပွားတော်များအား ပန်း၊ ဆီမီးများ လှူဒါန်းဆက်ကပ်ပြီး ကျုံ့ကျုံ့ကလေးထိုင်ကာ အတန်ကြာအောင် ရှိခိုးကန်တော့ကြ၏။

အာရုံယူကာ ရှိခိုးကန်တော့နေသည့်ကြားမှပင် မလှမ်းမကမ်းတွင် ဒူးထောက်ထိုင်ပြီး မိမိအား ငေးမောကြည့်နေသည့် လူရဲကို





မြင်နေရသည်။ ဘုရားရှိခိုးဆုံး၍ ခင်ထားမြင့် ထလိုက်သောအခါ သူလည်း လိုက်ထ၏။

ဘုရားမှအပြန်တွင် ခင်လေးနွယ်မှာ ခင်ထားမြင့်၏အိမ်သို့ မလိုက်တော့ဘဲ လမ်းမှပင် ပြန်သွားခဲ့၏။

ခင်ထားမြင့်နှင့်အတူ အိမ်အထိ လူရဲတစ်ယောက်တည်း လိုက်၍လာ၏။ အိမ်ပေါ်မတက်တော့ဘဲ ခြံထဲရှိ သစ်တိုပင်ကြီး၏ ဖြာထွက်လျက်ရှိသော အမြစ်များပေါ်တွင် သူတို့ထိုင်ဖြစ်ကြ၏။

"ဘုရားတော့ရောက်ခဲ့ပြီ ခင်ထား။ ကိုယ့်ကို ခေါ်သွားတဲ့ အဓိပ္ပာယ်က ဘယ်လိုလဲ။ အဓိပ္ပာယ်တော့ ရှိရမယ်လို့ ကိုယ်ထင်တယ်"

"ဟုတ်ပါတယ် လူရဲ။ ကိုးကွယ်ယုံကြည်ရာချင်းမတူတဲ့ လူနှစ်ဦး ပေါင်းဆုံလိုက်ရင် ဘုရားသွားကျောင်းတက် အတူတူဆိုတာမျိုး မဖြစ်နိုင်တဲ့အတွက် နောင်အခါ စိတ်ဆင်းရဲရမယ်ဆိုတာကို ခင်ထားပြတာပါ"

"မှန်ပါတယ်ခင်ထား။ ဒါပေမဲ့ . . . ဗုဒ္ဓရှေ့မှာ ခင်ထား ကြည်ညိုကန်တော့နေတာကို ကြည်နူးဝမ်းသာစိတ်နဲ့ ကိုယ် ထိုင်ကြည့်နေသလို၊ ခရစ်တော်ရှေ့မှာလည်း ခင်ထားတစ်ယောက် ရွှင်ရွှင်လန်းလန်း ကြည်ကြည်ဖြူဖြူ စောင့်နေနိုင်လိမ့်မယ်လို့ ကိုယ် . . . ကိုယ်မျှော်လင့်ပါရစေလား ခင်ထားရယ်နော် ကိုယ်သွားတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ခင်ထားမြင့်တစ်ယောက် သစ်တိုင်ကြီး၏ အမှောင်ရိပ်၌ တိတ်တိတ်ကလေးထိုင်ကာ မငိုပါဘဲနှင့် ရင်နင့်အောင် ရှိုက်နေမိခဲ့၏။

ယခုလည်း ရင်မှာနင့်ရပြန်ပါပြီ။ ခင်ထားမြင့်သည် သူ၏ ရင်ပေါ်မှ စာချုပ်ကိုဖယ်ကာ ခေါင်းရင်းရှိစားပွဲပေါ် လှမ်းတင် ထားလိုက်သည်။

ခေါင်းအုံးပေါ် နော်လေးဖောတင်သွားသည့် လူရဲ၏စာ ကလေးကို အခေါက်ဖြေကာ ဆွဲဖြန့်လိုက်၏။

*ခင်ထား*

*ခင်ထားမနိုးသေးလို့ ဒီစာလေးနဲ့ပဲ မင်္ဂလာနံနက်အတွက် နှုတ်ဆက်လိုက်ပါတယ်၊*

*စိတ်ချမ်းချမ်းမြေ့မြေ့နဲ့နေပါ။ အခက်အခဲရှိသရွေ့ ကိုယ့်ကို အသိပေးပါ။ စွမ်းအားရှိသရွေ့ ကူညီပါ့မယ်၊ အိမ်ငှားစာချုပ် ကိုလည်း ခင်ထားကြည့်ချင်မယ် ထင်မိလို့ ဒေါ်လေးနဲ့ ပေးထားခဲ့တယ်၊ တင်ဦးကိုခေါ်ဖို့ ကိုယ် တစ်ခေါက်ပြန်ခဲ့ဦးမယ်၊*

*မှာချင်တာတွေ စဉ်းစားထားပါ။ ကိုယ့်သူငယ်ချင်း မြန် မြန်နေကောင်းပါစေလို့ ဆုတောင်းပါတယ်၊*

*ခင်ထားရဲ့ ထာဝရ*
*လူရဲ*

❑ ❑ ❑

## အခန်း (၇)

မိုးရာသီတွင် ရေစီးသန်တတ်သည့် တောင်ကျချောင်းတို့၏ သဘာဝအတိုင်း ခုနစ်ခွချောင်းသည်လည်း ဒေါမာန်တကြီး စီးဆင်းလျက်ရှိ၏။

ချောင်းနံဘေးရှိ ရေတစ်ဝက် ကုန်းတစ်ဝက်တင်နေသော ကျောက်ဖျာကြီးတစ်ခုပေါ်တွင် ဦးခင်ဇော်နှင့်တင်ဦးတို့ထိုင်ရင်း တစ်စုံတစ်ရာကို အလေးအနက် ဆွေးနွေးလျက်ရှိ၏။

ဆွေးနွေးကြသည်ဆိုရာတွင်လည်း တကယ်တမ်း စကား များများပြောသူက ဦးခင်ဇော်ပင်။

စောတင်ဦးက တစ်ခွန်းတလေလောက်သာ ဝင်ဝင်ထောက် ပြီး ငြိမ်လျက်နားထောင်သည်သာ များသည်။ နောက်ဆုံးတွင် ဦးခင်ဇော်က ထိုင်ရာမှထကာ . . .

ခု နစ် စဉ် ကြယ် တ ပေ

www.burmeseclassic.com

www.burmeseclassic.com



"အေးလေ . . . ဒေါက်တာလည်း တစ်ညတော့ စဉ်းစားဦးပေါ့၊ ဒါဟာ နှစ်ဦးနှစ်ဖက် အကျိုးရှိဖို့ပဲလေ၊ ဟုတ်တယ် မဟုတ်လား။ အန်ကယ်ကတော့ ဖြစ်ကိုဖြစ်စေချင်တာပဲ"

"ကဲ ကဲ . . . အန်ကယ်လ်လည်း ရောက်တုန်းရောက်ခိုက် မိတ်ဆွေတစ်ယောက် နှစ်ယောက်ဆီတော့ ဝင်လည်လိုက်ချင်သေးတယ်၊ အပြန်ကျရင် ဝင်လှည့်ခေါ်ဖို့ နော်လေးတာဆုကိုလည်း အန်ကယ်လ် မှာထားပြီးပါပြီ။ အန်ကယ်လ်ပြောတဲ့ကိစ္စကိုသာ ဒေါက်တာ အမြန်ဆုံး စဉ်းစားပြီး အဖြေပေးပေါ့ ဟုတ်လား"

"ကောင်းပါပြီ အန်ကယ်လ်။ ကျွန်တော် ဒီတစ်ည စဉ်းစားပြီး မနက်ဖြန် အကြောင်းပြန်ပါ့မယ်"

"ကောင်းပြီ ဒေါက်တာ၊ ကဲ . . . အန်ကယ်လ် သွားလိုက်ဦးမယ်"

သူနှင့် အတော်လှမ်းလှမ်းတွင် နော်လေးတာဆု၊ နော်လေးဂေးနှင့် ကိုတင်ထွန်းတို့ ရေကူးနေကြသည်။ သူတို့နှင့် မလှမ်းမကမ်းအထိ ရေထဲရှိ ကျောက်တုံးများပေါ်မှ နင်း၍ တင်ဦးသည် လျှောက်လာခဲ့၏။

သူ့အာရုံမှာ နော်လေးတာဆုတို့ ညီအစ်မပေါ်သို့ တဒင်္ဂမျှ သက်ရောက်သွားရ၏။ နော်လေးတာဆုသည် ကျောက်ဆောင်နည်းပါး၍ ရေနက်သည့်နေရာကို ရွေးချယ်ကူးခတ်နေရာမှ





ကျောက်တုံးများပေါ် ကျင်လည်စွာ ခုန်ကူးရင်း တင်ဦးအနားရောက်အောင် လာနေ၏။ ရေကူးဝတ်စုံအဝါမှာ သူမ၏ဖြူဖွေးစိုပြည်သော အသားဖြင့် ကပ်လျက်သား။

ထွားကျိုင်းအချိုးကျသော ကိုယ်လုံးသည် သူ့ရှေ့တွင် အလှဆုံးအနေအထားဖြင့် ရောက်လျက်နေလေပြီ၊ စင်စစ်တော့လည်း နော်လေးတာဆုဆိုသည်မှာ အလှတစ်ပါးပင် ဖြစ်ပါလေ၏။

သူ့ရင်ထဲမှာ ခုန်လာ၏။ ဒါကလည်း ကပ်ငြိဖွယ်ရာ မိန်းမသားတစ်ယောက်ကို ကိုယ်လုံးပေါ်မျှ နီးနီးကပ်ကပ်တွေ့မြင်ရသော ယောကျ်ားတစ်ယောက်၏ ရင်ခုန်ခြင်းမျိုးသာပင်။

"ဒေါက်တာနဲ့ အဖေ ပြေလည်ပြီလားဟင်"

နော်လေးတာဆုက သူရပ်နေသည့် ကျောက်တုံးပေါ် တွယ်တက်လာပြီး မေးသည်။ သူက ခေါင်းခါ၏။

"ဒါဖြင့် မပြေလည်ဘူးပေါ့ . . . ဟုတ်လား ဒေါက်တာ"

"ဒီလိုလည်း မဟုတ်ပါဘူး နော်လေး၊ ကိုယ် တစ်ညတော့ စဉ်းစားချင်သေးတယ်လေ"

"ဟုတ်တယ် ဒေါက်တာ၊ စဉ်းစားဖို့တော့ လိုတာပေါ့၊ နော်လေးကိုလည်း အဖေက စဉ်းစားဖို့ အချိန်ပေးခဲ့တယ်၊ အို . . . ရှုပ်ပါတယ်လေ၊ ဒီကိစ္စ ဒေါက်တာ့အပေါ်မှာ တည်တာပဲ၊ ဒေါက်တာ ခေါင်းညိတ်ရင် နော်လေးလည်း ခေါင်းညိတ်လိုက်မယ်၊ ဒေါက်တာ့



www.burmeseclassic.com

www.burmeseclassic.com



မှာလည်း အရှုံးမရှိပါဘူးနော့် . . . ဟင်း ဟင်း''

''ဒီလိုတော့ မယူဆစေချင်ဘူး နော်လေး၊ အစီအစဉ်တွေ အားလုံး ဖြစ်နိုင် မဖြစ်နိုင် မလုပ်ခင်က စဉ်းစားထားတာ အကောင်းဆုံး မဟုတ်လား''

''အဖေစီစဉ်ရင် အောင်မြင်တာချည်းပါပဲလေ၊ ကဲပါ . . . လာစမ်းပါ၊ ဟိုမှာ သူများတစ်တွေဖြင့် ပျော်လို့ပါးလို့ သူက ဒီမှာ ငူငူငိုင်ငိုင်ကြီးနဲ့၊ တကတဲမှပဲ . . . ကဲ . . . ကဲ''

''ဟာ . . . ဟော့ . . . နော်လေး မလုပ်နဲ့''

ရုတ်တရက်မို့ သူ အလန့်တကြားအော်မိသည်။ သို့သော် နော်လေးတာဆုက သူ့အား ဆတ်ခနဲ ရေထဲတွန်းချလိုက်ပြီး ဖြစ်၏။

တစ်ကိုယ်လုံး အေးစက်ထုံကျဉ်သွားတော့၏။ သူက ရေထဲတွင် ဝရုန်းသုန်းကားဖြစ်ကာ လူးလဲထနေစဉ် နော်လေး တာဆုသည် ကျောက်တုံးပေါ်မှစီးကြည့်ပြီး တစ်ကိုယ်လုံး လှုပ်ရမ်းသွားသည်အထိ တခစ်ခစ် ရယ်လျက်ရှိနေ၏။

နော်လေးတာဆုက အရယ်မပျက်ရှိနေရာမှ ဝုန်းခနဲ သူ့အနားသို့ ခုန်ဆင်းလာပြန်၏။ တစ်ဖန် လက်ခုပ်နှင့် ရေတွေခပ်ပြီး ဆက်ကာဆက်ကာ ပက်ဖျန်းလေတော့၏။

❑ ❑ ❑

## အခန်း (၈)

သည်ညနေတွင် လူရဲ ကားစောစောသိမ်း၍ အိမ်ပြန်ဖြစ်၏။ ရောက်ရောက်ချင်း အိမ်ပေါ်တက်၍ ခင်ထားမြင့်အခန်းသို့ ခေါင်းပြူကြည့်မိသောအခါ ခြင်ထောင်ချပြီး ခင်ထားမြင့် အိပ်ပျော်နေသည်ကို မြင်ရ၏။ ထို့ကြောင့် တင်ဦးအခန်းသို့ ဝင်ခဲ့၏။

ဤ အခန်းထဲရှိ ခုတင်ပေါ်တွင် တင်ဦးတစ်ယောက် တစ်ကိုယ်လုံး စောင်ပတ်ပြီး မှောက်လျက်ကြီး ငြိမ်နေသည်။

အိပ်ပျော်နေသည်တော့ မဟုတ်ပါ။ စဉ်းစားလွန်နေခြင်းသာ ဖြစ်လေသည်။ လူရဲ သူ့အနားရောက်လာသည်ကိုပင် သတိမပြုမိ။

''ဟော့ . . . ဘယ်လိုဖြစ်နေတာလဲ တင်ဦး''

''ဟာ . . . လူရဲ . . . ကားသိမ်းတာ တယ်စောပါလားဟ၊ ကားသံတောင်မကြားမိဘူး''



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကြားမလဲ။ နေ့လယ်ကဟာတွေ စားမြို့ပြန်နေတာကို၊ ဘယ့်နှယ်လဲ ဟန်ကျခဲ့ရဲ့လား။ နော်လေးတာဆုက မလှဘူးလားကွ"

"လှသားပဲ"

"ဒါဖြင့် . . . မင်း မဆွတ်ချင်ဘူးလား"

"ထပ် . . . လှတာနဲ့ ဆွတ်ခူးရတော့မလား။ သူ ဘယ်လောက်လှလှ ငါ ဘယ်တော့မှ မယူဘူး"

"ဩော် . . . မင်းကြိုက်တာက အငယ်မ နော်လေးဂေး ဆိုပါတော့ ဟုတ်စ"

"မင်း ဘာကိုဆိုလိုတာလဲ သူငယ်ချင်းရာ။ ငါတော့ နားမလည်တာ အမှန်ပဲကွ"

ထိုစဉ် . . .

"လူရဲ . . . နင်နဲ့တင်ဦးအတွက် အခန်းကို တို့ အောက်ထပ်မှာပဲ ပြင်ထားလိုက်တယ်၊ အပေါ်ထပ်မှာ ခင်ထားနေလိမ့်မယ်"

"ကောင်းသားပဲ ဒေါ်လေး"

ထိုအခိုက် ဦးကျော်စိုး ခြံထဲမှ တက်လာ၏။

"ဟော့နော်လေး . . . လူရဲကို ငွေတစ်သိန်းရှစ်သောင်း ပေးပြီးပြီလား"

"ဘာငွေလဲ ဦးလေး"





လူရဲက နားမရှင်းသဖြင့် ဝင်မေးသည်။

"ခင်ထားမြင့် ပြန်ပေးတာလေ၊ နင့်ကိုပေးပေးပါတဲ့"

"ဘာဗျ"

"ဩော် လူရဲရယ် . . . ခင်ထားက အပေါ်ထပ်တော့ သူနေမယ်၊ အောက်ထပ်ကိုသာ ငှားမယ်၊ ဒါကြောင့် အောက်ထပ်ငှားခ တစ်လခုနှစ်ထောင့်ငါးရာနဲ့ နှစ်နှစ်အတွက် တစ်သိန်းရှစ်သောင်းပဲ ကျတာမို့လို့ မင့်ကို တစ်သိန်းရှစ်သောင်း ပြန်အမ်းတာပါတဲ့ . . . ကဲ ရှင်းပြီလား"

"အိုဗျာ . . . မဟုတ်တာ၊ ဘယ်မလဲ အဲဒီငွေ၊ ပေးစမ်းပါ၊ သူ့ကိုပြန်ပေးလိုက်မယ်"

"ဟဲ့ . . . လူရဲရဲ့ တိုးတိုးလုပ်ပါ၊ ဖြုန်းဖြုန်းဒိုင်းဒိုင်းနဲ့ သွားမပေးပါနဲ့၊ စိတ်ညစ်သွားပါမယ်၊ အဲဒီပိုက်ဆံ ငါ့အခန်းထဲက ခေါင်းအုံးအောက်မှာ သိမ်းထားတယ်၊ နေဦး ငါယူပေးမယ်၊ နင် ကောင်းကောင်းမှန်မှန်ပြောပြီးပေးနော်"

"တကယ်တော့ ဒီလိုပါခင်ထား . . . ဒီအိမ်ငှားခပေးခဲ့တဲ့ ငွေသုံးသိန်းခြောက်သောင်းဟာ ခင်ထားလက်ထဲ တစ်ပြားမှ မရောက်ဘဲ ဦးတင့်ဆွေ လိမ်ယူသွားတယ်၊ မသိမဆိုင် ခင်ထားအိတ်ထဲက စိုက်ပေးတဲ့ ဒီငွေတစ်သိန်းရှစ်သောင်းကို ကိုယ်က ဘယ်လိုနည်းနဲ့ ယူရက်မှာလဲ၊ မယူနိုင်ဘူး ခင်ထား၊ ဒါကြောင့် . . . ခုပြန်ပေးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ ဆက်ထိုင်နေလျှင် ခင်ထား ဆက်ငြင်းနေမည်စိုးသော ကြောင့် စကားကို အပြတ်ဖြတ်ကာ ဝရန်တာမှ ထခဲ့၏။ ထို့နောက် တင်ဦးအား ဝင်ခေါ်၍ အောက်ထပ်သို့ ဆင်းလာကြ၏။

မီးဖိုထဲမှ စားပွဲတွင်မှ ဦးကျော်စိုးနှင့် နော်လေးဖောသည် ထမင်းပွဲပြင်ပြီး သူတို့နှစ်ယောက် ဆင်းအလာကို စောင့်နေကြ ပေသည်။

"ခင်ထားအတွက် ဆေးလိုဦးမလား တင်ဦး"

"လောလောဆယ်တော့ ငါ့မှာပါလာတာတွေနဲ့ လုံလောက် ပါတယ်၊ ငါပြန်ခါနီးမှ လိုအပ်မယ့်ဆေးတွေအတွက် ရေးပေးခဲ့ပါ့ မယ်၊ မင်းရှာပေးလိုက်"

"အေးကွာ . . . မင်း ပြန်သွားရင်တော့ သူအားငယ်ရှာမှာပဲ"

"ဒါ့အတွက် မပူပါနဲ့ကွာ၊ ဆေးရုံကြီးက ဒေါက်တာရန် နိုင်စိုးဟာ ငါ့သူငယ်ချင်းပါ၊ သူ့ကိုမှာခဲ့ရင် ခင်ထားကို ဆက်ကြည့် ပေးပါလိမ့်မယ်"

❑ ❑ ❑

## အခန်း (၉)

တင်ဦးတစ်ယောက် ကိုယ်လက်သန့်စင်နေစဉ် ခြံထဲသို့ ကိုယ်ပိုင်ကားအဖြူရောင် ကားကလေးတစ်စီး ဝင်လာသည်။

"ဟာ . . . ခက်တော့တာပဲ၊ နော်လေးတာဆုပါလား၊ စော စောစီးစီးများကွာ"

စွန့်စားခန်းတစ်ခုကို ရင်ဆိုင်ရတော့မည့်အလား တင်ဦးမှာ ချောက်ချားသွားရ၏။

ပန်းနုရောင်ထက်အောက်ဝတ်စုံနှင့် ကြွရွလှနေသော နော် လေးတာဆုက ဖွင့်ထားသောပြတင်းမှ သူ့အား မြင်သွားလေရာ အိမ်ရှေ့ပေါက်မှ မဝင်တော့ဘဲ သူရှိရာပြတင်းပေါက်အနီးသို့ လျှောက် လာ၏။

"ဘယ့်နှယ်လဲ ဒေါက်တာ၊ အိပ်ရာထနောက်ကျပါလား



www.burmeseclassic.com

www.burmeseclassic.com



ညက အစဉ်းစားလွန်သွားတယ်ထင်ပါရဲ့နော် . . . အဟင်း ဟင်း''

''ခုမှ ခြောက်နာရီခွဲပဲရှိသေးတာ၊ နေမမြင့်လှသေးပါဘူး နော်လေးရဲ့၊ ကဲ ကဲ . . . အိမ်ရှေ့ပေါက်ကပဲ ဝင်လာပါ၊ အပြင်မှာ ရပ်နေတာ အားနာပါတယ်''

''ကိစ္စမရှိပါဘူး၊ နော်လေး ကားထဲကပဲ စောင့်တော့မယ်၊ ဒေါက်တာသာ မြန်မြန်အဝတ်လဲချေပါတော့''

''ဘယ်သွားမှာမို့လဲ''

''အိမ်ကိုလေ၊ အဖေက ဒီမနက် ခုနစ်နာရီခွဲအထိပဲ အိမ်မှာ ရှိမှာ၊ အလုပ်ကိစ္စနဲ့ သွားစရာရှိနေတယ်၊ အဲဒါ ဒေါက်တာ နေမြင့်မှ အိမ်လာရင် လွဲနေမှာစိုးလို့ နော်လေးကို အခေါ်လွှတ်လိုက်တာပေါ့၊ ဘယ့်နှယ်လဲ ဒေါက်တာ့အဖြေ''

''အန်ကယ့်ဆီပဲ ရောက်ပါစေဦး နော်လေးရယ်''

''အမယ်လေး . . . နော်လေးက စေတနာနဲ့ ကြိုပြီးမေးရတာပါ၊ ဒေါက်တာ့အဖြေဟာ No သာဖြစ်ခဲ့ရင် အဖေက ကိုတင်ထွန်းကို ဦးစားပေးလိုက်မှာ သိလား . . . ဒါကြောင့်''

''No ဆိုတဲ့အဖြေကို ကိုယ်ပေးခဲ့ရင် တကယ်ပဲ အန်ကယ်လ်က ကိုတင်ထွန်းကို ရွေးချယ်တော့မှာတဲ့လား၊ ဒီမှာ နော်လေး . . . ကိုယ့်နေရာမှာ ကိုတင်ထွန်းကိုတော့ အဝင်မခံနိုင်ဘူး၊ သူဝင်လာရင် ဒီကိစ္စ တစ်မျိုးတစ်မည်ဖြစ်ပြီး လမ်းကြောင်းလွဲသွားမှာ အမှန်ပဲ၊





ဒီတော့ ကိုယ် Yes လို့ပဲ အန်ကယ့်ကို အဖြေပေး လိုက်ရတော့မှာပေါ့''

''ဒါဖြင့် . . . ဒေါက်တာက သိပ်သဘောတူလှတယ်လို့တော့ မဟုတ်ဘူးလို့ ဆိုလိုတာပေါ့ . . . ဟုတ်လား''

''ဩော် . . . Yes ပါလို့ နော်လေးတို့ဆန္ဒအတိုင်းဆိုပြီးမှ တော့ ဘာများလိုသေးလို့လဲဗျာ''

''ကောင်းပါပြီရှင်၊ ကောင်းပါပြီ၊ ကဲ . . . အဝတ်လဲတော်မူပါ၊ တော်ကြာ အဖေနဲ့မတွေ့ဘဲ လွဲနေမှဖြင့်''

''ကဲ နော်လေးရေ . . . အဝတ်လဲပြီး ချက်ချင်းလာခဲ့မယ်''

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

လူရဲမောင်းလာသောဟိုင်းလပ်ကားသည် မုဒုံ-ကြာအင်းဆိပ်ကြီးကားလမ်းတစ်လျှောက် ခပ်မှန်မှန်ပြေးနေ၏။

သူ့မျက်နှာက ပြုံးခြင်းကို ကျော်လွန်၍ ရယ်ချင်စိတ်ကို ထိန်းချုပ်ဟန်ပေါက်လာသည်။ သို့ဖြင့် သူ အားပါးတရ ရယ်ပစ်လိုက်မိတော့၏။

"ဘာရယ်တာလဲ"

နံဘေးမှ တင်ဦးက သူ့ကို မလုံမလဲကြည့်ပြီးမေး၏။

"သဘောကျလို့ပါ တင်ဦးရာ"

"ဘာကိုလဲ"

"ဩော် ... နောက်ဆုံးတော့ တို့ဆရာဝန်ကြီးတစ်ယောက် အကြီးမနော်လေးတာဆုကို တကယ်သိမ်းပိုက်တော့မှာပါလားလို့"





တင်ဦးက မည်သို့မျှ မတုံ့ပြန်။ လူရဲအား အတန်ကြာ ငေးစိုက်ကြည့်နေပြီးမှ သက်ပြင်းကြီးချကာ အကြည့်ကို လမ်းပေါ်သို့ လွှဲယူပစ်၏။

"ညတုန်းက မင်းပြောတော့ ငါ ယုံတောင်မယုံချင်ဘူး။ ဒီလိုဖြစ်လာလိမ့်မယ်လို့ ထင်ပေမယ့် ဒီလောက်မြန်လိမ့်မယ်လို့ မအောက်မေ့မိဘဲကိုးကွ၊ အေးလေ ... မင်းကတော့ မြန်လေ ကောင်းလေပေါ့ ဟုတ်လား ... ဟား ဟား။

"အံမယ် ... ဟေ့ တင်ဦး ... ဘယ်လိုလဲကွ၊ မင်းကြည့်ရတာ လင်းတကြီးမှိုင်နေသလိုလို၊ ငိုပဲငိုတော့မလိုလို၊ မိန်းမ သွားတောင်းမယ့် သတို့သားလောင်းနဲ့ နည်းနည်းမှလည်း မတူပါလား"

"တော်ပါတော့ လူရဲရာ"

"မတော်နိုင်ဘူးဟေ့၊ ကဲ ... ဖြေစမ်း မှန်မှန်၊ ဘာလို့ ဒီလောက်မြန်မြန်ကြီး စေ့စပ်ကြတာလဲ၊ အဲဒါ ငါသိချင်တယ်"

"ဟ ... တောင်တောင်မြောက်မြောက်တွေတော့ မထင်လိုက်ပါနဲ့ သူငယ်ချင်းရယ်၊ ငါ့ခွင့်ဟာ စေ့တော့မယ်လေ၊ တစ်ပတ်ပဲ ကျန်တော့လို့ပါ"

"ဒါဖြင့် ဘယ်တော့လက်ထပ်မလဲ"

တင်ဦးထံမှ ဖြေသံထွက်မလာပါ။

"ဟေ့ ... အံမာ ငိုင်နေပြန်ပြီ၊ ဒီကောင် ဒီနေ့ ဘာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေတယ် မသိဘူး၊ နေမှကောင်းရဲ့လား''

''ကောင်းပါတယ်ကွာ၊ မင်းမေးတာလည်း ကြားပါတယ်၊ ဘယ်တော့လက်ထပ်မလဲဆိုတာတော့ နော်လေးတာဆုတို့ဘက်က သဘောတစ်ခုပါပဲ၊ ငါကတော့ အရုပ်သက်သက်ပါ''

''ငါ့ကောင်တော့ ညားမှမညားရသေးဘူး နော်လေးတာဆု လက်ထဲက အရုပ်ဖြစ်နေပြီ၊ အင်း ... ဟုတ်မှာပါပဲလေ၊ ငါဆိုရင်လည်း ချစ်သူလက်ထဲမှာဆိုရင် အရုပ်ပဲဖြစ်နေမှာ ထင်ပါရဲ့၊ တကယ်တမ်းချစ်ကြရင် ဒီလိုပဲ တင်ဦး ... ဒီလိုပဲ''

''မင်းမှာ ချစ်သူရှိနေလို့လား လူရဲ ... ဟင်''

လူရဲက ညည်းညည်းညူညူဖြင့် ခံစားချက်အပြည့်ရှိသူ တစ်ယောက်ပမာ ပြောလိုက်သောအခါ တင်ဦးက အလောတကြီး အံ့ဩသောအသံဖြင့် ပြန်မေးလိုက်၏။

လူရဲက ခေါင်းခါပြသည်။

တင်ဦးကမူ တိတ်တိတ်ခိုး၍ ပင့်သက်ရှည်ကြီးချမိကာ စိတ်သက်သာရာရသွားသလို ငြိမ်၍ပါလာ၏။ ဆက်၍ နှစ်ဦးသား စကားမဆိုမိကြတော့။

ယခုလာခြင်းမှာ တင်ဦးက နော်လေးတာဆုတို့၏ဇာတိ ခုနစ်ခွေတောင်ပေါ် အထက်ရွာဖြစ်သော ဝါးပြွန့်ကုန်းသို့သွားပြီး နော်လေးတာဆုအား ရိုးရာထုံးစံနှင့်အညီ စေ့စပ်တောင်းရမ်းလို၍ လူရဲအား





အရန်လူပျိုအဖြစ် လိုက်ခဲ့ရန် ခေါ်လာခဲ့ခြင်းပင် ဖြစ်ပါ ၏။

ဝါးပြွန်တောင်သည် မုဒုံ–ကြာအင်းဆိပ်ကြီးကားလမ်းမှ ဆယ့်ငါးမိုင်ခန့် ဝေးသော တောင်ပေါ်ရွာ သံပရာရွာထက်ပင် အတွင်းပိုင်း ပို၍ကျပေသေး၏။ ဦးခင်ဖော်၏ မွေးရာဇာတိပင်ဖြစ်၏။

တင်ဦးမှာ သူနှင့် နင်ပဲကဆ ဆဲမနာဆိုမနာ ရောင်းရင်းပမာ ချစ်ခင်သည်မှန်သော်လည်း ငယ်သူငယ်ချင်းတော့ မဟုတ်ပေ။

သူ ခုနစ်တန်းအောင်ပြီး ကြာအင်းဆိပ်ကြီးမှနေ၍ မုဒုံတွင် ရှစ်တန်းကို ဆက်တက်ရ၏။

ထိုသည်မှစ၍ တင်ဦးနှင့်သူ တစ်ခန်းတည်း၊ တစ်ကျောင်းတည်းဖြစ်ပြီး စတွေ့သည့်နေ့မှာပင် အထူးခင်မင် ချစ်ကျွမ်းဝင်ခဲ့ကြ၏။

သူသိထားရသလောက် တင်ဦးမှာ မိဘဆွေမျိုးရှိရှာသူ မဟုတ်ပေ။ ဘယ်အရပ်၊ ဘယ်ဇာတိသားမှန်းလည်းမသိ။

တင်ဦးငယ်စဉ်က အိမ်တစ်အိမ်တွင် ဝက်စာကျွေး၊ ကြက်စာဘဲစာကျွေး၊ ထင်းခွေ၊ ရေခပ်၊ ခြံအလုပ်ဖြင့်သာ နေရ၏။ အိမ်ရှင်နှင့် ဘယ်လို တော်စပ်သည်ကိုလည်း သူ့မသိ။

တစ်နေ့သောအခါတွင် လူကြီးတစ်ယောက် သူနေသော အိမ်ရှင်နှင့် လိုက်ပါလာကာ ဆယ့်ငါးရက်ခန့်နေပြီးနောက် အပြန်တွင် သူ့အားခေါ်သွားသဖြင့် နောက်ဆုံး သူ ယခုဘော်ဒါနေရသောမြို့သို့



www.burmeseclassic.com

www.burmeseclassic.com



တင်ဦး ရောက်ရှိလာ၏။

သူ့အတွက် ကုန်ကျစရိတ်အားလုံးသည် လကုန်ပြီဆိုလျှင် သက်ဆိုင်ရာက ကျောင်းအုပ်ဆရာကြီးထံတွင် ပေးအပ်ခဲ့ပြီး ဖြစ်နေ၏။

ထူးတော့ ထူးဆန်းပေ၏။ ဇာတိမြေမှ သူ့အား ခေါ်လာသည့် လူကြီးကိုမူ ကျောင်းအပ်သည့်နေ့မှစ၍ မတွေ့မမြင်ရတော့ပေ။

သူ စာကြိုးစား၏။ တစ်နှစ်တစ်တန်းလည်း မှန်မှန်အောင်ခဲ့၏။ ဆယ်တန်းကို ဂုဏ်ထူးများနှင့် အောင်ခဲ့၏။

နောက်ဆုံးတွင် ကျောင်းအုပ်ဆရာကြီးက သူ့အား ခေါ်ယူကာ . . .

"မင်းအတွက် အထုပ်တစ်ထုပ်ရောက်လာတယ်၊ ငွေတွေပဲ မင်း ဆရာဝန်လိုင်းလိုက်ပေတော့။ ဒီငွေတွေက မင်းကို အရင်က ထောက်ပံ့ကူညီခဲ့တဲ့လူရဲ့ နောက်ဆုံးကူညီမှုပဲ တင်ဦး"

"သူ ဘယ်သူလဲဆိုတာ ဆရာကြီးကို ဘယ်တော့မှ မမေးနဲ့ ဟုတ်ပြီလား။ သူဟာ ဆရာကြီးရဲ့ အချစ်ဆုံးမိတ်ဆွေ၊ အေး . . . တစ်ခုတော့ရှိတယ်၊ ဆေးကျောင်းမှာလည်း တစ်နှစ်မှ ကျုံးလို့မဖြစ်ဘူး၊ ကြားလား သွားတော့"

သည်တုန်းက ကျောင်းအုပ်ဆရာကြီးရှေ့တွင်ပင် သူ ရှိုက်ကြီးတငင် ချုံးပွဲချ၍ ငိုမိခဲ့သည်ဟု တင်ဦးက ပြောပြခဲ့ဖူး၏။

သည်လိုနှင့်ပင် သူ မသိသော ကျေးဇူးရှင်ကြီး၏အကူ





အညီဖြင့် တင်ဦးတစ်ယောက် ရန်ကုန်တက္ကသိုလ်၏ဆေးကျောင်းသားကြီး ဖြစ်လာခဲ့တော့၏။

သူသည် ဘဝတိမ့်သူမဟုတ်၍ အစဉ်တစိုက် ကြိုးစားခဲ့သူဖြစ်ရာ တစ်နှစ်မှ ကျရှုံးဖူးသည် မရှိခဲ့ပေ။

ဦးခင်ဇော်တို့မိသားစုနှင့်မူ တင်ဦး ဆရာဝန်ဖြစ်စ လူရဲထံ အလည်လာသောအချိန်ကျမှ သိကျွမ်းခင်မင်ခဲ့ခြင်းဖြစ်သည်။

ဆရာဝန်ပေမို့လားမသိ ဦးခင်ဇော်တို့ တစ်မိသားစုလုံးက တင်ဦးအား အရေးပေးလှ၏။ ဤကား လူရဲသိထားခဲ့သော တင်ဦး၏ ဘဝပင် ဖြစ်ပါလေသည်။

"ဒါထက် တင်ဦး . . . နာမည်မဖော်ဘဲ မင်းကိုထောက်ပံ့ခဲ့တဲ့ လူကြီးကိုကော မင်းစုံစမ်းခဲ့သေးလား"

"ဩော် . . . မင်း အဲဒါတွေ တွေးလာတတ်တာကိုး၊ ငါ စုံစမ်းပေမယ့် အချည်းနှီးပါပဲကွာ၊ ဆရာကြီးကို မေးခွင့်လည်း မကြုံနိုင်တော့ဘူး။ မနှစ်ကပဲ ဆရာကြီးဆုံးတယ် မဟုတ်လား။ အေး . . . ဆရာကြီးနဲ့အတူ ငါသိလိုတဲ့အကြောင်းတွေလည်း ပျောက်ကွယ်ခဲ့ပြီပေါ့ လူရဲရယ်"

"အေးကွာ . . . စိတ်မကောင်းစရာတွေ တို့မတွေးဘဲ နေကြရအောင်။ ဝါးပြန်တောင်ကပြန်ရင် သံပရာရွာက ငါ့အိမ်မှာ မင်း တစ်ရက်လောက် ဝင်လည်ပြီး နားဦးကွာ၊ ဒါထက် မင်း ငါ့အိမ်ကို



www.burmeseclassic.com

www.burmeseclassic.com



မရောက်ဖူးသေးဘူးနော်''

''အေး ... ဟုတ်တယ်၊ ကျောင်းတုန်းကလည်း မင်း သံပရာရွာပြန်ရင် ငါတစ်ခါမှကို မလိုက်ဖြစ်ခဲ့ဘူး၊ ခုတစ်ခါတော့ ဝင်လည်မယ်ကွာ၊ အဲဒီမှာ ဘယ်သူရှိသလဲ။ မင်းကလည်း အိမ်ချည်းပဲ ပစ်ထားတာပဲလား''

''မဟုတ်ဘူးကွ၊ အစောင့်ရှိပါတယ်၊ ဒေါ်လေးနော်လေးဖော ငှားပေးထားတဲ့ အဘိုးကြီးတစ်ယောက် အမြဲရှိတယ်၊ ပြီးတော့ ငါကလည်း တစ်လကို သုံးလေးရက်လောက်တော့ အဲဒီမှာ သွားနေတတ်တယ်၊ အမဲပစ်တယ်လေကွာ၊ ခုနစ်ခွေရွာက ဟန်တိုးနဲ့ငါက တွဲဖက်ပေါ့''

''အံမာ ... တကယ့်မုဆိုးကြီးတွေပေါ့လေ''

''ငါကတော့ အပျော်သက်သက်လိုက်တာပါကွာ၊ ဟန်တိုးကတော့ တကယ့်နာမည်ကြီးမုဆိုးပေါ့၊ ကဲ ကဲ ... မင်းကလည်း မိန်းမသွားတောင်းမယ့် သတို့သားလောင်းနဲ့တူအောင် နေစမ်းပါကွာ၊ ပြုံးပြုံးပေါ့ ... ဟဲ ဟဲ''

❑❑❑

## အခန်း (၁၁)

လူရဲနှင့်တင်ဦးတို့သည် ကရိုင်းကနိုင်ရွာသို့ ဆက်သွားကြပြီး တွဲဖက်အလယ်တန်းကျောင်းအုပ်ကြီး ဦးလှမြင့်၏အိမ်သို့ ရောက်သွား၏။

ဦးလှမြင့်မှာ လူရဲ ကရိုင်းကနိုင်ရွာတွင် ကျောင်းဆရာလုပ်စဉ်က အတူးခင်မင်ခဲ့သူဖြစ်သည်။ ပျာပျာသလဲ ဆီးကြိုပြီး နေရာထိုင်ခင်းပေးရှာ၏။

နောက်တစ်နေ့ ဝါးပြန်တောင်သို့သွားကာ တင်ဦး မိန်းမတောင်းမည့်အကြောင်းနှင့် ထိုသို့သွားရောက်ကြရာတွင် ဦးလှမြင့်က အောင်သွယ်လုပ်ပြီး စေ့စပ်နားဖောက်ပေးပါရန် ပြောသောအခါ ဝမ်းပန်းတသာ လက်ခံလိုက်၏။

နောက်တစ်နေ့ နံနက်စောစောထ၍ ဦးလှမြင့်နှင့် လူရဲတို့



www.burmeseclassic.com

www.burmeseclassic.com



ဝါးပြန်တောင်သို့ သွားကြ၏။

သတို့သားလောင်း တင်ဦးမလိုက်ပါရပေ။ သံပရာတွင် ခေတ္တနေရစ်ခဲ့ရ၏။

အောင်သွယ်အဖြစ် ဦးလှမြင့်နှင့် အရန်လူပျိုအဖြစ် လူရဲတို့ကို သာ စေလွှတ်ခြင်းဖြစ်ပါသည်။

ဦးလှမြင့်အား လူရဲက ဦးခင်ဇော်မိသားစုရှိရာ အိမ်လှေကား မှ ဦးဆောင်၍ တက်သွားသည်တွင် ဦးခင်ဇော်နှင့်ဇနီးနော်အယ်လာ တို့အား ညှိသည်များနှင့် စကားပြောနေသည်ကို တွေ့ရလေသည်။

ညှိသည်များမှာ ရွာခေါင်းတစ်ယောက်နှင့် လူပျိုခေါင်း တစ်ယောက် အပျိုခေါင်းတစ်ယောက်တို့ ဖြစ်ကြ၏။

"ဟော ... အောင်သွယ်နဲ့အရန်လူပျိုတို့ ရောက်လာပြီ လာကြ ... လာကြ၊ ထိုင်ကြပါ"

နော်လေးတာဆု၏ အဖွား (အဘိုး) နှင့် အဖိုး (အဘွား တို့ကို အမှူးထား၍ လူပျိုခေါင်းနှင့် အပျိုခေါင်းတို့ရှေ့တွင် ဦးခင် ဇော်နှင့် နော်အယ်လာတို့၏သမီးဖြစ်သူ နော်လေးတာဆုအား တင်ဦးက ရိုးရာဓလေ့ထုံးစံရှိသည့်အတိုင်း အောင်သွယ်ဦးလှမြင့်နှင့် အရန်လူပျို လူရဲတို့ကို စေလွှတ်၍ နားဖောက်ကြောင်းလမ်းခြင်းပင် ဖြစ်ပါ၏။

ထိုသို့ နားဖောက်ကြောင်းလမ်းခြင်းကို ဦးခင်ဇော်တို့ဘက်





လက်ခံလိုက်ကြ၏။

စင်စစ် အောင်သွယ်နှင့်အရန်လူပျိုတို့မှာ သတို့သားလောင်း အတွက် အာမခံများသာဖြစ်ကြ၏။

ထုံးစံအရ အရန်လူပျိုသည် မိဘ ဖုံရှိရမည်ဖြစ်သော်လည်း ယခု တင်ဦးရွေးချယ်လိုက်သော လူရဲမှာ မိဘများ မရှိတော့ပေ။

သို့သော်လည်း အားလုံးက လက်ခံကြ၏။ သည်အချက်ကို ထူးဆန်းသည်ဟု လူရဲ တွေးနေမိ၏။

နားဖောက်ပြောဆိုပြီး ရပ်ရေးရွာရေးမှအစ အလာပ သလ္လာပများ အပြန်အလှန် ပြောဆိုနေကြပြီး နော်အယ်လာတည်ခင်း သော နံနက်စာကို စားကာ လူရဲတို့ သံပရာရွာသို့ ပြန်လာခဲ့ကြလေ သည်။

သတို့သားလောင်းတင်ဦးကား အိမ်ရှေ့ကပြင်တွင် ဆင်း၍ ထိုင်ရင်း သူတို့အားမျှော်နေသည်ကို တွေ့ရ၏။

"ဟေ့ တင်ဦး အားလုံးအိုကေပဲကွ၊ အန်ကယ်ဦးခင်ဇော် က မှာလိုက်သေးတယ်၊ နေ့ခင်းဘက် ဝါးပြန်တောင်ကို ကူးလာခဲ့ ပါဦးတဲ့၊ အဖွား (အဘိုး) နေမကောင်းတာ တဆိတ်လောက် လာကြည့် ပေးစမ်းပါတဲ့"

"အေးပါကွာ ... လာကြည့်ပေးပါ့မယ်"

"ဟေ့ကောင် ... ဒါကဘာလဲ၊ ခုသွားတော့မလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ"

"ဟာ ... ဒီကောင် ချက်ချင်းပဲလားဟ၊ အစောကြီးရှိသေးတယ်"

တင်ဦး လက်မှာနာရီကို မြှောက်ကြည့်၏။

"မစောပါဘူး လူရဲ။ လူနာကြည့်ရမယ်ဆိုတော့ စောစောစီးစီး ချက်ချင်ပဲ ကောင်းပါတယ်"

"ခွေးကောင် ... လူနာကိုလွှဲချမနေစမ်းပါနဲ့၊ သွားချင်လှပြီ ဆိုစမ်းပါ။ ဒါနဲ့ နေစမ်းပါဦး ... ဒီညကော မင်းပြန်လာဦးမှာလား"

"ဒါတော့ ငါမသိဘူး၊ သူတို့သဘောပဲလေ၊ ဟိုမှာအိပ်ပါဆိုလည်း အိပ်ရမှာပေါ့၊ လူနာအခြေအနေအရပေါ့"

"မင်း ဆေးအိပ်ကော"

"မနေ့ကပဲ အထမ်းသမားတွေနဲ့ ထည့်ပေးလိုက်တယ်လေကွာ"

"အေး ... ငါ ဒီမှာ နောက်ထပ်နှစ်ရက်ပဲ နေနိုင်မှာနော်၊ ဝမ်းရေးက ရှိသေးတယ်ကွ"

"အေးပါ ... မင်းပြန်ရင် ငါလည်း မနေခဲ့ပါဘူး၊ ပြန်လိုက်မှာပါ။ သံပရာက မင်းအိမ်ကို ဝင်ဦးမှာပဲဟာ"

ဝါးပြန်တောင်သို့သွားသော လမ်းပေါ်၌ တင်ဦးသည်





လူကြီးနှင့် ပါသွားသည်။ ဦးလှမြင့်သည် မျက်စိတဆုံး လိုက်ကြည့်နေ၏။

"ဒါထက် ဦးခင်ဇော်ရဲ့ကားကို ဘယ့်နှယ်များ ဆရာက မောင်းဖြစ်သွားရတာလဲ"

"ကျွန်တော် ကျောင်းဆရာအလုပ်ထွက်ပြီး သံပရာက အိမ်မှာ သုံးလလောက် သောင်တင်နေတယ်လေ၊ အန်ကယ် ဦးခင်ဇော် ရောက်လာပြီး သူ့ဟိုင်းလပ်ကား ကျွန်တော့်ကို မောင်းဖို့ အပ်တာပါပဲ၊ ဒီလိုနဲ့ ကျွန်တော်လည်း အလွယ်တကူ လက်ခံ လိုက်တယ်"

"သြော် ... သြော်"

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com



"နင် ဘယ်ကပေါ်လာတာလဲဟင် မိန္ဒယ်"

"နင့်နောက်လိုက်လာတာပေါ့ ခင်ထားရဲ့"

"ဘယ်လို . . . ဘယ်လို"

"ခြော် . . . နင့်နောက်လိုက်လာတာပါဆို။ ဘာလဲ မယုံဘူးပေါ့ ဟုတ်လား။ တကယ်ပြောတာပါကွာ၊ ငါ အခု ဂန့်ဂေါကလာတာ"

❑❑❑

## အခန်း (၁၂)

မြင်းလှည်းတစ်စီး ခြူသံတချင်ချင်ဖြင့် ခြံထဲထိအောင် မောင်းဝင်လာ၏။ မြင်းလှည်းပေါ်တွင် နောက်ခိုင်း၍ထိုင်နေသော အသားလတ်လတ် အမျိုးသမီးတစ်ယောက်နှင့် မြင်းလှည်းမောင်းသူသာ ပါသည်။

ကြည့်နေခိုက်မှာပင် အသားလတ်လတ် အမျိုးသမီးက သူမမျက်နှာကို ခင်ထားမြင့်ဘက် လှည့်လိုက်သည်။

"ဟာ . . . မိခင်လေးနွယ်"

"ဟော့ . . . ခင်ထား"

နှစ်ဦးသား ပြုံင်တူအော်မိပြီး ခင်ထားမြင့်က မြင်းလှည်းဆီ ပြေးသွားသလို ခင်လေးနွယ်ကလည်း အောက်သို့ခုန်ဆင်း၍ ခင်ထားမြင့်ထံ ပြေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

အပြင်တွင် မှောင်စပြုနေပေပြီ။

သို့တိုင်အောင် သူငယ်ချင်းနှစ်ဦးမှာ တစ်ယောက်တစ်ပြန် ပြောဖြစ်၍မဝနိုင် ရှိနေကြ၏။ ပြုံးစရာ၊ ရယ်စရာ၊ လွမ်းစရာ၊ တမ်းတစရာများ။

ညကိုးနာရီလောက်တွင် လူရဲတို့ ဝါးပြန်တောင်မှ ပြန်ရောက်လာကြသည်။ ဦးခင်ဖော်၏ဇနီး နော်အယ်လာ၊ နော်လေးတာဆူ၊ နော်လေးဂေးတို့မှာ ဝါးပြန်တောင်တွင် နေရစ်ခဲ့ကြ၏။

လူရဲ ကားပေါ်မှဆင်းပြီးသည်နှင့် ဦးခင်ဖော်က –

"ကဲ ဒေါက်တာရေ ... အန်ကယ်လည်း အိမ်သားတွေ ရွာမှာနေရစ်ခဲ့လို့ တစ်ယောက်တည်း အိမ်ပြန်အိပ်ရမှာ ပျင်းလွန်းသကွ၊ အန်ကယ်နဲ့ အဖော်လိုက်ပြီး အိပ်ပေးပါဦး"





"ငါ့ကိုတော့ အားနာမနေပါနဲ့ကွာ၊ အန်ကယ်ဦးခင်ဖော်နဲ့သာ လိုက်သွားပါ"

"အေးကွာ ... လူရဲ၊ ဒါဖြင့်လည်း ငါလိုက်သွားလိုက်မယ်၊ မနက်တော့ ခင်ထားကို ငါ ဆက်ဆက်လာကြည့်ပါ့မယ်"

နောက်ဆုံးတွင် တင်ဦးမှာ ယောင်နနကြောင်အမ်းအမ်း နိုင်လှစွာဖြင့် ဦးခင်ဖော်နှင့် ပါသွားလေတော့၏။

"ဟေ့လူရဲ ... မင်း ထားရဲ့သူငယ်ချင်းတစ်ယောက် ရောက်နေတယ်၊ ဘာတဲ့ ... ဩော် ... မိခင်လေးနွယ်တဲ့"

"ဟာ ... ခင်လေးနွယ်လား။ ကျွန်တော်တို့ကျောင်းနေဖက် သူငယ်ချင်းပဲ၊ ကျွန်တော် သွားစကားပြောလိုက်ဦးမယ်"

လူရဲ လှေကားရင်းသို့ရောက်သောအခါ အောက်ဆင်းရန် ဟန်ပြင်နေသော ခင်ထားမြင့်နှင့် ခင်လေးနွယ်တို့အား လှေကားထိပ်တွင် တွေ့ရ၏။

"ဟော ကိုလူရဲ ... ကျွန်မတို့ အခုပဲ ကိုလူရဲဆီ လာမလို့"

"မခင်လေးနွယ်ပါလားဗျ။ ဘယ်ကပေါ်လာတာလဲ။ နှမ ခင်ဗျားဗိုလ်ကြီးနဲ့ ကလေးတွေကော နေကောင်းကြရဲ့လား"

"ကောင်းပါ့ရှင် ကောင်းပါ့။ ရှင်လည်း ခုထို လူပျိုကြီးပဲ ဆို ကိုလူရဲ"

"ဒါပဲ ... အေးပါတယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... လာရှင်၊ ကျွန်မတို့ အောက်မဆင်းတော့ဘူး ကိုလှူရဲ့ပဲ အပေါ်ထပ် တက်ခဲ့ပါတော့။ အေးအေးလူလူ ဝရန်တာမှာ စကားပြောကြတာပေါ့"

အားလုံး ဝရန်တာတွင် နေသားတကျ ထိုင်မိကြသောအခါ

"မခင်လေးနွယ်တို့ အခု ဘယ်ရောက်နေသလဲဗျ"

"မြစ်ကြီးနား (၃၇) ကနေ အခု ဂန့်ဂေါ (၅၀) ကို ရောက်လာပြီ ကိုလှူရဲ့"

"ကျွန်မတို့ ဂန့်ဂေါရောက်တဲ့နေ့မှာပဲ ခင်ထားက မော်လမြိုင်ကို ပြန်သွားတယ်ဆိုတော့ ကျွန်မ ပြောင်းလာမှန်း သူ မသိဘူးလေ၊ တကယ့်ကို တော့လွဲကလေးရယ်၊ ဒါကြောင့် ကိုလှူရဲ့ကို မပြောတာ ဖြစ်မှာပေါ့"

"သြော် ... ဟုတ်လား"

"ဒါထက် ကိုလှူရဲ့ ကျောင်းဆရာအလုပ်ကထွက်ပြီး ကားမောင်းစားနေတယ်ဆို၊ ကျွန်မဖြင့် စောစောက ခင်ထား ပြောတုန်းက ယုံတောင်မယုံချင်ဘူး"

"မယုံမရှိနဲ့ မခင်လေးနွယ်ရေ တကယ်ပါပဲ ... ကျွန်တော့်အနေနဲ့ကတော့ ကျောင်းဆရာအလုပ်ပဲ ဝါသနာပါပါတယ်ဗျာ"

"ဒါဖြင့် ... ဘာလို့ အလုပ်ထွက်လိုက်ရတာလဲ ကိုလှူရဲ့ရယ်"





"သြော် ... အဟဲ တစ်ခါတလေတော့လည်း ဝါသနာပါတဲ့အလုပ်ပေမယ့် အနှောင့်အယှက်ကလေးတွေ တွေ့တဲ့အခါ သည်းမခံနိုင်အောင် ဖြစ်တတ်တာမျိုးကို မခင်လေးနွယ်ရဲ့"

"ကျွန်မတို့ သူငယ်ချင်းတစ်သိုက်လည်း ဆယ်တန်းဖြေပြီးကတည်းက တကွဲတပြားဆိုသလို ဖြစ်သွားလိုက်တာနော်"

ထို့နောက် အတန်ကြာအောင် ရှေးဟောင်းနှောင်းဖြစ်များ ပြောနေဖြစ်ကြ၏။

ညဆယ့်တစ်နာရီထိုး၍ နှုတ်ဆက်ပြီး လှူရဲ့ အောက်ထပ်ဆင်းသွားတော့မှ ခင်ထားမြင့်နှင့်ခင်လေးနွယ်တို့ အိပ်ရာဝင်ကြ၏။

ခင်လေးနွယ်မှာ ခရီးပန်းလာ၍ ချက်ချင်းအိပ်ပျော်သွားသော်လည်း ခင်ထားမှာမူ ရုတ်တရက် အိပ်မရပေ။

စိတ်ဆောင်တိုင်း အလုပ်ကို အလောတကြီးလုပ်သည့်ဒဏ်က တဖြည်းဖြည်းဖိလာ၏။

ဝရန်တာတွင် စကားပြောနေကြစဉ်ကတည်းက လက်မောင်း၊ လက်ချောင်းများနှင့် ခြေထောက်များ တစ်စတစ်စ ကိုက်ခဲကာ ကျောတွေ၊ ရင်တွေ နှစ်ဖက်ညှပ်အောင့်၍ နာနေလေသည်။

"အလကား အသုံးမကျတဲ့လက်တွေ၊ အသုံးမကျတဲ့ လက်တွေ"

ခင်ထားသည် ရုတ်တရက်ရူးသွပ်သွားသူလို မျက်ရည်စ



www.burmeseclassic.com

www.burmeseclassic.com



များဖြင့် ခုတင်ထက်မှ ဝုန်းခနဲ ခုန်ဆင်းလိုက်ပြီး လေထဲသို့ လက်များကို ဝှေ့ရမ်းပစ်ပြီး ဒေါသတကြီးဖြင့် –

"ကဲ ... အသုံးမကျဦး အသုံးမကျဦး"

'ဝုန်း ခွပ် ဂလွမ်း လွမ်း"

ခုတင်ဘေးရှိ စားပွဲပေါ်မှ နို့သောက်ပြီးတင်ထားသော ဖန်ခွက်ပေါ်သို့ လက်ယာလက်ကို မြှောက်ကာ တအားရိုက်ချပစ်လိုက်တော့၏။

ခင်ထား ခုတင်ပေါ်မှ ခုန်ချကတည်းက လန့်နိုးလာသော ခင်လေးနွယ်သည် ဖန်ခွက်ပေါ်သို့ ခင်ထား လက်တအား ရိုက်ချလိုက်သံ၊ ကွဲသံ၊ ရှသံများကြောင့် ခြင်ထောင်ထဲမှ ဗိုသီဖတ်သီဖြင့် ထွက်အလာတွင် ခင်ထားမြင့်မှာ သွေးရဲနေသော လက်ယာဘက်လက်ကို ဘယ်လက်ဖြင့် ဆုပ်ကိုင်ရင်း ကြမ်းပြင်ပေါ်သို့ ထိုးလဲနေလေပြီ။

"အမယ်လေး ... ခင်ထား ခင်ထား"

ခင်လေးနွယ်မှာ ထိတ်လန့်တကြားနှင့် တအားကျုံးအော်၍ ခင်ထားမြင့်အနား ရောက်သွား၏။

ခင်ထားလက်မှ စီးထွက်နေသော သွေးများက ခင်လေးနွယ်အင်္ကျီသို့ လာ၍စွန်း၏။

ထိုစဉ် လှေကားမှ ပြေးတက်လာသော ခြေသံနှင့်အတူ





အခန်းတံခါးကိုထု၍ –

"မခင်လေးနွယ် ... မခင်လေးနွယ် တံခါးဖွင့်စမ်းပါ၊ အထဲမှာ ဘာဖြစ်နေတာလဲဟင်"

"အမယ်လေး ကိုလူရဲ့လား။ မြန်မြန်လာပါ ... မြန်မြန်။ ခင်ထား ... ခင်ထား သွေးတွေနဲ့လဲနေလို့"

ခင်လေးနွယ်က တံခါးကို ပြေးဖွင့်လိုက်သည်။

"ခင်ထား ... ခင်ထား။ ဟာ ... သွေးတွေကလည်း မနည်းထွက်နေပါလား။ ဒုက္ခပဲ ... မခင်လေးနွယ် ကြည့်စမ်း။ ဒီနေရာက သွေးကြောတွေများ ပြတ်ကုန်ပြီလား မသိဘူး၊ ဆေးရုံသွားမှဖြစ်မယ် ခင်လေးနွယ်၊ ခင်ဗျား ကားမောင်းတတ်သလား"

"မောင်းတတ်တယ် ကိုလူရဲ"

"ဒါဖြင့် ... လာ"

လူရဲသည် ခင်ထား၏လက်ကောက်ဝတ်ကို အသင့်တွေ့ရသော ခေါင်းစည်းပဝါဖြင့် တင်းကျပ်စွာ စည်းနှောင်လိုက်ပြီး ကိုယ်လေးကို ပွေ့ချီ၍ ခြေလှမ်းကျဲကြီးဖြင့် ဆင်းသွားရာ ခင်လေးနွယ်မှာ ဆွယ်တာတစ်ထည်ကို ကပျာကယာခြုံပြီး နောက်မှ အပြေးအလွှား လိုက်ခဲ့တော့၏။

သွားရင်းလာရင်းနှင့် အော်နိုးခဲ့သဖြင့် ဦးကျော်စိုးနှင့် ဒေါ်ဆလေးဖော့တို့ နိုးကျန်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဟိုင်းလပ်ကားကို ခင်လေးနွယ်ကမောင်းပြီး နံဘေးတွင် ခင်ထားမြင့်အားပွေ့၍ လှူရဲ လိုက်လာ၏။

''သူ့မှာ နှလုံးရောဂါလည်း ရှိနေတယ်လို့ တင်ဦးက ပြော တယ်၊ ကျွန် ... ကျွန်တော်လေ သူ့ကို ဒီလိုမြင်ရတာ ရင်ထဲမှာ ဘယ်လိုထိခိုက်မှန်းမသိဘူး။ တစ်မျိုးကြီးပါပဲဗျာ၊ ဘယ်လိုမှန်း မသိပါ ဘူး''

မြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ရောက်သောအခါ တာဝန်ကျ ဆရာအဖြစ် ကံအားလျော်စွာ ဆေးရုံအုပ်ကြီး ဒေါက်တာရန်နိုင်စိုးနှင့် ဆုံသဖြင့် ခင်ထားအား အပ်လိုက်ရ၏။

❑ ❑ ❑

## အခန်း (၁၄)

ဆောင်းအစမှာပင် သံပရာကျေးရွာသည် မြေပြန့် ဆောင်းဦး ရက်များထက် ပို၍အေးနေသည်။

အိမ်ထဲတွင်မူ မီးလင်းဖိုမှ မီးရှိန်ကြောင့်လည်းကောင်း၊ လုံခြုံ သောသစ်လုံးနံရံများကြောင့်လည်းကောင်း နွေးလျက်ရှိပေ၏။

. ခင်ထားမှာ အိပ်ရာထဲတွင် အနည်းဆုံး နှစ်လခန့် နားရ ပါလိမ့်မည်။

အေးချမ်း ဆိတ်ငြိမ်သောနေရာမှာ အနားယူရမည်ဟူသော ဆေးရုံအုပ်ကြီး ဒေါက်တာရန်နိုင်စိုး၏ညွှန်ကြားချက်များကြောင့် သံပရာရွာသို့ ရောက်လာရသည်မှာ နှစ်လပင် ပြည့်ပေတော့မည်။

ဆေးရုံတွင်နှစ်ပတ်ကြာခဲ့စဉ်ကလည်း သူသည် ခင်ထားအား တစ်နေ့နှစ်ကြိမ် လာလာကြည့်၏။ လိုအပ်သရွေ့ အကူအညီပေးခဲ့၏။

ခု နှစ် ဝဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း ဖော့မူ၊ ကြင်စိန်နှင့် သူတို့အမိုး (မိခင်)ကို ခင်ထားအားပြုစုရန် ထည့်ပေးလိုက်၏။

ခင်ထားသည် အိပ်ရာထဲတွင် လှဲလျောင်းရင်း လူရဲကို စဉ်းစားနေမိ၏။ သည်လောက် ကျေးဇူးတွေများနေတော့လည်း ဘယ်ပုံပြန်၍ဆပ်ရမည်ကိုပင် မသိတော့။

ယူလာသော ခွင့်ဆယ်ရက်စေ့ကတည်းက ခင်လေးနွယ်ကလည်း ဂန့်ဂေါပြန်သွားခဲ့ပြီဖြစ်၏။

တင်ဦးလည်း ခင်ထားဆေးရုံမှဆင်းမီပင် ခွင့်စေ့၍ ပြန်သွား၏။ သူတို့အားလုံး ခင်ထားအား ဂရုတစိုက်ရှိခဲ့ကြသည်မို့ တွေးလိုက်တိုင်း ဝမ်းသာဝမ်းနည်း မျက်ရည်ဝဲခဲ့ရ၏။

ထို့နောက် အတွေးစကိုဖြတ်၍ ခင်ထား ပြန်အိပ်ပျော်သွား၏။ ဟိုင်းလပ်ကားသည် အစွန်ဆုံးရှိ ခြံတစ်ခြံထဲမှ သစ်လုံးအိမ်တစ်လုံးရှေ့တွင် ရပ်လိုက်၏။

ချောကလက်ရင့်ရောင် ဘောင်းဘီရှည်၊ လိမ္မော်ဖျော့ရောင် နိုင်လွန်ဆွယ်တာနှင့် လူရဲသည် ကားပေါ်မှခုန်ဆင်းကာ နောက်ခန်းသို့ ပြေးသွားပြီး ခြင်းနှစ်ခုကို ဆွဲချယူလိုက်၏။ ပြီးမှ အိမ်တံခါးကို ခေါက်လိုက်၏။ အိမ်ထဲမှ တရှပ်ရှပ်ခြေသံကြားရပြီး တံခါးပွင့်လာသည်။

"ဒေါ်ဒေါ် . . . ခင်ထား နိုးပြီလား"

"မနိုးသေးဘူး လူရဲ ခြော် . . . နော်လေးဖောလည်း ပါလာ





တာကိုး၊ လာ လာ . . . အထဲမှာ မီးလှုံရင်း ရေနွေးကြမ်းသောက်ရအောင်။ အစောကြီးလာရတာ သိပ်ချမ်းနေမှာပဲ"

မီးလင်းဖိုရှေ့တွင်ထိုင်၍ ရေနွေးကြမ်းသောက်နေကြစဉ် ဖော့မူ၏မိခင်အား ခင်ထားက လှမ်းခေါ်လိုက်၏။

"ဒေါ်ဒေါ် ကားသံကြားလိုက်သလိုပဲ၊ လူရဲလာသလားဟင်"

"ဟုတ်တယ် တူမ"

ခင်ထားမြင့် မျက်နှာသစ်ပြီး၍ မျက်နှာသုတ်နေခိုက် အခန်းထဲသို့ လူရဲနှင့် နော်လေးဖောတို့ ဝင်လာကြ၏။ လင်ပန်းတစ်ခုကို လူရဲက သယ်လာ၏။

"နေကောင်းတယ်နော် တူမ"

"ကောင်းပါတယ် ဒေါ်လေး"

ခင်ထားမြင့်သည် မျက်နှာသုတ်ပဝါငယ်ကို ဆုပ်ခြေရင်း လူရဲ၏လှုပ်ရှားမှုများကိုငေး၍ ကြည့်နေမိသည်။ လူရဲကလည်း ခင်ထားအား ငေးကြည့်နေမိ၏။

ငယ်စဉ်ကလို နုသစ်ပျိုမျစ်သော အလှမဟုတ်ပေမယ့် ခင်ထား၏မျက်နှာပြင်တွင် အရွယ်ကိုလိုက်၍ တည်ငြိမ်သောအလှကို မြင်တွေ့နေရ၏။

"အအိပ်၊ အစား၊ အနား လုံလုံလောက်လောက်ရရင် နဂိုအတိုင်း ပြန်လှလာမှာပါ၊ ငါ လောင်းရဲတယ်"



www.burmeseclassic.com

www.burmeseclassic.com



တင်ဦးပြောခဲ့သည်မှာ မှန်လေစွဟု လူရဲ ကျိတ်၍ ထောက်ခံနေမိ၏။

"လူရဲ . . . ဒီနေ့ ကားမထွက်ဘူးလား"

"ကိုယ် ကား တစ်ပတ်နားမယ်လေ"

"အုံနာက ခွင့်ပြုလား"

"ဦးခင်ဇော်ကလား၊ အေးပေါ့ . . . သူလည်း ဒီမနက်ဘဲ သူ့သမီးတွေနဲ့ အန်တီနော်အယ်လာကောခေါ်ပြီး ရန်ကုန်ဆင်း သွားကြတယ်လေ၊ ဒါနဲ့ ကိုယ်လည်း တစ်ပတ်နားပါရစေဆိုပြီး ခွင့်ယူလိုက်တယ်၊ ခုနစ်ခွေရွာသွားပြီး ဟန်တိုးနဲ့ အမဲပစ်ထွက်မလို့"

ခေတ္တမျှ စကားပြတ်သွားပြီးမှ လူရဲက ဆက်၍မေး သည်။

"ခင်ထား . . . ဒီရွာမှာ နားနေရတာ သဘောကျရဲ့လား ဒေါက်တာရန်နိုင်စိုးကို မနေ့ကပဲ ကိုယ်သွားတွေ့တယ်၊ ခင်ထား လမ်းလျှောက်နိုင်ပြီတဲ့"

မိမိအားကုသသောဆရာဝန်က လမ်းလျှောက်ခွင့်ပေးပြီ ဆိုတေသာအခါ ခင်ထားမြင့် မျက်နှာဝင်းကြည်၍သွားတော့၏။

ချက်ချင်းပင် ထ၍ အပြင်တွင် လျှောက်လိုက်စမ်းချင်၏။

"ကိုယ့်သူငယ်ချင်းတစ်ယောက်ကတော့ အိပ်ရာထဲကနေပြီး ငယ်ငယ်တုန်းကအလုပ်တွေကို ဘယ်လိုအတတ်မျိုးနဲ့များ ပြန်ပြီး ခေါ်ယူလိုက်ပါလိမ့်"

ခု နှစ် စဉ် ကြယ် တာ ပေ



လူရဲက လက်မှစီးကရက်တိုကို မီးလင်းဖိုထဲတောက်ရ ပစ်ထည့်လိုက်ရင်း ပြုံးပြီး မေးသည်။

"အနားကောင်းကောင်းရလိုက်တာကိုး လူရဲရဲ့၊ မင်း ကျေးဇူးတွေပေါ့၊ မင်းကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူးကွာ"

"တော်တော့ခင်ထား။ ကျေးဇူးဆိုတဲ့အသုံးကို နောင်ကို ဘယ်တော့မှမသုံးနဲ့၊ မင်းအပေါ် ကိုယ့်စေတနာဟာ ဘယ်တော့မှ မပြောင်းလဲ မပျက်စီးဘူးဆိုတာ အခွင့်အခါသင့်လို့ သက်သေပြခွင့် ကြုံရတာကိုပဲ ကိုယ်က ကျေနပ်ဝမ်းသာနေတဲ့ ကောင်ပါကွာ၊ လာ . . . ခင်ထား ထိုင်၊ နွေးသွားအောင် မီးလှုံရင်း နှင်းအကွဲကို စောင့်ရ အောင်"

လူရဲ သစ်လုံးအိမ်သည် အတန်ကျယ်ဝန်းသော ကုန်းမြင့် ကလေးတွင် သပ်သပ်ရပ်ရပ် ဆောက်ထားသော တစ်ထပ်အိမ်ကလေး ဖြစ်သည်။

သည်ဒေသတွင် တွေ့ရခဲသော အိမ်ပုံစံပင်ဖြစ်၏။ အနီ ရောင်အုတ်ကြွပ်မိုးကာ သစ်လုံးများဖြင့် ကာရံထားသည်။

ဧည့်ခန်း၊ အိပ်ခန်း၊ ထမင်းစားခန်း၊ မီးဖိုခန်း စသည်ဖြင့် ဝေဝေဆာဆာ ခွဲခွဲခြားခြား ကျယ်ကျယ်ဝန်းဝန်း ရှိလေသည်။

ဧည့်ခန်းတွင် မီးလင်းဖိုကို အုတ်အင်္ဂတေတို့နှင့် အကျအန တည်ဆောက်ထားသည်။

ခု နှစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ပြတင်းများမှာ မှန်ဖြစ်၍ အတွင်းပိုင်းမှ သံဇကာများ တပ်ဆင်ထား၏။ ကြမ်းပြင်သည် အောက်ခံအင်္ဂတေပေါ်မှ ထပ်၍ ဖျဉ်းကတိုးလျှာထိုးများဖြင့် ခင်းထားသော ကြမ်းပြင်မျိုး ဖြစ်ပါ၏။

ဝင်းထရံများပင် သစ်လုံးများ စိပ်နေအောင်ကာရံထားသော အခိုင်အခံ့ ဝင်းထရံမျိုးဖြစ်သည်။

"အတွင်းရောအပြင်ရော ကရင်လူမျိုးတွေ ဆောက်လေ့ရှိတဲ့ အိမ်ပုံစံမျိုး မဟုတ်ဘူးနော်"

"ကိုယ့်အဖေဟာ မြန်မာလူမျိုး .အညာသားစစ်စစ် တစ်ယောက်ပဲ ခင်ထား"

"ဟင် ... ဟုတ်လား၊ ဒါနဲ့များ လူရဲအမိုးနဲ့အဖေဟာ စကောကရင်စစ်စစ်တွေဆို၊ သူပဲ ကျောင်းတုန်းကပြောခဲ့တာ၊ ခင်ထား မှတ်မိပါတယ်"

"ဟုတ်တယ် ခင်ထား။ ကိုယ်လည်း အဲဒီလိုပဲထင်ခဲ့မိတယ်၊ ဒါပေမဲ့ ... ကိုယ့်အဖေဟာ အညာသား၊ မြန်မာအမျိုးသား ဗုဒ္ဓဘာသာဝင်စစ်စစ်တစ်ယောက်ဖြစ်တယ်ဆိုတာ ကိုယ့်အမေတောင် သေသွားသည်အထိ သိမသွားရှာဘူး၊ ကရင်အမျိုးသားကြီး စောထီးကော်အဖြစ်ပဲ သိသွားခဲ့ရှာတယ်"

"ဟင် ... လူရဲကော ဘယ်လိုသိတာလဲ"

"နော်လေးဖောနဲ့ ဦးလေးဦးကျော်စိုးတို့ ပြောပြတာပေါ့၊





ဒါလည်း ကိုယ့်အမေဆုံးပြီး နှစ်တော်တော်ကြာမှ သူတို့ ပြောပြတာပါ"

"ဆက်ပြောစမ်းပါ လူရဲရယ်၊ ခင်ထား စိတ်ဝင်စားလို့ပါ"

"ကိုယ်က စကားမပြောတတ်တော့ အမှားတွေပါမှာစိုးမိတယ်၊ ပြီးတော့ ပြောမိရင်လည်း ရင်ထဲမှာ ထိန်ချန်မထားတတ်ဘူး မဟုတ်လား။ ဒီတော့ အမှားပါရင် ခင်ထား စိတ်မဆိုးဖို့ ကြိုတင်တောင်းပန်ချင်တယ်ကွာ"

"အို ... ဘာတွေမို့ ကိုယ်က စိတ်ဆိုးရမှာလဲ လူရဲရယ်"

"နောက်ကြောင်းအချို့ပြောချင်လို့ပါကွယ်၊ တို့သူငယ်ချင်းနှစ်ယောက်လည်း ကွဲသွားလိုက်ကြတာ ခုမှပဲ ပြန်ဆုံကြတာ မဟုတ်လား၊ ဒါကြောင့် မင်းမသိသေးတဲ့အကြောင်းလေးတွေ မင်းကို ပြောပြချင်မိတယ်"

"ကိုယ်ချစ်တဲ့မိန်းကလေးကို လက်ထပ်ပါရစေလို့ ခွင့်ပန်တုန်းက ကိုယ့်အဖေဟာ မြန်မာဗုဒ္ဓဘာသာစစ်စစ်၊ အမေက စကောကရင် ခရစ်ယာန်တစ်ယောက်ဆိုတာကို သိခဲ့ပြီးသားပါ၊ ဒါကြောင့် ကိုယ့်ဘဝ ကိုယ့်အလှည့်မှာလည်း ကိုယ်ဟာ ခရစ်ယာန်အမျိုးသားတစ်ယောက်ဖြစ်ပေမယ့် ချစ်ရတဲ့ဗုဒ္ဓဘာသာဝင် မွန်မြန်မာလေးကို လက်ထပ်ဖို့ ဖြစ်နိုင်လိမ့်မယ်လို့ ထင်မြင်ယူဆခဲ့တယ်၊ ဘကယ့်လက်တွေ့မှာတော့ ကိုယ့်အတွေးနဲ့ကိုယ်ချစ်ရသူရဲ့အတွေးဟာ ဆန့်ကျင်ဖီလာပဲ၊ သူဟာ သိပ်ကိုစဉ်းစားတွေးခေါ်တတ်တဲ့ မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတယ်၊ ကိုယ်နဲ့သူဟာ ကိုးကွယ်ရာ ဘာသာမတူတဲ့အတွက် သူက ငြင်းလိုက်တယ်လေ၊ ကိုယ့်ရင်ကွဲခဲ့ရပါတယ် ခင်ထားရယ်''

''အို''

''ကိုယ့်ကို ငြင်းရတဲ့နောက်တစ်ချက်ကလည်း ကိုယ်ဟာ သိပ်ကိုချောပြီး မိန်းကလေးတွေက ဝိုင်းပြီး စိတ်ဝင်စားနေတဲ့ လူတစ်ယောက်မို့လို့ပါတဲ့''

''အို ... ဒါ ဒါတွေ ... မင်း မင်း ဘယ်လို''

''ဟုတ်ပါတယ်ခင်ထား၊ တစ်ဆိတ်လောက် သည်းခံပါ ကိုယ် အခုနပြောနေတဲ့စကားတွေအားလုံးဟာ ဟိုးလွန်ခဲ့တဲ့ ဆယ့် သုံးနှစ်ကျော်က မပြောဖြစ်လိုက်တဲ့ ပြောခွင့်မကြုံလိုက်နိုင်တဲ့ စကား တွေပါ''

''လူရဲရယ် ... ခင်ထားပြောပါရစေ၊ လူရဲ အခုပြောနေတဲ့ စကားတွေဟာ အားလုံး မမှန်ပါဘူးလို့''

''ဘာဆိုချင်တာလဲ ခင်ထား''

''တကယ်တမ်းမှာတော့ ကချင်ဖြစ်ဖြစ်၊ ရှမ်းဖြစ်ဖြစ် ကရင်ပဲဖြစ်ဖြစ် အားလုံးဟာ တစ်ပြည်ထောင်တည်းမှာနေတဲ့ ပြည်ထောင်စုသား ညီအစ်ကိုမောင်နှမတွေပါ။ ကိုယ်ကတော့ ကိုယ့်ဘာသာကို အလေးထားတယ်၊ လေးစားတယ်၊ ကိုယ်ယုံကြည် မြတ်နိုးကိုးကွယ်နေတဲ့ ဗုဒ္ဓဘာသာကို ဘာကြောင့်ဖြစ်ဖြစ် မစွန့်နိုင်သလို





တခြားသူတွေကိုလည်း သူတို့ကိုးကွယ်တဲ့ဘာသာကို စွန့်ပါလို့ ကိုယ်မပြောချင်ဘူး၊ ကိုယ့်ကိုချစ်ရင် ကိုယ့်ဘာသာထဲဝင်ပါလို့ ဘာသာ ကို မစွန့်နိုင်ဘူး၊ မဆွဲခေါ်ဘူး၊ ဒါကြောင့် မင်းကို ကိုယ်ငြင်းခဲ့တာပဲ၊ ရှင်းသလား လူရဲ''

လူရဲမှာ ငေးရှိုနားထောင်နေပြီးမှ ဟက်ခနဲ တစ်ချက်ရယ်ကာ

''ရှင်းပါပြီ ခင်ထား။ ဟိုတုန်းကတည်းက မင်း ကိုယ့်ကို ငြင်းလိုက်တော့ ဘာသာတူအောင် လုပ်ပါ့မယ်၊ မင်းဘာသာထဲ ကိုယ်ဝင်ပါ့မယ်လို့ ကိုယ် လုံးဝမပြောခဲ့ဘူးနော်၊ ကိုယ့်ကို နားလည်ပါ တယ်နော်၊ အခု ကိုယ့်ရင်ထဲမှာ ရှင်းသွားပါပြီ။ မင်းနဲ့ကိုယ်ဟာ ဘာသာရေးတံတိုင်းကြောင့် မပေါင်းဆုံခဲ့ကြပေမယ့် ကိုယ့်ရင်ထဲမှာ မင်းအပေါ် စေတနာရော၊ မေတ္တာပါ မပြောင်းလဲဘူး၊ နိုင်မြဲလျက်ပါ။ ဒီလိုပြောလို့ အထင်မလွဲပါနဲ့ဦး ခင်ထား၊ ကိုယ့်စေတနာ ဖြူစင်ပါတယ်၊ မင်းကို ကူညီခဲ့တဲ့ စေတနာတွေဟာ အဖြူသက်သက်ပါ။ သန့်စင်ပါ တယ်၊ အရေးကြီးတာက မင်း အဲ့ထင်မလွဲဖို့ပါပဲလေ''

''မင်းစေတနာကို ကိုယ်ယုံပါတယ် လူရဲ''

''ဝမ်းသာလိုက်တာ ခင်ထား။ တကယ်ပါပဲ၊ မင်း ကိုယ့်ကို နားလည်ရင်လေ စေတနာထားရကျိုးနပ်ပါပြီ''

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

လူရဲကြည့်နေစဉ်မှာပင် ရှေ့တူရူ အောက်ကားလမ်းပေါ် သို့ အဖြူရောင် ကိုယိုလာကားကလေးတစ်စီး တက်လာလျက် ရှိ၏။

ကားလမ်းနှင့်ကုန်းမြင့်မှာ သိပ်ပြီးကွာလှမ်းလှသည် မဟုတ်၍ ကားထဲမှ မောင်းလာသူကို အထင်းသားမြင်နေရ၏။

သို့ဖြစ်၍လည်း ကားထဲမှ အနီရောင်အင်္ကျီနှင့် ယမင်း သူ့ဇာမှာ နော်လေးတာဆုမှန်း သူ တပ်အပ်သိလိုက်သည်။

နော်လေးတာဆုကလည်း ကုန်းမြင့်ပေါ်တွင် မားမားကြီး ရပ်နေသူ သူ့အား မြင်သွားလေ၏။

ချက်ချင်းပင် ကားကိုရပ်ပစ်လိုက်ပြီး ဖြူဖွေးသော လက်ကလေးကို ကားအပြင်ထုတ်ကာ သူ့အား အောက်ဆင်းခဲ့ရန် အချက်ပြလျက်ရှိ၏။





ခေါ်တော့လည်း မနေသာ။ အောက်သို့ ဆင်းခဲ့ရ၏။

"နော်လေးတာဆုပါလား။ ဘယ်တုန်းကပြန်ရောက်လာလဲ"

"မနေ့ညနေကပေါ့၊ အဲဒါ အကြောင်းထူးရလာလို့ အဖေက ယူကို အခေါ်လွှတ်လိုက်တာ၊ ဘယ့်နှယ်လဲ ဒီသံပရာရွာမှာ သိပ်ပျော်နေတာပေါ့လေ"

"ဘာအကြောင်းတွေများ ထူးလာလို့လဲ"

"ဒေါက်တာတင်ဦးကိစ္စပေါ့"

"ဟင် ... သူ ဘာဖြစ်လို့လဲ၊ မင်းတို့နဲ့တွေ့ခဲ့သလား"

"တွေ့ခဲ့ပါ့ရှင်၊ အကြောင်းထူးဆို သူ မိန်းမယူသွားပြီလေ"

"ဘာပြောတယ်"

အံ့သြရလွန်းလို့ သူ့အသံကြီးက ဟိန်းပြီးထွက်လာ၏။

ကြားရသည်ကို ဘယ်နည်းနှင့်မှ မယုံနိုင်ပေ။ နော်လေးတာဆု နောက်နေသည်ဟုပဲ ထင်လိုက်၏။

"ဒါ နောက်နေစရာမဟုတ်ဘူး နော်လေး"

"ဘာလဲ ... ဩော် ယူက မယုံဘူးပေါ့ ဟုတ်လား"

"ဟုတ်တယ် နော်လေး၊ မယုံနိုင်ဘူး၊ ဒါ ... မဖြစ်နိုင်ဘူး"

"ကဲ ... ဒါဖြင့် ကားပေါ်တက်၊ အိမ်လိုက်ခဲ့၊ အဖေနဲ့တွေ့မှ ငြင်းမယ်"

"ဒေါက်တာတင်ဦးကိစ္စ မယုံနိုင်တဲ့လူ၊ ကဲ ... သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . . အန်ကယ်ဦးခင်ဇော်နဲ့တွေ့မှ ရှင်းမှာပဲ"

ဘယ်လိုနည်းနှင့်မျှ မယုံကြည်နိုင်သောအကြောင်းများကို ကြားနေရသဖြင့် လှူရဲသည် နော်လေးတာဆုကားနှင့် ပြန်ပါသွားလေသည်။

ဆင်ဝင်တွင် ကားထိုးဆိုက်မိသည်နှင့် သူသည် ကားပေါ်မှ အလျင်စလို ဆင်းလိုက်၏။

ခမ်းနားသော ဦးခင်ဇော်၏ဧည့်ခန်းတွင် ဧည့်သည်ငါးဦးနှင့်အတူ ဦးခင်ဇော်သည် စကားပြောနေရာမှ ထလာကာ လှူရဲ၏ပခုံးအား တရင်းတနှီးဖက်လျက် ဧည့်သည်များထံ ခေါ်ဆောင်သွား၏။

ဒေါက်တာရန်နိုင်စိုးက . . .

"ကိုလှူရဲ . . . ခင်ဗျားတော့ စွံတော့မယ်ထင်တယ်ဗျ"

"ဗျာ . . . ဒေါက်တာ ဘာကိုဆိုလိုပါလိမ့်"

သည့်အထိ လှူရဲ ဘာမှ နားမလည်နိုင်သေးပေ။

ကျန်လူကြီးလေးဦးမှာ မုဒုံတွင်လာရောက်အခြေစိုက်ကာ ဦးခင်ဇော်လိုပင် ကြီးပွားချမ်းသာနေကြသော မြို့မျက်နှာဖုံးများ ထဲတွင် အပါအဝင် ကရင်အမျိုးသားများ ဖြစ်ကြသည်။

ဦးခင်ဇော်သည် သူတို့နှင့် တီးတိုးတိုင်ပင်ပြီးနောက် နေရာမှထကာ လေးနက်သောအသံဖြင့် စတင်စကားပြော၏။

"ဒီက လူကြီးမင်းများ သိပြီးဖြစ်တဲ့အတိုင်း ကျွန်တော်ဟာ





တောင်ပေါ်စကောကရင်ပါ။ ကျွန်တော်တို့နေရာ တစ်ဝိုက်မှာပေ့ါ လေ၊ ယောကျ်ားပျိုတစ်ယောက်က မိန်းမပျိုတစ်ယောက်ကို လက်ထပ်ချင်ရင် အရင်ဆုံး စေ့စပ်ကြောင်းလမ်းရပါတယ်၊ ဒီလိုကြောင်းလမ်းရာမှာ ကိုယ်တိုင်လိုက်မပါဘဲ အောင်သွယ်တစ်ယောက်နဲ့ အရန်လူပျိုတစ်ယောက်သာ လွှတ်ပြီး ကြောင်းလမ်းတဲ့ဓလေ့ ရှိပါတယ်၊ အရန်လူပျိုနဲ့ အောင်သွယ်ဆိုတာကတော့ သတို့သားလောင်းအတွက် အာမခံတွေပေ့ါဗျာ၊ အကယ်၍ အကြောင်းတစ်စုံတစ်ရာကြောင့် သတို့သားလောင်းက စေ့စပ်ပြီးသား သတို့သမီးလောင်းကို လက်ထပ်ဖို့ ပျက်ကွက်ခဲ့ရင် အရန်လူပျိုက သတို့သမီးလောင်းကို လက်ထပ်ယူရရိုးထုံးစံ ရှိပါတယ်၊ ဒါကတော့ ကျွန်တော်တို့ဒေသတစ်ဝိုက် ဇာတိဖြစ်ကြတဲ့ ပောဒီကအောင်သိန်းတို့လူသိုက် သိပြီးလက်ခံပြီး ဖြစ်ပါတယ်၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာရန်နိုင်စိုးကိုလည်း ဒီအကြောင်းတွေ စောစောက ကျွန်တော်ပြောပြခဲ့ပြီးပါပြီ။ ခု . . . လှူရဲရောက်လာမှ ထပ်ပြီးပြောရတာကတော့ ပိုမိုလေးနက်စေချင်လို့ပါပဲ၊ ဟော . . . ပြောရင်းဆိုရင်း ဦးကျော်စိုးတောင် ရောက်လာပြီ။ နောက်ကျလှပါလား ဦးကျော်စိုးရဲ့၊ လာပါ၊ ထိုင်ပါ စားရင်းသောက်ရင်း ဆွေးနွေးကြတာပေ့ါ"

ဦးကျော်စိုးသည် လူအားလုံးကို သိမ်းကျုံးကြည့်လိုက်ပြီး ဆက်တီတစ်လုံးတွင် ဝင်ထိုင်လိုက်ရင်း ဝါးဆေးတံကိုထုတ်၍ မီးညှိ



www.burmeseclassic.com

www.burmeseclassic.com



ဖွာရှိုက်နေလိုက်သည်။ သည်တွင် ဦးခင်ဇော်က –

''ကိစ္စလေးက တော်တော်ပဲ ထူးနေလို့ လူစုံခေါ်ပြီး အသိပေးရခြင်းဖြစ်ပါတယ်၊ စောစောက ကျွန်တော်ပြောသလို ကျွန်တော်တို့ ကရင်အမျိုးသားများဟာ ရိုးရာဓလေ့ထုံးစံကို အဆက်ဆက်က စောင့်စည်းထိန်းသိမ်းခဲ့လေတော့ ခုကိစ္စမှာ၊ အေးလေ . . . ခုကိစ္စဆိုလို့ လူရဲရော ဦးကျော်စိုးရော ဘာမှမသိကြသေးတော့ ဖာတ်ရည်မလည်သေးဘူး မှတ်ပါတယ်၊ ဒေါက်တာရန်နိုင်စိုးနဲ့ ဒီက လူကြီးမင်းများကိုတော့ စောစောကပဲ ကျွန်တော်ပြောပြထားနှင့်လို့ သိပြီးကုန်ကြပါပြီ၊ ထူးတယ်ဆိုတဲ့ အကြောင်းကတော့ ဝါးပြန်တောင်မှာ ရိုးရာထုံးစံအတိုင်း နော်လေးတာဆုနဲ့ လာကြောင်းလမ်းထားတဲ့ ဒေါက်တာတင်ဦးဟာ တစ်နေ့ကပဲ တခြားအမျိုးသမီးတစ်ယောက်နဲ့ လက်ထပ်သွားပြီဆိုတာပါပဲ၊ အဲဒီတော့ သူ့အစား ကျွန်တော်တို့ရဲ့ ဓလေ့ရိုးရာအတိုင်း အရန်လူပျိုလုပ်ခဲ့တဲ့ ဟောဒီက လူရဲက နော်လေးတာဆုကို လက်ထပ်ယူဖို့ ရှိတော့တယ် မဟုတ်လား လူကြီးမင်းများ ခင်ဗျာ၊ ဒီလိုပဲ လုပ်ရတော့မှာပဲ မဟုတ်လား လူရဲ''

''ခင်ဗျား . . . ဘယ်လို၊ ကျွန်တော်က တင်ဦးအစား နော်လေးတာဆုကို . . . . နော်လေးတာဆုကို''

''မှန်တယ် လူရဲ၊ ဒီအတိုင်းပဲ''

လူရဲသည် စိတ်လိုက်မာန်ပါ နေရာမှ ဝုန်းခနဲထကာ





ဦးကျော်စိုးဘက် လှည့်၍ . . .

''ဟုတ်လား ဦးလေး၊ ဦးခင်ဇော်ပြောတဲ့အတိုင်း ကျွန်တော် . . . ကျွန်တော် လုပ်ရတော့မှာလားဟင်''

ဦးကျော်စိုးသည် သက်ပြင်းရှည်ကြီးကိုချကာ လေးလံသော အသံဖြင့် –

''စကောကရင်တို့ရဲ့ ရိုးရာဓလေ့ထုံးစံအရတော့ ဒီအတိုင်းပဲ မင်းဟာမင်း ဆုံးဖြတ်ပေါ့ကွာ''

ကျန်လူကြီးတစ်ဦးထဲမှ တစ်ယောက်က စားပွဲပေါ်တွင် အသင့်ရှိနေသော ဖိတ်စာတစ်စောင်ကို လူရဲအား ပေးသဖြင့် လှမ်းယူဖတ်ကြည့်လိုက်ရာ –

ဒေါက်တာတင်ဦး

(အမ်ဘီဘီအက်–ရန်ကုန်)

နှင့်

ဒေါက်တာမြဝတ်ရည်

(အမ်ဘီဘီအက်စ်–ရန်ကုန်)

တို့၏

စင်ထရယ်ဟိုတယ်တွင် ပြုလုပ်သော မင်္ဂလာညည်ခံပွဲဖိတ်စာဖြစ်နေတော့၏။

တစ်ဖန် ဒေါက်တာရန်နိုင်စိုးက သူ့လက်တွင်ကိုင်ကာ



www.burmeseclassic.com

www.burmeseclassic.com



အပြန်ပြန်အလှန်လှန် ကြည့်နေသော ဓာတ်ပုံတစ်ပုံအား လူရဲထံ ကမ်းပေးလိုက်ပြန်၏။

ဓာတ်ပုံကိုကြည့်မိခါမှ ပိုဆိုးတော့၏။ ဓာတ်ပုံထဲတွင် ခံ့ညား သပ်ရပ်သော အနောက်တိုင်းဝတ်စုံဖြင့် တင်ဦးသည် ခေတ်ဆန်၍ ချောမောပြေပြစ်သောအမျိုးသမီးတစ်ဦးနှင့် လက်ချင်းချိတ်ကာ ပြုံးရယ်လျက် ရှိ၏။

ဦးခင်ဇော်က လူရဲအား မျက်တောင်မခတ်ဘဲ အကဲခတ် ကြည့်နေရင်းမှ . . .

"သဘောပေါက်ပြီလား လူရဲ၊ မယုံမရှိနဲ့ ဒေါက်တာတင်ဦး တကယ်လက်ထပ်သွားပါပြီ"

"တောက် . . . ဒီကောင် သစ္စာမဲ့တာပဲ"

သူ ဒေါသဖြစ်ကာ မျက်နှာနီနေသလောက် ဦးခင်ဇော် က အေးအေးလူလူ ဆေးတံဖွာရင်း တစ်စုံတစ်ရာကို အလေး အနက် တွေးနေပုံရ၏။

"ဒီဖိတ်စာနဲ့ဓာတ်ပုံ အန်ကယ့်ဆီ ဘယ်လိုရောက်လာ တာလဲ"

"ဒီလိုကွ လူရဲ၊ ဖိတ်စာကိုတော့ သူ . . . အေးလေ ဒေါက်တာတင်ဦးပဲ ပို့လိုက်တာပါ"

"တောက် . . . ခွေးမသား သိပ်စော်ကားပါလား"





"နေဦး လူရဲ . . . အန်ကယ် ဇာတ်ရည်လည်အောင်လည်း ပြောပါရစေဦး၊ ဖိတ်စာရောက်လာတော့ အန်ကယ်တို့လည်း ခံပြင်း တာနဲ့ နော်လေးနဲ့အဝါးကိုခေါ်ပြီး ရန်ကုန်လိုက်သွားကြတယ်၊ ဟိုရောက်တော့ တကယ်ဖြစ်နေတော့တာပဲ၊ အန်ကယ်တို့ ရောက်သွား တော့ သူတို့မင်္ဂလာညစာခံပွဲလုပ်ပြီး နောက်တစ်နေ့ပေါ့၊ ကဲ . . . ဒီတော့ တို့အနေနဲ့ ဘာများတတ်နိုင်ဦးမှာလဲ။ အရှက်ထပ်မကွဲခင် ပြန်လာ ခဲ့ရုံပဲပေါ့ကွာ၊ သူတို့ဓာတ်ပုံကိုတော့ သက်သေအဖြစ် မင်းကိုပြချင် တာကြောင့် ကိုယ့်နည်းကိုယ့်ဟန်နဲ့ ရအောင် ကြိုးစားခဲ့ရတယ်၊ ဒေါက်တာတင်ဦးကိုလည်း အပြစ်မတင်တော့ပါဘူးလေ၊ သူ လက်ထပ်တဲ့မိန်းကလေးဟာ ရုပ်ရည်မှာ နော်လေးတာဆုထက် မသာ ပေမယ့် ပညာကျတော့ အပြတ်အသတ်သာပေတာကိုး၊ ဒီတော့ တို့ဆက်လုပ်ဖို့ရှိတာက ရိုးရာထုံးစံအတိုင်း ဆောင်ရွက်ကြရုံပဲ"

"ခင်ဗျာ"

"ဩော် လူရဲ . . . မင်းကြည့်ရတာ နဝေတိမ်တောင်ပါလား။ အေးလေ . . . အန်ကယ် ရှင်းရှင်းပဲပြောမယ်၊ ဒေါက်တာတင်ဦးက နော်လေးတာဆုကို ကြောင်းလမ်းပြီးမှ လက်ထပ်ဖို့ ပျက်ကွက်တဲ့ အတွက် မင်းက နော်လေးတာဆုကို လက်ထပ်ယူရမယ်၊ ရှင်းပြီလား"

ချောက်ချားတုန်လှုပ်စွာ သူ မတ်တတ်ရပ်ရင်း ဦးခင်ဇော် အား အံ့သြတကြီး စေ့စေ့ကြည့်နေမိ၏။ သူ ဘာလုပ်ရမည်နည်း။



www.burmeseclassic.com

www.burmeseclassic.com



ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံ၏သြဇာဖြန့်ကျက် သက်ရောက်မှုအောက်မှ သူ ရုန်းထွက်နိုင်ဖို့ လမ်းမမြင်ပေ။

စဉ်းစားရင်း ဇောချွေးတွေ ပြန်လာတော့၏။

ဦးကျော်စိုးအား လှမ်း၍ကြည့်ကာ အကြံတောင်းလိုသည့်သဘောကိုပြမိ၏။

ဦးကျော်စိုးကမူ လူရဲနှင့်တကွ မည်သူ့အားမျှ မကြည့်၊ ဝါးဆေးတံကြီးကိုသာ မဲ၍ ဖွာနေတော့၏။

"ကျွန် . . . ကျွန်တော့်ကို အချိန်ပေးပါဦး အန်ကယ်။ ဒီကောင် ဒီလိုသစ္စာဖောက်လိမ့်မယ် မထင်လို့ သူ့အတွက် အရန်လူပျိုကျွန်တော်လုပ်ခဲ့တာပါ။ ကျွန်တော် မခံနိုင်ဘူးဗျ။ ဒီကောင်နဲ့တွေ့ပြီး ရှင်းမှဖြစ်မယ်"

"ဒီလိုမဖြစ်နိုင်ဘူး လူရဲ၊ ဒေါက်တာတင်ဦးဟာ မိန်းမတစ်ယောက်ကို တရားဝင်ယူပြီးပြီ။ မင်း ဘာတတ်နိုင်လို့လဲ။ ဘာလဲ . . . အဲဒီမိန်းမနဲ့သူ့ကို ကွာပြီး နော်လေးတာဆုနဲ့ ပြန်လက်ထပ်ပေးဦးတော့ ဒါမျိုး အန်ကယ်လက်မခံနိုင်ဘူး၊ ဒီတော့ ဒေါက်တာတင်ဦးကိစ္စ မင်း မေ့လိုက်ပါ"

"ဒါ . . . ဘယ်လိုဖြစ်နိုင်ပါ့မလဲ အန်ကယ်။ ကျွန်တော့်ဘဝတစ်ခုလုံး ပြောင်းလဲရမယ့်ကိစ္စ။ ဒီကိစ္စကို ဖန်တီးသွားတဲ့တရားခံကို ကျွန်တော် ဘယ်လိုမေ့နိုင်ပါ့မလဲ၊ အို . . . မဖြစ်နိုင်ပါဘူးခင်ဗျား





မဖြစ်နိုင်ပါဘူး"

လူရဲ ငြင်းဆန်နေသည့်အတွက် မျက်နှာနီနေသော ဦးခင်ဇော်သည် ထိုင်ရာမှ ဖြည်းညင်းစွာထကာ မတ်တတ်ရပ်လျက်ရှိသော လူရဲရှေ့တည့်တည့်တွင် လာရပ်လိုက်ပြီး လက်နှစ်ဖက်စလုံးကို လူရဲ၏ပခုံးပေါ် တင်လိုက်၏။

"လူရဲ အန်ကယ့်သမီးဟာ စေ့စပ်ထားတဲ့လူကလည်း သစ္စာဖောက်တာခံရ၊ အရန်လူပျိုကလည်း ထုံးစံဝတ္တရားအတိုင်း လက်ထပ်ယူဖို့ငြင်း။ တယ် ရှက်ဖို့ကောင်းပါပြီးလားကွာ၊

အန်ကယ်တောင်းပန်ချင်တာကတော့ ဒေါက်တာတင်ဦး သစ္စာပျက်ပေမယ့် မင်းတစ်ယောက်ကတော့ဖြင့် အန်ကယ့်မျက်နှာ၊ ဘုရားသခင်ရဲ့မျက်နှာတော်ကို ထောက်ထားပြီး ရိုးရာဓလေ့ထုံးစံကို လက်ခံပါ။ ကတိတည်ပါလို့ပဲ နောက်ဆုံး ပြောချင်ပါတယ်"

ချက်ကျလှသော ဦးခင်ဇော်၏တောင်းပန်စကားများကြောင့် လူရဲသည် ဒေါသ၊ အရှက်နှင့် မခံချင်စိတ်တို့ စုပေါင်းကာ နီရဲသော မျက်နှာဖြင့် နှုတ်ခမ်းကို ပြတ်လုမတတ်ကိုက်ရင်း အတန်ကြာအောင် လှုပ်မယှက်ရပ်နေမိ၏။

ဘာကြောင့်များ သူ ငြင်းနေမိပါသနည်း။ သူ့မှာ ချစ်သူ ရည်းစားလည်း ရှိသည်မဟုတ်၊ သို့ပေမင့် သူ ဘာကြောင့် ငြင်းနေမိသည်ကို သူကိုယ်တိုင်ပင် မသိ။



www.burmeseclassic.com

www.burmeseclassic.com



ဓောင်ချွေးတွေပြန်အောင် သူ စဉ်းစားနေသည့်ကြားမှ အမည်တစ်ခုကို ဖျတ်ခနဲ ရင်ထဲမှ ရွတ်ဆိုလိုက်မိ၏။

"ခင်ထား . . . ခင်ထားမြင့်"

ယင်းအမည်ကို စိတ်တွင်းမှ ရွတ်ဆိုရင်း ရင်ထဲဝယ် နာကျင်လာရ၏။

ပြီးမှ ယတိပြတ်ဆုံးဖြတ်လိုက်ဟန်ဖြင့် သက်ပြင်းရှည်ကြီးကို လေးလံစွာ ရှိုက်ချလိုက်မိကာ –

"ကောင်းပြီ အန်ကယ်၊ ကြိုက်သလိုသာ စီစဉ်ပါတော့"

သူ့ထံမှ သဘောတူညီချက်ရသောအခါ ဦးခင်ဇော်မျက်နှာမှာ ပြုံးရွှင်ဝင်းလက်၍ သွားရ၏။

ကိစ္စပြီးပြီဖြစ်၍ ဒေါက်တာရန်နိုင်စိုးနှင့် ကျန်လူကြီးများ နှုတ်ဆက်၍ ပြန်သွားကြ၏။

ဦးကျော်စိုးပါ မကျန်တော့။ ဧည့်ခန်းထဲတွင် ဦးခင်ဇော်နှင့် လူရဲတို့နှစ်ဦးတည်းသာ မျက်နှာချင်းဆိုင်ရပ်ရင်း ကျန်ရစ်ခဲ့၏။

"ဒီအတွက် မင်းကို ကျေးဇူးတင်ပါတယ်၊ မင်္ဂလာကိစ္စအတွက် စီမံဖို့ အန်ကယ် အပြင်သွားဦးမယ်၊ ပထမ ဝါးပြန်တောင်မှာ ရိုးရာအတိုင်း မင်္ဂလာဆောင်ရမယ်၊ နောက် . . . ဒီက ဘုရားရှိခိုးကျောင်းမှာ တစ်ခါပြန်ပြီး လက်ထပ်ပေးဦးမယ်၊ အဝါးရေ . . . အားလုံး ချောချောမောမောပဲ ပြီးသွားပြီ၊ တင်ဦး သစ္စာဖျက်ပေမယ့်





ဟောဒီ တို့သားကြီးကတော့ အားလုံးရဲ့ဂုဏ်ကို ထောက်ထားပြီး ထုံးစံအတိုင်း နော်လေးတာဆုကို လက်ထပ်ပါမယ်တဲ့ကွ"

"ဟုတ်လား၊ သားရေ . . . ကြားရတာ အန်တီ ဝမ်းသာလိုက်တာ၊ ဘုရားသခင်ထံ နော်လေးတာဆုအတွက် သစ္စာမရှိတဲ့ လူကို ဖယ်ရှားပြီးတော့ သစ္စာရှိတဲ့ ယောကျ်ားတစ်ယောက် ရွေးချယ်ပေးလိုက်တာပဲလို့ အန်တီထင်ပါတယ်ကွယ်၊ သင့်ခ်ယူ"

တောင့်တောင့်ကြီးရပ်နေမိသော လူရဲ၏လက်တစ်ဖက်ကို ဆုပ်ယူလှုပ်ရမ်း၍ နော်အယ်လာက ပြောလိုက်၏။

"ကဲ အဝါးရေ . . . မင်္ဂလာကိစ္စကို ဝါးပြန်တောင်သွားပြီး အမြန်ဆုံး စီစဉ်လိုက်ရအောင်။ တို့များ အခုပဲ ဈေးဝယ်ထွက်ကြတာပေါ့"

"ကောင်းတယ်၊ ဒါလင် . . . ကောင်းတယ်"

လင်မယားနှစ်ယောက် အတိုင်အဖောက်ညီနေသလောက် လူရဲမှာ သံပရာရွာသို့ ပြန်လိုလှပြီဖြစ်၏။

"ဒေါ်လေး သံပရာမှာ ကျန်ခဲ့တယ်အန်တီ။ ကျွန်တော် ဒီလိုက်လာတာကို သူတို့မသိဘူး၊ မနက်စာစားချိန်ထိ ကျွန်တော် မရောက်ရင် သူတို့ စိတ်ပူကုန်လိမ့်မယ်၊ ကျွန်တော် အခု သံပရာကို ပြန်မယ်၊ ညလည်း သံပရာမှာအိပ်မယ်၊ မနက်ဖြန် အန်တီတို့ ဝါးပြန်တောင်သွားတော့မှ ကျွန်တော့်ကို ဝင်ခေါ်ကြပေါ့"

www.burmeseclassic.com



သူက ရွှံ့၍ သံပြတ်ဖြင့် ပြောလိုက်သောကြောင့် နော်အယ်လာမျက်နှာ ကွက်ခနဲပျက်သွားသော်လည်း ဦးခင်ဇော်ကမူ တဟားဟား ရယ်မောလိုက်ပြီးမှ –

"သူပြောတာ ဟုတ်ပါတယ် အဝါးရဲ့၊ ကဲ ကဲ . . . အချိန်ရှိတုန်း သံပရာရွာကို ပြန်ပါစေလေ၊ ဩော် . . . နော်လေးတာဆုရေ လာပါ။ ထွက်ခဲ့ပါဦး၊ လူရဲကို သံပရာရွာထိ လိုက်ပို့ချေပါဦး"

"ကိစ္စမရှိပါဘူး အန်ကယ်။ ကျွန်တော့်ဟာကျွန်တော် ပြန်မယ်၊ နော်လေး မလိုက်နဲ့တော့"

"မဟုတ်ဘူးလေ၊ မင်းတို့လူငယ်ချင်းလည်း တိုင်ပင်ဆွေးနွေးရအောင်ပေါ့၊ ကဲ . . . သွားကြ သွားကြ"

ဆက်၍ငြင်းဆန်နေလျှင် ပို၍အရုပ်ဆိုးမည်မို့ လူရဲသည် ဘာမှမပြောတော့ဘဲ နော်လေးတာဆု ထွက်မလာခင် ကားတံခါးကို ဖွင့်ကာ နောက်ခန်းတွင် တက်ထိုင်နေလိုက်၏။

နော်လေးတာဆုက ချက်ချင်းထွက်မလာပေ။

သူ့အမေ နော်အယ်လာနှင့် တစ်စုံတစ်ခု တီးတိုးပြောဆိုနေပြီးမှ ကြော့ကြော့ကလေး ဆင်းလာသည်။

"အဟာ့ . . . သတို့သားကြီးကလည်း ဘယ်လိုပါလိမ့်၊ သတို့သမီးနားမှာမထိုင်ဘဲ နောက်ခန်းမှာ တစ်ယောက်တည်း ငုပ်တုတ်ကြီးပါလား။ သဘာဝမကျပါဘူး၊ ကဲ . . . လာပါ ရှေ့ကို"





"မောင်းမှာသာ မောင်းစမ်းပါ"

"ယူ . . . ဘယ်လိုလူလဲ"

လူရဲသည် မျက်မှောင်ကြုတ်ကာ နော်လေးတာဆုအား ကြည့်နေမိ၏။

"နေစမ်းပါဦး . . . နော်လေးတာဆု . . . ဒီလိုအချိန်မျိုးမှာ မင်းရင်ထဲ နည်းနည်းလေးမှ မထိခိုက်ဘူးလား"

"ထိခိုက်ရမယ်၊ ဘာအတွက် ထိခိုက်ရမှာလဲ"

"တင်ဦးလုပ်ပုံကြောင့်ပေါ့"

"အိုး . . . ဒါလား၊ နော်လေးဖြင့် နည်းနည်းလေးမှ မထိခိုက်မိပါဘူး၊ သူနဲ့အင်ဂေ့ချ်လုပ်တုန်းကလည်း အဖေ့ကြောင့် လက်ခံရတာ၊ နော်လေးအဖို့တော့ မချစ်ဘူး, ချစ်တယ် မတွေးမိပါဘူး၊ ယုံချင်မှလည်း ယုံ"

"အင်း . . . နားရှိလို့သာ ကြားလိုက်ရတယ်၊ ဒါဖြင့် . . . ခုမင်းကို ကိုယ်လက်ထပ်ယူရမယ့်အဖြစ် ရောက်နေတာအတွက်ကော မင်း သဘောမတူဘူးဆိုရင် ဖျက်ပစ်လို့ရမယ်ထင်တာပဲ"

"နော်လေးကတော့ မဖျက်နိုင်ဘူး၊ ဘာကြောင့်လဲဆိုဒီကိစ္စဟာ နော်လေးကိုယ်တိုင် ကျေကျေနပ်နပ်နဲ့ လက်ခံလိုက်တဲ့ကိစ္စမို့ပဲ"

"ဘာ . . . ဘယ်လိုပြောလိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



''ဒေါက်တာတင်ဦးနဲ့လွဲပြီး ယူနဲ့ဖူးစာဖက်ပေးလိုက်တဲ့ ဘုရားသခင်ကိုရော, အဖေ့ကိုရော နော်လေးက ကျေးဇူးတင်ပါတယ် လို့၊ ကဲ ... ဒီထက်ရှင်းချင်သေးလား၊ လွန်ခဲ့တဲ့ဆယ်နှစ်လောက် ကတည်းက ယူ့ကို နော်လေး ဘယ်လောက်မျှော်လင့်ခဲ့ဖူးတယ်ဆို တာကော ပြန်ပြောပြရဦးမလား၊ မရှင်းသေးဘူးလား အဝယ်''

ရှင်းပါ၏။ အင်မတန်မှ ရှင်း၍နေပါလေသည်။ လူရဲသည် သူ့အား နော်လေးတာဆုက ကရင်လို ပထမဆုံးအစ်ကိုဟု ခေါ်လိုက် သဖြင့် ရင်ထဲတွင် ရုတ်တရက်လန့်သွားသလိုရှိမိ၏။ လူရဲသည် စိတ် ကျဉ်းကျပ်လှသဖြင့် ပင့်သက်ကိုသာ လေးလေးပင်ပင် ချမိတော့၏။

''ဘာတွေစဉ်းစားနေတာလဲ အဝယ်''

''ဘာမှမဟုတ်ပါဘူးလေ၊ ကဲ .. မောင်းပေတော့ နော်လေး''

''ရှေ့ကို မလာတော့ဘူးလား''

''ဘယ်နေရာကပဲစီးစီး မထူးပါဘူးလေ၊ ပြီးတော့ ကိုယ် ဟာ သာမန်ကားသမားတစ်ယောက်ဆိုတာ မင်း မမေ့သင့်ဘူး၊ ဒီလို ဂုဏ်ဒြပ်မရှိတဲ့ လူတစ်ယောက်ကို မင်း လက်ထပ်နိုင်တယ်တဲ့လား၊ ကိုယ် သိပ်အံ့ဩနေမိတယ်''

''အဟား ... နော်လေးလက်ထပ်မှာက သာမန်ကားသမား မဟုတ်ပါဘူး၊ သိန်းထောင်ပေါင်းများစွာ ချမ်းသာတဲ့သူဌေး တစ်ယောက်ကိုပါ''





''မင်း အခုထိ နောက်နေနိုင်တုန်းပဲလား။ ကိုယ်တော့ နား မလည်ဘူး ရှုးချင်လာပြီ''

''အမယ်လေး ... သူဌေးတစ်ယောက်ကို မနောက်ဝံ့ပါဘူး တဲ့၊ ဟော ဟော ... ဟိုမှာ ကိုတင်ထွန်းကား ခြံထဲဝင်ပြီ။ ကဲ ... ယူ ရှေ့ကိုမလာချင်လည်း နေတော့''

နော်လေးတာဆုသည် ကိုတင်ထွန်းကားကိုမြင်သည်နှင့် ကပျာကယာ ကားစက်နှိုးကာ မောင်းထွက်လိုက်၏။

ကိုတင်ထွန်းသည် သူ့ကားကို စက်သပ်ပြီး တစ်ရှိန်ထိုး မောင်းထွက်သွားသော ဆလွန်းကားကို ပြန်စောင့်၍ ကျုန်ခဲ့သည်။

''တွေ့လား ... ဟိုမှာ တမင်ချန်ခဲ့တာ''

''ဒီလူ ဘယ်ပျောက်နေတာလဲ၊ မတွေ့တာတောင် တော် တော်ကြာပြီ''

''ဟုတ်တယ်၊ နှစ်လကျော်ကျော်လောက် ရှိမှာပေါ့၊ သူ့အမေ မမာလို့ ခွင့်ယူပြီး မန္တလေးပြန်သွားတာ၊ နော်လေးက မန္တလေး ကြိုးချိတ်လုံ့ချည်တွေ မှာလိုက်တယ်၊ အဲဒါ လာပို့တာထင်ပါရဲ့''

''ဒါဆို ပိုအားနာစရာကောင်းတာပေါ့''

''အို ... ဒီအရှုပ်ကို ထားလိုက်စမ်းပါ''

''အင်း ... ဟိုတုန်းကတော့ သူဟာ မင်းရဲ့ အခင်မင်ဆုံး ယောကျ်ားလေးမိတ်ဆွေတစ်ယောက်ပဲ မဟုတ်လား။ တော်တော်



www.burmeseclassic.com

www.burmeseclassic.com



လည်း တွဲခဲ့ကြတာ ကိုယ်သိသားပဲ''

''ဘာလဲ ... ယူက သံသယဖြစ်နေသလား။ သူကသာ နော်လေးကို ရမယ်ဆိုရင် လက်ထပ်ချင်တာ၊ နော်လေးကတော့ ဝေးသေးပဲ၊ သူ့လို အရာရှိဆိုတာကို နော်လေးက ဘာသွားလုပ်ရမလဲ။ မလွမ်းလောက်ပါဘူး''

''အေး ... ဒါပေမဲ့ ကိုယ်ကတော့ အငှားမောင်းတဲ့ ကားသမားတစ်ယောက်ပဲ၊ ဘွဲ့ရအရာရှိတစ်ယောက်ဟာ မင်းနဲ့ပိုပြီး လိုက်ဖက်လိမ့်မယ်လို့ ထင်တယ်''

''ရှင် အရူးပဲ''

''ဘာပြောတယ် အရူးဟုတ်လား။ ကောင်းပြီလေ၊ တစ်နေ့နေ့တော့ ဘယ်သူရူးသလဲဆိုတာ အဖြေသိရမှာပေါ့''

သို့နှင့်ပင် သံပရာရွာသို့ ရောက်လာကြ၏။

''ကျေးဇူးတင်ပါတယ်၊ ကဲ ... မင်းပြန်တော့။ သွားမှာပြန်မှာနဲ့ မှောင်သွားမှာစိုးရတယ်''

''အို ... ဘယ်သူက ပြန်မယ်ပြောလို့လဲ။ နော်လေးလည်း ဒီမှာပဲအိပ်မှာ။ ယူက နော်လေးဖော့တို့ရှိတယ်ဆိုပြီးတော့ ဟိုခင်ထားမြင့်ဆိုတဲ့ မိန်းမလည်း ရှိတယ်မဟုတ်လား''

''အေး ... ဟုတ်တယ်၊ အားလုံးရှိတယ်၊ ဒီတော့ ဘာဖြစ်သလဲ''





''ဒီတော့ နော်လေးလည်း ဒီမှာအိပ်မှာပေါ့လို့''

''မင်း တကယ်ပြောနေတာလား''

''တကယ်ပေါ့ ... မာမီကိုတောင် ပြောခဲ့ပြီးပြီ။ မာမီက နော်လေးသဘောတဲ့၊ မနက်ဖြန်မှ ပြန်လာတဲ့၊ ကဲ .. ဘာလိုသေးလဲ''

''သဘောပဲ ... ရော့၊ မင်းဘာမင်း ဘယ်မှာအိပ်အိပ် ငါနဲ့မဆိုင်ဘူး''

လှူရဲသည် စိတ်တိုတိုနှင့် ခဲတစ်လုံးကို ဖိနပ်ဦးဖြင့် ပိတ်ကန်ပစ်လိုက်ပြီး အိမ်ထဲသို့ ခြေလှမ်းကျဲကြီးနှင့် ဝင်သွားတော့၏။

''အိမ်သားတွေအားလုံး လာကြဦး။ ဒေါ်လေး၊ နော်လေးဖော၊ ဖော့မူ၊ ကြင်စိန် အားလုံးလာကြစမ်း၊ ဟောဟို ညှိုသည်က ဒီမှာ တည်းမယ်၊ ကဲ ... တာဆုကြိုက်တဲ့နေရာမှာ နေနိုင်တယ်''

လှူရဲသည် ခါးထောက်ရပ်၍ သူ့အိမ်သားများကို ကြည့်နေသော နော်လေးတာဆုအား တစ်ချက်ငေါ့ပြရင်း ဘယ်လိုမှ ဖော်ရွေမှု မရှိသောအပြောဖြင့် ပြောလိုက်၏။

''အဝယ်က ကြိုက်တဲ့နေရာမှာ နေနိုင်မယ်ဆိုတော့ နော်လေးအကြိုက်ဆုံးနေရာဟာ အဝယ်ရဲ့အနီးကပ်ဆုံး အဝယ်နံဘေးမှာပဲပေါ့။ ကဲ ... ထိုင်ပြီနော်''

လှူရဲသည် သူကြုံတွေ့ခဲ့ရသည့်အဖြစ်အပျက်များကို အိမ်သားအားလုံးအား ပြောပြလိုက်၏။ မည်သူမျှ ဘာမှမပြောကြ။ ခင်ထား



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်သာ လူရဲအား လက်ဆွဲနှုတ်ဆက်ရင်း . . .

"ကွန်ဂရက်ကျူလေးရှင်း သူငယ်ချင်း . . . မင်း ကံကောင်းတယ်"

"ကဲ ကဲ ဒေါ်လေး . . . နော်လေးတာဆုက ဒီမှာအိပ်မလို့တဲ့ သူ့အတွက် အိပ်ရာ ဒေါ်လေးအနားမှာပဲ ပြင်ပေးလိုက်ပေါ့ မဟုတ်လား"

"မင်္ဂလာဆောင်က ဘယ်နေ့လဲ လူရဲရဲ့"

"မနက်ဖြန် ဝါးပြန်တောင်မှာ မင်္ဂလာဆောင်မယ်တဲ့ဗျာ၊ အဲဒါ ဒီည ဒေါ်လေး ပြင်ဆင်ထားပေါ့၊ လိုအပ်မယ့်ဟာတွေ"

"ဟယ် . . . နင့်ဟာကလည်း မြန်လိုက်တာ၊ အဝတ်အစား သစ်တွေ ဘာတွေ မချုပ်တော့ဘူးလား"

"မလိုပါဘူးဗျာ၊ ရှိတာပဲ ဝတ်တော့မယ်၊ ကဲ . . . နော်လေးတာဆု . . . ဒေါ်လေးနဲ့ လိုက်သွား။ ကျုပ်တစ်ယောက်တည်း ခဏ နားပါရစေ။ ကိုယ့်အနား ဘယ်သူမှမလာကြနဲ့"

အားလုံးပင် တိတ်တိတ်ဆိတ်ဆိတ်နှင့် နေရာမှ အသီးသီး ထသွားကြရတော့၏။ ညှိခန်းဝယ် လူရဲတစ်ဦးတည်းသာ ကျန်ရစ်သည်။

❑ ❑ ❑

## အခန်း (၁၆)

မင်္ဂလာအခါနေ့မှို အားလုံးပျော်ရွှင် ရယ်ပြုံးလျက် ရှိကြ၏။

သတို့သားနှင့်တကွ သူ၏အုပ်ထိန်းသူများက ကျောင်းအုပ်ဆရာကြီး ဦးလှမြင့်၏အိမ်တွင်တည်း စခန်းချကြ၏။

ယနေ့ ဝါးပြန်တောင်မှ သတို့သမီးရှိရာသို့သွားပြီး လက်ထပ်မင်္ဂလာအခမ်းအနား ကျင်းပမည်ဖြစ်လေရာ အပျို၊ လူပျိုများသည် အချင်းချင်း နောက်လိုက်၊ စလိုက်ဖြင့် တသောသော ဖြစ်နေကြ၏။

လူရဲသည် အဝတ်အစားလဲပြီး လူအုပ်ကြီးနှင့်ဝေးရာတွင် အေးစက်စွာ ထိုင်နေသည်။ သူသည် လူအုပ်ကြားထဲရှိ ပန်းနုရောင် မြန်မာဝတ်စုံနှင့် ခင်ထားအား ကွက်၍ ငေးစိုက်ကြည့်နေမိ၏။

မိမိ၏မင်္ဂလာဆောင်ကို ခင်ထားအား မလိုက်လာစေလို သောကြောင့် စကားမဟာခဲ့။ တောင်ပေါ် ကရင်ရိုးရာထုံးစံပြင်



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်မင်္ဂလာပြုခြင်းကို မကြုံဖူး မမြင်ဖူး၍ပါဟု အကြောင်းပြကာ ခင်ထားသည် အတင်းလိုက်ပါလာခဲ့၏။

"ခြော် . . . ခင်ထား . . . ခင်ထား၊ လုနေလိုက်တာမှ ငယ်ငယ်တုန်းကအတိုင်းပါပဲလား။ ငါ့အဖြစ်က မချစ်တဲ့သူကို လက်ထပ်ရမယ့်အဖြစ်။ အို . . . ငါ ငါ"

"ဝေး . . . သတို့သား . . . သတို့သား ဘယ်မှာလဲဟေ့"

"အားလုံးလူစုံပြီး ဟုတ်လား၊ စုံရင် သွားကြစို့ဟေ့"

သူ့အား လှမ်းအော်ခေါ်နေကြပြီဖြစ်သဖြင့် လူရဲသည် လေးလံသော ခြေလှမ်းများဖြင့် လူအုပ်ကြားထဲ တိုးဝင်လိုက်ရတော့၏။

သံပရာရွာ ရပ်ရွာလူကြီးလေးငါးဦးနှင့် ဦးလုမြင့်တို့ ဦးဆောင်၍ သတို့သားအား အပျို၊ လူပျိုများ ခြံရံလျက် အိုးစည်ဗုံစောင်းများ တီးမှုတ်ပြီး သီချင်းလင်္ကာများ ရွတ်ဆိုကာ သတို့သမီးအိမ်သို့ ရှေးရှု၍ ထွက်ခဲ့ကြ၏။

ထိုအဖွဲ့၌ လူရဲအုပ်ထိန်းသူများဖြစ်ကြသည့် ဦးကျော်စိုးနှင့် နော်လေးဖော့တို့ မလိုက်ပါကြပေ။

ထိုကဲ့သို့ သတို့သမီးအိမ်သို့ သတို့သားအား ပို့ဆောင်ရာတွင် အုပ်ထိန်းသူများက လိုက်မပို့ရ၊ လိုက်ပို့ပါက သတို့သားအား ရောင်းစားရာကျသည်ဟု စကောကရင်လူမျိုးတို့ ယုံကြည်ကြ၏။

သတို့သမီးအိမ်ဝသို့ရောက်သောအခါ သတို့သမီး၏





အဘိုးက လှေကားအထက်မှနေ၍ ရေအကြည်ထည့်ထားသော ဝါးကျည်တောက်ကို သတို့သားလူရဲ၏ဦးခေါင်းသို့ သွန်းလောင်းချ၏။

ရေကုန်သွားမှ ထိုဝါးကျည်တောက်အခွံကို အိမ်အောက်ရှိ လူပျိုရန်များက ကွဲကြေသွားအောင် နင်းခြေပစ်ကြရသည်။

ရွှဲရွဲနေသော သတို့သား လူရဲသည် လှေကားမှ အိမ်ပေါ်သို့ တက်သွားသောအခါ သူ့အတွက် အဝတ်အစားသစ်များကို ကိုင်၍ သတို့သမီး နော်လေးတာဆုက ရပ်လျက် ဆီးကြိုနေသည်။

အဝတ်များမှာ အဖြူရောင် ဂွမ်းလက်ရှည်တစ်ထည်၊ ဂွမ်းဘောင်းဘီပုံစံ အနက်တစ်ထည်နှင့် အဖြူ၊ အနီ၊ ဒေါင်လိုက်အစင်းများ ဝတ်စားသော ကရင်သင်တိုင်းရှည်ကြီးမျှသာ ဖြစ်သည်။

ပိုးဖြင့်ရက်လုပ်၍ လှပသော ပန်းပွားများတပ်ဆင်ထားလို့သာ ဆင်းရဲသားများ၏သင်တိုင်းထက် ထူးခြားဆန်းသစ်နေသည် ဆိုနိုင်၏။

ထိုအဝတ်များကို သတို့သမီးကိုယ်တိုင် သတို့သားအား ဝတ်စားဆင်မြန်းပေးရမည် ဖြစ်ပါ၏။

သတို့သမီး၏မျက်နှာမှာ စိတ်တူကိုယ်တူ ချစ်သူနှင့် ကြည်ကြည်ဖြူဖြူ လက်ထပ်ရသည့်ပမာ ကြည်နူးဝမ်းမြောက်ဖွယ်ရာ ရောင်ပြန်ဟပ်၍ ကြည်လင်ဝင်းလက်၍ နေတော့၏။

လူရဲသည် နော်လေးတာဆုက အဝတ်အစားလဲပေးနေခြင်းကို ကျောက်ရုပ်တစ်ရုပ်ပမာ ခံယူရင်း ခင်ထားအား ကြည့်နေမိပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



ယဉ်ယဉ်ကျေးကျေးလှနေသော ခင်ထား၊ ငယ်စဉ်ကအတိုင်းလှနေသောခင်ထား။ ထိုခင်ထားသည် လှူရဲနှင့်နော်လေးတာဆုအားပြုံး၍ ငေးစိုက်ကြည့်နေသည်။

အထူးသဖြင့် ကရင်အမျိုးသမီးဝတ်စုံဖြင့် မြူးကြွနေသောသတို့သမီးနော်လေးတာဆုထံတွင်သာ ခင်ထားမျက်လုံးများက ဝဲနေမိ၏။ ထို့ကြောင့်ပင် သတို့သမီးအား ကျော်လွန်ကာ သူ့ထံသို့ စူးစိုက်နေသော လှူရဲ၏မျက်လုံးများကို သတိမပြုမိဘဲ ရှိခဲ့၏။

သို့ရှိစဉ် ကရင်အမျိုးသမီး ပိုးဝတ်စုံဖြင့် အလှကြီးလှနေသောသတို့သမီးသည် သတို့သားအား အဝတ်အစားလဲပေးပြီးပြီ။ နော်လေးတာဆုသည် ရဲတင်းသောမိန်းကလေးပီပီ သတို့သားလှူရဲ၏ ပါးကိုဖြည်းဖြည်းကလေးကပ်၍ နမ်းလိုက်ရာ အပေါင်းအသင်းများက ဝိုင်းအုံပွဲကျသွားသလောက် သတို့သား၏မျက်နှာမှာ ဒေါသရောင် တောက်သွားတော့၏။

မင်္ဂလာအခမ်းအနားပြီးဆုံး၍ လှူရဲ၏အခြံအရံများအားခေါင်ရည်နှင့် ကြက်ကြော်၊ ဝက်ကြော်များ ထပ်မံတိုက်ကျွေးကြပြီးအပြန်အလှန် လက်ာသီချင်းများဖြင့် သီဆိုနှုတ်ဆက်ကြသည်။

အပြန်တွင် သတို့သမီးနော်လေးတာဆုက အောင်သွယ်ဦးလှမြင့်အတွက် ဝက်ခေါင်းတစ်လုံး၊ သတို့သား လှူရဲ၏အုပ်ထိန်းသူများဖြစ်ကြသည့် ဦးလေးဦးကျော်စိုးနှင့် နော်လေးဖော့တို့အတွက်





ဝက်ခေါင်းတစ်လုံး လက်ဆောင်ပေးလိုက်လေ၏။ ဤသည်မှာထုံးစံဖြစ်ပါ၏။

လှူရဲအား ထားရစ်ခဲ့၍ လူကြီးများ၊ အခြံအရံများ သံပရာရွာသို့ ပြန်သွားသောအခါ မင်္ဂလာဆောင်ပြီးသော အအိုများထုံးစံအတိုင်းနော်လေးတာဆုသည် သင်တိုင်းခါးတို လက်ဝတ်အဖြူရောင်အားအနက်ရောင်ဖြင့် ပြောင်းလဲဝတ်ဆင်လိုက်ပြီး အိမ်ရှေ့သို့ ထွက်ကြည့်သည်။

ကိုတင်ထွန်းသည် ခေါင်ရည်အိုးကို ရှေ့တွင်ချ၍ ကြက်သားကြော်ဖြင့် အားရပါးရကြီး မြည်းနေသည်နှင့် ပက်ပင်းတိုးနေတော့၏။

"ဩော် ... သတို့သမီးကြီးပါလား၊ အဟား ဟား ... ခေါင်ရည်က တကယ်ကောင်းပါလား၊ ငါတော့ စွဲသွားပြီ၊ စွဲသွားပြီ၊ ခုနစ်နှစ်ချောင်းက ရေကူးပြီးအပြန်မှာ တစ်နေ့လောက် မင်းတို့ရွာ လိုက်ပြီးခေါင်ရည်သောက်ဦးမယ်လို့ ပြောပူးတယ်လေ၊ တကယ်တမ်းကျတော့မင်းရဲ့မင်္ဂလာဆောင်ကျမှ သောက်ခွင့်ရတဲ့အဖြစ်မျိုးနဲ့တော့ ... အဟဲ... ဒါပေမဲ့ ကိုယ်ရှုံးသလား၊ အိုး ... နိုး မရှုံးဘူး၊ လောကမှာ မိန်းမလှတွေ တစ်ပုံကြီး၊ မန္တလေးပြန်လိုက်တာ တကယ်တော့ ကိုယ့်နေရာသူများအစားဝင်ဖို့ ဖြစ်သွားတာကိုး၊ အဟက် ဟက် ... တင်ဦးဆိုတဲ့ခေါက်တာနဲ့ အင်ဂေ့ချ်လုပ်ပြီးမှ ဟိုကောင် လှူရဲဆိုတဲ့ကောင်ကအလကား ... မှားလို့ မှားလို့ မင်္ဂလာဆောင်ရတဲ့ မင်းရဲ့နဖူးစာလည်း



www.burmeseclassic.com

www.burmeseclassic.com



အဆန်းသားပါလား။ ဟား ဟား . . . ဒီလိုဆိုတော့ ကိုယ်မှုးပြီး မပန်ရပေမယ့်''

''တိတ်လိုက်စမ်း ကိုတင်ထွန်း . . . ရှင် ရူးနေသလား၊ အိမ်သားတွေ ကြားကုန်မယ်၊ ဧည့်သည်မို့သာ ရှင့်ကို သည်းခံနေတယ် မှတ်ပါ၊ အဖေကြားသွားရင် ဒီနေရာမှာတင် ရှင့်ကို အမှုန့်ကြိတ်ပစ်နိုင်တယ် နားလည်လား''

''ဟား ဟား . . . အမှုန့်ဖြစ်မှာတော့ ကြောက်ပါသတဲ့ဗျာ၊ အမိုက်အမဲလေးမို့ ဗွေမယူပါနဲ့ အရှင်ကြီး၊ အဲ အဲ . . . သတို့သမီးကြီးရယ်''

ကိုတင်ထွန်းနှင့် ကျိတ်ကျိတ်ကလေးပြောရင်း နော်လေးတာဆု ဒေါသဖြစ်နေစဉ် နော်လေးဂေးသည် ကြက်သားကြော်များကိုင်၍ မီးဖိုမှ ထွက်လာသည်။ နော်လေးတာဆုက ကိုတင်ထွန်းရှေ့မှ ချာခနဲလှည့်ကာ နော်လေးဂေးထံ လျှောက်လာရင်း –

''ဟိုလူ့မို့လား''

''အေးလေ''

''မင်းတို့ ဒီလူ့ကိုဖိတ်လာတယ်၊ မဟုတ်တမ်းတရားတွေ ပြောလိုပြောနဲ့ သိပ်မုန်းဖို့ကောင်းတယ်''

''ဟာ . . . ဘယ်လိုပြောလိုက်တာလဲ၊ အခု သူ ခေါင်မူးနေလို့ ဖြစ်မှာပါ၊ သူဟာ အဂေးတို့ရဲ့ အရင်းနှီးဆုံး မိတ်ဆွေအရာရှိ





တစ်ယောက်ပဲလေ၊ ဖိတ်ရမှာပေါ့လို့''

''ဟိုတုန်းကဟာတွေ ပြောမနေနဲ့တော့၊ အခုမင်းနဲ့ သိပ်ရင်းနှီးနေပြီလား''

''ဟာ . . . အရင်ထဲက အဂေးနဲ့ရော မင်းနဲ့ရော ရင်းနှီးနေခဲ့ကြတဲ့ဟာ၊ အခုမှ ဘာအဆန်းတွေ လာမေးနေတာလဲ''

''မင်းနဲ့ကြိုက်နေကြပြီလားလို့ မေးတာဟေ့၊ ကဲ ရှင်းပလား''

မဆင်မခြင်ပြောလိုက်သော နော်လေးတာဆုစကားကြောင့် နော်လေးဂေးသည် ဒေါသရောင်တောက်လျှက်ရှိသော မျက်လုံးလေးများဖြင့် အစ်မဖြစ်သူအား စေ့စေ့စပ်စပ် ကြည့်လိုက်၏။

''အစ်မက ဘယ်လိုထင်လို့လဲ''

''သူ့အကြောင်း ငါသိတယ် အဂေး၊ ဒီလူ့ကို အရောမဝင်စမ်းနဲ့''

''အစ်မက တစ်နှစ်လုံးလုံး သူနဲ့တွဲခဲ့တယ် မဟုတ်လား''

''ထားစမ်းပါ ဒါတွေ၊ ငါ့ကို ကတိပေးစမ်း၊ မင်း ဒီလူ့ကို ရင်းနှီးသင့်တာထက် ပိုမရင်းနှီးပါဘူးလို့''

''နောက်ကျသွားပြီ မမ''

''ဘာပြောတယ်''

ညီအစ်မနှစ်ယောက် စကားများနေရာမှ နော်လေးတာဆုသည် ဒေါသဖြင့် နော်လေးဂေးလက်မောင်းအား ဆောင့်ဆွဲလိုက်ရာ



www.burmeseclassic.com

www.burmeseclassic.com



ကြက်သားကြော်အချို့ ကြမ်းပေါ်သို့ ကျသွား၏။

"အစ်မ အရှုံးပဲ"

"ငါမရှုံးဘူး အငေး။ နင့်အတွက် ပြောနေတာဟဲ့ သိလား"

"ဖယ်စမ်းပါ၊ အငေး ကိုယ့်ညှိသည်ကို ဝတ္တုရားကျေ

အောင် ပြုစုစမ်းပါရစေ"

"ဩော် . . . သူက မင်းညှိသည်ပေါ့လေ"

"ဟုတ်တယ်၊ သူ မလိုက်ချင်ဘူး အတင်းခေါ်လာတာ"

"ဒါဖြင့် . . . နင် မှားတာပဲ"

"မမှားပါဘူး၊ အငေးဟာ တစ်ယောက်တည်းကိုပဲ ချစ်ပြီး

အဲဒီတစ်ယောက်တည်းကိုသာ တကာယ်လက်ထပ်မယ့် မိန်းမမျိုးပါ

မျက်နှာ မများတတ်ပါဘူး"

"အားလုံး အဖေစီစဉ်တာ၊ ဘာမှမသိဘဲနဲ့ ငါ့ကိုမစောင်

နဲ့ ခွေးမ"

နော်လေးတာဆုသည် နော်လေးဂေးအား ထပ်မံ ဆောင့်

တွန်းခဲ့ကာ ခြေသံပြင်းပြင်းနှင့် အခန်းတွင်းသို့ ဝင်ခဲ့သည်။ အခန်းထဲ

ရောက်သည်တွင် အိပ်ရာထက် အလျားမှောက်ကာ ငြိမ်သက်နေသော

လူရဲအား မကျေမနပ်ကြည့်၍ ခါးနှစ်ဖက် စုံထောက်ပြီး –

"ဒီမှာ ဒီမှာ . . . ဒါက ဘာဖြစ်နေတာလဲ"

လူရဲက ပက်လက်လှန်လိုက်ရာမှ အေးဆေးစွာဖြင့်–





"မြင်တဲ့အတိုင်းပဲလေ"

"မြင်တဲ့အတိုင်းပဲလား . . . ဟင်း ဟင်း၊ အိပ်ရာထဲမှာ

ငြိမ်နေပြီး နုတ်ဖက်သူကို စဉ်းစားရမယ့်အစား အခြားမိန်းမကို

စဉ်းစားနေလို့ဖြစ်မှာပေါ့"

"ဟင်း . . . ခွေးစကားမပြောနဲ့"

"ဩော် . . . နာတယ်လား၊ မင်္ဂလာအခမ်းအနားမှာတုန်းက

ယှဉ်ကြည့်ရမယ့်သူက နော်လေးပါလေ၊ တခြားမိန်းမကို မဟုတ်ပါ

ဘူး"

"ဩော် . . . မင်းမြင်တယ်ပေါ့"

"ဟုတ်တယ်၊ မြင်တယ်၊ အဲဒီမိန်းမက နော်လေးထက်

ဘာများသာလို့ အဝယ်က ဒီလောက်တောင် ငေးနေခဲ့ရတာလဲ"

"လှတာချင်းတူရင် ဖြူစင်တဲ့အကျင့်သိက္ခာနဲ့ ကြည့်ခြေဆောင်

ထားတဲ့ အလှက ပိုတန်ဖိုးကြီးတယ်ကွ"

လူရဲက သူ အိပ်ရာမှ ဝုန်းခနဲထ၍ နံနက်ကတည်းက ဝတ်

ထားခဲ့သော သင်တိုင်းရှည်ကြီးကို ဆွဲချွတ်ကာ အိပ်ရာပေါ်သို့

ပစ်တင်လိုက်ပြီး ဂျာကင်တစ်ထည်ကိုယူဝတ်၍ အခန်းထဲမှ ထွက်

လာခဲ့တော့၏။ လမ်းပေါ်ရောက်၍ အလျင်ဆုံးသတိရသည်က ခင်ထား။

သူ သည်တစ်ညလုံး တစ်နေရာရာမှာ အချိန်ဖြုန်းမည်။

နော်လေးတာဆုထံ မပြန်ဘူးဟု ဆုံးဖြတ်ကာ ခြေဦးကို ဟန်တီး



www.burmeseclassic.com

www.burmeseclassic.com



အိမ်သို့ ဦးလှည့်လိုက်၏။ ညစာကို တာဟဲဖိုးဟင်းနှင့် အားပါးတရ စားနေသော မုဆိုးကျော်လူပျိုကြီး စောဟန်တိုးသည် ဝါးလှေကား များကို တကျွိကျွိ နင်းတက်လာသောခြေသံတစ်ခုကြောင့် မော့ကြည့် လိုက်သည်။

"ဟ . . . လူရဲ . . . ဘယ့်နှယ် ဒါက ဘယ်သွားဦးမှာတုံး"

"ဘယ်သွားရမလဲ . . . မင်းဆီလာတာပေါ့"

"အံ့စရာပဲဟေ့၊ ခုချိန်မျိုးမှာ မင်းဟာ သတို့သမီးနားက တစ်ဖဝါးမခွာနိုင် ဖြစ်နေမယ့်ဥစ္စာ"

"တော်စမ်းပါ . . . ငါ ဒီည မင်းဆီမှာအိပ်မယ်၊ အခု ထမင်းစားမယ်၊ ဒါပဲ၊ ကဲ . . . ခူးကွာ ထမင်း"

စောဟန်တိုးမှာ သူ့နားပင် သူမယုံချင်။ မင်္ဂလာဆောင်ပြီးစ သတို့သားမှာ မင်္ဂလာဦးညကိုရှောင်လွှဲ၍ သူ့ထံတွင် အိပ်မည်ဆိုခြင်း ကို အံ့ဩပြီးရင်း အံ့ဩနေမိတော့၏။

"ဟေ့ကောင်ကြီး . . . ဘာမျက်လုံးပြူးကြည့်နေတာလဲ။ ထမင်းခူးစမ်းဟ"

"ဟင်းကတော့ တာဟဲဖိုးပဲကွာ၊ ဆတ်သားခြောက်တွေ တော့ ရှိတယ်၊ နေဦး ငါဖုတ်လိုက်ဦးမယ်"

"နေပါစေ . . . တာဟဲဖိုးနဲ့ပဲ စားမယ်၊ ဖြစ်တယ်၊ ဘာမှ ထပ်မလုပ်နဲ့၊ ဒါနဲ့ မင်း တောလည်မသွားဘူးလား ဒီည"

ခု နစ် စဉ် ကြယ် တာ ပေ



"စောစောကတော့ သွားမလို့ပဲကွ၊ ချေလေး၊ ဒရယ်လေး ထလားလို့၊ မင်းရောက်လာတော့ မသွားတော့ပါဘူးကွာ"

"ဘယ်ဖြစ်မလဲ သွားရမှာပေါ့၊ ငါလည်း လိုက်မယ်၊ ဟိုကိစ္စ အရေးကြီးတယ်၊ နေ့လယ်ကလည်း ဟိုလူကြီး ရေးကြီးသုတ်ပျာနဲ့ ထွက်သွားတယ်ကွ၊ ဒီည အိမ်မှာ သူမရှိမှာ သေချာတယ်၊ ငါလည်း နော်လေးတာဆုနဲ့ နောင်ကျိန်ချလာတာ၊ ဒီည မင်းနဲ့ငါ သွားမှကို ဖြစ်မယ်၊ နားလည်ပြီလား ဟန်တိုး"

စောဟန်တိုး မျက်လုံးပြူးကာ –

"ဟေ . . . ဟုတ်လား၊ ဒါဆိုဖြစ်ပါ့မလား။ မင်းအိမ်က မိန်းမလိုက်လာမှာပေါ့၊ ဟိုကိစ္စ ငါတစ်ယောက်တည်း သွားလည်း ဖြစ်ပါတယ်ကွ၊ မင်း မလိုက်ပါနဲ့"

အိမ်ကမိန်းမဟု ဟန်တိုးက ဆိုလိုက်သဖြင့် လူရဲမှာ စိတ် အနှောင့်အယှက်ဖြစ်သွားမိကာ မျက်မှောင်ကြီးကြုတ်ရင်း –

"တော်စမ်းပါ . . . ဘယ်ကမိန်းမလဲ။ မိန်းမ သူ့ဘာသာ အိပ်စမ်းပါစေ။ ငါလည်း ငါ့ဟာငါ ဒီည တောလည်မယ်၊ မင်းဆီ မှာအိပ်မယ် . . . ဒါပဲ၊ ငါ ဒီလာတာ ဘယ်သူမှမသိဘူး၊ ကဲ . . . မြန် မြန်စားကွာ၊ တို့ တောထဲလည်သွားရအောင်၊ ဒီည တို့ အတော်များများ သမ်းလျှောက်ရဖို့ရှိတယ် ဟန်တိုး"

"အေးပါ . . . ငါ နားလည်ပါပြီ"

ခု နစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

## အခန်း (၁၇)

သန်းခေါင်ယံလွန်မြောက်ပြီးနောက် သုံးနာရီခန့်အချိန် ဖြစ်၏။

လူရိပ်တစ်ခုသည် ဝါးပြန်တောင်ရွာ၏အလယ်လမ်းတစ်လျှောက် သုတ်သီးသုတ်ပျာ လျှောက်၍လာ၏။

အိမ်ကြီးကြီးတစ်လုံး၏ရှေ့သို့ရောက်လျှင် အိမ်ခါးပန်းကို လက်နှင့်ပုတ်ကာ -

"နော်လေးတာဆု . . . နော်လေးတာဆု"

တိုးတိုးအသံများ အထဲမှ လှုပ်ရှားသံမကြားရပေ။

သို့နှင့် အိမ်ခါးပန်းကို လက်ထဲမှ လှံရိုးဖြင့် ခပ်ပြင်းပြင်း ခေါက်ပြီး အသံကိုပါ မြှင့်၍ ပြောကြည့်သောအခါမှ အတွင်းမှ နော်အယ်လာအသံဖြင့် . . .





"ဘယ်သူလဲ"

တစ်ဖက်က ထူးသံပေါ်လာ၏။

"ကျွန်တော် . . . ဟန်တိုးပါ၊ လူရဲ လွှတ်လိုက်လို့ တံခါးဖွင့်ပါဦး"

ချက်ချင်းပင် အတွင်းမှမီးရောင်ပေါ်လာပြီး အိမ်တံခါးပါ ဖွင့်၍လာကာ ဝါးလေ့ကားတည်တစ်စီး လျှောခနဲ ဟန်တိုးရှေ့သို့ လျှောဆင်းလာ၏။ တံခါးမှ နော်အယ်လာသည် အောက်မှလူအား သေသေချာချာကြည့်နေ၏။

"လာ . . . တက်ခဲ့လေ စောဟန်တိုး၊ လူရဲ ဘာဖြစ်သလဲ။ သူ တစ်ညလုံး ပေါ်မလာဘူး၊ ညနေက နော်လေးတာဆုနဲ့ စိတ်ကောက်ပြီး ထွက်သွားတယ်၊ ညကြီးမင်းကြီးဆိုတော့ လိုက်လည်း ရှာဝံ့ဘူးကွဲ့၊ တို့လည်း တမျှော်မျှော်နဲ့ စောင့်ရင်း အိပ်ပျော် သွားကြတာ"

အိမ်ပေါ်မှ ဆီး၍ပြောသူမှာ နော်လေးတာဆု၏အမေ ဒေါ်အယ်လာဖြစ်သည်။

"ဟို . . . ချော်ဘာနစ်ရှည်အရာရှိဆိုတဲ့သူရော သူရှိတယ် မဟုတ်လား"

"ရှိပါတော်၊ မောင်တင်ထွန်းတို့များ ခေါင်းမူးမူးနဲ့ စောစော ကြီး အိပ်ပျော်သွားလိုက်တာ ခုထိ တုတ်တုတ်တောင်မလှုပ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဦးခင်ဇော်ကော"

"နေ့လယ်ကပဲ အထက်ရွာကို ကိစ္စလေးပေါ်လာလို့ လိုက် သွားရတယ်ကွဲ့၊ လှုရဲ ဘယ်မှာလဲ၊ သူ ဘာဖြစ်လို့လဲ"

"ဟာ . . . မပြောပါနဲ့တော့ အဒေါ်။ ကျွန်တော် တောလည် သွားတာ သူအတင်းလိုက်လာတယ်၊ သန်းခေါင်ကျော်အထိ ဘာ ကောင်မှမရဘူး။ ဒရယ်တစ်ကောင်လည်းရရော ကျွန်တော်တို့ ပြန်လာကြတာပဲ၊ အပြန်လမ်းမှာ တောဝက်နဲ့ ပက်ပင်းတိုးတော့တာပဲ အဒေါ်ရေ။ တောဝက်ပက်လို့ လှုရဲ ဒဏ်ရာရသွားတယ်၊ သူ့ကို ကျွန်တော်တို့ မြို့ဆေးရုံပို့ကြမယ်၊ အဲဒါ . . . အခု လာအကြောင်းကြား တာပဲ၊ မနက်မိုးလင်းရင် မြို့လိုက်ခဲ့ကြပေတော့။ ကဲ . . . ကျွန်တော် သွားဦးမယ်"

"ဟဲ့ ဟဲ့ ဟန်တိုး . . . နေပါဦး၊ ဒဏ်ရာက စိုးရိမ်ရသလား အချိန်မတော်ကြီး ဘာလို့မြို့သွားကြမှာလဲ။ အနီးဆုံးဆေးရုံ ချောင်းနှစ်ခွမှာ ရှိသားပဲ၊ မင်းတို့က မုဒုံထိသွားမှာလား"

"ဟုတ်တယ် အဒေါ်၊ လှုရဲက သူ့ကို မုဒုံပို့ဖို့ ပြောတယ် လှုနာဆန္ဒကို လိုက်လျောရမှာပေါ့ဗျာ၊ ဒဏ်ရာက များပုံရတယ် ကားလမ်းရောက်အောင် သူ့ကို ကျွန်တော်တို့ စောင်ပုခက်နဲ့ ထမ်း သွားမယ်၊ ကျွန်တော် အိမ်နီးချင်းခြောက်ယောက်လောက်ကို လှုရဲနားမှာ ထားခဲ့တယ်၊ အားလုံး သူတို့နှစ်ယောက်တစ်တွဲအလှည့်နဲ့ အမြန်ဆုံး





ထမ်းသွားမှာပါ။ ဝေလီဝေလင်းအချိန်လောက် ကားလမ်းရောက်မှာပဲ၊ ဒါဆိုရင် ကားတစ်စီးတော့ တွေ့ရမှာပေါ့၊ စိတ်မပူပါနဲ့ အဒေါ်၊ အဆင်ပြေမှာပါ။ ကဲ . . . ကျွန်တော်သွားပြီ"

စကားဆုံးသည်နှင့် ဟန်တိုးသည် လေကားကို အပြေး အလွှား ခုန်ကျော်၍ ထွက်ခဲ့တော့၏။ သူတို့လူစုသည် နှစ်ယောက်တစ် တွဲ လှုရဲအားထမ်းကာ ခြေကို သွက်သွက်လှမ်း၍ ခရီးစခဲ့ကြ၏။

မှန်းထားသည့်အတိုင်း မနက်အရုဏ်အလာ၌ ကားလမ်းမ ကြီးသို့ရောက်သည့်တွင် မြို့ဘက်သို့ဆင်းလာသော ကားတစ်စီးကို တွေ့သဖြင့် တောင်းပန်ကာ လှုနာအားတင်ခဲ့ရ၏။

မုဒုံမြို့အဝင်တွင် လှုရဲက . . .

"ဟန်တိုး . . . ငါ ဆေးရုံမသွားချင်ဘူး၊ ဒီအချိန်ဆို ဒေါက်တာရန်နိုင်စိုး သူ့အိမ်မှာရှိမှာပဲ၊ သူ့ဆီသွားမယ်ကွာ"

"ဟာ . . . ဖြစ်ပါ့မလား လှုရဲရ၊ မင်းဒဏ်ရာက ဆေးရုံ အရင်ရောက်ဖို့ လိုလိမ့်မယ်တော့ ငါထင်တယ်"

"ငါပြောသလိုသာ လုပ်စမ်းပါ ဟန်တိုးရာ၊ မင်းကလည်း နားဝေးလိုက်တာ လွန်ပါရော။ ဒေါက်တာရန်နိုင်စိုးက ကိုယ်ပိုင်ဆေးခန်း ရှိတဲ့လူပါ။ ငါ ဆေးရုံမတက်ချင်ဘူး။ သူ့ဆေးခန်းမှာပဲ ကုချင်တယ်၊ မင်းနဲ့ငါ ဘာဖြစ်ခဲ့တယ်ဆိုတာ မင်းအသိဆုံးပဲ"

"အေးလေ . . . မင်းသဘောပေါ့၊ နေလို့ကောသက်သာရဲ့



www.burmeseclassic.com

www.burmeseclassic.com



လား သူငယ်ချင်း''

''ငါ့လို ကျားကျားလျားလျား ကောင်မျိုးဟာ ဒီဒဏ်ရာလောက်နဲ့တော့ မသေနိုင်ပါဘူးကွာ၊ မပူပါနဲ့ ဟန်တိုး''

''ဗျို့ ကားဆရာ ... ကျုပ်တို့ကို ဒေါက်တာရန်နိုင်စိုးအိမ် အရင်ပို့ပေးပါဗျာ၊ ကျေးဇူးမမေ့ပါဘူး၊ လူနာအရေးကြီးလို့ပါ။ ကားဆရာတောင်းသလောက် ပေးပါ့မယ် ခင်ဗျာ၊ ဒေါက်တာရန်နိုင်စိုး ဆေးခန်း သိတယ်မဟုတ်လား''

''သိတယ် ... သိတယ်၊ ကျွန်တော် အဲဒီကိုမောင်းပို့ပေးမယ် ကားခလည်းမပေးပါနဲ့၊ လမ်းကြုံလို့ တင်လာတာပဲ''

စောလွန်းသဖြင့် အိမ်ရှေ့ဆေးခန်းပါ မဖွင့်သေးချေ။ ဟန်တိုး အိမ်တံခါးမှ ဘဲလ်ကိုနှိပ်လိုက်၏။ ဒေါက်တာရန်နိုင်စိုးကိုယ်တိုင် တံခါးလာဖွင့်သည်။

''ဟောဗျာ လူရဲ ... ဘယ့်နှယ်ဖြစ်လာတာတုံးဗျ၊ သွေးရဲရဲ သံရဲရဲနဲ့''

''ဟုတ်တယ် ... ဒေါက်တာ၊ သူ တောဝက်ပက်ခံရလို့''

''ဟ ... ဒါဖြင့် ဆေးရုံသွားမှဖြစ်မှာပေါ့၊ နေဦး ... ကျွန်တော်ကိုယ်တိုင်လိုက်မယ်၊ ကားထုတ်လိုက်ဦးမယ်''

''မဖြစ်ဘူး ဒေါက်တာ၊ ကျွန်တော် ဆေးရုံမသွားပါရစေနဲ့၊ ဒီမှာပဲ ဒေါက်တာ ကြည့်ပေးပါ။ ဒေါက်တာကို အပ်ပါတယ်''





''ဒါဖြင့်လာ ... ဒဏ်ရာကိုကြည့်စမ်းဦးမယ်၊ ကျွန်တော့် ဖုန်းကို ဖက်လိုက်၊ ဟုတ်ပြီ ... ဟိုဘက်က မိတ်ခွေက မြဲမြဲတွဲထား နော်၊ ကဲ ... လာ လာ''

ဒေါက်တာရန်နိုင်စိုးသည် အိမ်နှင့်တွဲထားသော ဆေးကုခန်း၏ တံခါးကိုဖွင့်ကာ လူရဲအား အတွင်းသို့ တွဲယူခေါ်ဆောင်သွားသည်။

''မနေ့က ခင်ဗျားမင်္ဂလာဆောင်တယ် မဟုတ်လားဗျ၊ ဘယ့်နှယ် ဒီနေ့ ဝက်ပက်တဲ့ဒဏ်ရာနဲ့ ဒီရောက်လာရတာတုံး၊ တယ်ထူးဆန်းပါလား''

လူရဲက မဖြေဘဲ ခပ်ယဲ့ယဲ့သာပြုံးနေသည်။ ဟန်တိုးက ဝင်၍ ...

''ဆန်းဆို ဆရာကြီးနှယ် မင်္ဂလာဆောင်ပြီး အသစ်စက်စက် သတို့သားက မင်္ဂလာဦးညမှာ သတို့သမီးနားမနေဘဲ အမဲလိုက်ထွက်သတဲ့ဗျာ၊ ဆရာကြီး ကြားဖူးရဲ့လား''

''တကယ်လား လူရဲ''

''ဟုတ်ပါတယ် ဒေါက်တာ၊ ခုချိန်ထိ နော်လေးတာဆု နားကို မကပ်သေးပါဘူး၊ မနေ့ညနေကလည်း သူက မဖွယ်မရာတွေ ပြောနေလေတော့ နဂိုကမှစိတ်ညစ်ရတဲ့အထဲ နောင်ကျိန်ချကုန်တော့တာပေါ့၊ ဒါနဲ့ စိတ်ပိုညစ်ပြီး ဟန်တိုးနဲ့ တောလည်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့တာပါ''

''သိပ်ဆန်း ... ဒါမှ ပိုဆန်းသေးဗျာ၊ ဟား ဟား ဟား''

ဒေါက်တာရန်နိုင်စိုးသည် အမြဲတမ်း နောက်ပြောင်ပျော်ရွ နေတတ်သူပီပီ နောက်ရင်းပြောင်ရင်းဖြင့်ပင် လူရဲအား လိုအပ်သ ကနေတာ နောက်ဆုံး ဗိုက်ကိုချုပ်၍ ပြီးစီးသွားတော့၏။ ဟန်တ သွားခေါ်သဖြင့် ဦးကျော်စိုးနှင့်နော်လေးဖာတို့ စိုးရိမ်တကြ လိုက်လာကြသည်။

''ခင်ထားရော နေကောင်းရဲ့လား ဒေါ်လေး''

''ဟင် ... နင်မသိဘူးလား''

''ဗျာ ... ဘာဖြစ်လို့လဲဟင်၊ ခင်ထား ဘာဖြစ်လို့လဲ''

''ငါက နင်သိတယ်မှတ်လို့၊ ခင်ထား ဒီမနက်ပဲ ရထာ ပြန်သွားပါရောလား''

''ဟင် ... ဟုတ်လား၊ သူ သူ ကျွန်တော့်ကို ဘာမှ မသွားဘူး ဒေါ်လေးရဲ့၊ အေးလေ ... အရင်ရက်တွေတုန်းက ပြန်ရဖို့နီးလာပြီလို့ အပြောသား။ ကျွန်တော်က ဒီလော မြန်မြန်ပြန်လိမ့်မယ် မထင်မိလိုက်ဘူး''

''သြော် ... နင့်ဖို့ စာအိတ်တစ်အိတ် ပေးသွားတယ်''

''ဟင် ... ဟုတ်လား၊ ဘယ်မလဲ ဒေါ်လေး''

''ဟဲ့ ညနေတစ်ခေါက်လာမှ ယူခဲ့မယ်၊ အိမ်မှာကျန်ခဲ့တယ်''





''မေ့မလာနဲ့ဦးဗျာ''

''အေးပါဟဲ့''

ဦးကျော်စိုးက သူ့ဆေးတံကြီးခဲကာ တူဝရီးနှစ်ယောက်အား ကြည့်နေ၏။

''ကဲ ... နော်လေးဖော ... ဟန်တိုးကို အိမ်ခေါ်သွား။ ရေမိုးချိုး ထမင်းစားပါစေကွာ၊ ငါ လူရဲနားမှာ စောင့်နေရစ်မယ်၊ လိုက်သွားလေ ဟန်တိုး၊ မင်းတစ်ကိုယ်လုံးလည်း ညစ်ပတ်နေတာပဲ''

''လူရဲ ... ဒေါ်လေးသွားမယ်နော်၊ ခု နင်စားချင်တာပြော၊ ငါလုပ်ပေးမယ် ကြားလား''

''ရပါတယ် ဒေါ်လေး။ နောက်တစ်ခေါက်လာရင် ခင်ထားစာ ယူလာပေးပါ၊ မမေ့ပါနဲ့ဗျာနော်''

''အေးအေး ... ယူခဲ့မယ်၊ လာ ... ဟန်တိုးသွားကြစို့''

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

ထိုနေ့ နေ့လယ်ပိုင်း ကိုတင်ထွန်း၊ ဦးခင်ဇော်၊ နော်အယ်လာ၊ နော်လေးတာဆုနှင့် နော်လေးဂေးတို့ ဝါးပြန်တောင်ရွာမှ အိမ်ပြန်ရောက်လာကြ၏။

ရောက်ရောက်ခြင်း သမက်အကြောင်းကို သိလိုက်ရသည့်အတွက် လွန်စွာစိတ်ဆိုးမိခဲ့၏။

မင်္ဂလာဦးညသို့ သတို့သမီးဖြစ်သူအား ပစ်ပယ်ကာ မုဆိုးတစ်ယောက်နှင့် တောလည်ထွက်ခဲ့သော လူရဲအား ဒေါသဖြစ်လွန်း၍ တုတ်နိုင်လျှင် အမှုန့်ကြိတ်လိုစိတ်ပင် ပေါ်ခဲ့ရသည်။

မိခင်ဖြစ်သူ နော်အယ်လာမှာ မိန်းမသားပီပီ စိတ်ရှုပ်ရသည့် သမက်အပေါ် စိတ်ကွက်မိသော်လည်း မျက်နှာရှိသော်လည်းကောင်း





အပြောအဆိုရှိသော်လည်းကောင်း၊ တစ်စွန်းတစ်စမျှ မထုတ်ဖော်မိရန် ဦးခင်ဇော်အား သတိပေး၏။ ဦးခင်ဇော်တို့လူစု မှုံသို့ လိုက်သွားသည်။

ဦးခင်ဇော်နှင့်နော်အယ်လာတို့ လူရဲ၏အခန်းသို့ ဝင်သွားချိန်တွင် နော်လေးတာဆုမှာ အံကလေးကြိတ်၍ ကားလက်ကိုင်ဘီးကို တင်းကျပ်စွာ ဆုပ်ကိုင်ရင်း ကားထဲတွင် ကျန်ရစ်ခဲ့၏။

ကိုတင်ထွန်းနှင့် နော်လေးဂေးတို့က လူရဲအား ခဏဝင်ကြည့်ပြီး အခြေအနေမေးကာ ပြန်ထွက်လာကြသည်။ သူတို့နှစ်ယောက်အားနောက်ခန်းထဲ ဝင်လိုက်သည်နှင့် နော်လေးတာဆုသည် ကားကိုတစ်ရှိန်ထိုး မောင်းထွက်ခဲ့၏။

ရင်ထဲမှာ မကျေနပ်စိတ်၊ မနာလိုစိတ်နှင့် အမျက်ဒေါသတို့က ကြီးစိုးနေသဖြင့် မနေ့ကမှ လက်ထပ်ထားသော အသစ်စက်စက်ခင်ပွန်းအား ဝင်ကြည့်ရန် စိတ်ကူးပင်မထည့်မိချေ။

ဦးခင်ဇော်ဝင်လာသောအခါ မှိန်းလျက်ရှိသောလူရဲက သက်သက်သာသာ ခေါင်းထောင်ကြည့်သည်။

"အန်ကယ်နဲ့အန်တီပါလား"

ဦးခင်ဇော်က သူ့ခေါင်းကိုသာ တစ်ချက် ဆတ်ခနဲညိတ်ပြကာ လူရဲ၏အင်္ကျီကိုလှန်၍ ဗိုက်တွင်စီးထားသော ပတ်တီးများကိုကြည့်၏။ နော်အယ်လာက သမက်၏နဖူး၊ ပါးပြင်များကို ညင်သာစွာ စမ်းကာ–

"ဘယ့်နှယ်နေလဲ သားကြီး"



www.burmeseclassic.com

www.burmeseclassic.com



ကြင်နာသံနှင့် မေးသည်။

"ခုတော့ သိပ်နာနေတာပဲ အန်တီ။ သေတော့မယ့် အတိုင်းပဲ ပြန်မကောင်းတော့ဘူး ထင်ပါရဲ့"

"မင်းက စိတ်ထင်ရာဖွတ်လုပ်တာကိုးကွ၊ နော်လေးတာဆု ကလည်း ခုထိ စိတ်ကောက်တုန်းပဲ၊ အဖေတို့ကို ဒီမှာ ချပေးခဲ့ပြီး အိမ်တန်းပြန်သွားလေရဲ့"

"အို ... ဒါက မိန်းကလေးကိုး၊ မကျေနပ်ရင် စိတ်ကောက် မှာပဲပေါ့ရှင့်၊ တော်ကြာ သူ့ယောက်ျားချော့တော့လည်း ပြေသွား မှာပါ သားကြီးသာ စိတ်ရှည်စေချင်ပါတယ်ကွယ်"

"အေး ... ဟုတ်တယ်၊ နောက်ဆုံးပြေလည်တာပဲ အန်ကယ် တို့ တွေ့ချင်တယ်၊ မင်းတို့နှစ်ယောက်က ဘာကြောင့်ပဲ လက်ထပ်ယူ လက်ထပ်ရ အကြောင်းလင်မယားဖြစ်နေကြပြီ။ ချစ်ချစ်ခင်ခင် နေကြစေ ချင်တယ်၊ အန်ကယ်က ဘုရားရှိခိုးကျောင်းမှာ ပြန်ပြီး ခမ်းခမ်းနားနား လက်ထပ်ပေးဖို့ အစီအစဉ်လုပ်ထားတာ၊ ခုပုံအတိုင်းဆိုတော့ ရက်ရွှေ့ ရတော့မှာပဲပေါ့ကွာ"

ဦးခင်ဇော်သည် ဒေါက်တာရန်နိုင်စိုး၏အိမ်ဘက်သို့ ကူး သွားပြီး သမက်အခြေအနေကို စုံစမ်းသည်။

"နှောင့်ယှက်တယ်တော့ မထင်ပါနဲ့ ဒေါက်တာ၊ ကျွန်တော် သမက်ဒဏ်ရာနဲ့ ပတ်သက်လို့ နည်းနည်းပါးပါး မေးခွင့်ပြု





င်ပါတယ်"

"ဩော် ... မေးပါ မေးပါ၊ ဘာများ သိချင်လို့လဲ"

"ဒီလိုပါ၊ နော်လေးတာဆုနဲ့ လူရဲကို ဘုရားရှိခိုးကျောင်း ပြန်ပြီး ခမ်းခမ်းနားနား လက်ထပ်ပေးဖို့ အစီအစဉ်ကလည်း နေသေးတော့ လူရဲဒဏ်ရာနဲ့ပတ်သက်ပြီး သိပါရစေ"

"ဒါက ဒီလိုရှိပါတယ် အန်ကယ်၊ ဒဏ်ရာအကြီးအသေး တိမ်အနက်အလျှော့ ကုသမှုအချိန် ကြာတတ်တာပေါ့လေ၊ အခု ဒဏ်ရာကလည်း လုံးဝ အကင်းသေဖို့ဆိုရင် မှန်းခြေ သုံးလ လောက်တော့ ကြာပါလိမ့်မယ်"

"ပြီးတော့လည်း အဲဒီအချိန်အတောအတွင်းမှာ နော်လေး ဆုနဲ့ တခြားစီ၊ အဲ ... တစ်ခန်းစီခွဲအိပ်ဖို့ လိုအပ်ပါတယ်၊ လောက်ဆို အန်ကယ်လည်း နားလည်မှာပါ။ သူ့ဒဏ်ရာက ဗိုက် ဘက်ပိုင်း တော်တော်ကျလေတော့"

ဒေါက်တာရန်နိုင်စိုးက စကားစဖြတ်ကာ ဦးခင်ဇော်၏ သို့ သူ၏လူနာအကြောင်းကို တိုးကပ်၍ တစ်စုံတစ်ရာ တီးတိုး ဆို ရှင်းပြလိုက်လေ၏။

"အင်း ... အန်ကယ်လည်း နားလည်ပါပြီလေ၊ ဒီလိုဖြင့် ကို ဘုရားရှိခိုးကျောင်းမှာ ထပ်ပြီး လက်ထပ်ပေးဖို့ အစီ လည်း လောလောဆယ်တော့ မဖြစ်နိုင်ဘူးဆိုပါတော့ ဒေါက်



www.burmeseclassic.com

www.burmeseclassic.com



တာ''

''သြော် . . . ပြီးတော့ ခုန ဒေါက်တာပြောတဲ့ကိစ္စလေး သူ့ဒဏ်ရာ လုံးဝပျောက်ဖို့ . . . အေးလေ လေးငါးခြောက်လလောက် ဆိုရင် နဂိုအတိုင်း ပြန်ဖြစ်နိုင်ကောင်းပါရဲ့ဗျာ၊ ဟုတ်လား''

''ဟာ . . . ပြန်ကောင်းပါတယ်၊ စိတ်ချပါ အန်ကယ်။ အလွ ဆုံး ငါးလလောက်ပါပဲ၊ အဲ အဲ . . . ဒီငါးလနောက်ပိုင်းမှာလည် သူတို့ဟာ တကယ့်အကြင်လင်မယား ဖြစ်နိုင်ပါလိမ့်မယ်၊ ဒီအတွင် မှာတော့ စောစောက ပြောပြီးသလိုပါပဲ''

ဦးခင်ဇော်က ခေါင်းတညိတ်ညိတ် နားထောင်နေရာ နှုတ်ဆက်ကာ ခွင့်တောင်းပြီး လူနာထားရာ ဆေးခန်းဘက်သို့ ကူးသွား၏။

ထို့နောက် သမက်ဖြစ်သူနှင့် အတန်ကြာအောင် စကာ ပြောပြီး သမီးငယ် နော်လေးဂေး လာကြိုသောကားဖြင့် ပြန်သွ ကြလေသည်။

ဦးခင်ဇော်တို့ ပြန်သွားသောအခါမှ ဦးကျော်စိုးသည လူရဲ၏ခုံဘေးတွင် နီးနီးကပ်ကပ်ထိုင်၍ အသံကိုနှိမ့်ကာ စဝ စကားပြော၏။

''လူရဲ . . . မင်းကို ဦးလေး ပေးစရာတစ်ခုရှိတယ်''

''ဘာများလဲ ဦးလေး''

''သေတ္တာကလေးတစ်လုံး''





''ဗျာ . . . သေတ္တာ၊ ဘာသေတ္တာလဲ ဦးလေး''

''မင်းအဖေ မသေခင်က ဒေါ်လေးနဲ့ငါ့ဆီအပ်ခဲ့တဲ့ သေတ္တာ။ ဒီသေတ္တာကို တို့လည်း ဖွင့်ကြည့်ခွင့်မရှိဘူး။ မင်း လက်ထပ်ပြီး နောက်တစ်နေ့မှာ မင်းလက်ထဲကို မဖြစ်ဖြစ်အောင် ဘယ်လောက်ပဲ ဝေးကွာတဲ့အရပ်မှာ နေသည်ဖြစ်စေ၊ ငါကိုယ်တိုင် အပ်ရမယ်လို့ မှာသွားတယ်၊ ဒီနေ့ဟာ မင်းလက်ထပ်ပြီးတဲ့ နောက်တစ်နေ့ပဲ၊ မင်း ဘာပဲဖြစ်နေဖြစ်နေ၊ ကောင်းကောင်း စကားပြောနိုင်တယ်၊ သတိတွေ လည်း ကောင်းနေတာပဲ၊ ဝက်ပက်တဲ့ဒဏ်ရာကို အကြောင်းပြုပြီး ရက်ရွှေ့လို့မရဘူး၊ ဒါကြောင့် သူ့အမှာစကားအတိုင်း မလွဲမသွေ ငါဆောင်ရွက်ရမယ် မင်းလက်ထဲကို ဒီနေ့ ငါ မှချဆက်ဆက် ပေးအပ်ရ မယ်ကွ''

''အဖေက ဥယျာဉ်ထဲသွားရင်း ရုတ်တရက် ဆုံးတာဆို။ အဲဒီတုန်းက ကျွန်တော် မုံရွာမှာ ဆယ်တန်းဖြေတော့မယ့်ဆဲဆဲပဲ၊ ဒါပေမဲ့ . . . ဦးလေးကို ကြိုတင်ပြီး မှာခဲ့တယ်ဆိုတော့ သူ သေမှာ ကြိုတင်ပြီး သိနေလို့ပေါ့ ဟုတ်လား''

''မှန်တယ် လူရဲ၊ မင်းအဖေက မသေခင်တည်းက ကြိုပြီး သူသေမယ့်ရက်ကို မှန်းဆနိုင်ခဲ့တယ်၊ ဒါဟာလည်း ထူးခြားမှုတစ်ခု ပေါ့ကွာ''

''အဖေဆုံးတော့ ဦးလေးနဲ့ဒေါ်လေးတို့က မော်လမြိုင်မှာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ ဘယ်လိုလုပ်ပြီး ဦးလေးနဲ့ ဒေါ်လေးကို ဒီသေတ္တာအပ်ခဲ့သလဲ''

''သူဆုံးမှ အပ်တာမဟုတ်ဘူးကွ၊ မဆုံးခင်ကတည်းက အပ်ထားတာ၊ မော်လမြိုင်ကို သူကိုယ်တိုင်လာပြီး တို့ကိုအပ်သွားတယ်၊ တို့မှာဖြင့် ပေးလိုက်ရတဲ့ ကတိတွေ၊ ဆိုလိုက်ရတဲ့ သစ္စာတွေ၊ ခုတောင် ပြန်တွေးရင်-ကြက်သီးထသေးဟေ့''

''ကဲ ... ဘယ်မှာလဲ ဒီသေတ္တာ၊ အိမ်မှာလား။ အဝေးမှာ သိမ်းထားတာလား။ ခုနေ လိုက်ကြည့်ဖို့တော့ ဒေါက်တာက ခွင့်ပြုမယ်မထင်ဘူး''

လူရဲသည် သိချင်စိတ်ထက်သန်လှသဖြင့် လှဲနေရာမှ ချက်ချင်းပင် ထထိုင်လိုက်မိ၏။

''အိပ်နေစမ်းပါကွ လူရဲ၊ ငါပေးမှာပေါ့၊ အခု ပါလာတယ်၊ သေတ္တာက သေးသေးလေးပါကွ''

ဦးကျော်စိုးသည် သူ၏ ကြီးမားပွယောင်းသော ကုတ်အကျႌ ဟောင်းကြီး၏ အတွင်းအိတ်ထဲသို့ လက်နှိုက်ကာ သေတ္တာ သေးသေးလေးတစ်လုံးကို ထုတ်ယူလိုက်၏။

''ရော့ ... အဲဒီသေတ္တာလေးပဲ''

လူရဲသည် စိတ်ဝင်စားစွာဖြင့် သေတ္တာငယ်ကို ကိုင်တွယ် ကြည့်ရှုလျက်ရှိ၏။

သေတ္တာမှာ အလျား လေးလက်မ၊ အနံ သုံးလက်မ၊ အမြင့်





...လက်မသာ ရှိမည်ဟု စိတ်ဖြင့် တိုင်းတွာနေမိသည်။

ဘာသေးမှ သုတ်မထားဘဲ မွှေးကြိုင်သော သစ်သားတစ်မျိုး ... ပြုလုပ်ထား၏။ နီကြင်ကြင်အရောင်ရှိ၍ ပြောင်လက်ချောမွေ့ ...သည်။

မွှေးသောအနံ့များ ရှူဝါးပြင်းထန်လှသဖြင့် သူ၏ နှာခေါင်းဖြင့် ...လျက် ရှူရှိုက်မှသာ သင်းကြိုင်မွှေးပျံ့သောရနံ့ ကို ပို၍ ရနိုင်၏။

ထိုသေတ္တာလို အထက်မှန်း၊ အောက်မှန်းမသိသော ...တ္တာမျိုး လူရဲ တစ်ခါမှမမြင်ဖူးပေ။

အဖုံးနှင့်သေတ္တာအောက်ခံ အံအကြားမှာ အသေအချာ ...ည့်ပါမှ သေးငယ်လှသော မျဉ်းကြောင်းငယ်တစ်ခုအဖြစ် ရေးရေး ...၏။

စရွေးကိုက် သေသပ်လှစွာ မည်သူများ ပြုလုပ်ခဲ့ပါသနည်း။ ...တ္တာတစ်ခုလုံး ပြောင်ချောဖြစ်၍ သေတ္တာအလျားနံဘေး မျက်နှာ ...လယ်တည့်တည့်တွင်သာ သေးငယ်သောအပေါက်ဝိုင်းကလေး ...ခု ရှိနေ၏။

''ဒါ သော့ပေါက်ပဲ ဦးလေး၊ ဘယ်လိုဖွင့်ရမယ် မသိပါ ...''

''အေးကွ ... ငါ့ကို မင်းအဖေကလည်း သေတ္တာသာ ...တာ၊ သော့မပေးခဲ့ဘူး''



www.burmeseclassic.com

www.burmeseclassic.com



''သော့ ... ဟာ ဟုတ်ပြီ၊ သတိရပြီ။ ကဲ ဦးလေး ... အိမ်တစ်ခေါက်ပြန်လိုက်ပါဦး၊ ကျွန်တော့်အခန်းထဲက ကျားသား ခါးပတ် သွားယူပေးစမ်းပါ။ အခန်းထဲ စားပွဲပေါ်က ပလတ်စ ပန်းအိုးထားတဲ့ ပန်းအိုးရှည်ရှည်ရှိတယ် မဟုတ်လား။ အဲဒီပန်း ဖယ်လိုက်ပြီးမှ အောက်ဆုံးမှာခွေထည့်ထားတဲ့ ကျားသားရေခါးပတ် ယူခဲ့ပါ၊ ဟုတ်လား ဦးလေး''

''အခုလားကွ''

''အခုပေါ့ ဦးလေး။ မြန်မြန်လည်း ပြန်ခဲ့နော်၊ ဩော် ပြီး ခင်ထားစာလည်း တစ်ခါတည်း ဒေါ်လေးဆီကတောင်းခဲ့ပါဦး''

''အေး ... အေး''

ဦးကျော်စိုးသည် ဆေးခန်းအပြင်ဘက် လမ်းထောင့် တွေ့သော ဆိုင်ကယ်ကယ်ရီဖြင့် အိမ်သို့ပြန်ခဲ့၏။ အိမ်တွင် နော် ဖော့မှာ လူနာအတွက် ကောင်းနိုးရာရာလေးများ ချက်ပြုတ်စီမံ

''ဟင် အယ်ဒီး ... ဘာဖြစ်လို့ ပြန်လာတာလဲ၊ လာမှ လူချင်းလဲမယ်ဆိုပြီးတော့။ ဟန်တိုးတော့ လူရဲအခန်း တခေါ်ခေါ်နဲ့ အိပ်နေလေရဲ့''

''လူရဲက သူ့ခါးပတ် လာယူခိုင်းလိုက်လို့ကွ''

''ခါးပတ် ... ဘာလုပ်ဖို့လဲ အယ်ဒီ''

''ငါလည်း မသိဘူး၊ ဒါနဲ့ ... ဟို ခင်ထားပေးခဲ့တဲ့ စာ





ပေးစမ်း၊ လူရဲမှာလိုက်လို့''

''ကြည့်စမ်း ... ဒီကောင်လေး ညနေကျ ယူလာမှာကို တောင် မစောင့်နိုင်ဘူး၊ ဒီမှာအယ်ဒီ ... ရှင့်တူချောက ခင်ထားကိုပဲ တာလားရှင့်၊ နော်လေးတာဆုကို နည်းနည်းမှ ချစ်ပုံမရဘူး''

''ဟာ ... မင်းကလည်း ကြံကြံဖန်ဖန်''

''ရှင်မသိပါဘူး အယ်ဒီရယ်၊ ခင်ထားအတွက်ဆို ပျာနေ အပဲ၊ လူရဲ ခင်ထားကိုချစ်တယ်ဆိုတာ တကယ်ပဲ အယ်ဒီ''

''ဒါပေမဲ့ ... ငါ့တူဟာ လူမှုရေးသစ္စာဖောက်တစ်ယောက် တော့ ဘယ်တော့မှမဖြစ်ဘူး၊ နော်လေးတာဆုနဲ့က မင်းတို့ စကော ရင်ရိုးရာထုံးစံအတိုင်း အခိုင်အမာ လက်ထပ်ပြီးမှပဲဟာ၊ ကဲ ... ငါ ပတ်ယူပြီး သွားပေးလိုက်ဦးမယ်''

ဦးကျော်စိုးသည် လူရဲ၏အိပ်ခန်းထဲရှိ စားပွဲပေါ်မှ တ်စတစ်ပန်းအိုးအောက်ခြေတွင် သေသပ်စွာ ခွေလိပ်ထားသော ကျားသားရေခါးပတ်ကို ထုတ်ယူကာ အပြင်သို့ ထွက်ခဲ့၏။

ခါးပတ်နှင့် စာအိတ်ကိုရသောအခါ လူရဲသည် ခါးပတ်ကို ရာအောက် အတွင်းပိုင်းကျကျတွင် ဦးကျော်စိုးအား သိမ်းခိုင်း လိုက်ပြီး စာအိတ်ကို အလျင်ဖောက်ခိုင်း၏။

ဦးကျော်စိုးသည် လူရဲအလိုကျ ခင်ထားမြင့်ပေးခဲ့သော အိတ်ကိုဖောက်လိုက်ရာ စာမျက်နှာတွင်းမှ တစ်ထောင်တန်



www.burmeseclassic.com

www.burmeseclassic.com



များနှင့်အတူ စာခေါက်ကလေးတစ်ခု ထွက်လာ၏။

ငွေ တစ်သိန်းရှစ်သောင်းကို ပြန်ပေးခဲ့ပါတယ်၊ ပြန်ပေ

လို့ စိတ်ဆိုးတယ်ဆိုရင် မင်းနဲ့ နော်လေးတာဆုရဲ့ လက်

ထပ်ပွဲအတွက် ကိုယ် လက်ဖွဲ့တယ်လို့ပဲ သဘောထားစေချ

တယ်၊

ဒီစာနဲ့ပဲ နှုတ်ဆက်ခဲ့ပါတယ်၊

မင်းရဲ့ကျေးဇူးတွေ၊ အကြင်နာတွေကို တစ်သက်မမေ့ပါဘူး

မင်းတို့အိမ်ထောင်ရေး သာယာချမ်းမြေ့ပါစေ။

ခင်ထား

"ခင်ထားရယ် . . . မင်းလေ မင်း"

သည်အမည်ကို နှုတ်မှ မဖွင့်ဟဘဲ ရွတ်ဆိုကာ လူရဲသည်

ရင်ထဲမှာ ဆတ်ဆတ်ခါ နာကျင်နေမိ၏။

တစ်ထောင်တန်များကို ဆုတ်ဖြဲပစ်ချင်၏။

အို . . . ဘယ်လိုမှန်းမသိ။

ခင်ထား တကယ်ပင် ဂန့်ဂေါ်သို့ ရုတ်ခြည်းပြန်သွား

ဆိုသောအခါ သူ့ရင်ထဲမှာ ဖြောင်းဆန်လုမတတ် နာကြည်းတုန်ယ

နေတော့၏။

"ဦးလေး"

"ဘာပြောချင်လို့လဲ လူရဲ"





"ဒီသေတ္တာလေးကို ကျွန်တော် နေကောင်းမှာပဲ ဖွင့်ဖို့ ကြိုးစားတော့မယ်၊ ထူးထူးဆန်းဆန်းမွေးနေတာကြောင့် အဖေက ကျွန်တော့်ကို လက်ဆောင်ပေးခဲ့တာနဲ့ တူပါတယ်"

"ငါ့အထင်တော့ ဒီထက်လေးနက်တဲ့အကြောင်း ရှိလိမ့်မယ်လို့ ထင်တယ်၊ အေးလေ . . . ဒါကတော့ မင်းစဉ်းစားရမယ့်အပိုင်းပေါ့၊ မင်းကို သေတ္တာအပ်ပြီးလို့ ငါတို့ တာဝန်ကျေပါပြီ"

"ဒီသေတ္တာလေးအကြောင်းကို ဦးလေး ဘယ်သူ့များ ပြောမိသေးသလဲဗျာ"

"ဘယ်သူ့မှ မပြောမိခဲ့ပါဘူး လူရဲ၊ မင်းရဲ့ဒေါ်လေးကိုလည်း ဒါ ပိတ်ထားတယ်၊ မင်းအဖေကလည်း မင့်လက်ထဲ မရောက်မချင်း ဘယ်သူ့မှ မပြောရဘူးလို့ မှာခဲ့တာကလားကွ"

"ကျေးဇူးတင်ပါတယ် ဦးလေး။ နောက်လည်း ဒီအကြောင်း ဘယ်သူ့မှမပြောဖို့ ကျွန်တော်ထပ်ပြီး တောင်းပန်ပါရစေ၊ ဒေါ်လေးကိုလည်း အိမ်ရောက်တာနဲ့ ကြိုပြီးပိတ်ထားပေးပါ။ ဘယ်လိုမှ မအောက်မေ့ပါနဲ့ ဦးလေးရယ်၊ ကျွန်တော့်တာဝကို ကျွန်တော် သံသယဖြစ်နေလို့ပါ။ ပြီးတော့ အဖေ့မှာ ရန်သူများ ရှိခဲ့ဖူးလေသလား၊ အဲဒါ ကျွန်တော် စဉ်းစားနေမိတယ်၊ နောက်တစ်ချက်ကလည်း ဦးခင်ဇော်က ရှေ့ဆက်ပြီး ကားပဲ မောင်းနိုင်းရင်တော့ တော်သေးတာပေါ့၊ သူ့ရဲ့ မှောင်ခိုအလုပ်တွေမှာ ခိုင်းရင် ဘယ်နည်းနဲ့မှ ကျွန်တော် မလုပ်နိုင်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စိတ်နဲ့ တကယ့်ဆန့်ကျင်ဘက်။ ဘယ်လို ရှောင်လွှဲရမယ် ဆိုတာ မစဉ်းစားတတ်သေးဘူး၊ သူတို့တိုက်ပေါ်လည်း ကျွန်တော် လိုက်မနေချင်ဘူးဗျာ''

စိတ်ရှုပ်ထွေး နောက်ကျိလွန်းပုံဖြင့် ကြံရာမရ ညည်းညည်း ညူညူ ပြောနေသော လှုရဲအား ဦးကျော်စိုးသည် နှစ်သိမ့်စရာစကားရှာ မတွေ့ချေ။

သူကိုယ်တိုင်ပင် လှုရဲအား ဦးခင်ဇော်၏အလုပ်တွင် ပါဝင် မလုပ်ကိုင်စေလို။

သို့သော် ဦးခင်ဇော်သည် သူ့သမက်လှုရဲအား စေလိုရာစေ၊ ခိုင်းလိုရာခိုင်းနိုင်သည့် အခြေအနေကို သမီးပေး၍ ရယူဆုပ်ကိုင် ထားပြီး မဟုတ်ပါလား။

❑ ❑ ❑

## အခန်း (၁၉)

လှုရဲ ခေါင်းမာ၏၊ ပြတ်သားရဲဝံ့၏၊ ယောက္ခမပေမယ့် လွယ်လွယ်နှင့် အလျှော့ပေးမည့်လူစား မဟုတ်ပေ။

''ဒီလိုဖြစ်နေတာတွေဟာ တင်ဦး တရားခံပဲ၊ ကျွန်တော့် စေတနာကို သူ မထောက်ဘူး။ နော်လေးတာဆုကို သူရှောင်သွားရင် ပြဿနာဟာ ကျွန်တော့်ခေါင်းပေါ် ပိတော့မယ်ဆိုတာ သူလည်း သိပါတယ်လေ''

ဦးကျော်စိုးသည် လှုရဲအား စိတ်မောစွာဖြင့် ပြောဆိုလိုက်မိ ပေ၏။

''လှုရဲ . . . ဒါတွေ ပြန်မစဉ်းစားနဲ့တော့။ ငါ အကြံတစ်ခု ပေးမယ်၊ ဟိုင်းလက်ကားကို ငွေအကြေချေပြီး မင်းဘာသာ



www.burmeseclassic.com

www.burmeseclassic.com



လွတ်လွတ်လပ်လပ် ကိုယ်ပိုင်စီးပွားရှာရင် ကောင်းမယ်၊ ကိုယ့်စီးပွား နဲ့ကိုယ်ဆိုတော့ ဦးခင်ဇော်နိုင်းဖတ် မဖြစ်ဘူးပေါ့ကွာ''

''ဟုတ်တယ် ဦးလေး။ ဒါပေမဲ့ . . . အခုတော့ အဲဒီလို မဖြစ်နိုင်တော့ဘူး''

''ဘာဖြစ်လို့လဲကွ''

''တင်ဦးကြောင့်ပဲပေါ့၊ သူ ကျွန်တော့်ဆီ လာတုန်းက သူမှာ အရေးတကြီး ငွေလိုလို့ သိန်းနှစ်ဆယ်လောက် လှည့်ဖို့ ပြောတယ်၊ ကျွန်တော့်မှာလည်း ဦးလေးသိတဲ့အတိုင်း ကားကို အရစ်ကျဆပ် နေရတာပဲ၊ ဘယ်မှာ ငွေပိုရှိပါ့မလဲဗျာ၊ ရသမျှလည်း သူ့ဟာပဲ၊ အဲဒါ ဦးလေးအမြင်ပဲ၊ ဒါကြောင့် သူ့ကို မကူညီနိုင်ဖြစ်နေတယ်၊ အဲဒီအတွက် ကျွန်တော် စိတ်မကောင်းဖြစ်ရတယ်၊ တင်ဦးလည်း တော်တော်စိတ် ညစ်သွားပုံပဲ၊ ဒါနဲ့ သူမပြန်ခင် တစ်နေ့မှာ ဘာပဲဖြစ်ဖြစ် သူ့ကို ဖြစ် တဲ့နည်းနဲ့ကျွန်တော်ကူညီမယ်လို့ ဆုံးဖြတ်ပြီး အန်ကယ် ဦးခင်ဇော်မှာ ကားဖိုးသွင်းထားတဲ့ အရစ်ကျငွေနှစ်ဆယ့်ငါးသိန်းလုံး ပြန်တောင်း လိုက်တယ်''

''ဟင် . . . ဒါဖြင့် မင်း ဟိုင်းလပ်ကား မဝယ်တော့ဘူးဆိုတဲ့ သဘောပေါ့''

''ဟုတ်တယ် ဦးလေး။ ဒီသဘောပဲ၊ အန်ကယ်ဦးခင်ဇော် ကလည်း ဘာဘာညာညာတွေ မမေးတော့ တော်သေးတာပေါ့





ကျွန်တော်လည်း ကားမလိုချင်တော့ဘူး၊ အငှားမောင်းတာပဲ ကောင်းတယ်လို့ ပြောလိုက်ရတယ်၊ မျက်နှာတော့ပူတာပေါ့လေ၊ မတတ်နိုင်ဘူး၊ တင်ဦးကိုကူညီဖို့ ဒီတစ်နည်းပဲရှိတယ်''

''ဒါဖြင့် . . . မင်း တင်ဦးကို သိန်းနှစ်ဆယ် ပေးလိုက်တယ် ပေါ့၊ ဟုတ်လား လူရဲ''

ဦးကျော်စိုးက ငြိမ်နားထောင်နေရာမှ လှုပ်လှုပ်ရှားရှား ဖြစ်လာကာ မေးလိုက်၏။

''ဟုတ်တယ်၊ သူလိုတဲ့ငွေသိန်းနှစ်ဆယ်ကို ကျွန်တော် ပေးတယ်၊ ဒါပေမဲ့ . . . သူ မယူဘူး''

''ဟ . . . ဘယ်လိုလဲကွ၊ ငွေလိုလို့ လာတဲ့လူက ပေးပြန် တော့လည်း မယူဘူးလား''

''ဟုတ်တယ် ဦးလေး၊ သူ ယူမသွားဘူး၊ ငွေမလိုတော့ပါ ဘူးတဲ့၊ ဒါပေမဲ့ . . . သူ့ကိုကြည့်ရတာ စိတ်ထိခိုက်နေတဲ့ပုံပဲ၊ ငိုတော့ မလိုဘဲ၊ ကျွန်တော့်ကိုစိုက်ကြည့်ပြီး တုန်နေလိုက်တာ၊ ဒီကောင် ဘယ်လိုဖြစ်မှန်း မသိဘူး၊ ကျွန်တော်လည်း စဉ်းစားလို့မရဘူး''

''ဟုတ်လား . . . အဲလိုဆိုရင်တော့ ထူးတယ်''

''ဒီကောင်က လက်ထပ်ပြီး ခြေရာပျောက်သွားတယ်လေ၊ ကျွန်တော် ရှာမတွေ့အောင်ပဲဖြစ်မှာပေါ့၊ သူ လက်ထပ်တုန်းက ဖိတ်စာထဲမှာပါတဲ့ လိပ်စာတွေမှာ ရှာလို့မတွေ့ဘူး၊ တို့ကိုလန့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းပြေးပြီလို့ အန်ကယ်ဦးခင်ဇော် ပြောတာပဲ၊ မှန်မမှန် ကျွန်တော် တကယ်ရှာတော့မှ သိရမှာပေါ့လေ''

''အင်း ... တင်ဦး တင်ဦး ... ဘယ်လိုကြောင့်လဲတော့မသိဘူး၊ သူ့ကို ကျွန်တော် ကျောင်းမှာ စတွေ့တဲ့နေ့ကတည်းက သံယောဇဉ် ကြီးခဲ့, ခင်ခဲ့တယ်၊ အဲဒါတွေကို သူမငဲ့ဘူး၊ သူ့ပြဿနာတွေ ကျွန်တော့်ကို ပေးခဲ့တယ်''

''လူရဲရယ် ... ပေးလာတဲ့အခြေအနေထဲမှာ တော်သလို ကြည့်နေပါတော့ကွာ၊ နောက်ကြောင်းတွေ ပြန်မစဉ်းစားနဲ့၊ ပိုပြီး စိတ်မကောင်းဖို့ပဲရှိမယ်''

တူဝရီးနှစ်ယောက် အတွေးကိုယ်စီဖြင့် ငြိမ်နေခိုက် စေ့ထားသောအခန်းတံခါး ဟလာကာ နော်လေးဖေ ဝင်လာ၏။

''ဟန်တိုးကော ဒေါ်လေး၊ သူ့ကို သံပရာရွာကို ပြန်မလွှတ်လိုက်နဲ့ဦး၊ ကျွန်တော်က နေသင့်တဲ့အချိန်ကျမှ ပြန်ဖို့ပြောမယ်လို့ ပြောလိုက်ပါ''

''အေးပါဟဲ့၊ ဟန်တိုးဖြင့် အိပ်လိုက်တာသိုးလို့၊ ငါ ထွက်လာတာတောင် မနိုးလို့ တံခါးသော့ခတ်ထားခဲ့တယ်၊ နင် သက်သာသလိုနေ''

❑❑❑

## အခန်း (၂၀)

''ကဲ သားရေ ... အိမ်ကိုသာပြန်လိုက်ခဲ့ပေတော့၊ နော်လေးတာဆုလည်း စိတ်ပြေနေပါပြီ''

ဒေါက်တာရန်နိုင်စိုးဆေးခန်းတွင် လူရဲ ဆေးကုသခြင်း ကို ခံယူ၍ တစ်လပြည့်မြောက်သောနေ့တွင် ဦးခင်ဇော်နှင့် နော် အယ်လာ ရောက်လာကာ နော်အယ်လာက ပြောလိုက်ခြင်းဖြစ် သည်။

''ဟုတ်တယ် သားကြီး၊ ဒေါက်တာရန်နိုင်စိုးကို အဖေ မေးပြီးပြီ၊ ဆင်းမယ်ဆို ဆင်းနိုင်ပြီတဲ့''

''ဟုတ်လား အန်ကယ်၊ ကျွန်တော့်ဒဏ်ရာချုပ်ရိုးတွေက သိပ်မှမကောင်းသေးဘဲ၊ ကောင်းကောင်းလည်း ကျက်သေးပုံ မရပါဘူး၊ လုံးဝပျောက်တော့မှ ဆင်းရင် ပိုပြီးမကောင်းဘူးလား



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျာ''

''မင်းနဲ့ နော်လေးကို နောက်တစ်ခါပြန်ပြီး လက်ထပ်ပေးရမယ့်ကိစ္စကလည်း ရှိသေးတယ်၊ မင်း ဆင်းကို ဆင်းမှဖြစ်လိမ့်မယ်''

ဦးခင်ဖော်လေသံ အနည်းငယ်မာလာသဖြင့် လူရဲသည် ယောက္ခမဖြစ်သူအား စေ့စေ့ကြည့်လိုက်၏။

သည်တွင် နော်အယ်လာက တင်းမာလာမည့် အခြေအနေကို ဝင်၍ ထိန်းလိုက်၏။

''ဩော်ကွယ် ... သားကြီးကလည်း နော်လေးတာဆု စိတ်ကောက်နေတုန်းက ဒီကိုလာမကြည့်ပေမယ့် ခုဆို အိမ်လာနေပြီး မင်းကိုပဲ မျှော်နေရှာတာ၊ အဝယ် ဘယ်တော့ပြန်လာမလဲ၊ ပြန်လာမလဲနဲ့ နေ့တိုင်းပဲ မေးမေးနေတယ်၊ အနာကိုတော့ ဒေါက်တာရန်နိုင်စိုးက နေ့တိုင်း ဆေးလာထည့်ပေးပါလိမ့်မယ်၊ အန်တီပြောပြီးပါပြီ မယုံရင် မင်းကိုယ်တိုင် မေးကြည့်၊ ဟော ... ဒေါက်တာတောင် လူနာတွေ လိုက်ကြည့်နေပြီ၊ ကဲ ... ဒီအခန်းရောက်ရင်မေး''

နော်အယ်လာကပင် စတင်၍ –

''ဟောဒီမှာ ဒေါက်တာရေ ... ဒေါက်တာက အိမ်မှာနေနိုင်ပြီးပြောတာ အန်တီ့သားက မယုံဘူးတဲ့လေ၊ အဲဒါ တစ်ဆိတ်လောက် ကြည့်ပြောပေးပါဦး''





''ဟုတ်ပါတယ် ကိုလူရဲ၊ အိမ်ပြန်ချင် ပြန်နိုင်ပါပြီ။ အနာ
ဆေးထည့်ဖို့တော့ မပူနဲ့၊ နေ့ဖြစ်စေ၊ ညဖြစ်စေ ကျွန်တော် အားတဲ့
အချိန် လာကြည့်ရင်း ထည့်တာပေါ့''

''အဲ အဲ ... တစ်ခုတော့ရှိတယ်၊ ခင်ဗျား ငါးလလောက်
တော့ လူပျိုကြီးပဲ လုပ်နေရလိမ့်ဦးမယ်ဗျ''

''ဒီတစ်ချက် ခင်ဗျား အာမခံနိုင်ရင်တော့ ပြန်ပေတော့။
ငါးလဆိုတာ မကြာပါဘူးဗျာ၊ ခဏလေးနဲ့ ကုန်သွားမှာပါပဲ''

''အဲဒီအချိန်က လွန်မြောက်ရင်တော့ နဂိုပကတိအတိုင်း
ပြန်ဖြစ်သွားပါလိမ့်မယ်၊ ဘယ့်နှယ်လဲ ကိုလူရဲ ဖြစ်ပါ့မလား''

လူအားလုံးရှေ့တွင် ပွင့်လင်းစွာပြောချလိုက်သော ဒေါက်တာ
ရန်နိုင်စိုးစကားကြောင့် လူရဲမှာ မျက်နှာကြီးရဲတက်ကာ နော်အယ်
လာနှင့် စောဒွေးအား တစ်ချက်မျှ ဖျတ်ခနဲ ကြည့်လိုက်ပြီးမှ –

''ကျွန်တော့်အကြောင်း ဒေါက်တာက သိသားပဲဗျာ၊ ဒါ
... အသေးအဖွဲပါ ရပါတယ်''

''ကဲ ... လာဗျာ၊ လူရဲ ခင်ဗျား ပြန်မလိုက်ချင်တာ ကျွန်
တော် သိပါတယ်၊ ဒါပေမဲ့ ... ခက်တယ်ဗျာ၊ နောက်တစ်လလောက်
သာ သည်းခံစောင့်လိုက်ပါ။ ခင်ဗျားလိုချင်တဲ့အဖြေဟာ နော်လေး
တာဆုဆီက အလိုလိုပေါ်လာပါလိမ့်မယ်၊ ခင်ဗျားကို ကျွန်တော်
ကိုယ်ချင်းလည်း စာတယ်၊ တင်ဦးနဲ့ပတ်သက်ပြီး သိရပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားကို တကယ်ခင်မိပြီး သံယောဇဉ် ဖြစ်မိပါတယ်ဗျာ၊ ဘွဲ့မရှ
ကားမောင်းနေပေမယ့် ခင်ဗျားဟာ တော်တော်ထက်မြက်ရဲရင့်ပြ
သာမန်လူတွေထက် ထူးခြားတဲ့လူ တစ်ယောက်မှန်း အစကတည်းက
ကျွန်တော် အကဲဖြတ်မိပါတယ်''

''သင့်ခ်ယူ ဒေါက်တာ ... ကျွန်တော် သွားမယ်''

လူရဲသည် ဒေါက်တာရန်နိုင်စိုး၏ လက်နှစ်ဖက်ကို တင်း
ကျပ်စွာ ဆွဲယူဆုပ်ကိုင်ခါရမ်းပြီး ကျေးဇူးတင်စကားဆိုလျက် ဦးခင်
စောင့်နေရာသို့ ထွက်လာခဲ့၏။

သည်လိုနှင့်ပင် သူသည် ဘယ်သောအခါကမှ နေမည်ဟု
မမျှော်လင့်ခဲ့သော နော်လေးတာဆုတို့၏ ထည်ဝါခမ်းနားလှသည့်
တိုက်ကြီးပေါ်သို့ ရောက်ခဲ့ရ၏။

ကော်ဇောခင်းထားသော မဟော်ဂနီရောင် အနီရောင်
လှေကားမှ တက်လာခဲ့ပြီးနောက် အပေါ်ထပ်သို့ ခြေချမိလျှင်
လှေကား၏လက်ယာဘက်ရှိ အခန်းတစ်ခန်းဟာ ဖွင့်ထားသော
တံခါးမှနေ၍ ခမ်းနားအထက်တန်းကျလှစွာ ပြင်ဆင်မွမ်းမံထားသည်
မြင်လိုက်ရသည်။

ထို့ကြောင့်လည်း သူနှင့် နော်လေးတာဆုတို့၏မင်္ဂလာအိပ်
ခန်းမှန်း သူ နားလည်လိုက်သည်။

လူကြီးများမှာ မည်သူမှ အပေါ်ထပ်သို့ လိုက်မလာကြ





အပေါ်ထပ်အခန်းထဲမှနေ၍ နော်လေးတာဆုသည် လူရဲအား
စောင့်နေကြောင်းကိုသာ ပြောဆို၍ သူတစ်ယောက်တည်း အပေါ်
ထပ်သို့ လွှတ်လိုက်ခြင်းဖြစ်သည်။ အိပ်ခန်းထဲသို့ ခြေချမိသည်နှင့်
နော်လေးတာဆုက ချစ်စဖွယ်အပြုံးဖြင့် ဆီး၍ကြို၏။

အနည်းငယ်ပြည့်ဝလာသော ခန္ဓာကိုယ်နှင့် ဖိုပြည်လတ်ဆတ်
သော သူမ၏အလှအပများကို ပထမဦးဆုံးအကြိမ်အဖြစ် လူရဲသည်
မျက်နှာမလွှဲတမ်း ကြည့်နေလိုက်မိ၏။ ပြီးမှ ရုတ်တရက် ခက်ထန်သော
မျက်နှာထားသို့ ပြောင်းသွားကာ အခန်းတံခါးကို ဆွဲပိတ်လိုက်သည်။

နော်လေးတာဆုမှာ ရွှေရောင်လက်နေသော နှစ်ယောက်
အိပ် ကြေးခုတင်ကြီးအလယ်တွင် လဲလျောင်းနေရာမှ တရွေ့ရွေ့
တိုးကပ်လာသော လူရဲ၏ခက်ထန်သောမျက်နှာထားကြောင့် သူမ
မျက်နှာပေါ်မှ အပြုံးကလေးများပင် ပျောက်ကွယ်သွားကာ တန်ပြန်၍
ထိတ်ထိတ် ပြန်ကြည့်လိုက်လေသည်။

''ဒီအခန်းဟာ မင်းအတွက်လား၊ ငါ့အတွက်လား''

''နှစ်ယောက်စလုံးအတွက်ပဲ၊ ဒါဟာ သတို့သားနဲ့သတို့သမီး
မင်္ဂလာအိပ်ခန်းဆိုတာ ယူ မေ့နေသလား''

''ဒီကိစ္စ မဖြစ်နိုင်ဘူး၊ မင်းကို အမိုးက ဘာမှမပြောဘူး
လား။ ဒေါက်တာရန်နိုင်စိုး မှာလိုက်တဲ့စကားတွေ''

''မသိဘူး ... နော်လေးတာဆု ဘာမှမသိဘူး''



www.burmeseclassic.com

www.burmeseclassic.com



နော်လေးတာဆုသည် သည်းမခံနိုင်တော့သလို ကိုယ်ကလေးကို တစ်ပတ်လှိမ့်ကာ ခုတင်ထက်မှ ခုန်ဆင်းလိုက်ပြီး နောက်တစ်ချက် နှစ်ချက်မျှ ရွှေ့လိုက်မိ၏။

သည်လူနွစာလူရဲနှင့်တွေ့တိုင်း ဘယ်သောအခါကမှ အဆင်မပြေခဲ့၊ နှစ်ယောက်စလုံးကလည်း မာနကိုယ်စီနှင့် ဘယ်သူကမှ စ၍မလျှော့။

ယခုလည်း သူမက အပြုံးနှင့်ဆီးကြိုနေပါလျက် သူက ခက်ထန်နေ၏။ ဘယ်လို လူ့နွစာမှန်းမသိဘူး၊ ရုပ်ရည်ကို ချစ်နှစ်သက်မိသလောက် သူ့အပေါ် ဆက်ဆံရေးကို ခါးသီးစွာ မုန်းတီးမိ၏။

သည်နောက် တံခါးခေါက်သံ သဲ့သဲ့ကလေးပေါ်လာသဖြင့် လူရဲက "ဝင်ခဲ့လေ" ဟုဆိုလိုက်မှ နော်အယ်လာဝင်လာပြီး နော်လေးတာဆုအား ဖက်၍ အပြင်ခေါ်ထုတ်သွားသည်။ ခဏကြာမှ သားအမိနှစ်ယောက်စလုံး အခန်းထဲသို့ ပြန်ဝင်ခဲ့၏။

"ကဲကွယ် ... သမီးက ဒီအခန်းမှာပဲအိပ်။ လူရဲအတွက်တော့ အောက်ထပ်မှာ အခန်းပြင်နိုင်းထားပြီ။ အေးကွယ် ... ဒေါက်တာရန်နိုင်စိုး အမှာစကားကလည်းရှိလေတော့ မင်းတို့ချင်းငါးလတော့ ခွဲနေဦးပေါ့၊ ဟုတ်လားကွယ်"

"ကဲ ကဲ ... သမီးလည်း အိပ်တော့။ သားကြီးလည်း လာလာ အောက်ထပ်ဆင်းချည်တော့။ မင်း အဝတ်အစား အသုံးအဆောင် သေတ္တာကအစ အားလုံး ဦးကျော်စိုးလာပို့ထားလို့ ရောက်နေပါပြီ။ အင်း ... မင်းတို့အစား အမိုး ရင်မောလိုက်တာ"





နော်အယ်လာ စကားမဆုံးမီ လူရဲက လှေကားအလယ်သို့ ရောက်နေပြီးဖြစ်၏။ အောက်ထပ် လက်ယာဘက် စာကြည့်ခန်းနှင့် ကပ်လျက်အခန်းတွင် လူရဲအား နေရာပေးထားသည်။

အခန်းထဲရောက်သည်တွင် အဝတ်အစားပင် မလဲတော့ဘဲ အိပ်ရာထဲလှဲချကာ အကြောင်းချင်းရာစုံတို့ကို မျက်စိထဲဝယ် ဝဲလှည့်ခမ်းယူကြည့်နေမိသည်။

ချက်ချင်း စိတ်ကူးတစ်ခုရလာကာ လှဲနေရာမှ ထ၍ အခန်းတံခါးကို အသေအချာ ကန့်လန့်ချလိုက်ပြီး မီးချောင်းကိုပါ ပိတ်လိုက်၏။ စားပွဲတင်မီးအုပ်ဆောင်းမှ မီးခလုတ်လေး နှိပ်ချလိုက်ပြီး ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

မည်သူမှမသိအောင် ရှာကင်အင်္ကျီအတွင်းအိတ်ထဲ၌ ထည့်လာခဲ့သော သေတ္တာကလေးအား ထုတ်ယူလိုက်ကာ မီးရောင်အောက်တွင် ထားလိုက်ပြီး ခါးမှ ကျားသားရေခါးပတ်ကို ချွတ်လိုက်ပြန်သည်။

ထို့နောက် ခါးပတ်ခေါင်းထိပ်ရှိ ဝက်အူရစ်ငယ်ကို ဖြည်းညင်းစွာ လှည့်ဖွင့်၍ လက်ဝါးပေါ်သို့ ခေါက်ချလိုက်ရာ အတွင်းမှ သေးငယ်သော ဒန်ရောင်သော့ကလေးတစ်ချောင်း ထွက်ကျလာ၏။



www.burmeseclassic.com

www.burmeseclassic.com



လှူရဲသည် လက်ဝါးပြင်ပေါ်မှ သော့ကလေးအား အတန်ကြာ ငေးကြည့်ရင်း ဖခင်ကြီးအား သတိရမိ၏။

သူ ဆယ်တန်းဖြေရန် စာကျက်ပြင်ဆင်နေစဉ် တစ်နေ့ သံပရာရွာမှရောက်လာသော ဖခင်ကြီးသည် ကျားသားရေခါးပတ် တစ်ချောင်းကို သူ့အားပေး၍ ဘယ်သောအခါမှ မပျောက်မျ စေရန်နှင့် လုံခြုံစိတ်ချရသောနေရာ၊ မထင်သောနေရာများတွင် ထိုခါးပတ်ကို သိမ်းဆည်းထားရန် ခါးပတ်ခေါင်းထဲတွင် သော့ကလေး တစ်ချောင်းပါကြောင်း၊ တစ်နေ့သောခါ ထိုသော့ဖြင့် ဖွင့်ရမည့်အရာ သည် အလိုလိုရောက်လာမည့်အကြောင်းများကို ပြောသွားမှာကြား ခဲ့လေသည်။

ထိုအမှာစကားတို့မှာ ယခင်က အဓိပ္ပာယ်မဲ့သယောင် ပေမယ့် ယခု နက်နဲသောအကြောင်းခြင်းရာတစ်ခု၏ အဖွင့်နိဒါန်း သဖွယ် ဖြစ်၍လာသည်။

သိချင်ဇောက စိတ်ကိုတွန်းကန်နှိုးဆော်သည့်ကြောင့် လှူရဲသည် သော့ငယ်ကလေးဖြင့် သေတ္တာအား ဖွင့်လိုက်တော့၏။

သေတ္တာထဲတွင် ထူးဆန်းသည့်အရာများ ရှိကောင်းရှိလိမ့် မည်ဟု သူက မှန်းဆခဲ့သော်လည်း အထဲတွင် ထူးထူးဆန်းဆန်း ဘာမှမရှိပါ။ ကြေးနီရောင်သော့တစ်ချောင်းကို စာရွက်ဖြင့် ပတ်ထား ခြင်းကိုသာ တွေ့ရ၏။





''ဘာအဓိပ္ပာယ်ပါလိမ့်''

ကြေးနီရောင်သော့အား ပတ်ထားသည့်စာရွက်ကို ဖြေ လိုက်ရာ စာရွက်ပေါ်တွင် ဖခင်ကြီးလက်ရေးဖြင့် –

သားကြီး လှူရဲ

*မင်းလက်ထပ်ပြီးပြီဆိုရင် မင်းတစ်ယောက်တည်းရှိတဲ့အခါ မီးလင်းဖိုက မီးကို ငြိမ်းလိုက်ပါ။*

*စောထီးကော် (ခေါ်) စောလွင်*

''ရော . . . ဒီတစ်ခါမှ ခက်တော့တာပဲ၊ လက်ထပ်ပြီးသည် နှင့် မီးလင်းဖိုမှ မီးများကို သူတစ်ယောက်တည်း ငြိမ်းလိုက်ရမည် တဲ့''

ဘာဆိုလိုသနည်း။

သံပရာကျေးရွာ သူတို့အိမ်တွင်သာ မီးလင်းဖိုရှိ၏။ ဒါတောင် သံပရာတစ်ရွာလုံး သူတို့တစ်အိမ်တည်းသာ အခိုင်အခံ့ မီးလင်းဖို တည်ဆောက်ထားခြင်းဖြစ်သည်။

ထိုမီးလင်းဖိုကလည်း နွေ၊ မိုး၊ ဆောင်း မီးပြတ်သည် မရှိ။ ဖခင်ကြီးမရှိသည့်နောက်ပိုင်းတွင် လှူရဲ၏မိခင်သည် ခင်ပွန်းသည် မှာကြားဖူးသော –

''ငါမရှိတဲ့နောက်ပိုင်း ငါ့ကို အောက်မေ့တဲ့ အထိမ်းအမှတ်နဲ့ ဒီမီးလင်းဖိုကို ရာသီမရွေး မီးမငြိမ်းစေနဲ့'' ဟူသော စကားအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ထိုမီးလင်းဖိုကို မီးပြတ်သည်မရှိစေရ။

သူမကိုယ်တိုင် အမြဲစောင့်ကြည့် မီးထည့်ရင်း ကွယ်လွန်သွားပြီဖြစ်သော ခင်ပွန်းလင်အား သတိရလွမ်းဆွတ်နေတတ်၏။

လူရဲသည် မိခင်ကြီး ကွယ်လွန်သွားပြီးနောက်ပိုင်းတွင်လည်း ကရိုင်းကနိုင်ရွာ၌ ကျောင်းဆရာလုပ်နေသော်လည်း သံပုရာရွာရှိ သူတို့အိမ်အား မပစ်ထားခဲ့။

အဘိုးကြီးတစ်ယောက်ငှားကာ အိမ်စောင့်ထားသည်။ မီးလင်းဖို မီးမပြတ်အောင် ဂရုစိုက်စေ၏။ ကျောင်းဆရာအလုပ်မှထွက်ပြီး ကားမောင်းပြန်သောအခါတွင်လည်း ထိုအဘိုးကြီးကိုပင် သံပရာအိမ်၌ ဆက်လက်ထား၏။

ယခုတော့လည်း အိမ်စောင့်ကြီး အလုပ်ထွက်သွားပြီးနောက် သံပရာတွင် ခင်ထားအား အနားသွားယူစေသည်မှစ၍ ကြင်စိန်တို့ မိသားစုအား သူ၏အိမ်တွင်ပင် နေစေခဲ့၏။

မီးလင်းဖို မီးမပြတ်အောင် ထင်းထည့်ရသောအလုပ်ကို ကြင်စိန်အား တာဝန်ပေးထားခဲ့၏။

ယခု သူ့ဖခင်ကြီးသည် မီးမပြတ်စေခဲ့သော မီးလင်းဖိုမှ မီးများကို သားဖြစ်သူ လက်ထပ်ပြီးနောက်ပိုင်း၌ ငြိမ်းခိုင်းခဲ့လေပြီ။

မှောင်ထဲရှိ ကုလားထိုင်တွင် ငြိမ်သက်စွာထိုင်ရင်း တံခါးပေါက်ဆီ မျက်နှာမူပြီး ဖခင်ကြီး၏ဆိုလိုရင်းအနက်ကို စောကြော





နေမိစဉ် တံခါးအောက်ခြေဟနေသော နေရာလပ်ကလေးမှ မီးရောင်တစ်ချက် လက်ခနဲ ဝိုက်ဝဲ၍သွားလေ၏။

ခြေသံကို သူ မကြားရပေ။ အခန်းပြည့်ခင်းထားသော ကော်ဇောရှည်ကြီးများကြောင့် အခန်းပြင်၌ တစ်စုံတစ်ဦးလျှောက်လာနေဦးတော့ ခြေသံတစ်စုံတစ်ရာ ကြားဖွယ်ရာမရှိ။

တစ်စုံတစ်ဦးပင် သူ့အား လာချောင်းလေသလား။ လူရဲသည် ဒန်ရောင်သော့ငယ်ကို မှောင်ထဲမှာပင် စမ်း၍ ခါးပတ်ခေါင်းထဲ ပြန်ထည့်ပိတ်လိုက်ပြီး ခါးပတ်ကို ခါးမှာ လျင်မြန်စွာ ပတ်လိုက်၏။

ပြီးလျှင် ကြေးနီသော့နှင့် စာခေါက်ကို ဘောင်းဘီအိတ်ထဲ ကောက်ထည့်ကာ နေရာမှ အသံမမြည်အောင်ထ၍ အခန်းတံခါးကို အညင်သာဆုံး ဖွင့်လိုက်၏။

တံခါးသည် တစ်စုံတစ်ရာအသံမမြည်ဘဲ လူတစ်ကိုယ်ဝင်ဆံ့ရုံမျှ ပွင့်၍သွားသည်။ သူသည် သတိကြီးစွာထားရင်း အပြင်သို့ ထွက်လာကာ တံခါးကို ပြန်စေ့ပိတ်ထားလိုက်၏။

သေးငယ်သော မီးရောင်ကလေးသည် ကော်ဇောခင်းထားသော မဟောဂနီလှေကားရှပ်သို့ တရွေ့ရွေ့ တက်ရောက်သွားပြီး သူ စောစောက ပြန်ဆင်းခဲ့သော နော်လေးတာဆု၏ အခန်းထဲသို့ တက်သွား၏။

''အင်း ... ပြဿနာကို လက်ဆုပ်လက်ကိုင် ဖမ်းရမှာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



နော်လေးတာဆုရယ်''

လူရဲသည် စိတ်ထဲက ကြိမ်းဝါးရင်း နော်လေးတာဆု၏ အခန်းဆီသို့ ချဉ်းကပ်လာ၏။ အခန်းဝတွင် နံရံကို ကျောမှီကပ်၍ နားစိုက်နေမိ၏။ အတွင်းမှ တစ်ချက်တစ်ချက် စုတ်သပ်ပြီး ညည်းညူသံများ တီးတိုးစကား ပြောသံများကို သူ ကြားနေရ၏။

''သမီး ... သမီး ... ဘယ်လိုဖြစ်တာလဲဟင်''

''အမိုး ... တာဆုလေ၊ တာဆု ... ဟို''

နော်လေးတာဆုအသံက ရုတ်တရက် ပျောက်သွား၏။ နောက် .. ညည်းညူသံများ ဆက်တိုက်ကြားရသည်။

''သမီး သမီး ... ဘာဖြစ်သလဲဟင်၊ အမိုးကိုပြောစမ်း''

နော်အယ်လာအသံက စိုးရိမ်စိတ်ဖြင့် တုန်ခါလျက် ရှိ၏။ နော်လေးတာဆု၏ ရှိုက်သံများကို ကြားရပြန်၏။

''သမီး ငိုနေလို့ အမိုး ဘာလုပ်တတ်မှာလဲကွဲ့၊ ဘာဖြစ်တယ်ဆိုတာလည်း ပြောဦးမှပေါ့ကွယ်''

ဖြေသံ ထွက်မလာ။ လူရဲသည် အံ့သြသွားရပြန်၏။ သူ အထင်လွဲပြန်ပြီ။ နော်လေးတာဆုအခန်းထဲသို့ ဝင်သွားသူသည် သူထင်သောသူမဟုတ်။ သို့သော် လူရဲ ပြန်မဆင်းပါ။ ဟနေသောအခန်းဝမှ အသာကလေးအတွင်းသို့ ချောင်း ကြည့်လိုက်၏။ နော်လေးတာဆုသည် အိပ်ရာပေါ်တွင် ခွေခွေကလေး လဲနေကာ





နော်အယ်လာက ပွေ့ထားသည်ကို မြင်ရသည်။

''ကဲ ... ဒီလိုဆို အမိုး ဒေါက်တာရန်နိုင်စိုးဆီ ဖုန်းဆက်ခေါ်လိုက်မယ်လေ ဟုတ်လား၊ သမီး''

''ဟင့်အင်း ... ဟင့်အင်း ... မခေါ်ပါနဲ့ မာမီ''

နော်လေးတာဆုက ပျာပျာသလဲ တားလိုက်၏။

''ဒါဖြင့် ... သမီး ဘာဖြစ်သလဲ၊ အမိုးကိုပြောလေ၊ အမယ်လေး ... ဒါ ... ဒါတွေက ဘာတွေတုံး၊ ဟယ် သွေးတွေပါလား''

နော်အယ်လာသည် နော်လေးတာဆုအား ပွေ့ထားရာက အလန့်တကြား ခပ်အုပ်အုပ်အော်လိုက်မိ၏။ လူရဲသည်လည်း ထိတ်လန့်သွားမိ၏။ နော်လေးတာဆုသည် သူ့ကြောင့်များ မိမိကိုယ်မိမိ တစ်စုံတစ်ရာ စိတ်လိုက်မာန်ပါ လုပ်လိုက်လေပြီလား။

''နော်လေးတာဆုလေ ... တာဆု ... ဟို ဟို ကလေး ကလေးဖျက်ချမိ''

''ဟင် ... ကလေးဖျက်ချမိလို့ ဟုတ်လား''

''ဟုတ်တယ် မာမီ၊ အဝယ်သိမှာစိုးလို့ ဖျက်ချမိတာပါ။ အဝယ် မသိစေချင်ဘူး မာမီ''

''အို ... မိုက်လိုက်တာ သမီးရယ်၊ ဒီအတိုင်း မသိလိုက်မသိဘာသာ နေလိုက်လည်း ဖြစ်သားနဲ့၊ သူတို့ယောကျ်ားတွေဆိုတာ ဒီကိစ္စမျိုး ဂဃနဏသိတဲ့လူတွေ မဟုတ်ပါဘူးကွယ့်''



www.burmeseclassic.com

www.burmeseclassic.com



“မဖြစ်ဘူး မာမိရဲ့ မဖြစ်ဘူး၊ ကိုယ်ဝန်က လေးလတောင် ရောက်နေပြီ။ ဆရာဝန်နဲ့မာမိတို့ဟာ တာဆုကို အဝယ်နဲ့ အတူတူ မအိပ်ရတော့ဘူးဆိုတော့ အဝယ်သိသွားမှာပေါ့”

“အဝယ်က လူပါး၊ ကြာရင် ... သူသိမှာပဲ၊ ဒါကြောင့် စောစောကတည်းက အနှိပ်သည်ကိုခေါ်ပြီး ဖျက်ချနေတာ၊ အို ... ခုတော့ တာဆု ဘာလုပ်ရမလဲအမိုးရယ် ... ဟင် ဘာလုပ်ရမလဲ”

“အေး ... လူရဲသိလို့တော့ ဘယ်နည်းနဲ့မှ မဖြစ်ဘူး၊ ကဲ ... ဖြစ်ပြီးမှတော့ သိပ်လည်း စိတ်ညစ်မနေပါနဲ့ သမီးရယ်၊ လူရဲ မသိအောင် အမိုးလုပ်ပေးပါ့မယ်၊ မနက်လင်းတာနဲ့ တစ်နေရာရာကို ခဏ သွားနေရအောင် အမိုးစီစဉ်လိုက်မယ်၊ အိပ်ရာထဲမှာသာ ငြိမ်ငြိမ်လေး လှဲနေနော် သမီး”

“ဟဲ့ အေးမိစံ ... တာဆုအိပ်ရာကို အောက်ပိုင်းက မြင့် အောင်ပြင်ပေးစမ်း၊ ခေါင်းအုံးဖယ်လိုက်၊ စိတ်မပူနဲ့ ကဲ သမီး ... အမိုး စီစဉ်စရာရှိတာလေးတွေ သွားစီစဉ်လိုက်ဦးမယ်၊ စိတ်မပူနဲ့ ကြားလား ဒီကိစ္စ လူရဲမသိဘဲ ပြီးသွားမှာပါကွယ်”

နော်အယ်လာသည် သမီးဖြစ်သူ နော်လေးတာဆုအား နှစ်သိမ့်ကာ အခန်းပြင်သို့ သုတ်သုတ်ပျာပျာ ထွက်အလာ နေရာ မရွေ့ တောင့်တောင့်ကြီးရပ်နေမိသော လူရဲနှင့် မျက်နှာချင်းဆိုင် သွား၍ တိုးမိတော့၏။





“ဟင် ... လူရဲ”

ထွက်လာသော နော်အယ်လာအသံက ကျယ်လှ၏။ ဆောက်တည်ရာမရခြင်း၊ တုန်လှုပ်ခြင်းများဖြင့် ပြွမ်းတီးနေ၏။

လူရဲသည် မီးဝင်းဝင်းတောက်နေသော မျက်လုံးများဖြင့် အခန်းတွင်းသို့ စူးရဲစွာ တစ်ချက်ကြည့်၍ ချာခနဲလှည့်ကာ လှေကားမှ ကမူးရှူးထိုး ဆင်းပြေးခဲ့တော့၏။

“လူရဲ ... လူရဲ”

“အို ဟဲ့ ... အမယ်လေး ... လုပ်ကြပါဦး”

လူရဲသည် တိုင်တွင်ချိတ်ထားသော သေနတ်တွဲကို ဆွဲယူပြီး အိမ်ရှေ့သံဆွဲတံခါးကို ဆောင့်ဖွင့်၍ အပြင်ဘက်အမှောင်ထဲသို့ တစ်ဟုန်ထိုး ပြေးထွက်ခဲ့မိတော့၏။

ပြီး ... ဆင်ဝင်တွင် သေနတ်တန်းလန်းနှင့်ရပ်ထားသော ဟိုင်းလပ်ကားကို စက်နှိုးကာ ဦးတည်ချက်မရှိ ရည်ရွယ်ချက်မရှိ တရကြမ်း မောင်းချလာမိတော့သည်။

သူ့နောက်ဘက်မှ အော်ခေါ်သံများ၊ စကားပြည်သံများကို နားကန်းသူတစ်ယောက်ပမာ လုံးဝ မကြားမိတော့၊ ရင်ခွင်တစ်ပြင်လုံး ခါးသီးသောခံစားချက်ဖြင့် ပြောင်းဆန်လှုပ်ခတ်လျက်။

■

www.burmeseclassic.com

www.burmeseclassic.com



ရပ်ထားလိုက်၏။ ကားတံခါး သော့ခတ်ပြီး . . .

အိမ်သို့ ခြေကုန်သုတ် ပြန်ပြေးလာသည်။ ရောက်လျှင် အိမ်ရှေ့တံခါးမကြီးကို သော့ခလောက်ဖြင့် ပိတ်လိုက်ပြီး နောက်ဖေး မီးဖိုတံခါးမှ အိမ်ထဲသို့ဝင်ကာ အတွင်းမှ အသေအချာ ကန့်လန့် ထိုးလိုက်၏။ အချိန်များစွာ ဖြုန်း၍မဖြစ်။

အသံဗလံ အနည်းငယ်မျှ မထွက်အောင် ဂရုထား၍ ရေ တစ်ပုံးဆွဲလာကာ မီးလင်းဖိုထဲသို့ ဖြည်းဖြည်းချင်း လောင်းချနေ လိုက်သည်။ ပြာများမှာ ညော်ခန်းတစ်ခုလုံး ဟိုတစ်စု သည်တစ်စု လွင့်ကာ မီးမှာ တရှဲရှဲဖြင့် ငြိမ်းစပြုလာ၏။

ဘာများ အကျိုးအမြတ်ထွက်လာမည်နည်း။ သည်အရွယ် အထိ သူ အမှတ်တမဲ့ မီးလှုံခဲ့သော ယင်းမီး လင်းဖိုသည် သူ့အတွက် မည်သည့်လျှို့ဝှက်ချက်ကို သိမ်းဆည်း ထားပါသနည်း။

မီးလင်းဖိုမှ မီးလုံးဝငြိမ်းသွားသောပြာများကို ကုန်စင်အောင် ရေပုံးလွတ်ထဲ ကောက်ထည့်ရှင်းလင်းလိုက်သည်။

မီးလင်းဖိုတစ်ခုလုံး ပြောင်စင်ရှင်းသန့်သွားသောအခါ အောက်ခံကျောက်သားအနီရောင်ကို ပီပီပြင်ပြင် တွေ့လာရ၏။ ကျောက်ပြားပတ်ပတ်လည်ကို စူးစမ်းသောအခါ လှုပ်၍ရကြောင်း တွေ့ရ၏။

ထို့ကြောင့်ပင် . . . တူရွင်းပြားတစ်ခုဖြင့် အနီရောင်ကျောက်





ပြားကို ကျိုးပဲ့မပျက်စီးစေရန် သတိနှင့်က ကော်မ,လိုက်ရာ အောက်တွင် အင်္ဂတေပြားတစ်ချပ်ကို ထပ်မံတွေ့ရပြန်၏။

ထိုအင်္ဂတေပြားတွင်မူ သံလက်ကိုင်ကွင်းတစ်ခုက တပ်လျက် သား ရှိနေသည်။

သည်အခါတွင် အလွန်အမင်း စိတ်ဝင်စားလာပြီဖြစ်သော သူရဲသည် သံလက်ကိုင်ကွင်းကို အားနှင့် မတင်ဆွဲယူလိုက်၏။

သူ အံ့ဩသွားရလေသည်။ မြေတိုက်ထဲသို့ ဆင်းသော လှေကားထစ်များကို တွေ့ရသည်။

ချက်ချင်း လှေကားထစ်များအတိုင်း ဆင်းခဲ့တော့၏။ လှေ ကားမှာ ရှည်သည်ဟု မဆိုသာ။ အထစ်ပေါင်းသုံးဆယ် နှစ်ထစ်မျှ ရှိ၏။

လှေကားအဆုံး၌ ပေနှစ်ဆယ်ပတ်လည်အခန်းတစ်ခုက စီးကြိုနေ၏။

အခန်းသည် သုတ်သင်ရှင်းလင်းမထားသည်မှာ ကြာမြင့်စွာ ရှိမှုကြောင့် ဖုန်မှုန့်များ ပင့်ကူအိမ်များဖြင့် ရှုပ်ထွေး ပေကျံလျက် ရှိသည်။ အခန်းနံရံတစ်လျှောက် လေးပေအမြင့်လောက်ဆီတွင် တပ်ရိုက်ထားသော စားပွဲရှည်ကြီးပေါ်သို့ လူရဲသည် ပါလာသည့် ဖယောင်းတိုင်ကို တင်လိုက်ကာ အခန်းတစ်ခုလုံး စေ့စေ့စပ်စပ် လှည့်ပတ် ကြည့်ရှုနေ၏။



www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ်တွင် အချောကိုင်ပြီး ထုလက်စအရုပ်များ ပုံကြမ်း ဖော်ထားရုံရှိသေးသော အရုပ်များမှာ ဖုန်မှုန့်များဖြင့် ထုတက်နေ၏

လူရဲသည် အရုပ်တစ်ခုကို ကောက်ယူ၍ ဖုန်များကို လက်ကိုင်ပဝါဖြင့် ပွတ်သုတ်ကာကြည့်လိုက်၏။

ဦးကျော်စိုး သူ့ကိုပေးအပ်သော သေတ္တာငယ်မှ အမွှေးနံ့မျိုး ကို ရှူရှိုက်မိ၏။

ပန်းပုထုလုပ်ရာတွင် အသုံးပြုသော စူးဆောက်တန်ဆာပလာ အကြီးအသေး အစွယ်အလတ်မှစ၍ အားလုံးသော ကိရိယာတို့မှာ စားပွဲပေါ်ရှိ သစ်သားသေတ္တာတစ်လုံးထဲတွင် စီစီရီရီ သေသပ်စွာ ရှိနေ၏။

ယင်းသေတ္တာကို သော့ခတ်မထားပေ။ အခန်းထောင့်တစ်ခု မှ ကြီးမားသော သံမဏိသေတ္တာကြီးတစ်လုံးကတော့မူ သော့ကြီးကြီး တစ်ခုဖြင့် အခိုင်အမာ ခတ်ထားလေ၏။

လူရဲသည် သူ့တွင်ရှိသော ကြေးနီရောင်သော့ဖြင့် သေတ္တာ ကြီးမှ သော့ခလောက်ကို လှုပ်ရှားသောစိတ်ဖြင့် ဖွင့်လိုက်၏။

ဖွင့်သွားသောသေတ္တာထဲမှအရာများက သူ့အား အလွန်အမင်း အံ့ဩ၍ ကြက်သေ သေစေလေတော့၏။ မြင်ရုံနှင့်ပင် ဘာတွေမှန်း သူမှန်းဆတတ်ခဲ့ပြီ။

ကြည့်စမ်း ... ကိန္နရီရုပ်တွေ၊ ကိန္နရာရုပ်တွေ၊ ဆီမီးခွက်





အက၊ တစ်ပင်တိုင်အက၊ ယိုးဒယားအကများ ကလျက်ရှိသော ကချေသည် ရုပ်တုများ။ စကောကရင်ဝတ်စုံ၊ မြန်မာဝတ်စုံဖြင့် လူရုပ်များ၊ အမြီးဖြန့်ကာ ကလျက်ရှိသော ဥဒေါင်းငှက်ရုပ်၊ ဟင်္သာရုပ်၊ ဆင်ရုပ် ... အို စုံလို့ပါပဲလား။ စုံလွန်း၍ သူပင် ဘာတွေမှန်း အကုန် မသိနိုင်တော့ပြီ။

လူရဲ သေတ္တာကြီးဘေးတွင် ဒူးထောက်ထိုင်ချကာ တုန်ယင် နေသောလက်များဖြင့် အရုပ်များကို တယုတယ ကိုင်ကြည့်မိနိုက် သေတ္တာအဖုံးထဲတွင် ထိုးညှပ်ထားသော သားရေအိတ်ပါးပါးကလေး တစ်ခုကို သူမြင်ရသည်။

ထို့ကြောင့် အသာအယာ ဆွဲထုတ်ကာ ဖွင့်ကြည့်လေရာ ဖခင်ကြီးလက်ရေးဖြင့် ရေးထားသောစာ ဖြစ်နေပြန်တော့၏။ စာရွက် များမှာ အတော်များသည်။

သူသည် စားပွဲပေါ်တွင် တင်ထားသော မီးအိမ်မှမီးစာကို မြှင့်လိုက်ကာ ဖုန်တက်နေသော ကုလားထိုင်တွင်ပင် ထိုင်ချလိုက်ပြီး စာကိုဖတ်လိုက်မိ၏။

သားကြီးလူရဲ ....

ဖေဖေဟာ အညာသားစစ်စစ် မြန်မာတစ်ယောက်ပဲ၊ ဒါကြောင့် ဖေဖေ မင်းအတွက် ရွေးပေးခဲ့တဲ့ နာမည်ကလည်း မောင်လူရဲတဲ့၊ ဒါပေမဲ့ မင်းအမေရဲ့အလိုကျ စောလူရဲလို့ပဲ မှည့်ကြ



www.burmeseclassic.com

www.burmeseclassic.com



တယ်ပေါ့ . . .।

ဒီစာကို သားကြီးလက်ထပ်ပြီးနောက်ရက်မှ ဖတ်ရပေလိမ့်မယ်၊ ဖေဖေဟာ ဖေဖေသေရမယ့် နောက်ဆုံးအချိန်ကို အတိအကျ မသိနိုင်ပေမယ့် နောက်တစ်လ နှစ်လအတွင်းမှာပဲ ဖြစ်လိမ့်မယ်လို့ မှန်းဆမိတယ် . . .।

ခုဆိုရင် သားကြီးက ဆယ်တန်းစာမေးပွဲဖြေတော့မယ့်ဆဲဆဲ ကျောင်းသားတစ်ယောက်ဆိုပါစို့ကွာ၊ ဖေဖေ့သားဟာ ဆယ်တန်းကို နှစ်ချင်းပေါက် အောင်မြင်ပါပြီတဲ့၊ ဘာဆက်လုပ်မလဲ . . .।

တက္ကသိုလ်ပညာ ဆက်သင်မလား၊ နောင်တစ်ချိန် အောင်မြင်တဲ့ စီးပွားရေးသမားတစ်ယောက် ဖြစ်လာအောင် ခုကတည်းက ကြိုးပမ်းမလား။ ဒီနှစ်လမ်းမှာ ဖေဖေကတော့ ဒုတိယလမ်းကို ကြိုက်တယ် . . .।

ဒါပေမဲ့ သားကြီးက ပထမလမ်းကိုမှ လိုက်လိုပါတယ် ဆိုရင်လည်း ဖေဖေ မတားပါဘူး။ ခွင့်ပြုမှာပါပဲ . . .।

ဖေဖေပြောတဲ့ ဒုတိယလမ်းကို လိုက်မယ်ဆိုရင် ငါ့သားမှာ သားကိုယ်တိုင်မသိတဲ့ အချက်အလက်တွေ အမြောက်အမြား ရှိလေရဲ့၊ နော်လေးဖောနဲ့ ကျော်စိုးဆီမှာ အပ်ခဲ့တဲ့ သေတ္တာငယ်ထဲက ကြေးနီ သော့ဟာ မင်းပိုင်ရမယ့် အမွေပစ္စည်းတွေရဲ့ အဓိကအကျဆုံးပဲ၊

ကြည့်လိုက်စမ်းသား။ သံမဏိသေတ္တာကြီးထဲမှာ သိုမှီးသိမ်း





ဆည်းထားတဲ့ ရုပ်တုမျိုးစုံတွေဟာ မြသားအစစ်တွေ ဖြစ်တယ် . . .।

ကာလတန်ဖိုး သိန်းထောင်ကျော်ရှိပေလိမ့်မယ်၊ ဒီနေရာမှာ မြသားစစ်စစ်တွေကို ဖေဖေ ဘယ်လိုရခဲ့တယ်ဆိုတာ သား သိချင်ပေလိမ့်မယ်၊ ရခဲ့ပုံက သန့်စင်ပါတယ်သား . . .।

ဖေဖေရဲ့ စင်ကြယ်တဲ့စေတနာကုသိုလ် ကောင်းမှုအကျိုးကြောင့်ပါပဲ . . .।

အေး . . . ဒါပေမဲ့ စင်ကြယ်တဲ့စေတနာ ကုသိုလ်ကောင်းမှု အကျိုးကြောင့် ဘယ်သူတစ်ယုံတစ်ယောက်မျှ မရနိုင်တဲ့ ရှားပါးလှတဲ့ မြတုံးတွေကို ဖေဖေ ရခဲ့သလို၊ စိတ်အလိုလိုက်ပြီး ခေတ္တ ယာယီလေး ဘာယာမိုက်မှားမိတဲ့ ပြစ်ချက်တစ်ခုကြောင့်ပဲ လက်ထဲမှာရှိတဲ့ မြသား စင်စစ်တွေနဲ့ ဖေဖေဟာ ဒီဘဝမှာ ချမ်းချမ်းသာသာ ကြွယ်ကြွယ်ဝဝ နေနိုင်အောင် ဖြစ်ခဲ့ရတယ်လို့ ယုံကြည်ချင်မိတယ် သား . . .।

နောက်တော့လည်း တောင်ပေါ်ကရင်ကြီး စောထီးကော်ရဲ့ ဘဝမှာပဲ ဖေဖေလည်း ပျော်လိုက်ခဲ့ရတော့တယ် . . .।

ဖေဖေ့အကြောင်းကို ငါ့သား သိဖို့လိုလာပြီ။ ဖေဖေ့ဘဝကို စာရေးပြောပြမယ်၊ ဖေဖေ့နာမည်ရင်းဟာ ဦးစောလွင်တဲ့ . . .।

ပုဂံညောင်ဦးမြို့နယ် ကံပေါက်ရွာသားတစ်ယောက်ဖြစ် တယ်၊ ငယ်စဉ်က ဆင်းဆင်းရဲရဲကျပ်တည်းစွာနဲ့ ကလေးဘဝကို ကျော်လွှန်ခဲ့ရတယ် . . .।



www.burmeseclassic.com

www.burmeseclassic.com





ဖေဖေနေရတဲ့ ရွာဦးဘုန်းကြီးကျောင်းက ကျောင်းထိုင် ဆရာတော် ဦးဆန်းရှိန်ထံကို တစ်နေ့တော့ မန္တလေးက ပန်းပု ဆရာကြီး အကျော်အမော်တစ်ယောက် ရောက်လာခဲ့တယ် ...။

အဲဒီဆရာကြီးနာမည်က ဦးရဲညွန့်တဲ့၊ ဆရာကြီးဦးရဲညွန့် ဟာ အင်မတန် ထင်ရှားကျော်ကြားလှတဲ့ ပန်းပုဆရာကြီးပေပဲ ကွယ်၊ ကန်ပေါက်ဆရာတော်ရဲ့ ဒကာရင်းတစ်ယောက်လည်း ဖြစ် တယ်ပေါ့ ...။

ဒါနဲ့ တိုတိုပဲပြောကြပါစို့၊ ဆရာကြီးဦးရဲညွန့် မန္တလေး အပြန်မှာ နဂိုကတည်းက ပန်းပုပညာဝါသနာပါတဲ့ ဖေဖေ့ကို ထည့် ပေးပြီး အပ်လိုက်တယ်ဆိုပါစေတော့။ အဲဒီတုန်းက ဖေဖေ့အရွယ်ဟာ အလွန်ငယ်ပါသေးတယ် ...။

ဖေဖေဟာ ဆရာကြီးရဲ့ တမ္ဗဝတီအိမ်ရှိ တပည့်လက်သင် တွေထဲမှာ အငယ်ဆုံးဖြစ်နေပြန်တော့ ဆရာကြီးဟာ ဖေဖေ့ကို ပိုချစ်ခင်သလို ဖေဖေကလည်း ဆရာကြီးရဲ့ ဝတ်ကြီးဝတ်ငယ် ဝေယျာဝစ္စအားလုံး မရှုံ့မရှာ သိမ်းကျုံးလုပ်ဆောင်ရင်း ပညာကို အမြတ်တနိုး သင်ယူခဲ့တယ် ...။

ဆရာကြီးဦးရဲညွန့်ဟာ မုဆိုးဖိုကြီးကွဲ့၊ သူ့မှာ ဆယ့်ငါး နှစ်အရွယ် သမီးပျိုတစ်ယောက်ပဲရှိတယ်၊ နာမည်က မခင်နွဲ့တဲ့ ပြီးတော့လည်း ဆရာကြီးဟာ အနုပညာသမားစစ်စစ်တစ်ယောက် ဖြစ်တယ်၊ ငွေကြေးကို အဓိကထားသူမဟုတ်တော့ ပညာအရာမှာ ...ာမှုရှားပေမယ့် ပိုက်ဆံငွေကြေးကတော့ စားနိုင်သောက်နိုင်ရုံပဲ ရှိတယ် ...။

ဆရာကြီးရဲ့ ဘုရားစင်မှာ ဆရာကြီးကိုယ်တိုင် စိတ်တိုင်းကျ ထုလုပ်ကိုးကွယ်ထားတဲ့ ဉာဏ်တော်ရှစ်လက်မလောက်ရှိမယ့် မြသား ဆင်းတုတော်တစ်ဆူရှိတယ် ...။

အဲဒီဆင်းတုတော်ကို ဖေဖေက ရှုမဝ ဖူးမဆုံး ကြည်ညိုလို့ မရောင့်ရဲနိုင်အောင် ရှိခဲ့တယ် ...။

ဖေဖေဟာ ဆရာကြီးဆီမှာ အရုပ်မျိုးစုံ အသားမျိုးစုံ သင်ယူထုလုပ်နေပေမယ့် အစိမ်းရောင်မြကျောက်ကိုတော့ ဖေဖေ ဘယ်လို နှစ်သက်မိမှန်း မသိဘူး ...။

ဒီလိုနဲ့ဖေဖေဟာ အသားမျိုးစုံနဲ့ အရုပ်တွေ ထုလုပ်သင် ကြားရင်း မျက်စိထဲမှာတော့ ကိန္နရီအက ထုလုပ်ထားတဲ့ မြစိမ်း ...င်းသမီးကိုပဲ စိတ်ကူးနဲ့ မြင်ယောင်နေမိတယ် ...။

တစ်နေ့နေ့မှာ စိတ်တိုင်းကျ ထုလုပ်နိုင်လိမ့်မယ်လို့ မျှော်လင့် ထားမိတယ် ...။

ဒီလိုနဲ့ ဖေဖေအသက်နှစ်ဆယ်ရောက်လာတယ်၊ ဆရာ ကြီးရဲ့လက်သင်တပည့်တွေ အများအပြားရှိတဲ့အနက် ဖေဖေတစ် ယောက်သာ ဆရာကြီးရဲ့ အိမ်ပေါ်မှာ သူ့တို့သားအဖနဲ့အတူ နေထိုင်





www.burmeseclassic.com

www.burmeseclassic.com



ရတယ် ...။

ကျန်တပည့်တွေကတော့ တချို့လည်း ကိုယ့်အိမ် ကိုယ့်ယာက နံနက်လာပြီး ညကျမှပြန်ကြသူတွေ ရှိသလို ဆရာကြီး ဦးရဲညွန့်ရဲ့ အိမ်နောက်ဖေးတန်းလျားရှည်မှာလည်း တပည့်ခြောက်ဦးက ကိုယ့်ဘာသာ ချက်ပြုတ်စားသောက်ပြီး နေ့ညမပြတ် အမြဲနေကြတာတွေလည်း ရှိတယ်၊

အဲဒီလူခြောက်ဦးကလည်း အရပ်ရပ်က လူစုံ၊ စရိုက်စုံ၊ ဗီဇစုံပေါ့ကွယ် ...။

အဲဒီအထဲမှာ ထူးထူးခြားခြား ရည်မွန်ချောမောတဲ့ လူတစ်ယောက်တော့ ပါလေရဲ့၊ နာမည်ကလည်း ခင်မောင်ဇော်တဲ့၊ ဒီလူဟာ ရုပ်ရည်ကလည်းချော၊ အပြောအဆိုကလည်း ကောင်းဆိုတော့ တိုတိုပြောရရင် ဆရာကြီးသမီး မခင်နွေနဲ့ လူငယ်ဘဝ ချစ်ကြိုက်စုံမက်ကြရော ဆိုပါတော့ကွယ် ...။

ဒီနေရာမှာ ခက်နေတာက ဖေဖေဟာ အားလုံးထဲမှာ အငယ်ဆုံးဖြစ်နေပေမယ့် ပညာသက်နုနုနဲ့ ဆရာကြီးရဲ့လက်ရာကို မိလုမီခင်ဖြစ်နေတယ်လေ၊ ဒါကြောင့်ပဲ ဆရာကြီးဟာ အင်မတန် အားရပြီး မခင်နွေနဲ့ ဖေဖေ့ကို တစ်နေ့မှာလက်ထပ်ပေးဖို့ ရည်မှန်းနေပုံရတယ်၊ ဒါကိုလည်း ခဏခဏ ဖေဖေ့ကို အရိပ်အမြွက်ပြောတယ်၊

ဒါပေမဲ့ မခင်နွေဟာ ဖေဖေ့ထက် အသက်လေးနှစ်ကြီးပြီး





ဖေဖေတို့နှစ်ယောက်ဟာ တစ်ယောက်ကိုတစ်ယောက် တကယ့်မောင်နှမရင်းချာမေတ္တာမျိုးနဲ့သာ တွယ်တာနေကြတာပဲ ...။

ဒီတော့ ဖေဖေနဲ့မခင်နွေဟာ ဆရာကြီးရဲ့ဆန္ဒကို ဘယ်မှာအကောင်အထည်ဖော်ပေးနိုင်ကြမှာလဲသား ...။

ဖေဖေ လိုရင်းပဲရေးတော့မယ်၊ တစ်နေ့တော့ ဆရာကြီး ဦးရဲညွန့်အိမ်မှာ ထူးခြားတဲ့ အဖြစ်အပျက်လေးတစ်ခု ဖြစ်ပျက်ခဲ့တယ်၊ ညသန်းခေါင်ကျော်လောက်ရှိပေါ့ကွယ်၊

ဂုန်း ဂုန်း ဒိုင်း ဒိုင်း အသံတွေ ဘုရားခန်းထဲက ထွက်လာတာကြောင့် ဖေဖေလည်း လန့်နိုးလာတယ်၊ နိုးနိုးချင်းပဲ ဘုရားခန်းဆီကို ပြေးခဲ့တယ်၊ လား လား ... ဘုရားခန်းမှာတော့ ခင်မောင်ဇော်ဟာ မြဘုရားကို လက်တစ်ဖက်ကပိုက်၊ လက်တစ်ဖက်ကတော့ အင်မတန် ထက်မြနေတဲ့ ဓားတစ်စင်းကိုင်ပြီး ဘီလူးတဘက်ရုပ်မျိုးနဲ့ ဆရာကြီး ဦးရဲညွန့်ကို လိုက်ထိုးနေတာနဲ့ ပက်ပင်းတိုးနေတော့တာကိုး၊

ဒီမှာတင် ဖေဖေလည်း ခင်မောင်ဇော်ရှေ့ လွှားခနဲခုန်ဝင်သွားပြီး လက်တစ်ဖက်က မြဘုရားကို ဆွဲယူလိုက်သလို တစ်ပြိုင်တည်း ကျန်လက်တစ်ဖက်ကလည်း ခင်မောင်ဇော်ရဲ့ဓားကိုင်လက်ကို သူ့ရင်ဝဘက် အားမာန်တကြီး ပြန်လှည့်ပေးလိုက်တယ် ...။

ဖေဖေ အသိဉာဏ်တွေ ကြည်လင်လာတဲ့အချိန်မှာတော့ အားလုံးဟာ လွန်ခဲ့ပါပြီကွယ်၊



www.burmeseclassic.com

www.burmeseclassic.com



ခင်မောင်ဖော်ဟာ ရင်ဘတ်မှာ ဓားတန်းလန်းနဲ့ အသက်မရှိတော့ပါဘူး၊

ဆရာကြီးက ရုတ်တရက်တော့ ကြက်သေ,သေနေရှာတယ်၊ ဒီလိုဖြစ်လိမ့်မယ်လို့ သူခမျာ ဘယ်မှာမျှော်လင့်ပါ့မလဲ။

ဖေဖေလည်း တုန်လှုပ်ခြင်းပြင်းစွာနဲ့ ခင်မောင်ဖော်ရင်ဝက ဓားကို ဆွဲနုတ်လိုက်မိတယ်၊ ဒီတော့မှ ပိုဆိုးတော့တာပေါ့ကွယ်၊ သွေးတွေဆိုတာ မြင်မကောင်းဘူး၊ ပန်းထွက်လာလိုက်တာ၊

ဓားမြှောင်ကိုင်ပြီး ဖေဖေ ငိုင်နေတုန်းမှာ မခင်နွေကတော့ ခင်မောင်ဖော့်အလောင်း ဖက်ငိုနေလို့ ဆရာကြီးလည်း ဘာလုပ်တာကိုင် ရမှန်း မသိဘူး ထင်ပါရဲ့၊

သူ့ကိုကာကွယ်ရင်း ဖြစ်လာတာမို့ ခင်မောင်ဖော်ကို သတ်တဲ့အမှုဟာ ဘယ်နည်းနဲ့မှ ဖေဖေ့အပေါ် ကျရောက်မခံနိုင်ဘူးတဲ့၊ ဒါကြောင့် ဖေဖေ အင်မတန်မှ ကြည်ညိုပြီး ခင်မောင်ဖော် ခိုးယူဖို့ကြံတဲ့ မြဘုရားဆင်းတုကို ဆရာကြီးက ဖေဖေ့ကို အပိုင်ပေးပြီး ညတွင်းချင်း ပြေးခိုင်းတယ်၊

ဖေဖေပြေးရမှာက ရွာငယ်ကလေးတစ်ခု။ တောင်ပေါ် အရိုင်းကရင်တွေနေတဲ့ ဒေသတဲ့၊

အဲဒီမှာ ဆရာကြီးရဲ့ မိတ်ဆွေတစ်ယောက်ရှိတယ်၊ ဦးမြသိန်းလို့ခေါ်တဲ့ အဘိုးကြီးတစ်ယောက်ပဲ၊





သူ့ဆီမှာ ခိုလှုံရမယ်လို့ ဆရာကြီးက မှာတယ်၊ အဲဒီကမှ တစ်ဆင့် မြတောင်ကိုသွားလိုရင် အညွှန်းသိုက်စာဟာလည်း ဆင်းတုရဲ့ ပလ္လင်အောက်မှာ ပါဠိဘာသာနဲ့ ထွင်းထုထားတယ်၊

သူ့မိတ်ဆွေ ကရင်အဘိုးကြီးဟာ အခုထိ အသက်ရှင်နေဦးမယ်ဆိုရင်တော့ အဲဒီမှာပဲ ခိုလှုံဖို့ မှာရှာတယ်၊

ဒါနဲ့ ဖေဖေလည်း ညတွင်းချင်းပဲ လွတ်ရာလွတ်ကြောင်း ပြေးခဲ့ရတယ်၊

ဒီနောက် တိုတိုပြောရရင် ပြေးရင်း ပြေးရင်းနဲ့ ဖေဖေဟာ တောင်ပေါ်အရိုင်းကရင်တို့ရဲ့ဒေသကို ရောက်သွားတော့တယ်၊

ဒီတော့လည်း ဖီးကိုဆိုတဲ့ရွာကို မေးမြန်းရှာဖွေနေတာပေါ့၊ အင်မတန် ဝေးလံချောင်ကျပြီး လူစိမ်းသူစိမ်း အရောက်အပေါက် ထုံးဝကိုမရှိတဲ့ ရွာသိမ်ရွာငယ်ကလေးတစ်ခုပဲ၊

ဖေဖေရှာတဲ့ ဦးမြသိန်းဆိုတဲ့ ကရင်အဘိုးကြီးကိုလည်း လွယ်လွယ်နဲ့ပဲ တွေ့ပါတယ်၊

သူက ရွာမှာ ဩဇာရှိတဲ့ လူကြီးသူမ တစ်ယောက်ပေါ့ကွယ်၊ ဆရာကြီးက လွှတ်လိုက်လို့လာရတဲ့အကြောင်း ပြောပြပြီး ဆရာကြီး ပေးလိုက်တဲ့ အမှတ်အသားတစ်ခုကိုပါ ပေးလိုက်တော့မှ သူ့အိမ်မှာ နေဖို့လက်ခံတော့တယ်၊

သူ့မှာ မြေးမလေးနှစ်ယောက်ရှိတယ်၊ အကြီးမလေးက



www.burmeseclassic.com

www.burmeseclassic.com



နော်လားဖောတဲ့၊ အငယ်မလေးက နော်ဝါးဖောတဲ့၊

ညီအစ်မနှစ်ယောက်ဟာ တစ်ရွာလုံးမှာ အချောဆုံး အလှဆုံးတွေပဲ၊ သူတို့ဝါးအိမ်ရဲ့အရှေ့ဘက် ပေ ၁၀၀ လောက်မှာ ချောင်းငယ်လေးတစ်ချောင်း ရှိတယ်၊

အဲဒီချောင်းဟာ နွေအခါမှာ ရေဟာ ဖြည်းဖြည်းသာသာ စီးတတ်ပေမယ့် မိုးအခါမှာတော့ ဝါးလုံးထိုး အဟုန်ပြင်းပြင်း စီးတတ်တယ်၊

ချောင်းရဲ့နံဘေး တစ်ဖက်တစ်ချက်မှာလည်း အမည်းရောင်ကျောက်တုံးတွေဟာ အရွယ်အသားအမျိုးမျိုးနဲ့ ရေညှိတက်ပြီး ဟိုတစ်ခုသည်တစ်ခု ပြန့်ကျဲနေတယ်၊

နော်လားဖောတို့ ညီအစ်မနဲ့ ဦးမြသိန်းကအစ တစ်ရွာလုံးက ဖေဖေ့ကို အရိုင်းကရင် ခရစ်ယာန် စောထီးကော်လို့သာ သိထားလက်ခံထားခဲ့ကြတယ် . . . ၊

စောထီးကော်ဆိုတာကလည်း သူတို့ဆီရောက်မှ ဖေဖေ့ဘာသာခံယူလိုက်တဲ့နာမည်ပါ။ မန္တလေးက ရာဇဝတ်ဘေးနဲ့ ပြေးလာတဲ့ ဝရမ်းပြေးမှန်း ဘယ်သူမှ မရိပ်စားမိကြ၊ မသိကြရှာပါဘူး။

ပါလာတဲ့ မြဘုရားကိုလည်း ဖေဖေတစ်ယောက်သာသိတဲ့နေရာမှာ လုံခြုံအောင် သိုဝှက်သိမ်းဆည်းခဲ့တာပေါ့၊ သူတို့မှာက နတ်ကိုးကွယ်သူနဲ့ ခရစ်ယာန်ကိုးကွယ်သူပဲရှိတယ်ဆိုတော့ ဖေဖေဟာ





မြဘုရားကို လှူမြင်ခံထားပြီး ဗုဒ္ဓဘာသာ အညာသား မြန်မာစစ်စစ်ဆိုတာ ဘယ်မှာ လူသိခံဝံ့ပါ့မလဲ သား . . . ၊

အတိုချုံးရရင် ဖေဖေဟာ သူတို့နဲ့ အတူနေလည်း ကြာလာရော နော်လားဖောနဲ့ မေတ္တာမျှကြရော ဆိုပါတော့ကွယ်၊

ဦးမြသိန်းကလည်း သဘောတူလေတော့ ဖေဖေတို့မင်္ဂလာကိစ္စဟာ သူတို့ရွာကလေးရဲ့ ထုံးစံအတိုင်း ပြီးမြောက်ခဲ့တယ်၊

မင်္ဂလာဆောင်ပြီး သုံးလလောက်မှာ သားကြီးကို မင်းအမိုးဟာ ကိုယ်ဝန်ရခဲ့တယ်၊ ဒီတုန်းက ဖေဖေဖြင့် ပျော်လိုက်ရတာ၊ ငါဟာဝရမ်းပြေးပါလားဆိုတာကိုတောင် မေ့ချင်သလိုလိုပဲ၊

ဖေဖေနဲ့မင့်အမိုးတို့ မိုးမမြင် လေမမြင် ပျော်နေမိသလောက်နော်ဝါးဖောတစ်ယောက်ကတော့ အမြဲလို မှိုင်နေငေးနေတတ်လာတယ်၊ ဒါကို ဖေဖေကပဲ အရင်သတိပြုမိခဲ့တယ်၊

ဖေဖေဟာ သူ့ကို နှမရင်းလေးတစ်ယောက်လို ချစ်ပါတယ်၊ ဒါကြောင့်လည်း သူမှိုင်ရတဲ့အကြောင်းတွေကိုမေးတယ်၊ မဖြေဘူး။

တစ်နေ့တော့ ရွာနံဘေးချောင်းရှိတဲ့ဘက်ကို ဖေဖေ တစ်ယောက်တည်း လျှောက်လာမိတယ်၊ ဝှက်ထားတဲ့မြဆင်းတုကို ချင်လို့ပါပဲ၊ အေး . . . အဲဒီတစ်နေ့ဟာ ဖေဖေ့ကံကြမ္မာငင်တဲ့နေ့ပါပဲကွယ်၊

ချောင်းနားရောက်လို့ ကျောက်တုံးပေါ်ထိုင်မိရင်ဘဲ ချောင်း



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ ရေသူမလေးတစ်ယောက် မြူးနေသလို နော်ဝါးဖောဟာ တစ်ယောက်တည်း ရေကူးနေတယ်၊

ဖေဖေလည်း မှင်တက်မိပြီး သူ့ကို ငေးကြည့်နေမိတယ်၊ လှလွန်းတဲ့ခန္ဓာကိုယ်လေးဟာ ဖေဖေတစ်ကိုယ်လုံး ဖမ်းစားနေတော့တယ်၊

နော်ဝါးဖော်ကို ငေးကြည့်နေမိတုန်းမှာပဲ သူလည်း ရေချိုးရာက ဖေဖေ့ကိုမြင်သွားပြီး ကပျာကယာ ဖေဖေ့ရှိရာကို အပြေးတက်လာတော့တယ်၊ ဖေဖေ့ဆီရောက်ရင်ပဲ ဘာမပြောညာမပြောနဲ့ ဖေဖေ့ရင်ခွင်ထဲ အတင်းတိုးပြီး ငိုတော့တာပါပဲ၊

ဖေဖေ့ကို သူဟာ ကျိတ်ပြီး မေတ္တာရှိနေစဉ်မှာ ဖေဖေက သူ့အချစ်ဆုံး အစ်မရင်းနဲ့ လက်ထပ်သွားတော့ သူ့ရင်ထဲမှာ ဘယ်လောက်ထိနိုက်နာကျင် ကြေကွဲရတဲ့အကြောင်းတွေပေါ့၊

အဲဒီလို ကြေကွဲရိပ်တွေနဲ့ပဲ ဖေဖေနဲ့ နော်ဝါးဖောတို့ဟာ လင်မယားချစ်နဲ့ နှစ်ကိုယ်တူ ချစ်လိုက်မိခဲ့ကြတယ်လေ ...၊

ကိုယ့်အပြစ်နဲ့ကိုယ် နောင်တရချိန်မှာ ဖေဖေနဲ့နော်ဝါးဖော နှစ်ယောက်လုံးဟာ ဆန္ဒအလိုလိုက်ပြီး အကြိမ်ပေါင်းများစွာ မိုက်တွင်းနက်ခဲ့ကြပြီပေါ့ကွာ ...၊

ဖေဖေဟာ မယားအပေါ် သစ္စာဖောက်ခဲ့သလို နှမအရင်းလို စောင့်ရှောက်ရမယ့်သူအပေါ် ကျူးလွန်သူ၊ ကိုယ်ကျင့်သိက္ခာမှုကို မရှိ





တော့တဲ့ အသုံးမကျတဲ့ လူတစ်ယောက် ဖြစ်သွားတာပဲ ...၊

နောက် ဖေဖေတို့နှစ်ယောက်ဟာ အခြေမပျက်နေလာကြပြီး မင့်အမိုး နော်လားဖောနဲ့ မင့်အဘိုး မရိပ်မိအောင် တတ်နိုင်သရွေ့ ဆင်ဆင်ခြင်ခြင်ဖြင့် စိမ်းစိမ်းပဲ တမင်နေပြကြရတော့တာပေါ့ ...၊

ဒါပေမဲ့ ဖေဖေ့မှာ ကိုယ်ပြုမိခဲ့တဲ့ ပြစ်မှုအတွက် တစ်နေ့မှလည်း မပျော်ရွှင်တော့ဘူး၊ မင့်အမိုး ကိုယ်ဝန်ခြောက်လလောက်ရောက်တော့မှ မျက်လုံးပြူးစရာကိစ္စက ပေါ်လာတော့တာပဲ ...၊

ဝါးဖောရဲ့ကိုယ်ဝန်ဟာလည်း အဲဒီအချိန်မှာ သုံးလရှိနေပြီတဲ့၊ ဒီမှာတင် ပိုကြီးတဲ့ပြဿနာက စတော့တာကိုး၊ ရွာက လူကြီးတွေ ပြောလာကြတယ် ...၊

ရွာပေါ်ကိုဝဲပြီး ငှက်ဆိုးထိုးတာမျိုးတွေ၊ ညအချိန် ရွာထဲကို ကျားဝင်လာတတ်တာမျိုးတွေ ဖြစ်လာလို့ သူတို့ရွာမှာတော့ဖြင့် အများအယွင်းတစ်ခုခု ရှိရမယ်ပေါ့လေ၊ ဒီယုံကြည်ချက်ကလည်း သူတို့ ရှိုးရာဓလေ့ထုံးစံတစ်ခုပဲပေါ့ကွယ် ...၊

ရွာပေါ်ကို မကြာခဏ ငှက်ဆိုးထိုးရင် ရွာမှာ အသေအပျောက် များတတ်ပြီး လိင်ကိစ္စ ဖောက်ပြန်ကျူးလွန်မှုတွေရှိလို့သာ ဖြစ်တယ်လို့လည်း အယူသီးကြပြန်တယ်၊

ကဲ ... ဒီတော့ ရွာပေါ်မှာ မကြာစဖူး ငှက်ဆိုးထိုးပြီး ဝဲနေတတ်တော့ ရွာလူကြီးတွေအမြင်မှာ အကြောင်းထူးတစ်ခု အများ



www.burmeseclassic.com

www.burmeseclassic.com



အယွင်းတစ်ခုကတော့ ကေန်ရှိပြီလို့ ဆုံးဖြတ်ပြီး ရှာကြဖို့ တိုင်ပင်ကြတာပေါ့ကွယ်၊

ဖေဖေဖြင့် နယုန်လမှာ ဝါးလုံးထိုးစီးနေပြီဖြစ်တဲ့ ရွာချောင်းထဲသာ ခုန်ချသေလိုက်ချင်ပါတော့တယ်၊ ဒီတော့မှ ဝရမ်းပြေးဘဝကလည်း ကျွတ်၊ လက်ငင်းပြဿနာကလည်း လွတ်ဆိုတဲ့ အတွေးရိုင်းနဲ့ ထင်ရာစိုင်းဖို့ မြင်မိတယ်ပေါ့ကွယ်၊

ဒါပေမဲ့ . . . တကယ်တမ်းမှာ သတ္တိလည်းရှိ၊ မိုက်လည်း မိုက်ခဲ့တဲ့သူကတော့ နော်ဝါးဖောပါပဲ၊ အားလုံးရဲ့ရှေ့မှာ အရှက်ကွဲ အရှာဖွေမခံဘူးဆိုပြီး တစ်နေ့တော့ တရဟောဝါးလုံးထိုးစီးနေတဲ့ ချောင်းထဲ ခုန်ချသတ်သေသွားခဲ့တယ်၊

နော်ဝါးဖော ချောင်းရေထဲ သတ်သေသွားပြီးတဲ့နောက်ပိုင်း နင့်အဘိုးဟာ စကားပြောလည်း နည်းလာတယ်၊ တစ်နေ့လုံးနေမှ စကားကို သုံးလေးခွန်းပဲ ပြောတဲ့အခါလည်း ရှိလာတယ်၊ ထူးခြားလာတယ်ဆိုပါတော့ သား။

မင့်အမိုး ကိုယ်ဝန်ရှစ်လထဲရောက်တဲ့အခါမှာတော့ အဘိုးဟာ သိပ်ပြီးမမာရှာတော့ဘူး။

ဒါနဲ့ တစ်နေ့တော့ နင့်အဘိုးဦးမြသိန်းဟာ ဖေဖေ့ကို စကားပြောတယ်၊

"မင်းဟာ အကြောင်းတစ်စုံတစ်ရာကြောင့် ဒီလောက်ခေါင်





ဲ့ နေရာချောင်ဖျားမှာ လာရောက်မှီခိုနေကြောင်း သူ ရိပ်မိပါတယ်တဲ့၊ သူ့မိတ်ဆွေ ဦးရဲညွန့်ကတော့ မြကျောက်တောင်ကို သွားမယ့် ည်ရွယ်ချက်နဲ့ ဒီကိုလိုက်ခဲ့ဖူးတယ်၊ မင်းကကော ဘာအကြောင်း သလဲ" လို့ မေးတော့တယ်၊

ဒီအခါမှာ ဖေဖေဟာ ဘာမှ သိုဝှက်မနေချင်တော့တာ ကြောင့် ဖြစ်လိုရာဖြစ်၊ ဖေဖေ့နောက်ကြောင်းတွေအားလုံး ပြော က်တယ်၊

ဒီတော့ ဖေဖေသိမ်းဆည်းသိုဝှက်ထားတဲ့ မြဆင်းတုကို း်အဘိုးက တောင်းကြည့်တယ်၊ ကြည့်ပြီး . . . မင့်ဆရာကြီး ဦးရဲ န့် လာတုန်းကလည်း ဒီဘုရား ပါခဲ့တာပေါ့၊ ဒီအောက်က စာတွေကို ဖတ်ပြလို့ အဓိပ္ပာယ် ငါနားလည်ပါတယ်၊ မြကျောက်တောင် ညွှန်းသိုက်စာပဲ၊

ဒီရွာလေးဟာ မြကျောက်တောင်ရဲ့ ပထမတံခါးဝလို့ ခါ်ရင်လည်း ရတယ်၊ သိုက်စာအညွှန်းမှာပါတဲ့ မြကျောက်တောင် တာ ဟောဟိုမြင်နေရတဲ့ ဒေါနတောင်တန်းပဲ၊ လေးရက်ခရီး း်ပြင်းသွားရင် ရောက်တယ်၊

အဲဒီတောင်ပေါ်မှာ မင်း အင်မတန်မြတ်နိုးတဲ့ မြကျောက်တုံး ဆိုတာ မလိုချင်အဆုံး ရှိလေရဲ့၊

ငါတို့ရဲ့ ဘိုးဘေးတွေရဲ့ အဆိုအရတော့ အဲဒီမှာ ထူးဆန်းတဲ့



www.burmeseclassic.com

www.burmeseclassic.com



လူမျိုးစုတစ်စုနေတယ်၊ သူတို့နယ်ထဲကို ဘယ်လူစိမ်းမှ အဝင်မခံဘူ
ဆေးမြစ်စုံ၊ ပန်းပေါင်းစုံဆိုတာလည်း မလိုချင်အဆုံးပဲ၊

မြကျောက်တွေဆိုတာ တောင်ထိပ်ပိုင်းတစ်နေရာမှာရှိ ရေအိုင်ဘေးမှာ သာမန်ကျောက်ခဲသလဲနဲ့ ဘာမှမခြားဘူး။

ခုတော့ သူတို့လူမျိုးဆက်တွေ ရှိပဲရှိသေးလား၊ တိမ်ကေ ပပျောက်သွားပြီလားဆိုတာ ငါလည်း မသိတော့ဘူး။

ဒီရွာသိမ်ကလေးက အိမ်အိုကြီးမှာ ဒီအသက်ဒီအရွ တိုင်အောင် ငါနေထိုင်ခဲ့တဲ့ ရည်ရွယ်ချက်ကတော့ ငါ့ရဲ့ဇနီး မမေ့နိုင်လွန်းလို့ သူနဲ့အနီးကပ်ဆုံးနေရာက ဘယ်ကိုမှ မခွာနိုင်လို့

အင်း . . . ပြောမယ့်ပြောတော့လည်း မင်း အလုံးစုံနားလည အောင်ပြောရတာပေါ့ကွယ်၊

ငါ့ရဲ့ဇနီးဟာ မြကျောက်တောင်သူပဲ၊ အံ့ဩသွားသလ စောထီးကော်။ ငါဟာ ငယ်စဉ်က အင်မတန်ချောမောခန့်ထည် သန် တဲ့ ယောကျ်ားတစ်ယောက်ပဲ၊ အမဲလိုက်ရင်း လူငယ်ပီပီ တောင လျှောက်၊ တောင်တစ်လျှောက် သွားရင်းလာရင်း စူးစမ်းရင်း စွန့် ခန်းတွေနဲ့ နယ်ကျွံပြီး မြကျောက်တောင်ရဲ့ ဒုတိယတံခါး ဆိုလောက်တဲ့ နေရာအထိ ရောက်သွားမိတယ်၊

အဲဒီမှာပဲ မြကျောက်တောင်သူတစ်ယောက်နဲ့ တွေ့ရေ တာပေါ့ကွယ်၊ သူဟာ သိပ်လှတယ်၊ သူ့ကို ငါစတွေ့တော့ နတ်သ





လေးလား၊ တစ္ဆေသရဲလားလို့တောင် ထင်မိတယ်၊

သူ့မှာ အဝတ်ဆိုလို့ တစ်လက်ဝါးစာတောင် ဝတ်မထားဘူး၊ ရှည်လျားနက်မှောင်တဲ့ ဆံပင်တွေကသာ ဖားလျားကျပြီး အရှက် လုံရုံလေး အနိုင်နိုင် ဖုံးထားပေးသလို ဖြစ်နေတယ်၊

ငါနဲ့သူဟာ တစ်ယောက်နဲ့တစ်ယောက် ဖြုန်းခနဲအဖြစ် သူကလည်း ကြောက်၊ ငါကလည်း လန့်၊ ဟင်း . . . ရယ်စရာတော့ အကောင်းသား။

ဒီလို ခဏကြောင်ငေးနေကြပြီး ဖြုန်းဆို သူကလေးဟာ ခြေဦးတည့်ရာ ထွက်ပြေးရှာတာပါပဲ၊ ဒီတော့ ငါလည်း သူ့နောက် အပြေးလိုက်၊ မိအောင်ဖမ်းတော့တာပေ့ါ၊ မိတာနဲ့ ငါ့ရဲ့သင်တိုင်းကို ချွတ်ပြီး သူ့ကို ဝတ်ပေးလိုက်တယ် . . .၊

"ငါ့ကို မကြောက်ပါနဲ့၊ မင်းဘယ်ကလဲ" လို့ မေးတော့ သူက ခေါင်းကိုသာ အတွင်ရမ်းပြီး ရှန်းတော့တာပဲ၊

နောက်တော့ ထပ်ခါ ထပ်ခါ မေးနေတဲ့ ငါ့ရဲ့အမေးကို သူ နားလည်သွားတယ် ထင်ပါရဲ့၊ ငါ့ကိုဖက်ပြီး ပထမငိုတယ်၊ နောက် မြကျောက်တောင်ဘက် လက်ညှိုးထိုးပြပြီး သူ့ရင်ဘတ်သူ ပုတ်ပြ တယ်၊ ပြီးတော့ လှပတဲ့ သူ့ပါးစပ်ကလေးကို ဟပြရှာတယ်၊

ဒီတော့မှ စောထီးကော်ရေ . . .

ငါဖြင့် သူ့ကို သနားလိုက်တာ၊ သူကလေးမှာ လျှာမရှိဘူး



www.burmeseclassic.com

www.burmeseclassic.com



ကွဲ၊ အရင်းက တိတိကို အဖြတ်ခံထားရရှာတယ်၊

ဒါနဲ့ ငါလည်း သူကလေးကို အိမ်ကိုတစ်ခါတည်း ထမ်းခေါ်ခဲ့တာပေါ့၊

နောက်တစ်ပတ်လောက်ကြာတော့ ရွာထုံးစံအတိုင်း လျှာအဖြတ်ခံထားရတဲ့ မြကျောက်တောင်သူ အ,အမလေးကို ငါလည်း မင်္ဂလာဆောင်ယူလိုက်တာပဲ၊

သူဟာ လှလွန်းလို့ မြန်မာလို နတ်သမီးလေးလို့အစ်ပွာယ် ရတဲ့ ကရင်ဘာသာ နော်မူလုံလားဆိုပြီး အမည်ပေးခဲ့တယ်၊

ဒါပေမဲ့ သူ့ခမျာ ငါနဲ့ငါးနှစ်ပဲပေါင်းလိုက်ရပြီး သမီးလေး တစ်ယောက်ထားရစ်ပြီး ဆုံးရှာတယ်၊

ငါ့အတွက် သူထားခဲ့တဲ့သမီးလေးဟာ သူ့အမိုးလိုပဲ သိပ်လှတယ်၊

နောက်အရွယ်ရောက် ငါလည်း သမီးလေးကို အိမ်ထောင်ချပေး၊ အင်း . . . ဒါပေမဲ့ သူ့ခမျာလည်း သက်ဆိုးမရှည်ပြန်ဘူးကွဲ၊

တောထဲမှာ လင်မယားနှစ်ယောက် တောင်ယာခုတ်အသွားမှာ ကျားဆွဲလို့ သမီးလေးနှစ်ယောက်ကိုထားခဲ့ပြီး သေကြရရှာတယ်၊

အဲဒီတုန်းက နော်လားဖောက ငါးနှစ်၊ နော်ဝါးဖောက လေးနှစ်၊ ငါ့မှာ ဒီမြေးကလေးနှစ်ယောက်နဲ့ အတော်ပဲ ပူဆွေးသောက ရောက်ခဲ့ရတယ်၊





ငါလည်း ရွာမှာ လူကြီးတစ်ယောက်အဖြစ် ဩဇာရှိပေမယ့် နော်မူလား ဆုံးပြီးကတည်းက နောက်အိမ်ထောင်ပြုဖို့ ယောင်လို့မှ စိတ်ကူးထဲမထည့်မိဘူး၊

အေး . . . မင်းလည်း နားထောင်ရတာ ငြီးငွေ့ရော့မယ်၊ မင်းကို အခု နောက်ပြီး နော်လားဖောမရှိတုန်း ဒီစကားတွေ ပြောရ တာက မြဆင်းတုပလ္လင်အောက်က အညွှန်းအတိုင်း ဘယ်တော့မှ လိုက်မိဖို့ပဲ၊

ဒါပေမဲ့ မင်းပြောတဲ့အတိုင်း မင်းဟာ မြသားကိုမှ ချစ်ပြီး ကိုင်တွယ်ထုလုပ်လိုတဲ့ ပန်းပုဆရာဆိုတော့ နော်လားဖောနဲ့ မင်းရဲ့ အဆက်အနွယ်တွေ မဆင်းရဲရလေအောင် ငါ အမွေပေးခဲ့ရတာပေါ့ ကွာတ်လား။

ဒီချောင်းလေးနံဘေးက ကျောက်တုံးတွေကို ကြည့်လိုက် စမ်း။ ပုံစံအမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး မင်းတွေ့တယ် မဟုတ်လား ဆာထီးကော်။

နှစ်ကြာလွန်းလို့ မည်းနက်အညိုတက်နေကြကုန်ပြီ။ အဲဒီ ကျောက်တုံးတွေဟာ မြသားအစစ်တွေပဲ၊ မင်း အင်မတန်လိုချင်တဲ့ မြသားစစ်စစ် ကျောက်တုံးတွေပဲ၊

နော်မူလားရှိစဉ်က ဒီကျောက်တုံးတွေအကြောင်း ပြောဖူး တယ်၊ ဒီကျောက်တုံးတွေဟာ မြကျောက်တောင်က မြကျောက်



www.burmeseclassic.com

www.burmeseclassic.com



တွေ့တဲ့၊ ချောင်းရေအဟုန်မြင့်တဲ့ရာသီမှာ ရေတိုက်စားလို့ မျော
လာပြီး ဒီမှာလာတင်နေပုံရတယ်တဲ့၊

ဒါကြောင့် မြကျောက်တောင်ထိပ်ကအိုင်ကြီးဟာ တို့
ချောင်းရဲ့ အစလို့ သူထင်တယ်ပေါ့ကွယ်၊ သူပြောတာ ထင်တာတွေ
ဟာ အဖြစ်နိုင်ဆုံးပါပဲ၊

ကဲ . . . စောထီးကော်၊ ငါပြောစရာတော့ကုန်ပြီ။ အဲ
ကျောက်တွေကို နိုင်သလောက်သယ်ပြီး မြေပြန့်တစ်နေရာ
ပြောင်းကြတော့ကွယ်၊

မင်းရဲ့စိတ်ထဲမှာ ဒီအဘိုးကြီး စိတ်မှန့်ရဲ့လားလို့ ထင်ေ
လိမ့်မယ်၊ အေး . . . ငါ လေးလေးနက်နက် ပြောလိုက်မယ်၊ ငါသေပြ
တစ်ပတ်လည်ရင် ကျောက်တုံးတွေ နိုင်သလောက်သယ်။ မင်းတို့
နေချင်တဲ့ မြို့၊ လမ်းပန်းအဆက်အသွယ်ကောင်းတဲ့ မြို့ကိုသာ
ပြောင်းကြ ဟုတ်ပလား။

တို့ဆီမှာ ဒီကျောက်တုံးတွေဟာ ဘာတန်ဖိုးမှမရှိပါဘူး
မြကျောက်တွေဖြစ်တယ်ဆိုတာလည်း ငါတစ်ယောက်ပဲ သိတယ်၊

အေး . . . စောထီးကော်၊ မင်းရဲ့ဆရာကြီး ငါ့မိတ်ဆွေ ရဲညွန့်
ပြန်တွေ့ရင် ငါက နောက်ဆုံးအချိန်မှာ နှုတ်ဆက်သွားတယ်လို့ ပြော
လိုက်ပါကွယ်၊

ဦးမြသိန်းဟာ သူပြောစရာစကားကုန်တာနဲ့ မျက်စိမှိတ်ပြီး





ငြိမ်ကျသွားတော့တာပဲ၊

ဒါနဲ့ . . . ဖေဖေလည်း သူပြောတာဟုတ်မဟုတ် ဓားတစ်
ာက်ဆွဲပြီး ချောင်းဘေးက အရွယ်အစားမျိုးစုံနေတဲ့ ကျောက်တုံး
တွေဆီ ချက်ချင်းပဲ ပြေးခဲ့တယ်၊

တက်နေတဲ့ရေညှိတွေကို ဓားနဲ့ခြစ်ခွာပြီး မြသားတွေ
ဟုတ်မဟုတ် စူးစမ်းခဲ့တယ်၊ ဟုတ်တယ်သားရေ၊ မြရိုင်းတုံးတွေ
ဖြစ်နေတာကိုး၊ ဖေဖေ့မှာ ဝမ်းသာလိုက်တာ ဘာပြောကောင်းမလဲ။

တိုတိုပြောရင်ကွာ ဦးမြသိန်းဟာ နောက်တစ်နေ့မှာပဲ
ဘဝတစ်ပါးပြောင်းသွားရှာတယ်၊ ဖေဖေတို့လည်း ရက်လည်ပြီးတာနဲ့
ပြီးအပိုင် ပြောင်းလာခဲ့ကြတယ်၊

ပြောင်းလာရာမှာလည်း ချောင်းဘေးက မြရိုင်းတုံးတွေကို
သတ္တာခုနစ်လုံးနဲ့ အပြည့် သယ်ယူခဲ့တယ်၊

ဒါနဲ့ပဲ ဖေဖေတို့ဟာ တဖြည်းဖြည်းနဲ့ ဟိုရွှေ့ ဒီပြောင်း
အတည်တကျမရှိ ပြောင်းရွှေ့နေထိုင်လာရာ နောက်ဆုံး ကြာအင်း
ဆိပ်ကြီးမြို့နယ် သံပရာရွာဘက်ကို ရောက်မှန်းမသိ ရောက်လာ
ကြတယ်၊

အရင်တုန်းကထက်တော့ မြို့နဲ့နီးလာပြီး ဂျပန်တော်လှန်
ရေးကလည်း ပြီးဆုံးလို့ မြို့ပြအုပ်ချုပ်ရေးတွေကလည်း စတင်
ထုပ်ရှားလာပြီ။ ဖေဖေကတော့ သံပရာရွာအလှကို မြင်ကတည်းက



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုနှစ်မြှုပ်နေမှန်းမသိဘူး။

ဒါကြောင့် ဘယ်သူမှ စိတ်မကူးတဲ့ပုံစံနဲ့ ဖေဖေ့စိတ်ကြိုက် သစ်လုံးအိမ်ကိုသာ အနိုင်အမာ ဆောက်တော့တာပဲ၊ ပြီးတော့ မီးလင်းဖိုကို ညွှန်ခန်းမှာ တသီးတခြား ဂရုတစိုက် နိုင်မာအောင် လုပ်ခဲ့တယ်၊

မီးလင်းဖိုရဲ့အောက်မှာ မြေတိုက်ခန်းတစ်ခုပါထည့်ပြီး အဲ့ အခန်းမှာ ဖေဖေ့ဝါသနာတွေကို အကောင်အထည်ဖော်ရာအဖြစ် အသုံးပြုခဲ့တယ်၊ မြတုံးတွေကို ဖေဖေ့စိတ်ကြိုက် စိတ်ထဲရှိတဲ့အတိုင်း ပန်းပုထုတော့တာပေါ့၊

သံပရာရွာမှာ အခြေချမိပေမယ့် ဖေဖေရဲ့ ကျွမ်းကျင်တဲ့ အသက်မွေးဝမ်းကျောင်းပညာကတော့ ပန်းပုထုလုပ်ခြင်းသာ ဖြစ်ခဲ့ တယ်၊ ကာလဒေသနဲ့ ဘယ်လိုမှ မဟပ်မိဘူးပေါ့၊

စင်စစ် ဒီပညာကိုလည်း အသုံးချပြီး သားကျွေးမှု၊ မယား ကျွေးမှုမပြုခဲ့ရဘူး။ အဲဒီကိစ္စခြေရာခံပြီး ခင်မောင်ဖော် လူသတ်မှု ပေါ်လာနိုင်တာကိုး။

နောက်ပိုင်းကိုတော့ ဖေဖေတစ်သက်လုံး သိုဝှက်ခဲ့သည့် မင်းကို ပထမဦးဆုံး ပြောပြခဲ့တယ်၊ မပြောလို့ မဖြစ်ဘူးကွယ်၊

မင်း ဆယ်နှစ်သားရောက်တော့ ဖေဖေဟာ မန္တလေး ရုပ်ဖျက်သွားပြီး ဆရာကြီးဦးရဲ့ညွှန့်သမီး မခင်နွေကို စုံစမ်းကြည့်





ခဲ့တယ်၊ ရင်ကွဲရပါပဲကွယ်၊

ခင်မောင်ဖော်အလောင်းကို ဖက်ငိုပြီး အစ်မခင်နွေက သူ့မှာ ခင်မောင်ဖော်နဲ့ ကိုယ်ဝန်သုံးလတောင်မှရှိနေပြီဖြစ်ကြောင်း ဖအေ ကြီးကို ပြောပြရှာတယ်တဲ့ . . .၊

နောက် . . . ခင်မောင်ဖော် ဓားမြှောင်ကို ဖေဖေပစ်ချထားခဲ့ ရာက ကောက်ယူပြီး သူ့ရင်ဝကို သူထိုးလိုက်တာ တစ်ခါတည်း သေရောဆိုပါတော့ကွယ် . . .၊

ဆရာကြီးမှာ ရှုံးမတတ်ပါပဲ၊ ဒီအကြောင်းကိုလည်း ဆရာကြီး နဲ့တွေ့မှ ဖေဖေ့ကို တိုးတိုးတိတ်တိတ် ပြောပြလို့ သိရတာပါ . . .၊

အမှုနဲ့ပတ်သက်လို့တော့ ဆရာကြီးကို ဘာမှသံသယ မရှိ ကြပါဘူး . . .၊

ရဲဘက်က ကောက်ချက်ချတာက မခင်နွေဟာ သူ့မှာ ကိုယ်ဝန်ရှိနေပြီဖြစ်လို့ လက်ထပ်ဖို့ ခင်မောင်ဖော်ကို အိမ်ပေါ် ချိန်းပြီး အပြောမှာ ခင်မောင်ဖော်က ငြင်းဆန်လို့ ခင်မောင်ဖော်ကို ဓားနဲ့ ထိုးသတ်ပြီး သူ့ကိုယ်သူလည်း သတ်သေဟန်ရှိတယ်လို့ ယူဆ ကြတယ်၊ ဒါပေမဲ့ အဲဒီညမှာမှ ထူးထူးဆန်းဆန်း မောင်စောလွင်ဆိုတဲ့ တပည့်တစ်ယောက် ပျောက်သွားတာကိုတော့ သံသယရှိပြီး နှစ် အတော်ကြာအောင် လိုက်ကြသေးတယ်ဆိုပဲ . . .၊

ဆရာကြီးကို ဖေဖေသွားတွေ့တော့ ဆရာကြီးဟာ စိတ်



www.burmeseclassic.com

www.burmeseclassic.com



သောကတွေကြောင့် အတော်ပဲ မမာနေပါပြီကွယ် ...။

သူ့သမီးသေပြီးကတည်းက အလုပ်လည်း ကောင်းကောင်း မလုပ်ဘဲ မန္တလေးတောင်ပေါ် ပုတီးသွားစိပ်လိုက်, ဘုရားကျောင်းတွေ သွားလာလိုက်နဲ့ ဒါပေမဲ့ စိတ်သောကမပြေနိုင်ရှာဘူး၊ ဆင်းလည်း ဆင်းရဲရှာတယ် ...။

ဒါနဲ့ ဖေဖေလည်း သံပရာ ခဏပြန်၊ မင်းအမိုးကို ကိုကျော် စိုး၊ နော်လေးဖောတို့နဲ့ ခဏထားခဲ့ပြီး မြရိုင်းတုံး တချို့ယူ, ခွဲတန်ခွဲ, သွေးတန်သွေးပြီး ဆရာကြီးဆီပြန်လာ၊ မြတွေရောင်းလို့ ရတဲ့ငွေတွေနဲ့ အကောင်းဆုံး ဆရာဝန်တွေခေါ်ပြီး ကုပေးပါတယ် ...။

ဖေဖေကိုယ်တိုင် မစင်ကြီး မစင်လေးကစပြီး ဆရာကြီးကို လုပ်ကိုင်ပြုစုပေးပါတယ်၊ ဒီလိုနဲ့ ဖေဖေလည်း ဆရာကြီးကို ဘယ် လောက်ကောင်းတဲ့ ဆေးတွေနဲ့ပဲကုကု၊ စိတ်အခြေခံတဲ့ ဆရာကြီး ဝေဒနာဟာ ပျောက်တယ်လို့မရှိဘဲ ဖေဖေပြုစုလို့ ခြောက်လအကြာမှာ လူ့လောကကြီးကို မျက်ကွယ်ပြုသွားရှာတော့တယ် ...။

ဒါနဲ့ ဖေဖေလည်း ဆရာကြီးရှာပနုပြီးရင်ပဲ သံပရာကျေးရွာကို မပြန်သေးဘဲ စိတ်ထင်ရာလျှောက်သွားလိုက်တာ တော်တော်နှံ့သွား တယ် ...။

ခင်မော်ဖော်အမှုကလည်း ပိတ်လိုက်ပြီးသားမို့ ဖေဖေက ဝရမ်းပြေးဘဝက ကျွတ်လွတ်ခဲ့တာကြာပြီပဲ၊ ဒါပေမဲ့ ကရင်ကြီး စောထီးကောဘဝကနေပြီး မြန်မာအညာသားကြီး မောင်စောလွင်အဖြစ် အသွင်ပြောင်းဖို့က လွယ်တော့တဲ့ကိစ္စ မဟုတ်ဘဲကလား ...။





ဒါကြောင့်ပဲ ဖေဖေက သေသည့်အထိ ကရင်ကြီး စောထီး ကော်ဘဝကိုပဲ ခံယူသွားခဲ့ပါတယ်၊ နောက်ဆုံးတော့ ဖေဖေဟာ သံပရာရွာကို ပြန်ဖို့အလာ ရထားပေါ်မှာ ကရင်ကြီးတစ်ယောက်နဲ့ မိတ်ဆွေဖြစ်ခဲ့ကြတယ် ...။

သူနဲ့ စကားလက်ဆုံကျရင်း သူ့ရွာကိုလိုက်လည်ဖို့ ဖိတ် ခေါ်ရှာတယ်၊ ဖေဖေလည်း လိုက်သွားတယ် ...။

အေး ... အဲဒီမှာတင် စောတင်ဦးဆိုတဲ့ သားငယ်ကို ဖေဖေ ဘယ်လိုမှ မမျှော်လင့်ဘဲ တွေ့လိုက်ရတာပေါ့၊ တွေ့စကတော့ သူဟာ ဘယ်သူဘယ်ဝါရယ်လို့ သိပ့်မလဲ ...။

သူ့ဇာတ်လမ်းကို ဖေဖေတည်းတဲ့အိမ်ရှင်က ပြောပြတယ်၊ သူနဲ့ ဆွေမျိုးမကင်းရာမကင်းကြောင်း ညီတော်သူတစ်ဦးဟာ တစ်နေ့တော့ ချောင်းထဲက မိန်းကလေးအလောင်းတစ်လောင်းကို ဆယ်လာသတဲ့ ...။

ဒီတုန်းက ချောင်းရေလျှံနေတဲ့အခါပေါ့၊ သေပြီထင်ပေမယ့် ရှုံ့မပစ်ရက်ဘဲ လှလွန်းလို့ အိမ်ယူထားမိတယ်ဆိုပဲ ...။

ဝိုင်းဝန်းပြုစုကြတာကြောင့် အသက်ရှင်လာတယ်၊ ဆယ်လာ မိတဲ့လူကလည်း အဲဒီမိန်းကလေးကို အရူးအမူးကြိုက်တော့ဘာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုကိုး၊ သူ့ကိုယူဖို့ ပြောရှာသတဲ့ . . . ၊

ဒီတော့ ကောင်မလေးက ငိုပြီး ပြောတယ်တဲ့၊ သူ့နေရင်
ဒေသကိုတော့ မေ့သွားပြီပေါ့၊ ဒါပေမဲ့ . . . ဟိုးအဝေးကြီးမှာ ရှိမယ်
ထင်တယ် . . . ၊

သူဟာ အပြစ်တစ်ခုကိုပြုမိလို့ ရွာဘေးက ချောင်းထ
ခုန်ချသတ်သေတာ မသေဘဲ ဒီကိုရောက်လာတဲ့အကြောင်းပေါ့၊ သူ့
ယောက်ျားမရှိတော့ပါဘူး၊ ဒါပေမဲ့ ကိုယ်ဝန်သုံးလနဲ့ပါ၊ အပျိုမဟုတ်
ပါဘူးလို့ ပြောရှာဆိုပဲ . . . ၊

သူ့နာမည်က နော်ဝါးဖောတဲ့လေ၊ မင့်အမိုးရဲ့ညီမ၊ မင်
ဒေါ်လေးနာမည်ပဲ မဟုတ်ဘူးလား၊ ဒီတော့ သူ့ကိုဆယ်လာတဲ့ လူက
နော်ဝါးဖောရဲ့ကိုယ်ဝန် မွေးပြီးအောင်စောင့်ပြီး ယူပါ့မယ်လို့ ဆိုပြီ
မွေးပြီးရင်သာ သူ့ကိုယူဖို့ တောင်းပန်သတဲ့ကွယ် . . . ၊

ကဲ . . . ဒီလိုနဲ့ ဖေဖေတို့က သေပြီထင်တဲ့ နော်ဝါးဖောဟာ
မသေဘဲ ကလေးတစ်ယောက် (စောတင်ဦး) ကိုမွေးပြီး သူ့အသက်
သခင်ကိုသနားပြီး ယူလိုက်ရှာတယ် . . . ၊

ဒါပေမဲ့ သူ့ခမျာ သက်ဆိုးမရှည်ရှာဘူး၊ သုံးနှစ်လောက်
သာနေပြီး ဆုံးရှာသတဲ့ . . . ၊

ဒီတော့ နော်ဝါးဖောကမွေးလာတဲ့ သားကလေး စောတင်ဦး
သူ့ပထွေး၊ ဒေါ်အေး . . . သူတို့နှစ်ယောက်ဟာ အတူတူ သုံးနှစ်လောက်





နေကြသေးတယ်လို့ သိရတယ် . . . ၊

နောက်မှ နော်ဝါးဖောရဲ့ယောက်ျားလည်း ခုနစ်နှစ်ထဲရောက်ပြီဖြစ်တဲ့ စောတင်ဦးကို ဖေဖေတည်းတဲ့အိမ်ရှင်ဆီမှာ အပ်ပြီး ထွက်သွားလိုက်တာ ပေါ်မလာတော့ဘူးတဲ့ . . . ၊

သားကြီးလူရဲ့၊ ဆက်ပြီး အသေအချာဖတ်ပြီး စဉ်းစားပေတော့။ ဖေဖေလည်း တင်ဦးဆိုတဲ့လူငယ်လေးရဲ့ဘဝကို ရင်ဆို့ရလွန်းလို့ ဘာပဲဖြစ်ဖြစ် သူ့အမိုးဟာ ဖေဖေ့ခယ်မ နော်ဝါးဖောပဲ၊ ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ ငါပြန်ရင် ခေါ်သွားတော့မယ်လို့ ဆုံးဖြတ်လိုက်တယ်၊ ဒါနဲ့ ဖေဖေအပြန်မှာ စောတင်ဦးဟာ လွယ်လွယ်ကူကူနဲ့ပဲ ပါလာခဲ့ရော ဆိုပါတော့။

ကြာအင်းဆိပ်ကြီးမြို့ရောက်တော့ သားကြီးနေတဲ့ ကျောင်းက ကျောင်းအုပ်ဆရာကြီးကို သင့်သလိုပြောဆိုအပ်နှံပြီး စောတင်ဦးကို တစ်ခါတည်း အပ်လိုက်တာပါပဲကွယ်၊

ဖေဖေလည်း သူ့ကို ကျောင်းအပ်ပြီးနောက်ပိုင်း တစ်ခါမှ သူ့ကိုသွားမတွေ့ဘူး၊ ကျောင်းအုပ်ဆရာကြီးဆီမှာ တစ်နှစ်စာ သူ့အတွက် လိုအပ်သရွေ့ကို ကြိုတင်ပေးထားလိုက်တယ်၊

ကျောင်းအုပ်ဆရာကြီးကတစ်ဆင့် သူ ဘာဝါသနာပါသလဲလို့ တီးခေါက်ကြည့်တော့ ဆရာဝန်လုပ်ချင်တဲ့ကလေး ဖြစ်နေတာကိုး၊



www.burmeseclassic.com

www.burmeseclassic.com



အင်း ...ဒီတော့ ဖေဖေစဉ်းစားတယ်၊ သားကြီးကို ဆယ်တန်းအောင်ရင် ပစ္စည်းအမွေပေးပြီး စီးပွားရေးလုပ်ငန်းတွေမှာ ဦးစီးစေမယ်၊ သားငယ် စောတင်ဦးကိုတော့ သူ့ဘဝမှန်ကို ဘယ်လိုမှ အသိပေးလို့ ဒီတစ်သက်မှာ ဖြစ်နိုင်မှာမဟုတ်လို့ သူလိုချင် တဲ့ ပညာအမွေကိုပဲ ငါပေးတော့မယ်လို့။

ရှင်းပြီလား သားကြီး။ တကယ်တော့ တင်ဦးဟာ မင်းနဲ့ လလောက်သာငယ်တဲ့ညီငယ်တစ်ယောက်ပေပဲ၊ ဖေဖေလည်း ဒီအတိုင်းယုံကြည်တယ်၊ သားကြီးကလည်း ယုံစေချင်တယ်၊

အခု ဒီစာကို မင်းဖတ်ပြီးရင် သံမဏိသေတ္တာအောက် ကြမ်းပြင်က ခလုတ်ကလေးတစ်ခုကို နှိပ်လိုက်ပါ။ တစ်ဖက်မှာ အခန်း တစ်ခု တွေ့ရလိမ့်ဦးမယ်၊

အဲဒါတွေကတော့ မြကိုင်းတုံးတွေပဲ၊ သေတ္တာနဲ့သုံးလုံး အပြည့် ရှိလေရဲ့၊

သားကြီးအနေနဲ့ မင်းညီငယ်ကို အမွေခွဲပေးစေချင်တယ်၊ ဒါပေမဲ့လည်း လေးပုံတစ်ပုံသာ ပေးရမှာဖြစ်တယ်၊ သူဟာ ဆရာဝန်မှုချဖြစ်မယ့်သူလို့ ဖေဖေယုံကြည်တယ်၊

သားကြီးကတော့ ဆယ်တန်းပညာလောက်နဲ့ မင်းအမိုးနားမှာ အတူနေပြီး တိုင်းပြည်အတွက်လည်း အကျိုးပြုရာရောက်မယ့် စီးပွားရေးလုပ်ငန်းကို ဦးဆောင်ဖောက်ချလုပ်ရမယ့်လူဖြစ်လေတော့





အရှုံးအမြတ်ဆိုတာ တွက်လို့မရဘူး။ ဒါကြောင့် လေးပုံသုံးပုံကို သားကြီးယူပေတော့။

ဒီကမ္ဘာမြေပြင်မှာ သားကြီးတစ်ယောက်တည်း ဥတစ်လုံး တစ်ကောင်ကြွက်မဟုတ်ဘဲ ချစ်ခင်စရာ ညီငယ်တစ်ယောက် ရှိသေးတယ်ဆိုတာ အခုသိရပြီမဟုတ်လား။

သားကြီးနဲ့သားငယ်ဟာ ညီအစ်ကိုမှန်းမသိကြဘဲ ကျောင်းမှာ အင်မတန်ချစ်ခင်တဲ့ သူငယ်ချင်းတွေ ဖြစ်ခဲ့ကြတယ်၊ ဒါကိုပဲ ဖေဖေ့မှာ တိတ်တိတ်ကျိတ်ပြီး ကြည်နူးမဆုံး ရှိခဲ့တယ်၊ ဖေဖေအသက်ရှင်စဉ် သိုဝှက်ခဲ့ရတာတော့ မင်းအမိုးကြောင့်ပါ။

မင်းအမိုးကို ဖေဖေ့ရဲ့နောက်ကြောင်းတွေအားလုံး နည်းနည်းလေးမှ သိလို့မဖြစ်ဘူး၊ သိရင် ...ဖေဖေ့ကို သူမုန်းတော့မယ်၊ သူဟာ အင်မတန် ရိုးသားတည်ငြိမ်သလို သူ့အပေါ်မှာလည်း ရိုးသားမှ သစ္စာရှိမှ ကြိုက်သူဖြစ်တယ်၊

ဒါကြောင့်လည်း ဒီအကြောင်းတွေကို ဖေဖေသေပြီး နောက် ပိုင်းကျမှ သားကြီးလက်ထပ်ပြီး နောက်တစ်နေ့ကျမှသာ မသိရင် မဖြစ်တဲ့ သားကြီးတစ်ယောက်တည်း အလုံးစုံသိရအောင် ဖေဖေ ပြည့်ပြည့်စုံစုံ ရေးခဲ့တယ်၊

ကျော်စိုးဟာ အမှန်က မင်းနဲ့ ဘာမှမတော်စပ်ပါဘူး၊ သူတို့ ငွေကြေးအခက်အခဲဖြစ်နေစဉ်မှာ ဖေဖေကူညီလိုက်လို့ ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဖေဖေ့လူယုံတော်ကြီး ဖြစ်ခဲ့တယ်ပေါ့၊ အင်မတန် သစ္စာရှိတဲ့သူ ဖြစ်တယ်၊

မင်းလက်ထပ်ပြီးနောက်နေ့မှ သေတ္တာလေးကိုပေးဖို့ ကျော်စိုးကိုမှာခဲ့ရတာကတော့ ဖေဖေဟာ သားကြီးရဲ့ အရည်အချင်း လူစွမ်းလူစကိုသာ ဘာအကူမှမပါဘဲ ကြီးပွားပြည့်စုံ လာ,မလာ ကြည့်ချင်၊ သိချင်၊ အကဲခတ်ချင်လို့ပါပဲကွယ်၊

ဖေဖေပြောဖို့ တစ်ခုကျန်ခဲ့တယ်၊ မင်းကိုမွေးစက ဖေဖေ ဗုဒ္ဓဘာသာ မြန်မာအညာသားကြီး မောင်စောလွင်ရဲ့ ရင်သွေးအစစ်ပဲ၊ ဖေဖေ့လိုပဲ ဗုဒ္ဓဘာသာဝင်ပဲ ဖြစ်စေချင်ခဲ့တယ်၊

ဒါပေမဲ့ မင်းအမေကတော့ ငါ့ကို စကောကရင် စောထီး ကော်အဖြစ်နဲ့သာ သိထားရှာသူမို့ သူ့သားကို သူ့စိတ်ကြိုက် ခရစ်ယာန်ဘာသာပဲ သွတ်သွင်းခဲ့တာပါကွယ်၊

မင်း လူလားမြောက်ရင်တော့ အလုံးစုံပြောပြီး မင်း ကြိုက်တဲ့ ဘာသာ ခံယူစေမယ်လို့ ဖေဖေကျိတ်ပြီး တွေးတောမိခဲ့တယ် ဆိုပါတော့။

ကဲ ... သားကြီးလူရဲ ...

ဖေဖေပြောတဲ့ တစ်ဖက်ခန်းကို ဖွင့်ကြည့်စမ်းပါ။ အဲဒီအထဲ ခမ်းနားတဲ့ ဘုရားစင်နဲ့ ဆရာကြီးဦးရဲညွှန့်က ဖေဖေ့ကိုပေးခဲ့တဲ့ မြဘုရားကို မင်း ဖူးမြင်ရပါလိမ့်မယ်၊





ဖေဖေပြောချင်တာက နောက်ဆုံးအနေနဲ့ပေါ့ကွယ်၊ သားရဲ့ က်ထက်မှာ ဖေဖေ့အမှားမျိုးတွေ မလုပ်မိစေနဲ့၊ ဖြောင့်မတ်ပါ၊ စ္စာရှိပါ၊ ယောက်ျားကောင်းတို့ရဲ့ အသရေနဲ့ ပြည့်စုံပါစေလို့။

ဖေဖေ မြရိုင်းတုံးတွေ သယ်လာတာကို ဟိုတုန်းကတော့ ျာက်တုံးတွေသယ်လာတဲ့ အလကားအရူးလို့ ထင်ကြတာပေါ့၊ နောက်ပိုင်းကျ ရိပ်မိပြီး စုံစမ်းနေတဲ့ လူအချို့ ရှိနေတယ်သား။

မြဆင်းတုနဲ့ မြရတနာတွေ နောက်လိုက်နေတဲ့ လူတစ်စု

ဖေဖေမရှိတဲ့နောက်ပိုင်း သားဆီကို သူတို့ဆက်လိုက်မှာ နှန်ပဲ၊ ဒါကြောင့် ဖေဖေ့သားကြီး အတတ်နိုင်ဆုံး သိုသိုသိပ် သိပ် ်ပြီးနေပေတော့။

ကဲ ... ဒါပဲသားကြီးလူရဲ။

ဖေဖေ့သားကြီး ယောက်ျားကောင်းတစ်ဦးမှာရှိရမယ့် ဂုဏ် တွေနဲ့ ပြည့်စုံပါစေကွယ်၊

သားရဲ့ဖေဖေ

စောထီးကော် (ခ) စောလွင်

စာဆုံးတော့မှပင် လူရဲသည် မိမိဘာသာ ငိုနေမိကြောင်း ိပြုမိတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သွက်သွက်ခါနေသော အသည်းနှလုံးမှ ဖခင်ကြီးအ
တမ်းတရင်း စားပွဲပြင်ပေါ် မျက်နှာအပ်လျက် သည်းစွာရှိုက်မိ၏။

လူရဲသည် ဖခင်ကြီး၏ လက်ရေးစာမူများကို သေသပ်စွာ
ခေါက်ပြီး သားရေအိတ်ထဲ ပြန်ထည့်၍ မူလနေရာ သံမဏိသေတ္တာ
အဖုံး အံကပ်ထဲတွင် တရိုတသေ သိမ်းဆည်းလိုက်၏။ ပြီးမှ သံမ
သေတ္တာကို အသေအချာသော့ပိတ်၏။

ဖခင်ကြီးပြောသလိုအတိုင်း သံမဏိသေတ္တာနောက်ဘ
ကြမ်းပြင်မှ ဘုကလေးကို နှိပ်လိုက်ရာ သေတ္တာနာက်မှ နံရံသ
တဖြည်းဖြည်း ရွှေ့လာသည်နှင့် သူအထဲသို့ ဝင်သွားသည်။

အထဲသို့ရောက်သောအခါ ခမ်းနားထည်ဝါသော ရွှေသ
စစ်ပလ္လင် ကျောင်းဆောင်တော်ဝယ် ကြည်ညိုဖွယ်ရာ အသရေ
တင့်တယ်စွာ စံပယ်နေရာ မြသားဆင်းတုကိုယ်စားတော်ကို ဖူး
ရလေသည်။

နေ၏အလင်းရောင်သည် ဘယ်အရပ်မှ တိုးဝင်လာသ
မသိပေ။ မှိန်မှိန်လေးလင်းနေ၏။ ကျောင်းဆောင်နှင့် မြသ
ဆင်းတုတော်သည် လင်းလက်ဝင်းပလျက်ရှိနေ၏။

သူ၏ဖခင်ကြီးမှာ မြသားဘုရားရှေ့မှ ပန်းအိုးများကို ရွှေ
အစစ်ဖြင့်လည်းကောင်း၊ ထိုးလှူထားသော ပန်းခိုင်များကို ရတ
ခုနစ်ပါးဖြင့်လည်းကောင်း ပြုလုပ်ထားရာ ဘုရားစင်မှ ရောင်





ဖြာလျက် ရှိတော့သည်။

ထူးခြားသည်မှာ ဖုန်မှုန့်များ မတတ်နိုင်ရန် ရည်ရွယ်၍ ဖခင်
ကြီးသည် မြဆင်းတုကိုယ်စားတော်နှင့်တကွ ဘုရားစင်တစ်ခုလုံးကို
ကြီးမားသော ဖန်အုပ်ဆောင်းကြီးဖြင့် အခိုင်အခံ့ အုပ်မိုးထားခြင်းပင်
ဖြစ်တော့သည်။

ထို့ကြောင့်ပင် ကြည်လင်သော ဖန်အုပ်ဆောင်းကြီးအတွင်းမှ
မြဆင်းတုကိုယ်စားတော်နှင့် ရွှေသားပန်းအိုး၊ ရတနာခုနစ်ပါးဖြင့်
ခြယ်ထားသော ရွှေပန်းခိုင်များသည် ဖုန်တက်မည့်ရန်မှ ကင်း
ဝေးလျက် ရှိလေသည်။

အုပ်မိုးထားသော ဖန်အုပ်ဆောင်းကြီးတွင်သာ ဖုန်များ
ရှိနေ၏။

လူရဲသည် ရတနာခုနစ်ပါးဖြင့် ပြိုးပြက်နေသော ဘုရားစင်
အား တမေ့တမောကြီး ငေးစိုက်ကြည့်နေမိလေ၏။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

နောက်နှစ်ရက်ခန့်အကြာ တစ်နံနက်တွင် သံပရာကျေးရွာ လူရဲ၏ ညွှန်ခန်းမီးလင်းဖိုသည် မီးတောက်တို့ဖြင့် ပြန်လည် ရဲရဲနီလျက် ရှိနေ၏။

ဟိုင်းလပ်ကားမှာလည်း အိမ်ခင်းတစ်နေရာတွင် ကျွန်ုပ်ရေ ပြန်၍ရောက်နေသည်။

မီးလင်းဖိုအနီးရှိ ပက်လက်ကုလားထိုင်တွင်မူ လူရဲသည် လက်ဖက်ရည်ထည့်ထားသော မတ်ခွက်ကိုကိုင်၍ ထိုင်နေသည်။

လက်မှနာရီက နံနက်ရှစ်နာရီသို့ ညွှန်ပြနေပါသည်။

တံခါးခေါက်သံပေါ်လာသည်။ ''ဝင်ခဲ့'' ဟု ခပ်မာမာပင် သူပြောလိုက်၏။





ဦးခင်ဇော်၊ နော်အယ်လာနှင့် နော်လေးဂေးတို့ ရှေ့ဆင့် နောက်ဆင့် ဝင်လာသည်။

သူ့မျက်နှာ မှုန်နေသလောက် ဝင်လာသူအားလုံး၏ မျက်နှာ ထားများမှာ ချိုမြနေကြ၏။ ရောက်မဆိုက်ပင် ဦးခင်ဇော်က စတင်၍-

''သားကြီး . . . မင်း ဟိုင်းလပ်ကို မောင်းထွက်သွားတုန်းက အန်ကယ်တို့ ချက်ချင်းမလိုက်နိုင်ခဲ့ဘူး။ နောက်က ပိုင်းအော်တာလည်း မင်းမကြားဘူး . . .၊

နံနက်ဝေလီဝေလင်းလောက်မှာမှ အန်ကယ်လည်း မောင် တင်ထွန်းနဲ့ မင်းသွားမယ်ထင်တဲ့နေရာတွေ လိုက်ရှာရတာပေါ့ . . .၊

မနေ့နေ့လယ်ကမှ သံပရာရွာအဝင် ကုန်းအဆင်းမှာ ဟိုင်း လပ်ကိုတွေ့ပေမယ့် လူလည်း တစ်ယောက်မှမရှိတော့ ဘယ်လိုက်ရမှန်း သိ ဖြစ်နေတာပါပဲကွာ . . .၊

ဟိုင်းလပ်တွေ့တော့ မင်း ဝါးပြန်တောင်ကိုများ သွားပြန် လော့လားဆိုပြီး ဆက်အလိုက် ဝါးပြန်တောင်ရောက်တော့ ကြင်စိန်နဲ့ တွေ့တယ် . . .၊

မင်း အထက်ရွာက ကောက်ရိတ်သိမ်းပွဲသွားတယ်ဆိုလို့ တစ်ခါ ဆက်လိုက်ပြန်ကြရောကွ . . .၊

ဟိုရောက်တော့ မင်း ရောက်မလာဘူးဆိုလို့ စိတ်ပူကုန် ပြီး ဒီမနက် သံပရာပြန်အဆင်းမှာ ဟိုင်းလပ်ကို မနေ့က တွေ့ခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



နေရာမှာ မတွေ့ဘဲ ပျောက်နေပြန်ရောကိုး . . .၊

ဒါနဲ့ မင်း မုဒ့်ကိုပဲ ပြန်မောင်းသွားလေမလား, သံပရာအိမ်မှာပဲ ရောက်နေသလား စဉ်းစားမိပြီး တို့များ ဒီကိုဝင်ကြည့်ကြတာပဲ . . .၊

ဘုရားသခင် စောင်မပေလို့ သားကြီးကို ကောင်းကောင်း မွန်မွန် ပြန်တွေ့ရတာပါပဲ''

''နော်လေးတာဆုကော''

လူရဲက မည်သူ့မျက်နှာမှမကြည့်ဘဲ မီးလင်းဖိုမှ မီးခဲရဲရဲများ ကိုသာ စိုက်ကြည့်ရင်း သံဖြတ်ဖြင့် မေးလိုက်သည်။

နော်အယ်လာတို့မှာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့် ပြီးမှ နော်လေးဂေးက –

''တာဆုလား . . . အဝယ် သူက သိပ်နေမကောင်းဘူး''

''ဒေါက်တာရန်နိုင်စိုးနဲ့ အပ်ခဲ့ရတယ်၊ သူ့ရောဂါက သားကြီး ထင်သလို မဟုတ်ပါဘူးကွယ်၊ ရိုးရိုးသားသားပါ၊ ပြီးတော့လည်း သူ သားကြီးကို စောင့်နေရှာတယ်၊ သိပ်တွေ့ချင်သတဲ့ကွယ်''

''မင်းထွက်သွားတဲ့ညကများ ငိုလိုက်တာ တစ်ညလုံးပဲ မင်းနောက်လိုက်ကြပါ၊ သူ့အဝယ်တော့ ကားမောက်တော့မှာပဲ လိုက်ကြပါ၊ လိုက်ပေးကြပါနဲ့ လူးနေတာပဲ၊ ဒါကြောင့် အခု အမိုးတို့နဲ့ မုဒ့်ပြန်လိုက်နေပါဦး''

''ဟား ဟား ဟား . . . ကျုပ်က လိုက်ရမယ်တဲ့လား။ ဒါဖြင့်





ခင်များတို့တွေ ကျုပ်နှမ့်ဖူးမှာ ချိုင်းတပ်ပေးကြတော့မှာဖြေ့ ဟုတ်လား''

''မင်း မင်း . . . ဘာတွေပြောနေတာလဲ''

''ဩော် . . . အန်တီအယ်လာ ဟန်ဆောင်ကောင်းလှချည် လားဗျ၊ ဒီကောင်ကိုယ်တိုင် လက်ပူးလက်ကြပ်မိခဲ့တယ်လေ၊ ဒီထက် ရှင်းရရင် မကောင်းတော့ဘူး''

လူရဲသည် လက်ထဲမှ လက်ဖက်ရည်ခွက်ကို ဒေါသတကြီး သွင့်ပစ်လိုက်ရာ လက်ဖက်ရည်များ ကြမ်းပြင်တစ်လျှောက် ဖိတ်စဉ် ကုန်ကြ၏။

အားလုံးလည်း အံ့အားသင့်ကာ မျက်နှာပျက်သွားကြလေ သည်။

''ကဲ ကဲ . . . အဝါးနဲ့ လေးဂေးက မုဒ့်ပြန်နှင့်ပေတော့၊ အဖေတော့ လူရဲနဲ့ ဆွေးနွေးစရာရှိလို့ နေရစ်ခဲ့ဦးမယ်၊ ပြန်ကြ . . . ပြန်ကြ''

နော်အယ်လာနှင့် နော်လေးဂေး ထွက်သွားပြီးသောအခါ ဦးခင်ဇော်သည် ဆေးတံကြီးခဲရင်း ညော့ခန်းတွင် ခေါက်တုံ့ခေါက် ပြန် လမ်းလျှောက်၍ ကျန်ခဲ့သည်။

လူရဲကမူ ဦးခင်ဇော်ကိုမကြည့်၊ ပက်လက်ကုလားထိုင်မှ သည်း မထပေ။

''ဒီလိုရှိတယ် သားကြီးရဲ့၊ မင်းရဲ့စိတ်ထဲမှာတော့ မင်းကို



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းပြီး နွားလုပ်ကြတယ် ထင်နေမှာပဲ''

''ကဲလေ မထူးတော့ပါဘူး၊ အဖေကလည်း ဖွင့်ပြောပါ တော့မယ်၊ နော်လေးတာဆုနဲ့ ဒေါက်တာတင်ဦးကို ဝါးပြန်တောင်မှာ စေ့စပ်ကြောင်းလမ်းကတည်းက နောင်တစ်ချိန်ချိန်မှာ တကယ့် သတို့သားဖြစ်ရမယ့်လူဟာ မင်းပဲ၊ ဒေါက်တာတင်ဦးကတော့ ဟန်ဆောင်သတို့သားပဲ၊ ရှင်းသလား''

''ဘာ ... ဘယ်လိုဗျ''

''တို့များ တောင်ပေါ်ဒေသ ဝါးပြန်တောင်ရဲ့ ထုံးစံရှိတယ် မဟုတ်လား။ စေ့စပ်ပြီး သတို့သားလောင်းက သတို့သမီးလောင်းကို လက်ထပ်ဖို့ ပျက်ကွက်ခဲ့ရင် ... အရန်လူပျိုက လက်ထပ်ယူရတယ် ဆိုတဲ့ စကောကရင်တွေရဲ့ ရိုးရာဓလေ့။ အေး ... တကယ်တော့ အဲဒီရိုးရာဓလေ့နဲ့ ချုပ်ကိုင်ပြီး မင်းကို နော်လေးတာဆုနဲ့ ပေးစား ရတာပဲ၊ နားလည်ပြီလား သားကြီး။ ဒါကလည်း မင်းဟာ နော်လေး တာဆုကို နည်းနည်းလေးမှ စိတ်မဝင်စားဘဲ မာနကြီးလွန်းတာ ကြောင့်ပဲကွ''

''ဒါနဲ့ ဘာဆိုင်လို့လဲဗျ''

''ဆိုင်တာပေါ့၊ ရှင်းရှင်းပြောရရင် တာဆုကိုယ်တိုင်က ဒေါက်တာတင်ဦးကို ချစ်တာမဟုတ်ဘူး။ မင်းကိုသာ သူက ချစ်နေတာ မျှော်လင့်နေရှာတာ၊ ဒါလည်း မင်းသိပါတယ်လေ၊ ယောကျ်ား





တစ်ယောက်ပဲ''

''ဒါဖြင့် ဟိုတုန်းက တင်ဦးနဲ့နော်လေးတာဆုရဲ့ စေ့စပ် ကြောင်းလမ်းမှုဟာ ဟန်ဆောင်ပေါ့ ဟုတ်လား''

ဦးခင်ဇော်က ခေါင်းကို ဆတ်ခနဲညိတ်ကာ ဆေးတံကို နှုတ်ခမ်းမှ ချွတ်ယူလိုက်၏။

''အရန်လူပျိုဖြစ်တဲ့ ကျုပ်ဟာ ဟိုစဉ်ကတည်းက တစ်နေ့မှာ နော်လေးတာဆုကို မလွှဲမသွေ လက်ထပ်ယူရမယ်ဆိုတာ ခင်ဗျားတို့က ကျကျနန အကွက်ရိုက်ပြီးမှ တင်ဦးနဲ့ နော်လေးတာဆုရဲ့ စေ့စပ်ပွဲကို ဟန်ဆောင်လုပ်ခဲ့ကြတာကိုး ... ဟင်း ဟင်း''

လူရဲက လှောင်ရယ် ရယ်လိုက်၏။

''မှန်တယ် သားကြီး၊ ဒီအတိုင်းပဲ ... အန်ကယ်ဟာ ဒေါက်တာတင်ဦးထက် မင်းကို သမက်ပိုတော်ချင်နေတယ်''

''ဒါပေမဲ့ ... ကျုပ်ဟာ ခင်ဗျားကားကို အငှားမောင်းနေတဲ့ ကားသမားတစ်ယောက်ပဲ၊ တင်ဦးလို ဆရာဝန်တစ်ယောက်မှ မဟုတ် တာပဲ၊ ဂုဏ်မြင့်တဲ့ သူ့ကို ခင်ဗျားတို့ပစ်ပယ်တာ မှားတာပေါ့''

''မဟုတ်သေးဘူး သားကြီး။ မင်းဟာ ... ကဲကွာ၊ ပြော သက်စနဲ့ပဲ တစ်ကြိမ်တည်း အပြတ်ပြောလိုက်ကြရအောင်။ မင်းဟာ မင်းရဲ့အဖေ စောထီးကော်ကပေးခဲ့တဲ့ အမွေတွေ အမြောက်အမြား ရှိတယ်၊ ဒါကို မင်းသိသလား''



www.burmeseclassic.com

www.burmeseclassic.com



"အမွေ . . . ဘာအမွေတွေလဲ၊ ကြားတောင် မကြားဖူးဘူး"

"ကဲပါလေ . . . မင်း တကယ်ပဲ မသိဘူးဆိုတာ ဘယ်သူကမှ မယုံနိုင်ကြပါဘူး။ ကြားပါတယ်၊ ရှင်းရှင်းပဲ ပြောရအောင်။ စောထီးကော်အကြောင်းကို အဖေဟာ တစ်နည်းနည်းနဲ့ သိလာတယ်ဆိုပါတော့"

"ဒါကြောင့် သိုက်အညွှန်းပါတဲ့ မြဘုရားကို စိတ်ဝင်စားမိတယ်၊ အဖေ မေတ္တာရပ်ခံချင်တာကတော့ မြဘုရားကို ပြဖို့ ပါပဲကွာ"

"မြဘုရား . . . ခင်ဗျား ဘာတွေပြောနေတာလဲ"

"ဩော် . . . လူရဲ . . . မင်းလည်း အတော်ဟန်ဆောင်ကောင်းတာပဲကိုး။ ဟဲ ဟဲ . . . ဒီမယ်ကွ . . . မင်းအဖေမှာ မြဆင်းတုတစ်ဆူနဲ့ မြကျောက်တုံးတွေ သယ်လာတာ သိတဲ့လူတစ်ယောက်သက်ရှိထင်ရှား ရှိနေပါသေးတယ်၊ မင်း ဘာငြင်းဦးမလို့လဲ"

"ကျုပ်မှာ ဘာအမွေပစ္စည်းမှ မရှိဘူး။ မယုံရင်တော့လည်း မတတ်နိုင်ဘူး၊ ကိုယ့်ဟာကိုယ်လည်း စဉ်းစားကြည့်ပေါ့ဗျာ၊ ဆယ်တန်းအောင်လို့မှ တက္ကသိုလ်မတက်နိုင်ဘဲ အမေနဲ့ ဥယျာဉ်ကို ပင်ပင်ပန်းပန်းလုပ်၊ အမေဆုံးပြီး နောက်ပိုင်းမှာ ဆရာဖြစ်သင်တန်းတက် ကျောင်းဆရာလုပ်ရင်း အသက်မွေးနေရတဲ့ လူတစ်ယောက်။ အဲဒီနောက် ခင်ဗျားဆီမှာ အငှားကားမောင်းသမားဘဝနဲ့ ဝမ်းတစ်ထွာကို ကျောင်းနေရတဲ့ လူတစ်ယောက်ဆီမှာ ခင်ဗျားပြောတဲ့ မြဘုရားတွေ





မြကျောက်တုံးတွေဆိုတာ ရှိနိုင်ပါ့မလား။ ပြီးတော့ ကျုပ် အင်မတန်ပိုင်ချင်တဲ့ ဟိုင်းလပ်ကားကိုတောင်မှ တစ်ခါတည်း အပြတ်မဝယ်နိုင်လို့ အရစ်ကျငွေချေခဲ့ရတာယ် မဟုတ်လား"

"မင်း မင်း ပြောတာတွေကတော့ ယုတ္တိတန်ပေတာပဲပေါ့လေ၊ ဒါပေမဲ့ . . . ငါကတော့ မယုံနိုင်သေးဘူး၊ စောထီးကော်ဟာ အင်မတန် ဉာဏ်သွားတဲ့လူပဲ၊ သူဟာ အဲဒီရွာသိမ်ကလေး မပျက်ခင်က မြရိုင်းတုံးတွေသယ်ပြီး မြေပြုန်ဆင်းခဲ့တာလည်း အမှန်ပဲ"

"တော်တော်တော့ ခက်နေပါလားဗျ"

လူရဲသည် ခေါင်းမှ ဆံပင်များကို ဖွာလန်ကြဲအောင် ဆွဲဖွရင်း စိတ်ညစ်လွန်းသည့်အသွင်ဖြင့် မှိုင်တွေချနေတော့သည်။

"မင်းကို မေတ္တာရပ်ခံနေတာပါ သားကြီး၊ မင်းမှာရှိတဲ့ပစ္စည်းနဲ့ အန်ကယ်တို့ပေါင်းရင် အဆတစ်ထောင်မက တိုးပွားမှာ အသေအချာပဲ၊ ငါ အာမခံတယ်၊ ငါ့အလုပ်လည်း မင်းရိပ်မိသားပဲ မဟုတ်လား"

လူရဲ မဖြေပါ။ ဦးခင်ဇော်က ထပ်မေးသည်။

"ဖြေပါကွ လူရဲ၊ ပွင့်ပွင့်လင်းလင်းပေါ့"

"ကျုပ်ဟာ သူများအလုပ်ကို စိတ်ဝင်စားတဲ့ကောင်မဟုတ်လို့ မသိဘူး"

သူ့အဖြေကို ကြားသောအခါ ဦးခင်ဇော်သည် အသံ



www.burmeseclassic.com

www.burmeseclassic.com



အောကြီးဖြင့် တဟားဟား အော်ရယ်လေတော့၏။

"မင်းမသိဘူးဆိုတာ ဟုတ်ပါ့မလားကွာ လူရဲရဲ့"

"ကျုပ် ဖြေပြီးပါပြီ"

"အေး ...ဒါဖြင့် ငါကပဲ ပြောရတာပေါ့လေ၊ ငွေပင်ငွေ အလုပ်ဟာ ရတနာမှောင်ခိုပဲ ...ရှင်းပြီလား၊ ဒါပေမဲ့ မှောင်ခိုပစ္စည်းကုန် ဆင်ဆယ်စီးစာ အဖမ်းခံရပြီးကတည်းက စီးပွားရေး သိပ်မကောင်းဘူး အဲဒီနောက်ပိုင်း– အဖမ်းအဆီးတွေက ကြိုကြားကြိုကြားဆိုသလို ခံနေရတော့ စီးပွားရေးလည်း ကျကျလာခဲ့တယ်၊ ငါ့အထင်တော့ သတင်းပေး သစ္စာဖောက်တစ်ယောက်တော့ တို့ထဲမှာ ရှိနေပြီထင်တာပဲ ဒီတော့ ကျဆင်းနေတဲ့ အန်ကယ့်စီးပွားရေးကို သားကြီးက ဖြည့်ပါ့ ယူပါလို့ အန်ကယ် တောင်းပန်ချင်တာပဲ"

"သြော် သြော် ...ကျုပ်နားလည်ပါပြီ၊ ဒေါက်တာတင်ဦး ထက် ကျုပ်ကို သမက်တော်ချင်တာက ကျုပ်အဖေထားခဲ့တယ်ထင် တဲ့ မြဆင်းတုနဲ့ အမွေတွေကြောင့် ဆိုပါတော့ ဟုတ်လား အန်ကယ်"

"ဟိုး ဟိုး ...တော်ပါတော့ သားကြီး၊ ဒီသဘော သက် သက်ကြီးတော့လည်း မဟုတ်ပါဘူးကွာ၊ တာဆုက မင်းကိုမှ ချစ်နေ တာရယ်၊ အန်ကယ်ကလည်း မင်းကို လိုလားတာရယ်ကြောင့်ပါ၊ အထင်မလွဲပါနဲ့"

လူရဲသည် မီးလင်းဖိုထဲသို့ ထင်းတုံးများ တစ်တုံးချင်း ပစ်





ထည့်လျက်က မဲ့ပြုံးပြုံးမိ၏။ ရင်ထဲမှာ ဆူးတစ်ချောင်း လာစိုက်သလို နာရပြန်၏။

"နေပါဦးအန်ကယ် ...တင်ဦးနဲ့နော်လေးတာဆုတို့ ဟန် ဆောင်စေ့စပ်ပွဲအတွက် တင်ဦးကို ငွေဘယ်လောက်များ ပေးလိုက် သလဲ"

"ဟော့ ...ဘာပြောတယ်၊ ငွေ ...ဟုတ်လား"

သည်တစ်ကြိမ်တွင်တော့ ဦးခင်ဇော် ဆေးတံကြီး ပြုတ် ကျလုမတတ် အံ့အားသင့် ထိတ်လန့်သွားပုံရ၏။

"ဟုတ်တယ် ...တင်ဦးကို ခင်ဗျားတို့ ငွေဘယ်လောက် ပေးလိုက်သလဲ၊ ဒါမှမဟုတ် ချေးလိုက်သလဲ"

သူက ပြောင်ပြောင်ပင် မေးချလိုက်သောအခါ ဦးခင်ဇော် သည် အတန်ကြာစဉ်းစားပြီးမှ ဟင်းခနဲ သက်ပြင်းကြီးချလိုက်၏။

"အေးလေ ...မင်းသိပြီးမှတော့လည်း မထူးပါဘူး၊ ငွေ ဆယ့်ငါးသိန်းက အလကားပေးလိုက်တယ်၊ ငါးသိန်းက ချေးလိုက် တယ်"

"စုစုပေါင်း သိန်းနှစ်ဆယ်ဆိုပါတော့ ...ဟုတ်လား၊ သူက ဘာဖြစ်လို့ ဒီလောက်ငွေများများ လိုရတာတဲ့လဲ"

"ဒီလိုကွ ...သူ့မှာ သူနဲ့ကြိုက်နေတဲ့ ဆရာဝန်မတစ် ယောက်ရှိတယ်၊ ဖိတ်စာမှာ မင်းဖတ်ရသားပဲ၊ အေး ...အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ဖို့ညှိကျတော့ သူ့ချစ်သူဆရာဝန်မက စင်ထရယ်ဟိုတယ်မှာ အကုန်အကျခံနိုင်မှ လက်ထပ်မယ်လို့ ပြောတယ်၊ အဲဒါနဲ့ ဒေါက်တာ တင်ဦးကို တင်းနေတာနဲ့ သူ မင်းဆီပြေးလာပြီး ငွေချေးတာပေါ့ကွာ မင်းမှာက လည်း ငွေမလွယ်ဘူးဆို၊ ဒီတော့ သူ့မှာ ချစ်သူနဲ့လွဲရမယ့် ကိန်း ဆိုက်နေတာကိုး၊ နောက်ဆုံးတော့ ခုနစ်ခွေချောင်း မောင် သွားတဲ့နေ့ က အန်ကယ့်ကို သူ ဖွင့်ပြောပြီး အကူအညီတောင်းတယ် အန်ကယ်ကလည်း မင်းနဲ့တာဆုကို သဘောတူပေးစားချင်ပေမယ့် မင်းက ရှောင်နေတဲ့အတွက် ရိုးရာခလေ့ထုံးစံနဲ့ ချုပ်ကိုင်ပြီး ဒီလို စီစဉ်ချင်ကြောင်း ခုနစ်ခွေချောင်းမှာပဲ တိုင်ပင်ခဲ့ကြတယ်၊ သူ တော်တော်စဉ်းစားတယ်၊ နောက်ဆုံးတော့ အန်ကယ်နဲ့ သဘောတူ ရကြရောဆိုပါတော့၊ ဝါးပြုန်တောင်မှာ စေ့စပ်တဲ့နေ့ကပဲ သူ့ကို အန်ကယ်ငွေသိန်းနှစ်ဆယ်ပေးလိုက်ရတယ်၊ ဝါးပြုန်တောင်က ပြန်လာ တော့လည်း မင်းနဲ့အတူတူနေရင် စိတ်မခိုင်ဘဲ ဖွင့်ပြောမိမှာစိုးလို့ တစ်ခါတည်း အန်ကယ့်အိမ် တန်းခေါ်သွားပြီး သူပြန်မယ့်နေ့အထိ မင်းနဲ့အတူ မနေစေခဲ့ဘဲ တမင်လွှဲထားခဲ့တာပဲ၊ အန်ကယ်အိမ်မှာပဲ သူ့ မပြန်မချင်း နေစေခဲ့တဲ့အစီအစဉ်ပါယ်က ဒါပဲ''

''ဩော် . . . တင်ဦး တင်ဦး . . . မင်းပြန်မယ့်နေ့မှာ ငွေသိန်း နှစ်ဆယ်ထုတ်ပေးတော့ ဒါကြောင့် မင်းမယူဘဲ ငါ့ကိုစိုက်ကြည့်ပြီး ငိုတော့မလို တုန်နေတာကိုး၊ တကယ်တမ်းက ငါမချစ်တဲ့မိန်းမရဲ့





လက်ထဲမှာ မင်းဟာ ငါ့ကို ငွေသိန်းနှစ်ဆယ်နဲ့ ရောင်းစားသွားတာ ပါပဲလား၊ ဒါပေမဲ့ . . . ငါ ငါ မင်းကို ခွင့်လွှတ်ပါတယ် တင်ဦးရယ်''

စင်စစ် ထိုစကားစုမှာ နှုတ်မှ ထွက်လာသည် မဟုတ်ပါ။ ကျုပ်နေသော ရင်ထဲမှာ ပဲ့တင်ထပ်နေခြင်းသာ ဖြစ်ပါသည်။

''နေပါဦး အန်ကယ် . . . ခုနပြောတဲ့ မြဆင်းတုဆိုတာက ကော ဘာများထူးခြားလို့လဲ''

''ထူးခြားပါပြီလား လူရဲ၊ ဘုရားပလ္လင်အောက်မှာ ကျောက် တောင်ကိုသွားဖို့ အညွှန်းသိုက်စာ ရှိသတဲ့ကွ''

''ဒါကို အန်ကယ်က ဘာများလုပ်ချင်လို့လဲ''

''သိုက်စာအညွှန်းအတိုင်း လိုက်မယ်လေ၊ အဲဒီရွာလေး ပျက်တာ အနှစ်သုံးဆယ်ကျော်ပြီ၊ ပျက်ပုံကလည်း ချောင်းရေဟာ တစ်ခါမှ မကြုံဖူးအောင် ရေတွေတိုးတိုးလာပြီး နောက်ဆုံး အနိမ့် ပိုင်းမှာရှိနေတဲ့ရွာလည်း ရေအောက်မှာ ပျောက်သွားတယ်လို့ အဲဘေး တွေ ပြောသံကြားဖူးတယ်''

''ဟုတ်ပါ့မလားဗျာ''

''ဘာဖြစ်လို့ မဟုတ်ရမှာလဲကွ၊ ဟုတ်ကို ဟုတ်တယ်''

''ဟုတ်တယ်ပဲ ထားပါတော့၊ ဒီလောက်နှစ်တွေကြာမှတော့ အခုမြေတောတောင် အနေအထားတွေအားလုံး ပြောင်းကုန်ရောပေါ့''

''ဒါက ဒီလောက်မခက်လှပါဘူးကွ၊ မြေပုံသိုက်စာညွှန်း



www.burmeseclassic.com

www.burmeseclassic.com



သာ ရစမ်းပါစေ၊ ငါ ရအောင် ရှာနိုင်ပါတယ်''

ဦးခင်ဇော်က ထင်တစ်လုံးဖြင့် အပိုင်ပြောလိုက်သဖြင့် လူရဲ့ ရင်ထဲမှ ရယ်ချင်လာမိ၏။ သို့ကြောင့် ကျိတ်ပြုံးနေမိသည်။

အနှစ်သုံးဆယ် သို့မဟုတ် သူ၏အသက်ကြီးလာပြီဆို တော့လည်း မြတောင်မှာ သူ့အဆက်အနွယ်များ ရှိမှပင် ရှိပါလေ သေးသလားမသိ။

မိခင်ကြီး၏အဘွားမှာလည်း မြတောင်သူ။ ဗုဒ္ဓဘုရားရှင်ကို ကိုးကွယ်သူ။

ဖခင် ဦးစောလွင် (ခ) စောထီးကော်မှာလည်း အရင်းဖစ်မြစ်က အညာသားမြန်မာစစ်စစ် ဗုဒ္ဓဘာသာဝင်တစ်ယောက်။

''စဉ်းစားလှချည်လားကွ သားကြီးရဲ့''

''ဪ . . . မစဉ်းစားပါဘူး၊ ဒါတွေက အန်ကယ်က ယုံသ လား''

''ဆိုပါတော့၊ မြို့ဟိုင်းတုံးတွေရတော့ အန်ကယ် ဘာလုပ်မလဲ''

''ဟ လူရဲ့ရ . . . ခက်ပါလား၊ ငါ့အလုပ်ဟာ ဘာဆိုတာ မေ့သွားပြီလား၊ တစ်ဖက်နယ်ထဲ နည်းမျိုးစုံနဲ့ ငါပို့နိုင်ပါတယ်၊ ဒီမှာ ဟေ့ ချမ်းသာခြင်းဆိုတာ အန်ကယ့်အတွက် ဖြစ်စေရမပေါ့ကွာ၊ မင်း ကူညီမယ်ဆိုရင် ဒါတင်မက လွယ်လွယ်ကလေးပဲ၊ မင်းနဲ့ငါ နှစ် ယောက်စလုံး ချမ်းသာမှာပဲ . . . ဘယ့်နှယ်လဲ''





ဦးခင်ဇော်က လက်ဖျောက်တစ်ချက်တီးကာ စိတ်အား ထက်သန်စွာဖြင့် ပြောလိုက်သည်။ လူရဲက ပြုံး၏။

''ဒီမှာအန်ကယ် . . . ခုလည်း ခင်ဗျားချမ်းသာနေသားပဲဗျ၊ ခင်ဗျားဟာ ကျုပ်ကို ရိုးရာဓလေ့ထုံးစံနဲ့ ချုပ်ကိုင်တုပ်နှောင်ပြီး သမီး ပေး သမက်တော်စေခဲ့ပေမယ့် ခင်ဗျားလုပ်နေတဲ့ ရှေးဟောင်းပစ္စည်း တွေကအစ ရတနာပစ္စည်းတွေအဆုံး မှောင်ခိုအလုပ်ထဲမှာ လူလည်း ကူနိုင်ဘူး၊ ဘယ်တော့မှလည်း ကျုပ် မလုပ်ဘူး၊ ပြီးတော့ . . . ကျုပ် သိတဲ့ အမွေတွေ့ ဘုရားတွေကိုစွလည်း ဘယ်တော့မှ ဆက်မပြောနဲ့ တော့၊ နားငြီးပြီး စိတ်တွေလည်း ရှုပ်လာပြီ၊ ခင်ဗျားကို ကျုပ် ဘာမှ ကူနိုင်ဘူး၊ ဒါ နောက်ဆုံးစကားပဲ''

လူရဲသည် ပြတ်သားစွာ ငြင်းပယ်ပြောချပစ်ကာ ထိုင်ရာမှ ထလိုက်သည်။

ဦးခင်ဇော်မှာ နှုတ်ခမ်းမွေးတွေ ထောင်ထလာအောင်ပင် ဒေါသတကြီး ဖြစ်သွားပုံရပြီး လူရဲ၏ရှေ့တည့်တည့်တွင် လာရပ်၍ မီးဝင်းဝင်းတောက်သော မျက်လုံးများဖြင့် စေ့စေ့ကြည့်လေ၏။

''စကားကိုကြည့်ပြောကွ၊ မင်း အန်ကယ့်အကြောင်း ကောင်း ကောင်းမသိသေးလို့ ဒီစကားမျိုး ပြောဝံ့တာပါလေ၊ ငါက မင်းကို သမက်, ယောက္ခမအနေနဲ့ အေးအေးဆေးဆေး ဆွေးနွေး အကူအညီ တောင်းတယ်၊ မင်းက မာရေကျောရေနိုင်လှချည်လားကွ . . . ဟေ''



www.burmeseclassic.com

www.burmeseclassic.com



လူရဲက မထိတရိပ်ကြည့်ကာ နှုတ်ခမ်းထောင့်ကလေးများ တွန့်သည်ဆိုရုံ ပြုံးနေသည်။

"မင်းမှတ်ထားဖို့က အန်ကယ်ဟာ လိုချင်တဲ့အရာ မှန်သရွေ့ ရအောင် ယူတတ်တယ်၊ ဖြစ်တဲ့နည်းနဲ့လည်း ကြိုးစားတတ်တယ် ဆိုတာပဲ"

"ဩော် ... ဒါဟာ ခြိမ်းခြောက်တဲ့စကားဆိုပါတော့"

"ကြိုက်သလို ယူဆနိုင်တယ် လူရဲ၊ မင်းအခန်းထဲက အင်မတန်မွေးတဲ့ သေတ္တာကလေးကတော့ ငါ့ပစ္စည်းဖြစ်လာပြီ ဆိုပါတော့ ဒီသေတ္တာဟာ ထူးခြားတယ်၊ မင်း ဘယ်ကရသလဲ"

"အဲဒါပေါ့ဗျ၊ အဖေက ကျုပ်ကို လက်ဆောင်ပေးသွားတဲ့ တစ်ခုတည်းသောအမွေပဲ၊ ခင်ဗျားပြောတဲ့ဟာတွေ တစ်ခုမှ မဟုတ်ဘူး"

"သေတ္တာဟာ ပွင့်နေတယ်၊ အထဲမှာ တစ်ခုခုတော့ ထည့်ပေးခဲ့တာဖြစ်ရမယ်၊ မင်း ဖွင့်ကြည့်ပြီးပြီ ... အထဲမှာ ဘာလဲ၊ အညွှန်းမြေပုံလား, ရတနာတစ်ခုခုလား ... တစ်ခုခု ဖြစ်ရမယ်"

လူရဲသည် ပခုံးတစ်ချက်တွန့်ကာ ပြုံးလိုက်၏။ သမက်နှင့် ယောက္ခမနှစ်ယောက် အတန်ကြာအောင် တစ်ဦးနှင့်တစ်ဦး စိုက်ကြည့်နေကြ၏။

နောက် လူရဲက စ၍ အော်ကြီးဟစ်ကျယ် ဟက်ဟက်ပက်





ပက် ရယ်မောလေတော့၏။

"အန်ကယ် ... ခင်ဗျားတို့ဟာ အရူးတွေပါလားဗျ၊ ရှေးက လူတွေရဲ့ပါးစပ်ရာဇဝင်ကိုယုံပြီး လိုက်လိုလိုက်နဲ့ နောက်ဆုံး ဒုက္ခပဲ တွေ့မယ်ဗျ ... သိလား"

"အခု ခင်ဗျားဆီမှာရှိနေတဲ့ သေတ္တာလေးဟာ ထူးခြားတာ မှန်တယ်၊ သူ့အနံ့ဟာ ထူးခြားတယ်၊ ဒါကြောင့် အဖေက သူမသေခင် အမှတ်တရပစ္စည်းတစ်ခုအနေနဲ့ ပေးခဲ့တာပဲ၊ ကျုပ် စီးကရက်ထည့် သောက်နေတဲ့ သေတ္တာပဲ၊ အထဲမှာ ဘာမှမရှိဘူး၊ ခင်ဗျားက ခုမှ တွေ့လို့ ထူးဆန်းနေတာပါ၊ ဒါမှမယုံသေးရင်လည်း သေတ္တာကို အပြန်ပြန်အလှန်လှန်ကြည့်ပြီး အဖြေရှာဦးပေါ့ဗျာ၊ ကျေနပ်လောက်ပြီဆိုရင် တော့ ကျုပ်ပစ္စည်း ကျုပ်ကိုပြန်ပေးပေါ့ ... ဟုတ်လား"

"ကြည့်သေးတာပေါ့ လူရဲ"

"ဩော် ... တစ်ခုပဲ ခုကတည်းက အပြတ်ပြောထားပါရစေဦး၊ ခင်ဗျားသမီး နော်လေးတာဆုကို ကျုပ် ဘယ်တော့မှ မပေါင်းနိုင်ဘူးဆိုတာပါပဲ၊ ကျုပ် ဒီသံပရာမှာပဲ ဥယျာဉ်လုပ်စားတော့မယ်၊ အဖေချန်ခဲ့တဲ့ ဥယျာဉ်တစ်ခုတော့ ကျန်ပါသေးတယ်၊ ဒါကြောင့် ဘုရားရှိခိုးကျောင်းမှာ ထပ်ပြီး လက်ထပ်ပေးဖို့ဆိုတဲ့ ခင်ဗျား အစီအစဉ်ကို ဖျက်လိုက်ပါတော့၊ ကျုပ်ကတော့ ဘယ်နည်းနဲ့မှ သံပရာရွာက မပြန်တော့ဘူး အန်ကယ်"



www.burmeseclassic.com

www.burmeseclassic.com



''ဟင် ... မင်းက ငါ့သမီးကို ဟင်းရွက်ကန်စွန်းရွက်များ မှတ်နေသလားကွ ... ဟေ''

''ဘာထူးသလဲ၊ အခုလည်း ဒီအတိုင်းပဲ မဟုတ်လား။ ကျုပ်ကတော့ နဖူးက ချွေပေါက်လာတာကို လူအမြင်ခံပြီး လူတောထဲ မနေဝံ့ဘူးဗျ''

လူ့ရဲ တမင်လှဲ့အပြောကို ဦးခင်ဇော် ရုတ်တရက် မချေပနိုင်ပေ။ မျက်နှာ နီမြန်းပြီး အမျက်ကို ကြိုးစားထိန်း ချုပ်နေရပုံပေါ်၍ နောက်မှ စိတ်ကိုလျှော့လိုက်သောအသံဖြင့်–

''လူ့ရဲ ... အန်ကယ်တောင်းပန်ချင်တယ်၊ မြဘုရားကိစ္စ ရှိပါစေတော့၊ တာဆုအတွက်သာ မင်း ညှာညှာတာတာ စဉ်းစားပေးပါကွာ ... ဟုတ်လား၊ ဒါဟာ ... ငါ့လို မိန်းကလေးရှင် ဖခင်မျိုးက ပြောရမယ့်စကားလည်း မဟုတ်ပါဘူး၊ ဒါပေမဲ့ ... သူ တာဆု မင်းကို သိပ် ... အေးလေ ဒီလောက်ဆို မင်းရိပ်မိလောက်ပါပြီ''

သမီးမိုက်တစ်ယောက်၏ဖခင်တစ်ဦးအနေဖြင့် အောက်ကျို့ လှစွာ အသံတွေပင် မသိမသာတုန်လာအောင် တောင်းပန်လာသော ဦးခင်ဇော်စကားများကြောင့် လူ့ရဲသည် အတန်ကြာ မတ်တတ်ကြီး ငိုင်နေမိ၏။

''ကဲ ... ဟိုင်းလပ်သော့ပေးပေတော့ လူ့ရဲ၊ ငါပြန်မယ်၊ ဘာပဲဖြစ်ဖြစ်ပေါ့ကွာ ငါတို့မိသားစုဂုဏ်သရေ မနွမ်းရအောင် ဟန်





ဆောင်ပဲဖြစ်ဖြစ် ကယ်တင်ပေးပါဦးလို့ ထပ်ပြီးတောင်းပန်ပါရစေ''

ကားသော့ကို ဦးခင်ဇော်အား လှမ်းပေးလိုက်စဉ် အပြင်မှ ချွန်သံကြားသဖြင့် လူ့ရဲ တံခါးထဖွင့်ကြည့်လိုက်သည်။ ဒူးလေး လက်လွယ်ထားသော ဟန်တိုးနှင့် ကြည်စိန်တို့ ဖြစ်နေ၏။

''လာ ... အတော်ပဲ၊ မင်းတို့ အိမ်စောင့်ရစ်ကြကွာ၊ ငါ န်ကယ့်ကို မုဒုံပြန်ပို့ပေးလိုက်ဦးမယ်၊ ညနေမှ အေးအေးဆေး ပြန်ခဲ့မယ် ကြားလား၊ ဟန်တိုး ... မင်းလည်း ဘယ်မှမသွားနဲ့၊ င်စိန်နဲ့အတူတူ တံခါးပိတ်ပြီးနေကြကွာ၊ ကဲ ... သွားမယ်''

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

တစ်လမ်းလုံး သမီးယောက္ခမ စကားမပြောကြ။ အ[illegible]
ကိုယ်စီဖြင့် ငြိမ်၍လာကြ၏။

''တာဆုကိုဝင်ကြည့်မယ် ... ဟုတ်လား လူရဲ၊ သူ မင်း[illegible]
မျှော်နေတယ်၊ ခဏလေးဖြစ်ဖြစ် ဝင်အားပေးစေချင်တယ်''

''ဝင်ကြည့်မယ်၊ သူ့ကိုကြည့်ချင်လို့ ကျူပ်လိုက်လာတာ''

နှစ်ဦးသား လှေကားကို တိတ်တိတ်ဆိတ်ဆိတ်ပင် တ[illegible]
လာပြီး နော်လေးတာဆု၏အခန်းဝသို့ ရောက်သောအခါ ဦးခင်ဇော်[illegible]
လူရဲ၏ပခုံးကို တွန်း၍ဟနေသော တံခါးထဲသို့ ပို့လိုက်၏။

အတွင်းတွင် ခုတင်ပေါ်၌ နော်လေးတာဆု လှဲနေ၏။ အ[illegible]
တွင် နော်အယ်လာရှိနေ၏။ နော်အယ်လာသည် လူရဲအား မြင်သည်[illegible]





[illegible]ယောင်မလည်လှုပ်ကာ အခန်းပြင်သို့ ထွက်သွားတော့၏။

''အဝယ် ... လာသေးတယ်နော်''

''ငါ့ရဲ့နှမလေးတစ်ယောက် မင်းလိုဖြစ်နေရင်လည်း ငါဟာ
[illegible]ရောက်လာမှာပါပဲ တာဆု''

''ဒါဖြင့် အဝယ်ဟာ တာဆုကို တာဆုကချစ်သလို ပြန်ပြီး
[illegible]ချစ်နိုင်ဘူးပေါ့နော်''

''ဒါတွေ ပြောစရာမလိုသေးပါဘူး တာဆု၊ အခု ဘယ်လို
[illegible]သလဲ၊ နေသာရဲ့လား''

''နေသာပါတယ်၊ သွေးတွေသွင်းရတယ်၊ ဒေါက်တာရန်နိုင်စိုး
[illegible]တိုင်းလာတယ်''

''ကိုယ်ဝန်က ဘယ်လိုနေလဲ''

''ရှင် ... အဝယ် ဘာပြောတယ်''

လူရဲ၏ တဲ့တိုးအမေးကြောင့် နော်လေးတာဆုမှာ မျက်နှာ
[illegible]လေး ဖြူရော်သွားလေတော့သည်။

''မင်းရဲ့ကိုယ်ဝန်ကိုမေးတာ၊ ခုမှတော့ ရှက်မနေနဲ့၊ ဖုံးမနေနဲ့
[illegible]ဟာ မင်းတို့သားအမိထင်သလို အ,တဲ့ န,တဲ့ ကောင်တစ်ကောင်လို့
[illegible] မင်းထင်နေသလား တာဆု ...၊

ငါ့သဘောကတော့ ဖြစ်ပြီးသားကိုယ်ဝန်ကို ဆက်ပြီး စောင့်
[illegible]ရှောက်နိုင်ရင် ကောင်းမယ်လို့ယူဆတယ်၊ ဒါကြောင့် ... ငါ မေးတာ[illegible]



www.burmeseclassic.com

www.burmeseclassic.com



မင်းကိုယ်ဝန် ပျက်သွားသလား၊ ရှိသေးသလားလို့ ရှင်းတယ်နော်

"ခု ခု ခုတော့ ... မ မ ပျက်သေးပါဘူး အဝယ်"

နော်လေးတာဆုသည် ထိုစကားကို အနိုင်နိုင်ပြော ခေါင်းအုံးတွင် မျက်နှာအပ်၍ ငိုလိုက်တော့၏။

"ခုမှတော့ မငိုနဲ့တော့ တာဆု၊ ဆက်ပြီးမိုက်ဖို့ မကြိုးစား ဒီကလေးကို ချောချောမောမောမွေးနိုင်ဖို့ အတတ်နိုင်ဆုံး ရှောက်ပါ။ ကလေးအဖေကိုတော့ ငါ မသိချင်ပါဘူးလေ ...၊

ငါ့စေတနာကတော့ ဒီကလေး လူ့လောကထဲကို ချောမောမော ရောက်လာဖို့ပဲလိုလားတယ်၊ ဒီအတွင်းတော့ မင်း ကျန်းမာအောင်နေပါ။ ငါတော့ သံပရာရွာမှာပဲ စိတ် လက်ပျောက်နေဦးမယ်၊ ကဲ ငါသွားမယ် တာဆု"

လူရဲသည် တသိမ့်သိမ့်တုန်နေသော နော်လေးတာဆု တစ်ချက်မျှစိုက်ကြည့်ပြီး နှုတ်ခမ်းတွန့်ရုံပြီး၍ ခြေလှမ်းကျဲကြီးများ အခန်းပြင်သို့ ထွက်လာတော့၏။

အပေါ်ထပ်တစ်ခုလုံး မည်သူ့ကိုမျှ မတွေ့ရ။ အရောက်တွင်မှ ဦးခင်ဇော်နှင့်တွေ့သည်။

"ကျွန်တော်ပြန်မယ်"

လူရဲသည် သူ့အား မီးတောက်မတတ် မျက်လုံးများ ကြည့်ကျန်ခဲ့သော ဦးခင်ဇော်အား ကျောခိုင်းကာ အိမ်ဝိုင်း





ထွက်ခဲ့ပြီး ဆိုင်ကယ်ကယ်ရီဖြင့် ဦးကျော်စိုး၊ နော်လေးဖောတို့ထံ ထွက်ခဲ့၏။

အိမ်ရှေ့တံခါးပေါက်သို့ရောက်သောအခါ သော့ခလောက်ကြီးက ဆီး၍ကြိုနေသဖြင့် မောသွားမိ၏။

သို့သော် အပေါ်ထပ်သို့ မော့ကြည့်လိုက်သောအခါ အပေါ်ထပ်သို့တက်သည့် နောက်ဖေးလှေကား တံခါးမှာ ပွင့်နေ၏။

ထို့ပြင် ပြတင်းပေါက်နှစ်ပေါက်ကလည်း ပွင့်လျက် ရှိနေသည်။

ဘာကြောင့်ပွင့်နေသနည်း။

သို့ဖြင့် သူသည် ခြေကိုဖွနင်း၍ နောက်ဖေးလှေကားမှ တက်သွား၏။

သတိထား၍ အထဲသို့ ဖျတ်ခနဲဝင်လိုက်၏။ ပထမ မည်သူ့ကိုမျှမတွေ့။

နောက်တွေ့မည့်တွေ့တော့ လက်ဆွဲသားရေအိတ်ကြီးဘေးချပြီး ကျိတ်ကျိတ်ကလေး ရှိုက်ကာငိုနေရှာသော ခင်ထားမြင့်အား တွေ့ရတော့၏။

သူ ဟန်မဆောင်နိုင်တော့ သင့်၊ မသင့်ကိုလည်း မချိန်ဆနိုင်တော့ပါ။

တစ်ဟုန်ထိုးပြေးကာ သန်မာသော လက်မောင်းများနှင့်



www.burmeseclassic.com

www.burmeseclassic.com



ခင်ထားအား တအားပွေ့ယူလိုက်ပြီး မျက်ရည်စတို့ဖြင့် လိမ်းကျံနေသော မျက်နှာအနှံ့ ခပ်ရမ်းရမ်းပင် နမ်းပစ်လိုက်မိတော့၏။

"အို ... အို ... လူရဲပါလား၊ ဘယ့်နှယ်လုပ်တာလဲ လွှတ်ပါ၊ လွှတ်ပါ ... ခင်ထားကို လွှတ်ပါ။ ဒီလိုမလုပ်ပါနဲ့"

"မလွှတ်ဘူး ခင်ထား၊ မင်းကို ဒီတစ်ခါတော့ ကိုယ် မလွှတ်နိုင်တော့ဘူး"

"အို လူရဲရယ် ... ဒုက္ခသည်တစ်ယောက်ကို ဒီနည်းနဲ့ ဆက်ပြီး မနှိပ်စက်ချင်ပါနဲ့လားဟင်"

"ဟင် ... ဘာပြောတယ် ခင်ထား၊ ဒါ ဒါဖြင့် မင်းအခု ဘာဖြစ်လာတာလဲဟင်၊ ပြီးတော့ တစ်လလုံးလုံး ဘယ်ပျောက်နေတာလဲ"

သည်တော့မှပင် လူရဲသည် ခင်ထားအား လွှတ်လိုက်ကာ ခါးကလေးမှနေ၍ ဖွေ့ခနဲမချီပြီး စားပွဲပေါ်တင်ပေးလိုက်၏။ သူက ကုလားထိုင်တစ်လုံးတွင် ထိုင်၏။

"ကဲ ပြောစမ်း ... တစ်လလုံး မင်းဘယ်ပျောက်နေလဲ၊ မလိမ်ပါနဲ့တော့၊ မင်း ဖွတ်တရွတ်နိုင်လွန်းလို့ အားလုံးလွဲပြီး ကိုယ့်အသည်းတွေ တစ်စစီဖြစ်မတတ်ဘဲ"

ကရုဏာဒေါသောဖြင့် မာမာထန်ထန်ကြီး ပြောပစ်မိပြီးမှ ခင်ထား၏မျက်နှာ ညှိုးညှိုးကလေးအား မော့ကြည့်လိုက်မိပြီးမှ ပြောမိသည်ကို နောင်တရနေမိ၏။





"ကိုယ်ရူးချင်ပြီ ခင်ထား။ မင်းကိုလေ ကိုယ် ခုထိ ချစ်ဆဲပဲ၊ မင်းဟာ ကိုယ့်ဘဝမှာ တစ်ဦးတည်းသော ချစ်ရသူပဲ"

"ကိုယ်လေ ရင်ထဲမှာ ဒဏ်ရာကြီးကြီးကျယ်ကျယ် ရတိုင်း ဖိချလိုက်ချင်တယ်၊ မင်းရဲ့ရင်ခွင်ထဲမှာ ငိုချလိုက်ချင်တယ် သိလား ခင်ထားရဲ့၊ ကိုယ် မင်းကို တမ်းတခဲ့ရတာတွေ မင်း မသိဘူး၊ မင်းမသိဘူး"

လူရဲသည် ကုလားထိုင်တွင် ထိုင်လျက်ကပင် စားပွဲပေါ် မှ ခင်ထားပေါင်ပေါ်တွင် မျက်နှာအပ်လျက် ရှိုက်ငိုနေလိုက်မိ တော့၏။

မည်းနက်ခွေလိမ်သော သူ့ဆံပင်ထဲသို့ ခင်ထား၏ မျက်ရည်စက်များ အဆက်မပြတ် ခုန်ဆင်းထိတွေ့လာသည်ကို လည်း ရှိုက်ငိုနေသည့်ကြားက သူခံစားမိ၏။

အတန်ကြာသောအခါ

"ကဲ ... ခုပဲ ရွာပြန်မယ်၊ ခင်ထားလည်း လိုက်ခဲ့"

"အို ... မလိုက်ချင်ဘူး"

"မရဘူး လိုက်ရမယ်၊ ဒီအိမ်ကြီးထဲမှာ မင်းတစ်ယောက်တည်း နေခဲ့မလို့လား။ အဒေါ်နဲ့ဦးလေးတို့က ကိုယ့်ကို မတွေ့မချင်း သံပရာရွာက ပြန်လာမှာမဟုတ်ဘူး"

"အို ... ဘာပဲဖြစ်ဖြစ်၊ ခင်ထားတစ်ယောက်တည်း နေခဲ့



www.burmeseclassic.com

www.burmeseclassic.com



စမ်းပါရစေ''

"ဟာကွာ . . . မင်းကို တစ်ယောက်တည်း ဒီမှာ ကို
မထားခဲ့နိုင်ဘူး။ ပြီးတော့ ဒီမှာ မင်းကိုကိုယ်စောင့်ပြီး အိပ်ဖို့ကလည်
သင့်တော်မှာ မဟုတ်ဘူး။ ဒီတော့ ဒေါ်လေးတို့လည်းရှိတဲ့ သံပရာ
ကို မင်းလိုက်ခဲ့တာ အကောင်းဆုံးပဲ''

ခင်ထားမြင့် ငိုင်နေသည်။ လူရဲပြောသည်မှာလည်
အမှန်ဖြစ်သည်မို့ ငြင်း၍မရ။ ထို့ကြောင့် လူရဲနှင့်အတူ လိုက်ခဲ့၏
ကိုယ့်စိတ်ကိုယ် နိုင်တယ်ထင်ပြီး လူရဲနဲ့ဝေးရာကို ထွက်
ပြေးပေမယ့် အချိန်တိုင်း လူရဲကို သတိရလွန်းလို့ ဒီအိမ်ကို ပြ
လာခဲ့တာပါဟု ရင်ထဲမှာ ပြောနေမိသည်။

❑ ❑ ❑

## အခန်း (၂၄)

ရွာရောက်တော့ ညနေငါးနာရီခွဲခန့် ရှိပေပြီ။ ကားရပ်သည်နှင့် ခင်ထားမှာ မပြောမဆို ရုတ်တရက် ပြေးထွက်သွားသဖြင့် ကြင်စိန်အား ခေါ်လိုက်၏။

"ကြင်စိန် . . . ခင်ထားနောက်လိုက်စမ်း။ သူမမြင်အောင် ပုန်းပြီးလိုက်နော်၊ ဝေးဝေးမသွားစေနဲ့၊ သူ ဝေးဝေးသွားမယ်မြင်ရင် မင်းလူလုံးပြပြီး ပြန်ခေါ်ခဲ့ ကြားလား၊ သွား သွား''

"ဟုတ်ကဲ့ . . . အဝယ်''

ကြင်စိန့် ထွက်သွားလေသည်။ ကြင်စိန်ထွက်သွားသည်နှင့် လူရဲလည်း အခြားတစ်ဖက်မှ ခင်ထားနောက်သို့ မှန်းဆထွက်လာခဲ့သည်။

ခု နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



နေက နည်းသည်ထက်နည်းလာ၏။ ခါတိုင်း လမ်းလျှောက် နေကျနေရာများတွင် လိုက်ရှာပေမယ့် ခင်ထားကိုသော်လည်းကောင်း၊ ကြွင်စိန်ကိုသော်လည်းကောင်း အရိပ်အယောင်မျှပင် မတွေ့ရ။

လက်မှနာရီကိုမြှောက်ကြည့်ပြီး လူရဲ စိတ်ပူလာ၏။

သူ့ကိုယ်သူ အပြစ်တင်မိ၏။ ခင်ထားထွက်သွားကတည်းက ကြွင်စိန်အား မလိုက်ခိုင်းဘဲ မိမိကိုယ်တိုင် လိုက်ခဲ့ပါလျှင် ယခုလို စိတ်ပူရမည်မဟုတ်ပေ။

ခုတော့ ခင်ထားကို ဘယ်နေရာမှာမှမတွေ့။

နောက်မှ ဥယျာဉ်ဘက်သို့ဆင်းသော ကမူကလေးထိပ်၌ ခင်ထားအား ရပ်လျက်သား တွေ့ကြရ၏။

မတုန်မလှုပ် ကျောက်ဆစ်ရုပ်အလားပင် ထင်ရ၏။

လေအေးတစ်ချက်အတိုက်ဝယ် မြစိမ်းရောင်စောင်ကလေး လျှောရဲလွင့်အကျ –

'ဒိုင်း' ခနဲ သေနတ်သံတစ်ချက်က မြည်ဟီးသွားတော့ ၏။

"ဟာ ခင်ထား ... ခင်ထားကို ပစ်သွားတာ၊ ကြွင်စိန် ... ကြွင်စိန် ... မင်း ဘယ်မှာလဲကွဟင်၊ ဟော့ကောင်လေး ပြန်ထူးစမ်း"

သူ ခင်ထားရှိရာသို့ ကမူးရှူးထိုး ပြေးမိ၏။ တောတိုးသံများ၊ ပြေးလာသောခြေသံများ ကြားပြီးနောက် ကြွင်စိန် မောကြီးပန်းကြီးနှင့်





ပေါ်လာကာ အသက်မှမရှူနိုင်အားပဲ –

"ဟိုဘက်က ပစ်တာ၊ ကျွန်တော် မြင်လိုက်တယ်၊ လူ တစ်ယောက် တစ်ကိုယ်လုံး အနက်ဝတ်ထားတယ်၊ ပစ်ပြီး ပြေးပြီ"

"ကြွင်စိန် မင်းလိုက်သွား"

လူရဲသည် လေ၏ လျှင်မြန်ခြင်းမျိုးဖြင့် ခင်ထားထံ ရောက်သွားတော့၏။ ခွေခွေလေးလဲနေသော ခင်ထား၏ အစိမ်းရောင်ဝတ်စုံမှာ သွေးနီနီတို့ဖြင့် ရဲ၍နေပါပြီ။

လူရဲ ခင်ထားအား ပွေ့ယူခဲ့ပြီး ချက်ချင်း ဟိုင်းလပ်ကားပေါ် ခင်ထားကိုတင်၊ စက်နှိုး၍ မုဒုံမြို့သို့ မောင်းထွက်ခဲ့သည်။

မုဒုံဆေးရုံရှေ့သို့ ကားဆိုက်မိသည်ဆိုလျှင် လူရဲသည် ခင်ထားအား ပွေ့ချီ၍ ခြေလှမ်းကျဲကြီးများဖြင့် ဝင်ပြေးရာ စင်္ကြံတွင် လျှောက်လာနေသော ဒေါက်တာရန်နိုင်စိုးနှင့် တည့်တည့်ပင် တိုးတော့သည်။

"ဟောဗျ ... လူရဲ ဟင် ... ဘာဖြစ်လာတာလဲ"

"ဒေါက်တာရဲ့လုပ်ပါဦးဗျ၊ သူ ခင်ထားလေ၊ ခင်ထား သံပရာရွာမှာ သေနတ်ပစ်ခံရတယ်၊ လုပ်ပါဦး၊ ကယ်ပါဦး ဒေါက်တာ"

"ဖြစ်မှဖြစ်ရလေဗျာ၊ လာ လာ ... မြန် မြန်"

ဒေါက်တာရန်နိုင်စိုးသည် လူနာတင်လှည်းအား လှမ်းခေါ်ကာ ခင်ထားကိုတင်၍ ချက်ချင်းပင် ခွဲစိတ်ခန်းမဘက် ခေါ်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



သွား၏။

လူရဲမှာတော့ ခွဲစိတ်ခန်းအပြင်ရှိ တန်းလျားခုံရှည်ပေါ်တွင် ဆီးရွက်စေ့လောက်မျက်နှာများဖြင့် စောင့်လျက်ကျန်ခဲ့ရ၏။

နာရီကို မကြာခဏ ကြည့်မိကြ၏။

နောက်ထပ် နာရီဝက်ကြာသွားသည်။ အရေးကြီးလူနာ တစ်ယောက် ထပ်၍ရောက်လာပြန်၏။

စကြံတစ်လျှောက် တွန်းလှည်းနှင့်ပင် တွန်းလာ၏။

နောက်မှ လိုက်လာသူများကိုကြည့်လိုက်ရာ ဦးခင်ဇော်၊ နော်အယ်လား၊ နော်လေးဂေးနှင့် ကိုတင်ထွန်းတို့ ဖြစ်နေကြသည်။

ဝင်လာသည့်လူများကလည်း လူရဲအား မြင်သောအခါ အံ့သြ သွားကြပုံပေါ်၏။

''မင်း . . . ဒီမှာ ဘာလာလုပ်နေတာလဲ လူရဲ''

ဦးခင်ဇော်က မေးသည်။

''ခင်ထား သေနတ်ပစ်ခံရလို့ လာပို့တာ''

''ဘယ်မှာပစ်ခံရတာလဲ''

''သံပရာရွာမှာ၊ ဒါ . . . နော်လေးတာဆုလား''

''အေး . . . ဟုတ်တယ်၊ လာ . . . မင်းပါလိုက်ခဲ့ဦး''

လူရဲသည် ဒေါက်တာရန်နိုင်စိုး ခွဲစိတ်ခန်းမှ ထွက်လာလျှင် သူ့အား အမြန်လာပြောရန် ဦးကျော်စိုးအား မှာကြား၍ နော်လေး





တာဆုအား သယ်ဆောင်သွားသော သားဖွားဆောင်သို့ ဦးခင်ဇော်တို့ သူစုနှင့် လိုက်ပါသွားသည်။

နော်လေးတာဆုမှာ ကိုယ်ဝန်ပျက်ကျသည့်လူနာလို ဖြစ် သဖြင့် သားဖွားဆောင်သို့ အလျင်ပို့ခြင်းဖြစ်ပါသည်။

သားဖွားဆောင်မှ တာဝန်ကျဆရာဝန်မသည် နော်လေး တာဆုအား စမ်းသပ်ကြည့်ကာ မျက်နှာမသာယာဘဲ သူ့တာဝန်ကို ကြိုးစားလုပ်ကိုင်နေသည်။

ဝမ်းတွင်းမှ အသက်မရှိတော့သော သန္ဓေသားငယ်အား ထုတ်ယူပြီးနောက် ပြုဆင်းလာသော သွေးတို့မှာ မရပ်တော့၊ ထို့ကြောင့် သွေးသွင်းရပြန်၏။

နော်လေးတာဆုသည် သတိရလာသည်နှင့် အခန်းတွင်း ဝင်လာသော လူများကို စူးစိုက်၍ကြည့်လျက်ရှိ၏။

နော်အယ်လာသည် သမီးဖြစ်သူ၏ အေးစက်သော လက် ကလေးအား တယုတယဆုပ်ကိုင်ကာ သူမပါးနှင့်အပ်ထားလိုက်ပြီး

''သမီး သတိရလာပြီနော်၊ ဘာပြောချင်လို့လဲကွယ်၊ အမိုးတို့ အားလုံး ရှိတယ်လေ၊ လူရဲလည်း ရောက်နေတယ်''

''အဝယ်လား၊ အဝယ် ရောက်နေတယ်လား၊ ဒီနားတိုးခဲ့ ... အဝယ် ပြောစရာရှိလို့ပါ''

အားလုံး ဘေးသို့ရှဲပေးစဉ် လူရဲသည် နော်လေးတာဆုနှင့်



www.burmeseclassic.com

www.burmeseclassic.com

အနီးဆုံးရောက်အောင် တိုးကပ်သွားပြီး –

''ဘာပြောချင်သလဲ တာဆု''

ဖြည်းလေးနူးညံ့စွာ ပြောလိုက်၏။ နော်လေးတာဆုသ
လူ့ရဲလက်တစ်ဖက်ကို တင်းကျပ်စွာ ဆွဲယူကိုင်ထားလိုက်ပြီးနော
အားဖျော့နွမ်းနယ်စွာ စကားစ၍ပြောသည်။

''အစက စပြောရမယ် အဝယ်၊ တာဆုလေ ဟိုး . . . လွှ
တဲ့ ဆယ်နှစ်လောက်က ခရစ္စမတ်ပွဲတစ်ခုမှာ အဝယ့်ကို စတွေ့
တယ်၊ အဝယ့်ကို တွေ့တွေ့ချင်း တာဆုချစ်ခဲ့တယ်၊ ဒါပေမဲ့ အဝယ်
ဖြင့် သိတောင်မသိဘူးနော်၊ တာဆုကတော့ သိပ်ချောတဲ့အဝယ့်
သိပ်ချစ်ခဲ့တယ်၊ ဒါပေမဲ့ အဝယ်က ဂရုမစိုက်တော့ တာဆုလေ
တက္ကသိုလ်ရောက်တဲ့နှစ်မှာပဲ အရွဲ့တိုက်ပြီး ကိုတင်ထွန်းနဲ့ စတွဲ
တာပဲ၊ နောက်အကြောင်းသင့်လို့ မုဒ့်ကို ကိုတင်ထွန်း အလုပ်ပြော
လာပြန်တော့ ပိုတွဲဖြစ်တာပေါ့၊ တွဲတာမှ အလွန်အကျွံပါပဲ၊ အဝ
. . . အဝယ် နားလည်ပါတော့၊ နော်လေးတာဆုဗိုက်ထဲက ကလေ
ဟာလေ သူ့ကလေး အဝယ်ရဲ့''

ဤနေရာတွင် ကိုတင်ထွန်းသည် ပျက်နေသောမျက်နှာ
ကြိုးစားပမ်းစား ပြင်ကာ ဝင်၍ ရှင်းပါသေး၏။

''ကိုထွန်းယုတ်မာတာ မဟုတ်ပါဘူး တာဆု၊ ကိုထွ
မန္တလေးပြန်သွားတုန်း တာဆုက ဒေါက်တာတင်ဦးနဲ့စေ့စပ်ပြီး လူ





လက်ထပ်လိုက်လို့ အားလုံး ကတောက်ကဆတွေ ဖြစ်ကုန်ရတာပါ၊ အစက တာဆုမှာ ဒီလိုဆိုတာသိရင် ကိုထွန်း ချက်ချင်းလက်ထပ်မှာပေါ့၊ အထင်မလွဲပါနဲ့ တာဆုရယ်''

''အို . . . ရှင်ဘာမှ ဝင်မပြောပါနဲ့၊ အဝယ်ရယ် ဒီနားတိုးခဲ့စမ်းပါ။ အဝယ်နဲ့တာဆု လက်ထပ်နိုင်မယ့် အစီအစဉ်တစ်ခုကို အဖေက ချပေးလိုက်တော့ အို ဘယ်လိုဝမ်းသာမှန်းမသိဘူး၊ နော်လေးတာဆုလေ သိပ်ပျော်တာပဲ၊ အဝယ့်ကို အဖေကလည်း သမက်တော်ချင်တယ်တဲ့၊ အဝယ်ဟာ အမွေတွေအများကြီးရထားတဲ့ သူဌေးတစ်ယောက်။ ဒါကို အဝယ်သိလားဟင်''

လူ့ရဲ မဖြေပါ။ အငိုင်သား ရပ်နေမိသည်။ ဦးခင်ဖော်ကလည်း ချောင်းတစ်ချက်ရှင်းလိုက်ကာ –

''စကားမပြောပါနဲ့လား သမီးရယ်၊ မောနေပါ့မယ်၊ နေကောင်းမှ ပြောပေါ့ဟုတ်လား''

ဝင်းတားမြစ်လိုက်၏။

''ပြောပါရစေ အပါ၊ အဝယ့်မျက်နှာကို တဝကြီးကြည့်ပြီး စကားတွေ ပြောစမ်းပါရစေ။ အို အဝယ်ရယ် . . . တကယ်တမ်းမှာတော့ တာဆု ဟိုတုန်းက စိတ်ကူးနဲ့ပျော်ခဲ့တာတွေဟာ အလကားပါလား။ အမျှော်လင့်ကြီး မျှော်လင့်ခဲ့ရတာတွေဟာ တစ်ခုမှ တစ်ခုမှ ဖြစ်မလာခဲ့ဘူး၊ အဝယ် တောဝက်ပက်ခံရလို့ ဆေးခန်းရောက်မှ



www.burmeseclassic.com

www.burmeseclassic.com



ကိုတင်ထွန်းကလေးဟာ တာဆုဗိုက်ထဲ ရောက်နေပြီဆိုတာ သိ
တော့တယ်၊ အမိုးကိုလည်း မပြောဝံ့ဘူး၊ တာဆု သိပ်မိုက်မိပါတယ် အဝယ်ရယ်၊ ခွင့်လွှတ်ပါ၊ နောက်ဆုံး အေးမိစံကို ဖွင့်တိုင်ပင်ပြီး သူ့အကြံ လိုက်နာရာက ... အဝယ်သိသွားတယ်နော်၊ အို ... ရင်ထဲမှာ မောလိုက်တာ အဝယ်ရယ်''

''စကားမပြောပါနဲ့တော့လား တာဆု၊ နေကောင်းလာတော့မှ ပြောချင်ပြောပေါ့ကွ၊ အဝယ်နားထောင်မှာပေါ့ ဟုတ်လား''

လှုရဲ၏နူးညံ့ကြင်နာသောအသံကို ကြားသောအခါ နော်လေး တာဆုသည် ဖျူဖွေးနေပြီး ကြည်သောနှုတ်ခမ်းကလေးဖြင့် နွမ်းယဲ့စွာ ပြုံးလိုက်သည်။

''ပြောပါရစေ အဝယ်၊ တာဆုသေသွားရင် အဖြစ်မှန်တွေ အဝယ်မသိဘဲနေပါ့မယ်၊ တကယ်လို့များ သေသွားခဲ့ရင်ပေါ့ အဝယ်ရယ်၊ တာဆုလေ လက်ထပ်ပြီးပေမယ့် အဝယ်ရဲ့အချစ်ကိုမရတော့ သိပ်နာကြည်းတာပဲ၊ ဘာလို့လဲဆိုတာ စုံစမ်းတော့ ခင်ထားမြင့်ဆိုတဲ့ ဟိုမိန်းမကြောင့်ကို၊ ဒီနေ့ ခင်ထားမြင့် သေနတ်ပစ်ခံရတယ် မဟုတ်လား''

''ဟင် ... မင်း မင်း ဒါကို ဘယ်လိုသိသလဲ ပြောစမ်း ဘယ်လိုသိသလဲ''

လှုရဲသည် ယောင်ရမ်း၍ပင် နော်လေးတာဆု၏လက်ကို





တင်းကျပ်စွာ ဆုပ်ကိုင်ဖျစ်ညှစ်ပြီး ဒေါသဖြင့် မေးလိုက်မိ၏။

''သိတာပေါ့၊ အဖေ့တပည့်တစ်ယောက်ကို တာဆု အပစ်ခိုင်းတာပဲ၊ ခင်ထားမြင့်သေမှ အဝယ့်အချစ်ကို တာဆုရမယ် မဟုတ်လား''

ခင်ထားအား သေနတ်ဖြင့်ပစ်၍ လုပ်ကြံနိုင်းသူ တရားခံကို မမျှော်လင့်ဘဲ တွေ့ရပြီ။

သူ့ကို အမှုန့်ခြေရမည်လော။

ထိုတရားခံမှာလည်း သေလုမြောပါး ဝေဒနာတစ်ရပ်ဖြင့် ကျူးလွန်မိသော အပြစ်များကို ဝန်ခံနေသဖြင့် ခွင့်လွှတ်နိုင်ရန် ကြိုးစားရင်း နာကြည်းခြင်းတို့ကြောင့် နတ်ဝင်သလို တုန်ယင်နေတော့သည်။

''သူသေပလား အဝယ်''

''ငါ မသိဘူး၊ ငါ ဆရာဝန်မဟုတ်ဘူး၊ သူသေချင်လည်း သေမယ်၊ မသေချင်လည်းမသေဘူး၊ မင်း မင်း ... သိပ်ရက်စက်ပါလား တာဆု။

ပထမ ဘာအပြစ်မှမရှိတဲ့ မင်းဗိုက်ထဲက ကလေးကို သေကြောင်းကြံတယ်၊ အခုလည်း ဒုတိယအကြိမ် ဘာအပြစ်မှ မရှိတဲ့ လူတစ်ယောက်ကို သေကြောင်းကြံပြန်တယ်၊ ငါ မင်းကို ဘယ်လို ခွင့်လွှတ်နိုင်ပါ့မလဲဟင်''



www.burmeseclassic.com

www.burmeseclassic.com



"အချစ်တဲ့ အဝယ်၊ အချစ်ဟာ မျက်စိမပါဘူး ကန်းနေတယ် တာဆုလည်း အဝယ့်ကိုချစ်လို့ ထင်ရာတွေ စိုင်းခဲ့တယ်"

"မင်းမှားတယ် နော်လေးတာဆု။ တကယ်လို့သာ ခင်ထာ သေသွားခဲ့ရင်လည်း ငါ့အချစ်ဟာ သူနဲ့အတူ မြေမြှုပ်ပြီးသာ ဖြစ်သွားမှာပဲ၊ ငါ့အချစ်ကို ဘယ်သူမှ မရနိုင်ဘူး၊ အခုတော့ မင် ဘယ်လိုဖြစ်လို့ ဒီကိုရောက်လာပြန်တာလဲ။ မင်း မင်းကို ငါ အတ တန်မှာထားလျက်နဲ့ ဝမ်းထဲက ကလေးကို စောင့်ရှောက်ပါ။ ထပ် မမိုက်ပါနဲ့လို့ မှာထားလျက်နဲ့"

"အဝယ်ထင်တာ မဟုတ်ပါဘူး၊ သူတို့ကြောင့်ပါ အဝယ် ကိုတင်ထွန်းနဲ့ မိလေးဂေးကြောင့်ပေါ့"

နော်လေးတာဆုသည် အားယူကာ လက်ကိုမြှောက်ရင် မျက်နှာငယ်လေးများဖြင့် ငြိမ်နေသော ကိုတင်ထွန်းနှင့် နော်လေ ဂေးတို့အား ညွှန်ပြလိုက်၏။

"ညဦးက ကိုတင်ထွန်းနောက် မိလေးဂေး ခိုးရာလိုက်တယ် လေ၊ အိမ်မှာ အဖေမရှိဘူး၊ အမိုးလည်း မရှိဘူး၊ ဒါပေမဲ့ ဘာရမ ... သူရေးပစ်ခဲ့တဲ့စာက သူတို့ထွက်ပြေးတဲ့ မိနစ်ပိုင်းလောက်ပဲ ခြာ တာဆုဆီ ရောက်လာတာ၊ အဝယ်ပဲစဉ်းစားပါတော့၊ တာဆု ဗိုက် ကလေးအဖေအစစ်နဲ့ တာဆုညီမကို ဘယ်လိုနည်းနဲ့ အညားခံနိုင် မလဲဟင်၊ ဒါကြောင့် သွင်းထားတဲ့သွေးပုလင်းကို ဖြုတ်ချထားခဲ့ပြီ





ပယ်ရှယ်နပ်စ်အော်နေတဲ့ကြားထဲက သူတို့နောက်ကို အဖေ့ရဲ့ မ်းစတားဂျစ်နဲ့ လိုက်တာပေါ့၊ သူတို့ ရေးမြို့ဘက်ကို ပြေးတယ်၊ ဘမာဝက်ရွာနားမှာပဲ သူတို့ကို တာဆုမိတယ်၊ ကားကို သူတို့ရှေ့ကျော် ဘက်ရာက တစ်ခုခုနဲ့တိုက်မိပြီး ဂျစ်ပေါ်က တာဆု လွင့်ကျသွားတာ တော့ သိလိုက်တယ်၊ နောက် ဒီရောက်လာတာပဲ"

စကားကို ဆက်တိုက်ပြောရင်း နော်လေးတာဆုမှာ တစ်စ တစ်စ မောရှဲ သွေးဆုတ်လာတော့၏။

တာဝန်ကျဆရာဝန်မက အဆုံးစွန်သောစကားကို ပြောသွား ပြစ်၍ ပြောလိုရာစကား ပြောပါစေတော့ဟု ငြိမ်၍ကြည့်နေမိသည်။ ဦးခင်ဇော်မျက်လုံးတို့မှာ မျက်ရည်တို့ဖြင့် ဖုံး၍ ဖုံး၍ လာသည်။

နော်အယ်လာနှင့် နော်လေးဂေးကမူ အခန်းထောင့်တွင် သွားရပ်ကာ အသံမထွက်အောင် ထိန်း၍ ငိုနေကြပြီဖြစ်၏။

"အို အဝယ်ရယ် ... မျက်လုံးတွေလည်း ပြာလာသလိုပဲ၊ င် ခင်ထား ... အသက်ရှင်ခဲ့ရင်လေ အဝယ် ပြောပေးပါ၊ တာဆုကို ခွင့်လွှတ်ပါ၊ တာဆုဝိညာဉ်ကို ငြိမ်းချမ်းမှုပေးပါလို့"

အပန်းတကြီးကြိုးစား၍ ပြောအပြီး လူရဲ၏လက်ကို ကိုင် ည်း နော်လေးတာဆု၏ဝိညာဉ်မှာ ကိုယ်ခန္ဓာမှ ဖယ်ခွာသွားတော့ သည်။

နော်လေးတာဆု ဆုံးရှာလေပြီ။ တစ်ခန်းလုံး ကျိတ်၍



www.burmeseclassic.com

www.burmeseclassic.com



ကျိတ်၍ ငိုရှိုက်သံတို့ဖြင့် လွှမ်းနေ၏။

''ကဲ ... အားလုံးပဲ ကျုပ်သွားမယ်ဗျာ၊ ဟိုတစ်ယောက်လည်း သေမလား ရှင်မလားပါပဲ၊ သွားကြည့်လိုက်ဦးမယ်''

ရှိုက်သံများကို ကျောခိုင်း၍ လူရဲ ထွက်လာခဲ့၏။

''ဆိုင်မှာ ကိုလူရဲ ... ခင်ထား အခြေအနေကောင်းပါတယ် ကျည်ဆန်ကို ကျွန်တော်ခွဲထုတ်ယူပြီးပါပြီ''

''တကယ်လား ဒေါက်တာ၊ ဒါ ... ဒါဟာ ကျွန်တော် စိတ်သက်သာအောင်ပြောနေတာတော့ မဟုတ်ပါဘူးနော်''

''ခက်ပါပြီ ဒီလူ၊ ကဲ လာ ... မယုံရင် ခင်ဗျား ဝင်ကြည့်နိုင်ပါတယ်၊ သတိတော့ မရသေးဘူး၊ ကြည့်ရုံလေးကြည့်ဗျနော်''

''ကောင်းပါပြီ ဒေါက်တာ၊ ကျေးဇူးတင်လိုက်တာ၊ ကြည့်ရုံလေး ကြည့်ရရင် ကျေနပ်ပါပြီဗျာ၊ ဩော် ... အပြင်မှာ ကျွန်တော်နဲ့ပါလာတဲ့ လူစုကိုလည်း အခန်းဝကတော့ ချောင်းကြည့်ရုံလေး ခွင့်ပြုပါဦး၊ ဟုတ်လား ဒေါက်တာ''

''ကောင်းပါပြီ ... ဒီလောက်တော့ရတယ်''

''ဒေါက်တာ ... နော်လေးတာဆု ဆုံးပြီ၊ အခုလေးတင်ပဲ သူ့မဆုံးခင် အားလုံး ကျွန်တော့်ကိုပြောပြသွားတယ်၊ ခင်ထားကို သေနတ်နဲ့ပစ်ပြီး လုပ်ကြံခိုင်းတာ သူပဲတဲ့ခင်ဗျ''

''ဗျာ ... နော်လေးတာဆု ဆုံးပြီ ... ဟုတ်လား၊ ခင်ထားမြင်ကို သေကြောင်းကြံတာလည်း သူပဲတဲ့လား၊ ဟိုမှာ ကံကြီးပေလို့သာ၊ အင်း ... နော်လေးတာဆု၊ နော်လေးတာဆု ... တယ်မိုက်တဲ့ မိန်းကလေးပဲ''

''ကဲ ... ခင်ထားကိုတော့ အခန်းဝကပဲ ကြည့်ပေတော့၊ ကျွန်တော် နော်လေးတာဆုဆီ သွားကြည့်လိုက်ဦးမယ်ဗျာ၊ အင်း ... ခင်ဗျားမှာလည်း လူပျိုအစစ်က မုဆိုးဖိုဖြစ်ရပြန်ပြီ၊ တယ်လည်း ဆန်းကြယ်ရှုပ်ထွေးတဲ့ ဇာတ်လမ်းပါပဲလား''

ဒေါက်တာရန်နိုင်စိုး ထွက်သွားသောအခါ လူရဲသည် သူ့လူစုကိုခေါ်၍ တိတ်တိတ်ဆိတ်ဆိတ်ပင် ခင်ထားကို အခန်းဝမှ သွား၍ကြည့်ကြ၏။

''ကဲ ... အချိန်လည်းမရှိဘူး၊ ညှိသည်တွေကို ခင်ထားအိမ်ပဲ ခေါ်သွားပြီး သိပ်လိုက်ပေတော့၊ ဒေါ်လေးဖောနဲ့ ဖော့မူ နေခဲ့ပါ၊ ခင်ထားအတွက် ညရေးညတာ လိုချင်လိုမယ်၊ ကျွန်တော်ကတော့ ကြကပဲ တစ်ညလုံး စောင့်မယ်''

❑ ❑ ❑

ခု နစ်-စဉ် ကြယ် စာ ပေ



www.burmeseclassic.com

## အခန်း (၂၅)

နံနက်ခုနစ်နာရီခွဲကတည်းက လှူရဲသည် ဒေါက်တာရန်နိုင်စိုး အိမ်တွင် ရောက်နေ၏။ ဧည့်ခန်း၌ သူ ငိုင်ငိုင်ကြီးထိုင်နေစဉ် . . .

"ဟော့လူ . . . ငိုင်လှချည်လား၊ ဘာတွေတွေးနေတာလဲ"

"ခင်ထားအတွက် စိတ်ချရပြီလား ဒေါက်တာ"

"ဒဏ်ရာအတွက်ကတော့ စိတ်ချနိုင်ပါပြီ၊ ဒါပေမဲ့ သူ့ နှလုံးရောဂါနဲ့ စိတ်ရောဂါအခံက ခုလို ထိခိုက်စရာတွေ များများကြီး ဆက်တိုက်ကြုံလိုက်ရတော့ ပြန်ပြီးဖြစ်ချင်တယ်ဆိုပါတော့ဗျာ၊ ဒါပေမဲ့ စိတ်မပူပါနဲ့၊ ကောင်းသွားမှာပါ"

"ခင်ထားကို မနေ့က ကျွန်တော် လက်ထပ်ခွင့်တောင်းတယ် အံ့ဩနေသလား ဒေါက်တာ၊ တောင်ယာတွေ စတင်မီးရှို့ရတဲ့ ပြေလမှာပဲ စတင်တွေ့ခဲ့တဲ့ ခင်ထားကို ကျွန်တော် ဆယ့်နှစ်နှစ်သားကတည်းက ချစ်ခဲ့ရတာပါ၊ သူနဲ့ကျွန်တော်ဟာ နှစ်ကြိမ်နှစ်ခါ လွဲခဲ့ရပြီး ဒီတစ်ခါ





တော့ အလွဲမခံနိုင်တော့ဘူးဗျာ"

လှူရဲသည် သူအမွေရသည့်ကိစ္စကိုသာ ချန်လှပ်၍ နော်လေးတာဆုနှင့် သက်ဆိုင်သမျှ သူပါဝင်ရောထွေးခဲ့ရသည့် စကောကရင်တို့၏ ရိုးရာဓလေ့ဖြင့် ချုပ်ကိုင်ခံရပုံ၊ အလုံးစုံကို တစ်ခုမကျန် ရှင်းလင်းပြောလိုက်လေတော့၏။

"တစ်ခုတော့ ရှိတယ်ပေါ့လေ၊ ကျွန်တော်ဟာ ဘယ်လိုပဲ လူပျိုအစစ်ဖြစ်နေပါစေ၊ ပတ်ဝန်းကျင်ကတော့ အတွင်းကျကျ သိလေတော့ ကျွန်တော့်ကို မယားသေပြီးစ မုဆိုးဖိုပူပူနွေးနွေးလို့ပဲ ယူဆကြမှာပေါ့"

"အေးဗျ . . . အဲဒါ ဟုတ်တယ်"

"ဒီတော့ ကျွန်တော်လိုချင်တာက ခင်ထားဆီက ကတိလေးတစ်ခုပါပဲဗျာ၊ တစ်နေ့နေ့မှာ ကျွန်တော့်ကို လက်ထပ်ပါ မယ်ဆိုတဲ့ ကတိ၊ နောက် ဆယ်နှစ်၊ အိုဗျာ; . . . အနှစ်နှစ်ဆယ်ကြာမှပဲဖြစ်ဖြစ် ကျွန်တော်စောင့်ပါ့မယ်၊ ဒါပေမဲ့ . . . ကျွန်တော့်ကို လက်မထပ်ခင်ကာလမှာ သူဟာ ကျွန်တော့်မျက်စိအောက်, ကျွန်တော့်စောင့်ရှောက်မှုအောက်မှာပဲ နေရမယ်၊ ကျွန်တော်လိုချင်တာ အဲဒါပါပဲ၊ သူ့ကျန်းမာရေးကို အဓိကထားပြီး စိတ်မချနိုင်လွန်းလို့ပါဗျာ"

လှူရဲ၏ ခိုင်မြဲစစ်မှန်သောအချစ်သည် ခင်ထားအပေါ်၌ စွဲမြဲနက်ရှိုင်းလှကြောင်း ဒေါက်တာရန်နိုင်စိုး ရိပ်စားမိလာ၏။

www.burmeseclassic.com

## အခန်း (၂၆)

လူရဲသည် ကားကို ဆေးရုံဘက်သို့ ဦးလှည့်လိုက်၏။ ခင်ထား အိပ်ပျော်နေ၏။ နော်လေးဖောအနီးတွင် ထိုင်စောင့်နေသည်။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသော ခင်ထားအား သူ မနှိုးရက်ပေ။

"သူ စိတ်ငြိမ်ဆေးသောက်ထားသလား ဒေါ်လေး"

"အေး ... သောက်ထားတယ်"

"ကျွန်တော် ဒီည သံပရာမှာ ပြန်အိပ်မယ်၊ မနက်မှ ပြန်လာမယ်လို့လည်း ပြောပြလိုက်ပါ"

"အေး အေး ... သတိနဲ့သွား၊ မိုးမချုပ်စေနဲ့၊ ငါ့စိတ်ထဲမှာ ဒီနေ့ တစ်မျိုးကြီးပဲဟဲ့"

"ဒေါ်လေး အိပ်ရေးပျက်လို့ဖြစ်မှာပါ၊ အလကား စိတ်ပူမနေပါနဲ့၊ ကဲ ... သွားမယ်"





ခင်ထားထံမှ ထွက်ခဲ့ပြီးနောက် လူရဲသည် ဦးခင်ဇော်အိမ်သို့ ဝင်ပြန်သည်။ ခရစ္စမတ်ပွဲတော် ဖိတ်ကြားရန်ဝတ္တရား သူ့မှာရှိနေသည် မဟုတ်လား။ ထို့ကြောင့် သူ ဝင်ဖိတ်ရ၏။ ဦးခင်ဇော် သူ ဆေးတံကြီး ခဲလျက်က မှုမပျက်ပေ။

"လာဟေ့ ... လူရဲ ဘယ်ကလှည့်လာတာလဲ"

"ဒီကို တမင်လာတာပါ။ ခရစ္စမတ်ပွဲကို သံပရာမှာလုပ်ဖို့ ပြင်ဆင်ထားပြီးပြီမို့ အန်ကယ်တို့ကို လာဖိတ်တာပါ"

"အေးကွာ ... လာဖြစ်အောင် ကြိုးစားရတာပေါ့၊ ခင်ထားကော သက်သာရဲ့လား"

"သက်တာတယ်လို့တော့ ထင်ရတာပဲ ခင်ဗျ"

သူက မတင်မကျဖြေ၏။ ဦးခင်ဇော်က သူ့ကို အကဲခတ်သလို တစ်ချက်ကြည့်လိုက်ပြီး အသိရခက်စွာ ပြုံးနေ၏။

"မစိုးရိမ်ရတော့ဘူးပေါ့ ဟုတ်လား"

"ဟုတ်ကဲ့ ... ဒီလိုပဲ ဒေါက်တာရန်နိုင်စိုးက ပြောပါတယ်"

"အေးကွာ ... ဝမ်းသာပါတယ်၊ တို့များတော့ ဒီနှစ် ခရစ္စမတ်အတွက် ဘာမှမလုပ်နိုင်တော့ဘူး၊ သောကမီးက မငြိမ်းသေးဘဲကိုး"

ထို့နောက် ဦးခင်ဇော်သည် ထွေရာလေးပါးစကားများ ပြောနေပြန်သဖြင့် လူရဲမှာ မကောင်းတတ်၍ သည်းခံပြီး နားထောင်နေရ၏။



www.burmeseclassic.com

www.burmeseclassic.com



စိတ်က သူ သံပရာသို့ မမှောင်ခင် အရောက်ပြန်လိုလှ ပေပြီ။ သူ့တွင် စီမံလုပ်ဆောင်စရာများ တစ်ပုံတစ်ပင်ရှိနေ၏။

သို့သော် သည့်အိမ်သို့ သည်တစ်ကြိမ် နောက်ဆုံးလာခြင်းဟု သဘောထားလိုက်ပြီး ဦးခင်ဇော် ပြောသမျှ နားထောင်၊ မေးသမျှ အလိုက်သင့်ဖြေကာ သူသည်းခံ၍ နေလိုက်သည်။

သည်လိုနှင့် လေးနာရီခွဲသွားပေပြီ၊ သည့်ထက်ကြာအောင် သူနေ၍မဖြစ်တော့။ ထို့ကြောင့် စကားကိုဖြတ်ပြီး ဦးခင်ဇော်အား နှုတ်ဆက်၍ ထွက်ခဲ့၏။

ကားကလေးမှာ ကြာအင်းဆိပ်ကြီးဘက်သို့ ဦးတည်ပြီး လျှင်မြန်စွာ ပြေးလွှားနေ၏။

ခုနစ်ခွေတောင်ပတ်လမ်းဘေး တစ်ရစ်ပြီးတစ်ရစ် ပတ်တက်မောင်းလာခဲ့ပြီး အဆင်းတွင် ကားကိုထိန်း၍ ဆင်းလာ၏။

စက်ရှိန်ကိုလျှော့၍ တောင်ကလေးကျေးရွာအဝင် တံတားကို ဖြည်းညင်းစွာ ဖြတ်ကျော်နေစဉ် သူ့ရှေ့ ဝါးတစ်ပြန် ရိုက်ခန့်မှ တံတားပေါင်တွင် မှီရပ်နေသော လူတစ်ယောက်အား တွေ့ရ၏။

ထိုလူ၏လက်များ သူ့ကားနီးလာသည်နှင့် ရိပ်ခနဲ လှုပ်ရှားသွား၏။ လူ့ရဲအား ပြုံးရယ်၍ ပြလိုက်သေး၏။

သို့သော် ထိုသူစိမ်းကို သူမသိပါ။ သံသယစိတ်ဖြင့် ကားကို ဆက်မောင်းလာခဲ့၏။

ခု နစ် စဉ် ကြယ် တာ ပေ



ထိုလူသည် အဘယ့်ကြောင့် ထူးခြားသောအပြုအမူတစ်ခုကို လုပ်ဆောင်ရလေသနည်း။ တွေးစရာများ ခေါင်းထဲ ဝင်လာ၏။

''ရှူး'' ခနဲမြည်သံတစ်ချက်ကြောင့် အတွေးတွေ အဝေးသို့ ပြေးကုန်သည်။

သေနတ်သံမဟုတ်။ ကားရှေ့လက်ယာဘီးတစ်ဖက် ပေါက်သွားခြင်း ဖြစ်ပါသည်။

ချက်ချင်းဆင်း၍ ကားဘီးအခြေအနေကို သူစစ်ဆေး၏။ ကားဘီးတွင် သံမှိုနှစ်ချောင်းက နက်ရှိုင်းစွာ စူးဝင်နေ၏။

ထိုသံမှိုကပင် ကားဘီးကို ပေါက်စေခဲ့ခြင်းဖြစ်သည်။ ယခုမှ သူ ကွင်းဆက်ကို တွေးမိလာ၏။

တောင်ကလေးကျေးရွာ တံတားပေါ်မှလူ။

ထိုလူပင် ကားရှေ့သို့ သံမှိုများ ပစ်ချလိုက်ခြင်းဖြစ်ရမည်။ ထိုစဉ်က သူ မမြင်မိ။ မျက်စိလျှမ်းခဲ့၏။

လူကိုသာ မြင်၍ ထိုလူ၏ လှုပ်ရှားမှုအသေးစိတ်ကို သတိမထားမိလိုက်။ မရေရာသောအတွေးများက သူ၏လျင်သော မျက်စိရှေ့တွင် ပိတ်ဆီးသလို ဖြစ်ခဲ့၏။

ယခုမှတော့ မတတ်နိုင်ပြီ။ အပိုပါလာသည့် ဘီးသစ်နှင့် ဘီးဟောင်းလဲရန်သာ ပြင်ရတော့၏။ ကိရိယာတန်ဆာပလာ အားလုံး ထည့်ထားသည်မို့ တော်ပါသေး၏။

ခု နစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ဘီးပေါက်သည့်ကိစ္စသည် သွေးရိုးသားရိုးမဟုတ်သဖြင့် သူ သတိရှိရပေမည်။ ရန်သူကား စိန်ခေါ်လေပြီ။

ကားဘီး လဲပြီး၍ သူသည် ကားဘီးဟောင်းနှင့် ကားပြင် ကိရိယာ ဘီးချိုင့်များကို နောက်ခန်းထဲတွင် ထည့်ကာ ကားပေါ်သို့ တက် စက်နှိုးလိုက်သည်။

ရှေ့ထိုင်ခုံနှစ်ခုကြားတွင် လိမ်ထည့်ထားသော သူ့ဂျာကင်ကို လက်ဖြင့် စမ်းကြည့်လိုက်သည်။

ဂျာကင်ထဲမှာ မာကျောသောအရာဝတ္ထုကို စမ်းမိမှ သူ ပြုံး လိုက်၏။

နာရီကိုကြည့်၏။ ခြောက်နာရီထိုးနေပေပြီ။ စင်စစ် သည် အချိန်သည် သံပရာရွာသို့ မပြန်သင့်တော့ပေ။

သို့သော် သည်ည သူ သံပရာရွာသို့ရောက်မှဖြစ်မည်။ မရောက်၍မဖြစ်။ အစီအစဉ်တွေရှိ၏။ အားလုံး သူ့ကိုမျှော်နေကြ ရော့မည်။

သံပရာသို့ရောက်ရန် တစ်မိုင်ခန့်အလိုတွင် လမ်းမအလယ်၌ တုံးလုံးလဲကျနေသော လူတစ်ယောက်၏ ပုံသဏ္ဍာန်ကို ကား မီးရောင်ဖြင့် သူ မြင်လိုက်ရ၏။

ရုတ်တရက် ဘရိတ်ကိုနင်းလိုက်မိပြီး စိုးရိမ်တကြီးနှင့် ရှေ့မှပုံလဲနေသောလူကို ကဲကြည့်မိ၏။





နောက် တစ်စုံတစ်ရာကို သတိရသွားသလိုအလား အံကို ကြိတ်ကာ ရှေ့မှလူ၏ခြေထောက်ကို ဖြတ်နင်းမောင်းနှင်ရန် ကား စက်ရှိန်ကို မြှင့်လိုက်သည်။ သို့သော် သူ နောက်ကျသွားပေပြီ။

'ဖန်း ဖန်း'

ကျယ်လောင်စူးရှသော အသံနှစ်ချက်ဆင့်၍ ထွက်လာကာ လက်ဝဲဘယ်လက်ယာလက်မောင်းရင်းတွင် မီးစဖြင့်ထိုးလိုက်သလို ဖြစ်သွားပြီး ဒေါသတကြီး အားမာန်သွင်းကာ သူ့ကားသည် 'ဒိုင်း' ခနဲ မြည်သော ဘီးပေါက်သံနှင့်အတူ လမ်းဘေးသို့ ဦးတည်ခါ ချုမ်းဆွဲချသွားသဖြင့် ဘရိတ်ကို တအားဆောင့်နင်းလိုက်ရတော့သည်။

ကားရှေ့မှာလဲနေသူလည်း လွှားခနဲ လမ်းဘေးသို့ ရောက်သွားလေပြီ။ လူရဲသည် 'ဖန်း ဖန်း' ဟူသောအသံကို ကြားစက တည်းက အခြေအနေမှန်အား ရိပ်စားမိခဲ့၏။

ကားရပ်သွားသည်နှင့် လိပ်ထားသော ဂျာကင်အင်္ကျီထဲမှ ကျည်ကပ်အပိုနှစ်ခုကို ယူကာ လမ်းဘေးသို့ ခုန်ဆင်းပြီးဖြစ်လေ၏။

သူ့လက်တစ်ဖက်တွင် ပွိုင့် ၃၈ ကယ်လီဗာရီမင်တန် သေနတ်က အသင့်ဖြစ်နေ၏။

"ဟေ့ . . . သူ့ကို အရှင်ဖမ်း၊ သူ့မှာ လက်နက်မပါဘူးကွ၊ ဝိုင်းသာဝင်ပြီး ဖမ်းကြစမ်း"

ကရင်ဘာသာဖြင့် အမိန့်ပေးသံကို သူနှင့်ကားတစ်စီးသာ



www.burmeseclassic.com

www.burmeseclassic.com



ခြားလျက် နီးကပ်စွာ ကြားလိုက်ရ၏။ သူ မဲ့ပြုံးပြုံးလိုက်မိသည်။

ကားဘီးပေါက်သံတစ်ချက်တည်းနှင့် သူ့လွတ်မြောက်ေ
သည် မလွယ်ကူလှ။

ထို့ကြောင့် နောက်ထပ်သေနတ်သံများပေး၍ အကူအည်
ခေါ်ရန် လိုအပ်နေပြီဖြစ်၏။

ကံကောင်းလျှင် တိုက်ကင်းထွက်လာတတ်သောခြေလျ
တပ်ရင်း (–) တပ်စုတစ်ခုမှ သေနတ်သံကိုကြားပြီး အကူအည်
ရောက်နိုင်သည်။

သံပရာရွာမှ ရွာသားများသိလျှင်လည်း ထွက်၍ အကူအည်
ပေးနိုင်၏။

လူရဲသည် ကားတစ်စီးသာခြားသော ရန်သူကို ပထ
ပစ်မှတ်အဖြစ် တည့်တည့်ချိန်ကာ မောင်းကို ဖြုတ်လိုက်သည်။

'ဒိုင်း'

ပတ်ဝန်းကျင်တစ်ခုလုံး သေနတ်သံဖြင့် ဟိန်းသွားတော့
ပစ်မှတ်ကို တည့်တည့်ထိလိုက်ပါသည်။

သူ့တွင် လက်နက်မပါဟူသောအသိဖြင့် ရဲရဲတင်းတင်း ချ
ကပ်လာသော ရန်သူမှာ လမ်းလယ်တွင် ပုံ၍ကျသွားတော့သည်

"ဟေ့ . . . ဟိုကောင်မှာ သေနတ်ပါနေပါလား။ သတိထ
ပြီး ကပ်ကြ"





"တောက် . . . ဆရာကြီးက အရှင်ဖမ်းခိုင်းလို့သာ . . . နို့မဟုတ်"

"ဟေ့ . . . မြန်မြန်လုပ်၊ ကြာတယ်ဟေ့ . . . အတင်းဝင်ကြ
စမ်း"

ကြိမ်းမောင်းရေရွတ်ပြီး ညစ်ညမ်းစွာ ဆဲဆိုသံနှင့် မရှေး
မနှောင်း နံဘေးတစ်ဖက်တစ်ချက်ဆီမှလည်းကောင်း၊ နောက်ကျော
ဘက်မှလည်းကောင်း တစ်ဟုန်ထိုး ပြေးတက်လာသော ခြေသံ
အမြောက်အမြား ကြားလိုက်ရပြီးနောက် . . .

လူရဲသည် မည်းမည်းမြင်ရာကို ကျည်ကပ်သုံးခု စုစုပေါင်း
ကျည် လေး ငါးတောင့်ကုန်အောင် ပစ်လေတော့၏။

ပထမ တစ်ချက်ချင်းပစ်၏။ နောက်မှ အတွဲလိုက်ပစ်၏။
တိုက်ပွဲငယ်တစ်ခုလို ဖြစ်သွားသည်။

ကျည်ဆန်လည်းကုန် သူလည်း ရန်သူ့လက်တွင်း ကျရောက်
ရတော့သည်။

ကြမ်းကြမ်းတမ်းတမ်း ဝိုင်းဝန်းချုပ်ကိုင်ခြင်းကို ခံလိုက်ရ
သည်။ ထို့နောက် နားထင်အား သေနတ်ဒင်တစ်ခုက လာဆောင့်
လိုက်ပြီး သူ့မျက်စိထဲဝယ် မှောင်အတိ ကျသွားရလေတော့၏။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

လူရဲ၏ သစ်လုံးအိမ်ကလေးရှေ့တွင် ခရစ္စမတ်သစ်ပင် တစ်ပင်ကို လှပစွာ ဖန်တီးထား၏။

အေးစက်သောလေတွင် နှင်းမှုန်များ ခိုစီးလိုက်ပါလာသည်နှင့်အနှင့် ခရစ္စမတ်တေးသံကလည်း ရောထွေးပျံ့လွင့်လျက်ရှိသည်။

ဦးလှမြင့်ဦးဆောင်သော ဝါးပြန်တောင်မှအဖွဲ့ ရောက်လာကြကာ အိမ်ရှင်များအား ဆုမွန်ကောင်းတောင်းကြ၏။

ဦးကျော်စိုးက အလှူငွေသုံးသောင်းထည့်ဝင်ကာ အဖွဲ့သားအားလုံးအား အိမ်တွင်းသို့ဖိတ်ခေါ်၏။ စားသောက်စရာများ ပြင်ဆင်ကျွေးမွေး၏။ သို့သော် မျက်နှာမကောင်းလှ။

''ဗျို့ ဦးကျော်စိုး ... ဆရာလူရဲကော မမြင်ပါလားဗျ''

ဦးလှမြင့်က မေးလိုက်သည်။





''ဟုတ်တယ် ဆရာဦးလှမြင့်၊ လူရဲ ခုထိ မုဒုံက ပြန်မရောက်သေးဘူး။ ဒီည သံပရာပြန်ခဲ့ဖို့ မနက်စောစောကားကြီးနဲ့ ကျွန်တော် သေသေချာချာ မှာလိုက်ပါတယ်၊ သူမလာဘဲတော့ မနေဘူးဗျ ... လာမှာပဲ၊ လမ်းမှာ တစ်ခုခုများ ဖြစ်နေသလားပဲ''

''စောစောက အဖွဲ့ပြန်သွားပြီး ဆရာတို့မလာခင် သေနတ်သံတွေလိုလို ကြားလိုက်မိတယ်''

ခရစ္စမတ်ပွဲသို့ နောက်ကျမှ ရောက်လာသလို ရွာလူကြီးတစ်ဦးက ပြောလိုက်ရာ လူငယ်အချို့ကလည်း ထောက်ခံပြောဆိုကြသည်။

''လူရဲပြန်မရောက်ရင် ဘာလုပ်ရမယ်ဆိုတာ ကျွန်တော်သိပါတယ်၊ ကဲ ... ခရစ္စမတ်သီချင်းဆိုတာ ခဏရပ်ပြီး မီးတုတ်လုပ်ကြပါ''

''သေနတ်သံကြားတဲ့ဆီမှန်းပြီး ပထမလိုက်ကြမယ်၊ ကျွန်တော့်အထင်တော့ ခုနက သေနတ်သံဟာ သံပရာမလွန်ပါဘူး၊ သံပရာအောက်ဘက် တစ်မိုင်, တစ်မိုင်ခွဲလောက်ဆီက လာတာ ဖြစ်ရမယ်''

''ဦးကျော်စိုးနဲ့ဖော့မူရယ် ကျန်တဲ့လူစုထဲက မိန်းကလေးအားလုံး အိမ်ထဲမှာပဲနေခဲ့ကြရင် ကောင်းမယ်''

''ဆရာကြီးဦးလှမြင့်နဲ့ ကျန်တဲ့ယောကျ်ားအားလုံး ကျွန်တော်နဲ့လိုက်ခဲ့ကြပါ၊ ကဲဟော့ ကြင်စိန် ... မီးတုတ်လုပ်ရအောင်''



www.burmeseclassic.com

www.burmeseclassic.com



မီးတုတ်နှစ်ခု ထွန်းညှိ၍ ဟန်တိုးနှင့်ဦးလှမြင့်တို့ ခေါင်းဆောင်သော ယောကျ်ားကြီးငယ် နှစ်ဆယ်ခန့် သံပရာမှ ထွက်ခဲ့ကြ၏။

ရရာနီးရာ လက်နက်ဒုတ်များ စွဲကိုင်ထားကြသည်။ ဟန်တိုးမှန်းဆထားသကဲ့သို့ သံပရာမရောက်မီ တစ်မိုင်ခန့်အလို၌ လူရဲ၏ စူပါရကားအဖြူရောင် တွေ့ကြရ၏။

ကားနံဘေးတွင် သွေးစက်များဖြင့် ပေလူးနေသည်။ ကားရှေ့ ပေ ၃၀ ခန့်အကွာတွင် လူတစ်ယောက် မှောက်လျက်လဲကျနေ၏။

ဟန်တိုးက ဦးစွာ ပြေး၍ထူကာ မျက်နှာကို မီးတုတ်မီးရောင်ဖြင့် သေသေချာချာကြည့်သည်။

ပြီးမှ သက်ပြင်းချပြီး တင်ဦးအား လှမ်းပြောလိုက်၏။

''တော်သေးရဲ့ဗျို့ . . . လူရဲမဟုတ်ဘူး''

''ဒါဖြင့် ဒီကောင် ဘယ်သူလဲ။ ဟော့ . . . လာကြည့်ကြစမ်း တို့အထဲက တစ်ယောက်ယောက်များ သူ့ကို သိကြမလား''

သို့သော် ထိုသူအား တစ်ယောက်မှ မသိကြ။

''ကဲ . . . အားလုံးမသိဘူးဆိုတော့ ဒီကောင်ဟာ တခြားရွာကပဲ ဖြစ်မယ်၊ အခြေအနေကြည့်ရတာ ဆရာလူရဲကို ဒီနားအရောက်မှာ သေနတ်နဲ့ ပစ်သွားပုံရတယ်''

''ဟိုကောင်ကျခဲ့ပုံထောက်တော့ . . . ဆရာလူရဲမှာလည်း သေနတ်ပါပုံပဲ၊ သူတို့အချင်းချင်း ပစ်လို့မှန်တာတော့ မဖြစ်နိုင်ဘူး ထင်တယ်ကွ ဟန်တိုး''

ဦးလှမြင့် မျက်မြင်အခြေအနေအရပ်ရပ်ကို လေ့လာပြီး ကောက်ချက်ချသည်။

''ဒါကတော့ ဘုရားသခင်မှ သိမှာပဲ ဆရာကြီး၊ လူရဲများ ဒဏ်ရာရသွားလေသလား၊ အို . . . မဟုတ်ရင် လွယ်လွယ်နဲ့ သူ့ကို ဘယ်သူမှ ဖမ်းလို့မရနိုင်ဘူး''

ဟန်တိုးသည် သူ့ထင်မြင်ချက်ကို ပြောပြလိုက်ပြီး ကားဆီသို့ ခြေလှမ်းကျဲကြီးများဖြင့် ကပ်သွားသည်။

မီးတုတ်တစ်ခုကို ဆွဲယူ၍ ပွင့်နေသော တံခါးပေါက်မှ အတွင်းသို့ လေ့လာအကဲခတ်၏။

ရှေ့ခန်းထိုင်ခုံတွင် သွေးစက်များ တွေ့ရသောအခါ သူ့မျက်နှာမှာ တစ်မုဟုတ်ချင်း မှုန်းမှောင်သွားတော့သည်။

''လူရဲ ဒဏ်ရာရသွားတာ သေချာပြီ၊ ဒီမှာ သွေးစက်တွေ၊ ကဲ ကားကို ဝိုင်းတွန်းကြပါ။ ဘီးပေါက်နေတယ်၊ သံပရာ အရောက် တွန်းသွားကြရမယ်''

''ကျွန်တော်နဲ့ ကြင်စိန် သံပရာကို မြန်မြန်ရောက်အောင် ရှေ့ကပြေးနှင့်မယ်''

သူတို့တွင် အချိန်များများစားစားမရှိ၊ မြန်နိုင်မှ တော်ကာ







www.burmeseclassic.com

www.burmeseclassic.com



ကျပေမည်။

အိမ်ရောက်သည်ဆိုလျှင် နှစ်ယောက်သားမှာ နောက်ဖေး ဘက်မှတက်ပြီး အခန်းထဲသို့ တန်းဝင်သွားကြသည်။

အဖျားတွင် ကျောက်ဆူးသဏ္ဌာန်ချိတ်ကြီးတစ်ခုပါသည့် နိုင်လွန်ကြိုးခွေတစ်ခု၊ အဝေးကြည့်မှန်ပြောင်း၊ ဒူးလေးတစ်လက်၊ မြားကျည်တောက်တစ်ခုကို ဟန်တိုးက ယူ၏။

ကြင်စိန်က သူ့ဝါးပြောင်းငယ်တစ်ခု၊ အဆိပ်လူးထားသည့် ဆူးငယ်ကလေးများ ထည့်ထားသော ဝါးဆစ်ဘူးငယ်တစ်လုံး၊ ရေတစ်ဘူး၊ ခေါ်ပုပ်ဆယ်ချပ်၊ သုံးတောင့်ထိုး ဓာတ်မီးတစ်လက်တို့ကို လွယ်အိတ်ကြီးတစ်လုံးထဲ စုပြုံထည့်ကာ စလွယ်သိုင်း လွယ်လိုက် ၏။

ပတ္တူဖိနပ်တစ်ရံကို ကောက်စီးအပြီး ဟန်တိုးအတွက်လည်း တစ်ရံယူပေးလိုက်သည်။

''မင်း စိတ်ကူးမဆိုးဘူး၊ ကြင်စိန် တို့ တောထဲမှာ ဘယ် လောက်ကြာမယ်မှ မသိဘဲ၊ ကဲ . . . ဘယ်သူမှ မသိအောင် နောက် ဖေးပေါက်က လစ်ကြစို့''

အခန်းဝတွင်ခေါင်းပြူလာသော ဦးကျော်စိုးအား အကျိုး အကြောင်း အတိုချုံး ပြောပြလိုက်ပြီးနောက် နှစ်ဦးသား တိတ်ဆိတ် လျင်မြန်စွာ ခြံထဲ ဆင်းခဲ့ကြ၏။

ခု နှစ် စဉ် ကြယ် တာ ပေ



ခြံထဲအရောက်တွင်မူ ဟန်တိုးသည် လေချွန်သံတိုးတိုးပေး၍ သူ့ခွေးသုံးကောင်ကို ခေါ်ယူလိုက်သည်။

ခွေးကြီးများမှာ သခင့်အလိုကိုသိပြီးဖြစ်သည့်အတိုင်း ခြံထဲတွင် လှည့်ပတ်၍ နေရာမှ ဟန်တိုးထံ ပြေးလာကြ၏။

ဟန်တိုးသည် ခွေးသုံးကောင်အား စောစောက တိုက်ပွဲ ဖြစ်ခဲ့ဟန်ရှိသည့်နေရာသို့ ခေါ်သွားပြီး အနံ့ခံခိုင်းလိုက်သည်။

ထို့နောက် တောကျွမ်းသော မုဆိုးကျော် ဟန်တိုးဦးဆောင် သည့် ခွေးသုံးကောင်နှင့် ကြင်စိန်တို့မှာ အထက်ရွာသို့ ရှေးရှု၍ ဖြတ်လမ်းမှ ခပ်ကြမ်းကြမ်းပင် ခရီးထွက်ခဲ့ကြ၏။

မည်သည့်နေရာတစ်ဝိုက်သို့ ဦးတည်သွားရမည်ကို ဟန်တိုး သိနေ၏။

ဤတောဤတောင်များမှာ သူ ငယ်ကတည်းက ရင်းနှီး ကျွမ်းဝင်ခဲ့၏။

မည်သည့်အန္တရာယ်ကိုမျှ သူမမှု။ သို့သော် သူ့စိတ်တွင် သွက်သွက်ခါမျှ လှုပ်ရှားနေသည်။

သူမရောက်မီ လူရဲအား လက်လွှန်ထားကြမည်ကို စိုး၏။ သူ့ငယ်ချင်းအား အသက်နှင့်တကွ ရယူကယ်ဆယ်လို၏။

ခွေးသုံးကောင်မှာ လူရဲ၏အင်္ကျီတစ်ထည်မှ အနံ့ကို နမ်းပြီးကတည်းက ရှေ့မှ လျင်မြန်စွာ ပြေးကြတော့၏။

ခု နှစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



အချို့နေရာများတွင် မြေပြင်ကို နှာခေါင်းဖြင့် ကပ်၍လည်းကောင်း၊ ဦးခေါင်းကိုမော့ကာ လေထဲသို့ အနံ့ခံရှူးစမ်းရင်းဖြင့်လည်းကောင်း၊ ခေတ္တရပ်တန့်တတ်ကြ၏။

သို့နှင့် ခွေးသုံးကောင်ကလည်း အသံဆူဆူညံညံ မပြု။

လူနှစ်ယောက်ကလည်း အသံဗလံမထွက်စေရန် ခြေသံလုံလုံဖြင့် ခရီးနှင်ခဲ့ကြရာ နံနက်တစ်နာရီခန့်တွင် ဟန်တိုးနှင့် ကြင်စိန်တို့နှစ်ဦးတည်းသာသိသည့် ရည်မှန်းချက်နေရာတစ်ဝိုက်သို့ ဆိုက်ရောက်လာကြတော့၏။

ဟန်တိုးသည် သူ့ခွေးသုံးကောင်အား ခေါ်ယူကာ ခေါင်းကို လက်နှင့်သပ်၍ တီးတိုးပြောပြီး သူကိုယ်တိုင် ရှေ့မှလျှိုထဲ ဆင်းသွားပြီး ဝါးတောထဲ၌ သူ့ခွေးများကို ကိုယ်ဖျောက်နေစေလိုက်၏။

သူ့ထံမှ အချက်မပေးမချင်း တက်မလာကြရန် သင်္ကေတများဖြင့် ခွေးသုံးကောင်ကို ပြသခဲ့၏။

ခွေးများ ဝါးတောထဲတွင် ငြိမ်သက်စွာဝပ်၍ ကျန်ရစ်ခဲ့မှ သူသည် လျှိုပေါ်သို့တက်လာကာ ကြင်စိန်အား လက်တို့ပြီး ပင်စည်ချောချောနှင့် အကိုင်းခက်များ ဝေဆာပြွတ်သိပ်စွာ နေပြောက်မထိုးသာအောင် ပိတ်ကာဆီးနေသော သစ်ပင်မြင့်မြင့်ကြီး တစ်ပင်ဆီသို့ ခေါ်ယူသွားလေသည်။

ထို့နောက် ခါးမှကြိုးခွေကိုဖြုတ်ကာ သံချိတ်ကိုလွှဲ၍ သစ်ကိုင်း





တစ်ကိုင်းဆီ ပစ်တင်လိုက်လေ၏။

ရှိခနဲ လေတိုးသံနှင့်အတူ သံချိတ်သည် သစ်ကိုင်းတစ်ကိုင်းအား မိမိရရ ချိတ်မိသွားတော့၏။

သည်တော့မှ ကြိုးကိုဆွဲ၍ ကြင်စိန်အား အလျင်တက်စေကာ သူက နောက်မှတက်လိုက်သွားပြီး သစ်ကိုင်းပေါ်တွင် ခြေချမိသည်နှင့် မြေပေါ်တွင် ပုံကျန်ရစ်သောကြိုးစကို ဆွဲယူရစ်ခွေလိုက်၏။

နောက်နှစ်ယောက်သား သစ်ပင်၏ခွဆုံပေါ်သို့ ပြောင်းရွှေ့တက်ထိုင် ပုန်းအောင်းနေပြီး ငြိမ်သက်တိတ်ဆိတ်စွာဖြင့် အခြေအနေကို စောင့်ကြည့်နေကြတော့၏။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

ဂူအောက်ခြေရှိ ကျောက်ဖျာ၏အေးစက်သော အတွေ့အထိကြောင့် လူရဲ သတိရလာ၏။

ခေါင်းတစ်ခုလုံး မူးနောက်ရီဝေနေ၏။ မျက်လုံးများကို ရုတ်တရက် မဖွင့်သေးဘဲ သူ ဘာဖြစ်ခဲ့သည်ကို ပြန်လည် စဉ်းစားနေမိသည်။

လမ်းတွင် သူတစ်ကြိမ် သတိပြန်ရခဲ့သေးသည်။

သို့သော် ဝိုးတဝါးမျှသာ။ စောင်ပုခက်ဖြင့် သယ်ယူလာသလို အတွေ့အထိမျိုးကို သူခံစားမိ၏။

"ဟော့ . . . လင်းယုန် (၄)၊ ဟိုကောင် ခုထိ သတိမရသေးဘူးလား။ မေ့နေတာ တစ်ညနဲ့တစ်ရက် ရှိသွားပြီ။ မတော်တဆ သေများသွားရင် ဆရာကြီးက မင်းတို့ကို အမှုန့်ကြိတ်တော့မယ်"





"ဘာလဲ . . . ဆရာကြီးက သူ့ရွှေသမက်ကို ခုထိ မေတ္တာ တော်ထားတုန်းပဲတဲ့လား"

"တို့အထဲကတစ်ကောင်ဖြစ်တဲ့ နေရာတင် ကျကျန်ရစ်တယ်၊ သယ်နိုင်ဘူး၊ ထားပစ်ခဲ့ရတယ်၊ အဲဒီကောင်က မျက်နှာစိမ်းမို့ ဘိစ္စမရှိပါဘူးလေ"

"ကျန်တဲ့ ဆယ့်တစ်ယောက်လည်း ဒဏ်ရာတော်တော် ပြင်းတယ်၊ သူတို့လည်း သေမလား ရှင်မလား မသိဘူးကွ၊ ခေါင်းဆောင်ကြီးက သူတို့စခန်းထဲ ပို့ထားလိုက်ဆိုလို့ ပို့ခဲ့တယ်"

လူရဲသည် အမေးအဖြေလုပ်နေသူနှစ်ဦး၏စကားမှ အဖြေတစ်ခုကို ရလိုက်သဖြင့် ဒဏ်ရာကိုပင် ဂရုမထားမိဘဲ ကျိတ်၍ ပြုံးသာသွား၏။

လက်မောင်းရင်းမှ ဒဏ်ရာက နာကျင်သည်မှန်သော်လည်း အရိုးကို ထိပုံမရသဖြင့် လှုပ်မည်ဆိုက လှုပ်ရှားနိုင်လိမ့်မည်ဟု ခန့်မှန်းနေ၏။

သို့သော် ယင်းလက်ကို တွဲလောင်းချကာ လုံးဝ မလှုပ်နိုင်သာသလိုဟန်နှင့် စုပ်သတ်ရင်း သူ ဖြည်းဖြည်းချင်း ထထိုင်လိုက်၏။

"ဩော် . . . သတိရလာပြီကိုး၊ ဘယ့်နှယ်လဲ တော်တော် နာသာရှိသွားရဲ့လား"

လူရဲသည် ယောင်ကိုင်းပေါက်ပြဲလျက်ရှိသော နားထင်မှ



www.burmeseclassic.com

www.burmeseclassic.com



သွေးစီးများကို ညာလက်ဖြင့် စမ်းရင်း ထရပ်ရန်ပင် ပြင်လိုက်မိ၏။

လူတစ်ယောက် ကျောက်လှေကားမှ ဆင်းလာ၏။ ဝတ်ရုံနက် ခေါင်းစွပ်နက်ဖြင့် ဖြစ်၏။

"မင်း သတိရလာပြီပဲ၊ ကိုင်း . . . လက်နှစ်ဖက်ကို ကြိုးနဲ့ ခဏလောက်ချည်လိုက်ရအောင်"

"မလိုပါဘူး ထင်တယ်၊ ကျုပ်ရဲ့ဘယ်လက် လုံးဝလှုပ်လို့မှမရဘဲ"

"အမိန့်အတိုင်းတော့ လုပ်ရလိမ့်မယ် လူရဲ၊ ဟော့ . . . လင်ယုန် (၄) ခဏလာကူစမ်းကွာ"

လူရဲ မတတ်နိုင်တော့ပေ။ အံကိုခဲရင်းက ကြိုးအချည်းလိုက်ရတော့၏။

"ကျုပ်ကိုဖမ်းတာ ဘယ်သူလဲ"

"လူတစ်စုပေါ့ကွာ"

"ဘာကိစ္စလဲ"

"အပေါ်ရောက်ရင် မင်းသိလိမ့်မပေါ့၊ ကဲ . . . ရှေ့က တက်ပေတော့။ ဉာဏ်များမယ်တော့ မကြံနဲ့၊ ငါ့လက်ထဲမှာ သေနတ်ရှိတယ်"

"မင်းတို့ သေနတ်သံမထွက်ရဲပါဘူး"

"စမ်းကြည့်လေ . . . ဒီမှာတွေ့လား အသံတိတ်ကိရိယာ"





"အို . . . ဆိုင်းလင့်တပါလား။ မင်းတို့က တော်တော်ခေတ်မီသားပဲ၊ ငါ့ကားကို ပစ်တုန်းကလည်း မင်းတို့သေနတ်မှာ ဆိုင်းလင့်တတပ်ထားတာကိုး"

"စကားတယ်များပါလား လူရဲ တက်စမ်း"

သို့နှင့် ကျောက်လှေကားကို သူ စတက်ရတော့၏။

တစ်ဆယ့်သုံးထစ်လွန်မြောက်သောအခါ ဂူ၏အပေါ်ပိုင်း အခန်းတစ်ခုထဲသို့ ခြေချမိ၏။

မီးပုံတစ်ခုရှိသဖြင့် ယင်းအခန်းမှာ နွေးနေ၏။ ခုတင်နှစ်လုံးပေါ်တွင် လူနှစ်ယောက် မျက်နှာချင်းဆိုင် ထိုင်နေ၏။

တစ်ယောက်က ပကတိမျက်နှာဖြင့် ဖြစ်သော်လည်း ကျန်တစ်ယောက်ကမူ တစ်ကိုယ်လုံး အဝတ်နက်များ ဝတ်ဆင်ကာ မျက်နှာတွင် ခေါင်းစွပ်အနက်ကြီးဖြင့် စွပ်ထားသည်။

"မင်းကို ထိုင်ဖို့ ဘယ်သူခွင့်ပြုသလဲ"

ခေါင်းစွပ်နက်က ဖျက်ထားသောအသံသြသြကြီးဖြင့် ပြတ်တောက်တောက်မေးသည်။

လူရဲသည် ထိုလူအား ပြန်လည်၍ စေ့စေ့ကြည့်ကာ မထီတရီပြုံးလိုက်၏။ သူ ဘာမျှမဖြေမိ ပကတိမျက်နှာဖြင့် လူက . . .

"ကဲ လင်းယုန်တစ် . . . အပိုတွေမေးပြီး အချိန်မဖြုန်းသင့်ဘူး၊ ကျုပ်တို့ မေးစရာတွေကများနေတော့ သူ့ကို ထိုင်ခိုင်းထားတာ"



www.burmeseclassic.com

www.burmeseclassic.com



အကောင်းဆုံးပဲ၊ ကဲ . . . ကျုပ်မေးရမလား ခင်ဗျားမေးမလား''

''ခေါင်းဆောင်ကြီးပဲမေးပါ''

''ကောင်းပြီ . . . ကျုပ်မေးမယ်၊ ဟော့ လူရဲ . . . မင်း ငါ့ကို သိသလား''

လူရဲသည် ခေါင်းဆောင်ကြီးဆိုသူအား မျက်လုံးချင်းဆိုင်လိုက်သည်။

ထိုလူအား သူ ကောင်းကောင်းကြီးသိပါ၏။ မြင်ဖူးခဲ့ပါ၏။ ကရင်သောင်းကျန်းခေါင်းဆောင် စောသောင်းမြင့်၊ ဗိုလ်မှူးကြီးအဆင့်

သို့သော် လူရဲက ခေါင်းခါပြလိုက်လေ၏။

''ဩော် . . . တကယ်ပဲ မသိဘူးလားကွ၊ လူရဲရဲ့''

''ဒါ . . . ပထမအကြိမ် မြင်ဖူးခြင်းပါပဲ''

''အေး . . . ထားပါတော့ကွာ၊ ငါ့ကိုမသိပေမယ့် ဒါကလေးတော့ မင်းသိမှာပေါ့ . . . ဟုတ်လား''

စောသောင်းမြင့်က ပစ္စတိုကိုမြှောက်ပြီး မေးမြန်းပြန်၏။ လူရဲ မဖြေ။

''ဟဲ ဟဲ . . . ဘယ်လိုလဲ၊ မသိတော့ပြန်ဘူးထင်တယ် မင်းရဲ့လက်စွဲတော်ပေါ့''

ကားသမားတစ်ယောက်က ဘာကြောင့် ဒီလောက်ကောင်းတဲ့ ပစ္စတိုတစ်လက်ကို ဆောင်ထားနိုင်တာလဲ''





''ငွေတတ်နိုင်ရင် ကြိုက်တဲ့လက်နက်ကို ဘယ်သူမဆို ဝယ်ကိုင်နိုင်တာပဲဗျ''

''ဒီအဖြေက မနိုင်လုံဘူး လူရဲ''

''အင်း . . . သံသယဖြစ်စရာပဲ၊ ကျောင်းဆရာလုပ်ထွက် ကားသမားတစ်ယောက်ဟာ ဒီလောက်အဆင့်အတန်းမြင့်တဲ့ သေနတ်မျိုး ကိုင်ဖို့မလိုဘူး''

''ဒီတော့ ငါမေးမယ် . . . မှန်မှန်ဖြေပါ၊ မင်း ဘယ်သူလဲ၊ ဘာကောင်လဲ''

''ကျုပ် လူရဲ ဘာကောင်လဲဆိုတော့ ကားသမား၊ အရင်က ကျောင်းဆရာ လုပ်ဖူးတယ်''

စောသောင်းမြင့် မျက်နှာရှုံ့သွား၏။ ဒေါသရောင်သန်းလာ၏။

''ကောင်းကောင်းမေးနေတာ ကောင်းကောင်းဖြေစမ်း''

လူရဲ ဘာမှထပ်မပြောတော့။ ပခုံးတွန့်ကာ မထီမဲ့မြင် ပြုံးနေလိုက်၏။

''ဒီကောင် စစ်တပ်ရဲ့သတင်းပေး ဖြစ်နိုင်ပါတယ် ခေါင်းဆောင်ကြီး၊ ကျွန်တော်တို့လုပ်ငန်းတွေမှာ မကြာခဏ အနှောင့်အယှက်တွေ တွေ့နေရတာ ထောက်လှမ်းကြည့်လိုက်တော့ ဒီကောင်နဲ့ ဟန်တိုး ကို သံသယဖြစ်ဖို့အကွက်တွေ မြင်လာရပါတယ်၊ ဒီဓားကို ကြည့်ပါ ခေါင်းဆောင်ကြီး''

www.burmeseclassic.com



လင်းယုန်တစ်က ဝတ်ရုံနက်ထဲမှ ဓားမြှောင်တစ်ချောင်းကို ထုတ်ယူပြသလိုက်၏။

စောသောင်းမြင့်သည် ဂူနံရံတွင် ချိတ်ဆွဲထားသော မီးအိမ်အောက်သို့ ဓားမြှောင်ကိုယူ၍ ကြည့်ရှုစစ်ဆေးပြီးနောက် . . .

"အင်း . . . အရိုးမှာ (S.H.T) လို့ထိုးထားပါလား၊ လင်းယုန်တစ်"

"ဟုတ်ပါတယ်၊ (HST) ဟာ စောဟန်တိုးနာမည် အတိုကောက်ပါပဲ၊ ဒီဓားဟာ ဟန်တိုးရဲ့ဓားပါ။ ကျွန်တော် စုံစမ်းပြီးပါပြီ"

လူရဲသည် လင်းယုန်တစ်ဆိုသူအား ကြည့်နေရာမှ အသည်းယားလာတော့၏။ ထို့ကြောင့် အန္တရာယ်တစ်ခုကို ဖွတ်တိုးဖိတ်ခေါ် စမ်းသပ်ကြည့်လိုစိတ် ပေါ်လာသည်။

"ကဲပါလေ . . . လင်းယုန်တစ်တွေ ဘာတွေလုပ်ပြီး ရုပ်ဖျောက် အသံဖျက်မနေစမ်းပါနဲ့ အန်ကယ်ဦးခင်ဇော်။ ခင်ဗျား ခေါင်းစွပ်ကြီး ချွတ်ပစ်လိုက်စမ်းပါ။ အိုက်နေရောပေါ့ . . . မဟုတ်လား"

သူ့စကားကြောင့် လင်းယုန်တစ်၏ကိုယ်ကြီးမှာ ဆတ်ခနဲ တစ်ချက်တွန့်ကာ လန့်သွားပုံရပြီးမှ ဒေါသတကြီးနှင့် ခေါင်းစွပ်ကို နောက်သို့ လှန်ချလိုက်၏။

"ငါ ဘယ်သူမှန်းသိတာ မင်းသေတွင်း မင်းတူးတာပဲ လူရဲ





ခေါင်းစွပ်အောက်မှ ဘွားခနဲပေါ်လာသော ဦးခင်ဇော်မျက်နှာမှာ ကြောက်မက်ဖွယ်ရာ ခက်ထန်တင်းမာလျက် ရှိ၏။

"အစကတော့ ငါ့သမီးမျက်နှာနဲ့ မင်းချမ်းသာရာရခဲ့တယ် လူရဲ၊ ခုတော့ သမီးလည်းသေပြီ၊ မင်းအပေါ် ထောက်ထားစရာ အကြောင်း မရှိတော့ဘူး၊ အေး . . . တစ်ခုတော့ရှိတယ်ပေါ့၊ ငါတို့ တောင်းဆိုတာ မင်းပေးနိုင်ရင် သက်သာဖို့ရှိတယ်"

"ကဲ . . . ဟောဒီဓားမြှောင် ရာဇဝင်လေးလည်း ပြောစမ်းပါဦး။ အေး . . . မင်းမပြောရင် ငါပြောရတာပေါ့၊ ဒီဓားကို နော်လေးတာဆုနဲ့မင်း လက်ထပ်တဲ့ည ဟန်တိုးနဲ့မင်း အမဲလိုက်ထွက်တယ် ဆိုတဲ့ညက ရခဲ့တာပဲ၊ ဘယ်နေရာက ရသလဲဆိုတော့ ဂူရဲ့အရှေ့ဘက် ကျောက်ထုပေါ်မှာ ငါချထားတဲ့ ကင်းသမားနှစ်ယောက်ရဲ့ အနီးအနားက ရခဲ့တယ်၊ ငါသိချင်တာက တို့နေရာကို ဘာသဘောနဲ့ လာချောင်းပြီး ငါ့ကင်းသမားနှစ်ယောက်ကိုပါ ဘာကြောင့် သတ်သွားရသလဲဆိုတာပဲ၊ မင်းတစ်ယောက်တည်းလား။ မင်းနဲ့ စောဟန်တိုး နှစ်ယောက်ပေါင်းလား၊ ဟန်တိုးတစ်ယောက်တည်းလား။ အဲဒါ ငါသိချင်တယ် လူရဲ။ ဒါကို မင်းဖြေရမယ်"

လူရဲက မတုန်မလှုပ် ခပ်အေးအေးပင်။

"ဒါကတော့ဗျာ တောလည်ထွက်ရင်း ကျကျန်ရစ်တာပဲ၊ ခင်ဗျားတို့နေရာမှန်း ဘာမှန်း ကျုပ်တို့လည်း ဘယ်သိပါ့မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . . ဟဲ ဟဲ၊ ဒါနဲ့ ဝက်ပက်တဲ့ဒဏ်ရာကော ကောင်းကောင်းပျောက်ပြီလား လူရဲ၊ သေနတ်ဒဏ်ရာမှန်း လူတွေ သိမှာစိုးလို့ ဆေးရုံမတက်ရဲဘူး မဟုတ်လား၊ အဲဒီကတည်းက မင်းကို ငါ သံသယရှိခဲ့တယ်"

"သံသယ . . . ဘာ သံသယပါပဲလေ၊ ခင်ဗျား လက်ဆုပ်လက်ကိုင် ဘာမှမပြနိုင်ဘူး"

"ဒီလောက်နဲ့ လုံလောက်နေပါပြီ လူရဲ၊ ဒို့ထက်ခိုင်လုံစရာအကြောင်း မလိုတော့ဘူး။ မင်း ဘယ်လိုငြင်းငြင်း ဒီဓားဟာ သက်သေပဲ၊ ကဲ . . . ငါထပ်မေးမယ်၊ မင်းနဲ့အစိုးရစစ်တပ် ဘယ်လိုအဆက်အစပ်ရှိသလဲ"

"ဘယ်လိုအဆက်အစပ်မှ မရှိဘူး"

"ဟော့ကောင် ကောင်းကောင်းမေးတုန်းဖြေရင် ကောင်းမယ်"

စောသောင်းမြင့်က ဝင်ဟောက်ပြန်၏။

"ကဲ . . . ငါမေးမယ်၊ မင်းနဲ့စစ်တပ် ဘယ်လိုအဆက်အသွယ်ရှိသလဲ၊ တစ်ဖက်နိုင်ငံပို့မယ့်ပစ္စည်း ခဏခဏ အဖမ်းခံရတယ်ဒါ . . . မင်းလက်ချက်မဟုတ်လား၊ ဖြေလေကွာ"

"ကျုပ်မှာ ဖြေစရာ ဘာမှမရှိဘူး"

"လူပါးဝတဲ့ကောင်၊ ကိုယ့်အမျိုးသားချင်း သစ္စာဖောက်တဲ့ကောင် . . . ကဲကွာ ကဲ"





စောသောင်းမြင့်သည် ရုတ်တရက် လူရဲ၏မျက်နှာကို လက်ဝါးစောင်းဖြင့် ဖြတ်၍ရိုက်ချလိုက်၏။ နှားထင်မှ ဒဏ်ရာကိုပါ ထိသွားသဖြင့် အသည်းခိုက်မျှ နာကျင်သွားသော်လည်း အံကြိတ်၍ သည်းခံလိုက်ရသည်။

အချိန်မကျသေး သည်းမခံ၍မဖြစ်။ လက်တုံ့ပြန်၍မဖြစ်။

လက်ကို ကြိုးနှင့်တုပ်ထား၏။ အသံတိတ်ကိရိယာတပ်သေနတ်နှစ်လက်က အသင့်ချိန်ထား၏။ ဦးနှောက်သုံးမှဖြစ်မည်။ ဉာဏ်ကိုလှာသုံးမှ ဖြစ်မည်။

"ဒီမှာ ငါ့ညီ . . . မင်းဟာလည်း ကရင်တစ်ယောက်ပါကွာ၊ ကိုယ့်အမျိုးသားတွေကိုပြန်ပြီး ဘာကြောင့် သစ္စာဖောက်ချင်ရတာလဲ"

"အင်း . . . ဘယ်သူက သစ္စာဖောက်ပြီး ဘယ်သူက ဘယ်သူ့ကို ဘယ်လိုသစ္စာမျိုး စောင့်သိရမှာကို ဆိုလိုတာလဲ၊ ကျုပ်ကတော့ တိုင်းရင်းသားအားလုံးကို ချစ်တာပဲလေ၊ ရိုးရိုးသားသား လုပ်ကိုင်စားသောက်နေတဲ့လူတွေဆီက ဆက်ကြေးတောင်း, အမျိုးသမီးကလေးတွေ အလိုမတူဘဲ အဓမ္မသိမ်း, စိတ်တိုင်းမကျတိုင်း ဖမ်းဆီးသတ်ဖြတ် နှိပ်စက်ညှဉ်းပန်းနေတာဟာ ကရင်လူမျိုးဆိုတဲ့ ကိုယ့်လူမျိုးနဲ့ ကိုယ့်တိုင်းပြည်အပေါ် သစ္စာရှိတာလားဗျ"

"ဟေ့ . . . တော် တော်စမ်း၊ ခွေးမသား"

စောသောင်းမြင့် ခါးပတ်ကြားမှ ပစ္စတိုတို ဆွဲထုတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



“ဟာ ခေါင်းဆောင်ကြီး . . . လက်လွှန်ကုန်ပါ့မယ်၊ ကျွန်တော်တို့ကိစ္စက မပြီးသေးဘူး”

ဦးခင်ဇော်က မိုလ်မှူးကြီးစောသောင်းမြင့်၏လက်ကို လှမ်းဆွဲထားလိုက်၏။

“အေး . . . ကောင်းပြီ ရှိပါစေ၊ ဒီကိစ္စအရေးမကြီးဘူး၊ မင်းကိုရှင်းလိုက်ရင် ဒါက အလိုလိုချုပ်ငြိမ်းသွားမှာပဲ၊ ဒုတိယကိစ္စကို ဆက်ကြမယ်၊ မင်းရဲ့ မြဘုရားနဲ့ မြတုံးတွေ ဘယ်မှာထားသလဲ”

စောသောင်းမြင့် အံတစ်ချက်ကြိတ်ပြီး ခပ်ငေါက်ငေါက် ရှင်းရှင်းလင်းလင်း မေးလိုက်၏။

စောသောင်းမြင့်၏အမေးကို လူရဲသည် ဘယ်လိုမှ အရေးမထားဘဲ ဦးခင်ဇော်အား ဆတ်ခနဲ မော့ကြည့်လိုက်၏။

“ဩော် . . . ဒါလည်း ခင်ဗျားလက်ချက်ပဲကိုး”

“အေး . . . သိပ်ဟုတ်ပေါ့၊ ကဲ . . . ဖြေလိုက်လေကွာ”

“ဖြေလို့ကော ဘာထူးမလဲ၊ အဖြေရတာနဲ့ ကျုပ်ကို ခင်ဗျားတို့ ရှင်းပစ်ကြမှာ သေချာနေတယ်၊ ကျုပ်သေရမယ့် အတူတူ ခင်ဗျားတို့ ခံစားရအောင် ကျုပ်က ဘာကြောင့် အမိုက်ခံပြီး ဖြေရမှာလဲဗျ”

လူရဲက မသိမသာ မက်လုံးပေးပြီး စကားကို မတင်မကျ လုပ်ထားလိုက်၏။ သူ့စကားအသွားအလာကို အဓိပ္ပာယ်နားလည်ဟန်ဖြင့် ဦးခင်ဇော်နှင့် စောသောင်းမြင့်တို့ မျက်လုံးများမှာ လောဘဇောဖြင့်





ဝင်းဝင်းပြောင်လာကြ၏။

ဦးခင်ဇော်က စိတ်လှုပ်ရှားလျက်ရှိသော အသံကြီးဖြင့်–

“မင်းမှာ မြရတနာတွေ တကယ်ပဲရှိနေတယ်ပေါ့ . . . ဟုတ်လား လူရဲ”

“ရှိတာပေါ့ဗျာ၊ ရှိတာမှ အများကြီးပဲ၊ ပန်းပုထုပြီးသား အရုပ်တွေရော, မြတုံးတွေရော၊ သေတ္တာကြီးနဲ့ လေးလုံးတောင်ပဲ”

“ကဲ . . . တိတိကျကျ ပြောပေတော့၊ မင်းပစ္စည်းတွေ ဘယ်မှာထားသလဲ”

“ဒီလောက်မလောပါနဲ့လေ၊ အပေးအယူလေးလည်း ရှိဦးမှပေါ့”

“ဘာအပေးအယူလဲ၊ မင်းဟာ ငါတို့ရဲ့အကျဉ်းသား၊ မင်းကို အချိန်မရွေး ရှင်းပစ်နိုင်တယ်ကွ . . . နားလည်ရဲ့လား”

“ကောင်းပြီလေ၊ ဒါဖြင့်တော့ . . . ခင်ဗျားတို့သဘောပေါ့၊ ကျုပ်ကို ရှင်းမယ်ဆိုလည်း ရှင်းလိုက်ပေါ့၊ ဒါမှ ကျုပ်နဲ့အတူ ပစ္စည်းတွေလည်း လုံးဝပျောက်ကွယ်သွားမှာပဲ”

ဦးခင်ဇော်နှင့် စောသောင်းမြင့်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြပြီး နှစ်ဦးသား တစ်စုံတစ်ရာ တီးတိုး ဆွေးနွေးနေကြ၏။

“ကောင်းပြီ လူရဲ၊ ဘာအပေးအယူလဲ ပြောပေတော့”



www.burmeseclassic.com

www.burmeseclassic.com



"ပထမအချက်က . . . ကျုပ် လောလောဆယ် ဒေါက်တာ တင်ဦးနဲ့ တွေ့ချင်တယ်၊ အဲဒါ အရင်ဆောင်ရွက်ပေးပါ"

"ဒုတိယအချက်က . . . ကျုပ်ကိုဖမ်းနိုင်ရုံနဲ့ ကျေနပ်ပါ။ ကျုပ်နဲ့ပတ်သက်ရာ ပတ်သက်ကြောင်း ဘယ်သူ့ကိုမှ ဒုက္ခမပေးရဘူး"

ဦးခင်ဇော်နှင့် စောသောင်းမြင့် အံ့အားသင့်သွားကြ၏။ သူတို့က လူရဲသည် ကျုပ်ကိုလွှတ်ပေးပါဟူသော အချက်ကိုသာ တောင်းဆိုမည်ဟု ထင်ထားကြသည်။ ယခုမူ သူ၏လွတ်မြောက်ရေးကို လုံးဝတောင်းဆိုခြင်းမပြုပေ။

"နေပါဦး . . . မင်းက ဘာကြောင့် ဒေါက်တာတင်ဦးနဲ့ တွေ့ချင်ရတာလဲ"

"ဟား ဟား . . . သူ့ကိုသွားခေါ်ဖို့ဆိုတာက လွယ်တာ မဟုတ်ဘူးကွ၊ မိုင်နှစ်ရာလောက်ဝေးတဲ့ခရီး။ ဒီကနေ မော်လမြိုင် မဟုတ်ဘူး"

"သြော် . . . ဒီလိုဆိုတော့ တင်ဦးနေတဲ့ နေရာအတိအကျ ခင်ဗျားသိတယ် ဆိုပါတော့ဟုတ်လား"

"အေး . . . သိပ်သိတာပေါ့၊ သူ လက်ထပ်တုန်းက တို့မိသားစုကို ဖိတ်လို့ တမင်သွားခဲ့ကြတာပဲ၊ ပြန်လာမှ မင်းကို ချည်ပြီး တုပ်ပြီးသားဖြစ်အောင် ထိုးဇာတ်ခင်းကြတာ ရှင်းသလား"

"သြော် သြော် . . . ရှင်းပါပြီဗျာ၊ ရှင်းပါပြီ။ အဟက် ဟက်





. . . ကျုပ်ကို ခင်ဗျားတို့က လှည့်တိုင်းလည်တဲ့ ဂျင်ကြီးလို့ ထင်ခဲ့ကြ တာကိုး"

"ကဲ . . . ဘယ်လိုလဲ၊ ကျုပ်တောင်းဆိုတဲ့နှစ်ချက် သဘော တူမတူ သိချင်တယ်"

"ငါ ပြောပြီးပါပကော။ ဒေါက်တာတင်ဦးကိုသွားခေါ်ဖို့ မလွယ်ဘူးလို့၊ ဒီတော့ တစ်အချက်ကို ဖျက်လိုက်ပြီး အခြားဟာ တစ်ခု အစားထိုးတောင်းပါ။ မင်းရဲ့ လွတ်မြောက်ရေးကလွဲရင်ပေါ့"

"ဒါဖြင့် တစ်အချက်ကို ခင်ဗျားငြင်းဆိုတယ်ပေါ့ ဟုတ်စ။ ကျုပ်ကတော့ လုံးဝမပယ်ဖျက်နိုင်ဘူး၊ ဒါပဲ၊ တင်ဦးဟာ ကျုပ်ရဲ့ညီ၊ ဖအေတူ အမေညီအစ်မရင်းက မွေးထားတဲ့ညီ။ ဒါကြောင့် သူ့ကို ကျုပ်တွေ့ချင်တယ်"

"ဘာကွ . . . မင်း ဘာပြောလိုက်တယ်"

မမျှော်လင့်သောစကားစုကို ကြားလိုက်ရသဖြင့် ဦးခင်ဇော် ကိုယ်ကြီးမှာ ထိုင်ခုံမှမြောက်သွားမတတ် အံ့သြလှုပ်ရှားသွားရတော့၏။

လူရဲသည် စကားကို အချိန်ဆွဲကာပြော၍ စိတ်ဝင်စားစွာ နားထောင်ရသလို အခြေအနေသို့ ဦးခင်ဇော်နှင့် စောသောင်းမြင့်အား ကျရောက်စေရန် ဖန်တီးနေခြင်းဖြစ်၏။

"ကျုပ်ဟာ ဆယ်တန်းအောင်ပြီး တက္ကသိုလ်မတက်နိုင်ဘဲ အကြောင်းကြောင်းတွေကြောင့် တောင်ယာဥယျာဉ် တစ်နှစ်လှုပ်



www.burmeseclassic.com

www.burmeseclassic.com



အမိုးဆုံးမှ မော်လမြိုင်ဆရာဖြစ်သင် ကောလိပ်တက်၊ ဆရာလုပ်၊ နောက် ကားသမားဖြစ်၊ ဟော ... မမျှော်လင့်ဘဲ အဖေ့ရဲ့အမွေကြောင့် နေ့ချင်း ညချင်း သူဌေးဖြစ်၊ အခုတစ်ခါ ခင်ဗျားတို့ရဲ့ အကျဉ်းသားဖြစ်၊ ဟား ဟား ... ဘယ်လောက်ဆန်းသလဲ၊ အင်း ... ဒီထက်ဆန်းတာကတော့ လူပျိုအစစ်က မုဆိုးဖို ဖြစ်ရပြန်တာပဲဗျို့။ ကျုပ်ရဲ့ အဘေးဟာ မြတောင်သူနဲ့ အကြောင်းပါခဲ့တယ်၊ ကျုပ်ဆီက မြဘုရားပလ္လင်အောက်က သိုက်စာညွှန်းမှာပါတဲ့ မြတောင်လေဗျာ၊

ကျုပ်ဟာ မြတောင်အဆက်အနွယ်ပဲ၊ မြေပုံမလိုပါဘူး၊ အညွှန်း မလိုဘူး၊ ကျုပ်သွားတတ်တယ်၊ လမ်းသိတယ်၊ အဲဒီမှာ ဗုဒ္ဓဘုရား ရှင်ကို ကိုးကွယ်ကြတဲ့ ပိုးကရင်အမျိုးအနွယ်တွေ နေတယ်၊ သူတို့ နေရာဟာ တောင်တွေဝိုင်းနေတယ်၊ ဘယ်လူစိမ်းမှ အဝင်မခံဘူး ...၊

ကျုပ်အမိုးနဲ့အဖွားဟာ စကောကရင် ခရစ်ယာန်ဖြစ်ပြီး အဖိုးကတော့ မြတောင်သူပိုးကရင် ဗုဒ္ဓဘာသာဝင်ဖြစ်တယ်၊ တင်ဦးဟာ ... ကျွန်တော့် အဒေါ်နဲ့အဖေတို့ရဲ့သား ကျွန်တော့်ညီပဲ"

လူရဲက စကားကို အရှည်ဆွဲပြောလာရာမှ ဖြတ်ချလိုက်ကာ အခြေအနေကို မသိမသာ အကဲခတ်နေလိုက်၏။

ဦးခင်ဇော်နှင့်စောသောင်းမြင့်မှာ ပါးစပ်အဟောင်းသားဖြင့် လူရဲအား ကြည့်နေမိကြ၏။





ပထမဦးဆုံး လှုပ်ရှားလာသူက စောသောင်းမြင့်။

"ကဲ ခင်ဇော် ... ဘာမှပြောမနေနဲ့ သူပြောတဲ့လူကိုခေါ်ပေးလိုက်။ နှစ်အချက်ကိုလည်း ကျုပ်လိုက်လျှော့မယ်၊ သူ့ဆီက ပစ္စည်းရပြီးရင် သူ့ကို မြတောင်သွားလမ်းပြပေးဖို့ ခေါ်သွားရလိမ့်မယ်၊ ဟိုရောက်ရင် ကျုပ်လူတွေနဲ့ တိုက်ယူတန် ယူရမှာပဲ၊ မင်းလိုက်ခဲ့ရလိမ့်မယ် လူရဲ"

"နေပါဦး ... ခေါင်းဆောင်ကြီး။ ကျွန်တော် ဒီကောင်ကို မေးပါရစေဦး၊ ဒီမယ်လူရဲ ... မင်းနဲ့ ဒေါက်တာတင်ဦးဟာ ညီအစ်ကိုဆိုတာ အမှန်ပဲလား။ ဘယ်လိုနည်းနဲ့ ဒါကို မင်းသိသလဲ။ ဒေါက်တာတင်ဦးကကော ဒါတွေသိသလား"

"ဒါတွေ တင်ဦးမသိသေးဘူး၊ ဒါကြောင့် ... သူနဲ့တွေ့ပြီး ဒီအကြောင်းတွေ ပြောသွားချင်တာပေါ့"

"ကျုပ်အဖေက သူမသေခင် အကြောင်းစုံစာရေးပြီး ခင်ဗျား ယူထားလိုက်တဲ့ ထူးထူးခြားခြား မွှေးနေတဲ့ သေတ္တာကလေးထဲမှာ ထည့်ပေးခဲ့တာပဲ"

"ဒါဖြင့် မြရတနာတွေကော ဘယ်မှာ ဝှက်ထားသလဲ"

ဦးခင်ဇော်က အလစ်ကောက်၍ မေးလိုက်သည်။ လူရဲက သတိရှိ၏။

"ဒီလောက်လည်း မလောပါနဲ့လေ၊ တင်ဦးနဲ့ ကျုပ် တွေ့

ခု နစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com



တော့ သိရလိမ့်မပေါ့၊ ပစ္စည်းရဲ့ လေးပုံတစ်ပုံကို တင်ဦးကို ပေးဖို့ ကျုပ်အဖေက သေသေချာချာ မှာခဲ့တယ်၊ ဒါကြောင့် . . . ကျုပ်မှာရှိတဲ့ ပစ္စည်းလေးပုံတစ်ပုံကို တင်ဦးပိုင်တယ်''

''ကောင်းပြီ . . . ဒေါက်တာတင်ဦးပါ သွားခေါ်ဖို့ မနက်ဖြန် ဝ့ါတပည့်တစ်ယောက် လွှတ်လိုက်မယ်''

''ပိုင်လိုက်လေကွာ၊ ညီအစ်ကိုနှစ်ယောက်စလုံး ဝ့ါလက်ထဲမှာ ပိုင်ပိုင်ကြီး ဆွဲထားနိုင်ရင် ပစ္စည်းအားလုံးဟာ ဝါနဲ့ ဟောဒီက ခေါင်းဆောင်ကြီးအတွက် ဖြစ်လာရမှာပေါ့၊ ဟား ဟား ဟား . . . ဒီအတွင်းတော့ မင်းညီကို စောင့်ပေဦးတော့''

ဦးခင်ဇော် ကျေနပ်အားရစွာပြောလိုက်ပြီး ဟက်ဟက်ပက်ပက် ရယ်လေသည်။

''ကဲ ဦးခင်ဇော် . . . ကျုပ်တို့သောက်ပြီးရင် သွားကြစို့လား။ စခန်းမှာ ဒီည ခရစ္စမတ်အတွက် သောက်ပွဲစားပွဲလေးလည်း ရှိသေးတယ်၊ ကျုပ်လူတွေလည်း တခြားက ရောက်လာကြရော့မယ်၊ ဒီညတော့ သူတို့လည်း ပျော်ကြပါစေ။ ကျုပ်လည်း ခွင့်ပြုထားတယ်၊ ခင်ဗျားလည်း ခဏတော့ လိုက်ခဲ့ဦး၊ ကျုပ်က တစ်လုည့်တိုက်ရ ကျွေးရသေးတာပေါ့''

❑ ❑ ❑

## အခန်း (၂၉)

စောသောင်းမြင့်နှင့် ဦးခင်ဇော်တို့ ဂူထဲမှထွက်ခဲ့ကြ၏။ ဂူကြီးမှာ ချုံပုတ်နှင့် နွယ်ပင်များက အဝမှ ပိတ်ဆီးနေသဖြင့် လူစိမ်းတစ်ယောက်အဖို့ ဂူပေါက်ကို ရုတ်တရက် မမြင်နိုင်ပေ။ သဘောဝကျောက်တောင်တစ်ခုဟုသာ သာမန်ထင်နိုင်စရာရှိ၏။

ဂူနှင့် စောသောင်းမြင့်တို့၏စခန်းမှာ မိုင်ဝက်ခန့်ဝေး၏။ ထိုမိုင်ဝက်ခရီးတိုလေးမှာ ဝါးဖြူရုံများနှင့် ဝါးပိုးတောကို လည်း ကောင်း၊ ဘိစပ်ပင်များကိုလည်းကောင်း ဖြတ်ကျော် ငုံ့တိုး၍ သွားရသော လမ်းမှျင်မှျင်ကလေးမျှသာ ဖြစ်၏။

စောသောင်းမြင့်၏ စခန်းဌာနချုပ်မှာ ဝါးရုံများ၊ သက်န်းပင်များ၊ ရုံးပင်များ ရှုပ်ထွေးပိတ်ကာအုပ်မိုးနေသော ကျယ်ပြန့်သလို လျှိုကြီးတစ်ခုပင် ဖြစ်သည်။

ခု နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ဦးခင်ဇော်မှာ စောသောင်းမြင့်၏စခန်းတွင်းသို့ ယခုမှ ပထမဦးဆုံးအကြိမ်အဖြစ် လိုက်ခွင့်ရခဲ့ခြင်းဖြစ်သည်။ တဖြည်းဖြည်းနှင့် လှိုဏ်ထိပ်သို့ ရောက်လာ၏။

''ကလစ်'' ခနဲ သေနတ်မောင်းတင်သံနှင့်အတူ ''ရပ်'' ဟု လှိုဏ်ထိပ်မှ ကင်းသမားဖြစ်၍ အုပ်အုပ်အော်သံပေါ်လာ၏'

''ခရစ္စမတ်''

စောသောင်းမြင့်က စကားဝှက်ကို ပြောလိုက်သည်။ ကင်းက သွားခွင့်ပေး၏။ သို့နှင့် လှိုဏ်ထဲသို့ ဆက်ဆင်းခဲ့ကြ၏။

ဝါးရုံတောအစပ်မှစ၍ သူတို့နောက်မှ ကပ်ပါလာခဲ့သော အရိပ်ကလေးတစ်ခုသည် ဖျတ်ခနဲ သစ်ပင်ကြီးတစ်ပင်၏ ပင်စည်နောက်သို့ ပြေးကပ်ကျန်ရစ်၏။ ခြေသံမကြားရ၊ အသံဗလံ ဘာမျှမရှိ။

လှိုဏ်ကြီးအတွင်း၌ စိမ့်အေးနေသည်။ စောသောင်းမြင့်လက်မှ တစ်ချက်တစ်ချက် လက်သွားသော လက်နှိပ်မီးရောင်တွင် တဲကလေးများသည် ဟိုတစ်စု သည်တစ်စု မြင်ရ၏။ အတန်ငယ် သပ်ရပ်သော တဲတစ်လုံးအတွင်းသို့ စောသောင်းမြင့် ရှေ့မှ ဦးဆောင်ဝင်သွားသည်။

တဲမျက်နှာကြက်ရှိ မီးအိမ်သည် မှိန်မှိန်လေးလင်းနေ၏။ တဲတွင်းဝယ် လူအတော်များများ ဝိုင်းဖွဲ့၍ ထိုင်နေသည်ကို တွေ့ရသည်။ စောသောင်းမြင့်ကိုမြင်သောအခါ အားလုံးက အရိုအသေပေးကြ၏။ အရက်ခွက် ကမ်းကြ၏။ မြည်းစရာများ ရှေ့သို့ အဆင်သင့်





ရောက်လာကြ၏။

ရပ်ဝေးမှ လူစိမ်းများရောက်နေကြသည်မို့ ဦးခင်ဇော်မှာ ဝတ်စုံနက်နှင့် ခေါင်းစွပ်ကိုမချွတ်ပေ။

''ထိုင် . . . လင်းယုန်တစ်၊ အဲဒီမှာ ခင်ဗျားကြိုက်ရာစားပြီး ကြိုက်တဲ့အရက် ကိုယ့်ဘာသာ ငှဲ့ချပေတော့။ ကျုပ်လူတွေလည်း ကျုပ်မလာလို့ ပွဲမစသေးတာ၊ ကဲ . . . စားဖို့သောက်ဖို့တွေ ကြိုက်တာယူပြီး ကိုယ့်တဲကိုယ်ပြန်ကြ၊ သိပ်လည်း မဆူကြနဲ့''

စောသောင်းမြင့်ထံမှ ခွင့်ပြုချက်ရသည်ဆိုလျှင် အသီးသီး ကိုယ်နှင့်ဆိုင်ရာတဲများသို့ ပုလင်းပိုက်ကာ ပြန်၍ အမြည်းပန်းကန်များမကာ ပြန်သူပြန်သွားကြတော့၏။

''ကဲ . . . လာ ဦးခင်ဇော်၊ ခင်ဗျားကို ကျုပ် လှိုဏ်ထိပ်ထိ လိုက်ပို့မယ်၊ ဒီညတော့ ဂူထဲမှာပဲ အိပ်လိုက်ဦး''

နှစ်ယောက်သား လှိုဏ်ထိပ်သို့ရောက်လာကြ၏။

''ခဏနေရင် ကျုပ်လူတချို့ ဂူပတ်လည်မှာ အင်အားထပ်ဖြည့်လိုက်မယ်လေ၊ ကဲ . . . သွားတော့''

စောသောင်းမြင့် လှိုဏ်ထဲပြန်ဆင်းသွားသည်ကို ခေတ္တရပ်ကြည့်နေပြီးမှ ဦးခင်ဇော် ဆက်ထွက်လာခဲ့သည်။

သစ်ပင်ကွယ်မှ အရိပ်ကလေးသည် ပထမ ဝေခွဲမရသလို တွေနေပြီးမှ ဦးခင်ဇော်နောက်သို့ လျှင်မြန်ပေါ့ပါးစွာ လိုက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဘိစပ်တောသို့ ခြေအချတွင် ဦးခင်ဇော် ညာဘက် ခြေသလုံးဝယ် ဖျပ်ခနဲ ခံစားလိုက်ရ၏။

''အား . . . ငါတော့ မြွေထိပြီ''

သူ စိုးရိမ်ထူပူစွာဖြင့် ခြေလှမ်းကို ရပ်လိုက်စဉ် ညာဘက် လက်ပြင်၌လည်းကောင်း၊ လည်ကုပ်သို့လည်းကောင်း စူးကလေး နှစ်ချောင်း လာ၍စိုက်နေ၏။ မြွေထိသည်ထင်သော ခြေသလုံးကို စမ်းကြည့်လိုက်ရာ ဆူးငယ်တစ်ချောင်းကို အသားထဲ နက်ရှိုင်းစွာ မြုပ်ဝင်နေကြောင်း စမ်းမိပြန်၏။

ဦးခင်ဇော် ရိပ်မိပေပြီ။ သူ့အား မြွေထိခြင်းမဟုတ်။ တစ်စုံ တစ်ဦး၏အဆိပ်ပြောင်းနှင့် မှုတ်ခြင်းကို ခံခဲ့ရပြီဖြစ်၏။ အဆိပ်ပြောင်း တွင် ထည့်မှုတ်ရသော အဆိပ်ဆူးကလေးများမှာ ငယ်သလောက် အစွမ်းထက်လှသည်။ ဖြေဆေးမသောက်ရမချင်း လုံးဝလှုပ်မရအောင် စွမ်း၏။ ယခုပင် ညာဘက်ကိုယ်တစ်ခြမ်းမှာ လှုပ်၍မရတော့၊ ရွေ့လျား၍မရတော့။ ဆူးသုံးချောင်းထိထားသည်ဖြစ်ရာ အော်ကြည့် ပါသော်လည်း အသံလုံးဝထွက်၍မလာတော့ပေ။

□

ခဏအကြာတွင် မည်းမည်းသဏ္ဌာန်မှာ ဂူထဲသို့ ဝင်ရောက် သွား၏။ ဂူထဲမှ လင်းယုန်နှစ်သည် ပျင်းပျင်းရိရိဖြင့် မီးပုံဘေးရှိ ခုံကြမ်းတစ်လုံးပေါ်တွင် ထိုင်၍ စားပွဲပေါ် ခြေထောက်တင်ကာ ထိုင်နေသည်။ သေနတ်ကို စားပွဲပေါ်တွင် ဖြစ်ကတတ်ဆန်းချထား၏။

ထိုစဉ် လင်းယုန်နှစ်သည် ဂူဝမှ မားခနဲပေါ်လာသော အရိပ် တစ်ခုကြောင့် ဆတ်ခနဲ ခေါင်းထောင်ကာ သေနတ်ကို ကောက် ကိုင်လိုက်၏။ သို့သော် နောက်ကျသွားပြီ။ ဓားမြှောင်တစ်လက်က သူ့လည်ပင်းကို လာစိုက်၏။ အော်ပင်မအော်နိုင်၊ စားပွဲပေါ် မျက်နှာ အပ်ပြီး ကုန်းကုန်းကြီး ငြိမ်ကျသွား၏။

ဓားနှင့်ပစ်သူသည် လင်းယုန်နှစ်၏ခန္ဓာကိုယ်ကြီးကို ဆွဲမကာ လှေကားထိပ်တွင် အသာချပြီး အောက်ထပ်သို့ဆင်းခဲ့၏။ လှေကား အလယ်တွင် သေနတ်နှင့် လင်းယုန်သုံးက ငိုက်မျဉ်းနေသည်။ ပီနံ အိတ်ပုံပေါ်တက်ထိုင်ကာ လင်းယုန် (၄)က ကျကျနန အစားစားနေ ၏။ သေနတ်ကို သူ့ပေါင်ပေါ် ကန့်လန့်ဖြတ်တင်ထား၏။ လူရဲအား ကြမ်းပြင်တွင် လဲလျောင်းရက်သား တွေ့ရ၏။

ထို့နောက် အရိပ်မည်းလူသည် အလုပ်နှစ်ခုကို မိနစ်ပိုင်း အတွင်း လျင်မြန်စွာ တစ်ပြိုင်နက် လုပ်ဆောင်လိုက်သည်။

လင်းယုန်နှစ်၏အလောင်းအား လှေကားထိပ်မှ လိမ့်ချ လိုက်၏။ လှေကားအလယ်တွင် ငိုက်မျဉ်းနေသော လင်းယုန်သုံး နှင့် အလောင်းကောင်ကြီးတို့မှာ ပြင်းထန်စွာ တိုက်မိကြပြီးနောက်







www.burmeseclassic.com

www.burmeseclassic.com



လင်းယုန်သုံးမှာ လေ့ကားရင်းသို့ တလိမ့်ခေါက်ကွေးကျသွားတော့သည်။ လင်းယုန်နှစ်၏အလောင်းကြီးနှင့် လင်းယုန်သုံးတို့ အရှိန်ပြင်းစွာ တိုက်မိနေကြစဉ် အရိပ်မည်းနှင့်လူသည် လင်းယုန် (၄) အပေါ်သို့ လွှားခနဲခုန်ချကာ လင်းယုန် (၄) ၏ခန္ဓာကိုယ်ကို ဆတ်ခနဲမြှောက်ယူလိုက်ပြီးနောက် ကုန်းထရန်ဟန်ပြင်နေသော လင်းယုန်သုံးက ပစ်ပေါက်လိုက်လေသည်။

လင်းယုန်သုံးနှင့် (၄) တို့နှစ်ဦး ဝရုန်းသုန်းကားဖြစ်နေစဉ် မားမြှောင်ကိုထုတ်၍ လူရဲ၏လက်မှကြိုးများကို လျင်မြန်စွာ ဖြတ်တောက်ပေးလိုက်၏။ ထို့နောက် သူ့ကိုယ်မှ ဦးခင်ဖော်၏ဝတ်ရုံကြီးနှင့်ခေါင်းစွပ်အား ချွတ်ပစ်လိုက်၏။

"လူရဲ မင်းဘေးက သေနတ်နဲ့ ဒီနှစ်ကောင် ထိန်းထားဝါ ကြိုးရှာဦးမယ်"

"ဟာ ... ဟန်တိုး"

လူရဲသည် အနှောင်အဖွဲ့ပြေသည်နှင့် သူ့ဘေးတွင် ကျလာသောသေနတ်အား ဖျတ်လတ်စွာကောက်ယူလိုက်ပြီး ပြန်လည်မတ်တတ်ရပ်နိုင်ရန် တာစူနေကြသော လင်းယုန်လေးနှင့် လင်းယုန်သုံးအား ချိန်ထားလိုက်တော့၏။

"နည်းနည်းမှမလှုပ်နဲ့ ကြားရဲ့လား။ ဟော့ ... လက်တွေအပေါ်မြှောက်ထားလိုက်စမ်း၊ ဒီတစ်ခါ ငါ့အလှည့်ပေါ့ကွာ ဟုတ်လား"





လူရဲက မဲ့ပြုံးနှင့်ဆိုလိုက်၏။ ဟန်တိုးက ကြိုးခွေတစ်ခုရှာတွေ့လာ၏။ အချိန်ဖြုန်းပြီး မနေတော့ဘဲ လင်းယုန်သုံးအား စတင်၍ကြိုးဖြင့်ချည်တော့သည်။

အသားထဲနစ်ဝင်လုမတတ် ရက်ရက်စက်စက် မြဲမြဲမြံမြံချည်၏။ အဝတ်စများဖြင့် ပါးစပ်ထဲသို့ သိပ်ထည့်၏။ သည် အတွင်းလင်းယုန် (၄) က လှစ်ခနဲ လှေကားပေါ် ပြေးတက်၏။ သို့သော်လည်းမလွတ်ပါ။ လူရဲက ခြေနှစ်ဖက်အား အသံတိတ် သေနတ်ဖြင့် ပစ်ချိုးလိုက်သဖြင့် လှေကားငါးထစ်မှ ဇွေခနဲ ကျလာသည်။

ဟန်တိုးသည် ပိန်အိတ်ပေါ်၌ကျကျန်နေသော လင်းယုန်လေး၏ သေနတ်အား ပြေးယူလာကာ သေနတ်ဒင်ဖြင့် လင်းယုန် (၄) ၏နားထင်ကို ထုချလိုက်သည်။ ပြီးမှ ကြိုးဖြင့် ကျကျနန ချည်လိုက်၏။ ပါးစပ်ထဲ အဝတ်ဆို့သည်။ လူရဲမှာ သူ၏လက်စွဲတော်ပစ္စတိုအား ရှာဖွေလျက် ရှိ၏။

"တွေ့ပြီဟေ့ ... ဝမ်းသာလိုက်တာ၊ ဟန်တိုး ကျည်ကတ်အပိုပါခဲ့ရဲ့လား"

"ပါတယ်၊ ရှစ်ကတ်ပါတယ်၊ လုံလောက်ကောင်းပါရဲ့"

"အေးကွာ ... ကျည်ကို ချွေတာရမှာပဲ"

"ကဲ ... လစ်စို့၊ မင်းဒဏ်ရာ ဘယ်လိုနေလဲ လူရဲ"

"ကိစ္စမရှိပါဘူး။ ပထမတော့ ငါက မင်းကို ဦးခင်ဖော်



www.burmeseclassic.com

www.burmeseclassic.com



မှတ်လို့''

''အေး . . . လောလောဆယ်တော့ ကံကြမ္မာက တို့ကို အထောက်အကူပြုနေတယ်ကွ''

''ကြင်စိန်ရော''

''တို့ အရင်ပုန်းတဲ့နေရာမှာ ငြိမ်ငြိမ်လေး နေခိုင်းခဲ့တယ်''

''ကဲ . . . လစ်ကြစို့၊ စောသောင်းမြင့်စခန်းမှာ ခုချိန်ဆို လူစုံရောပေါ့''

လှိုထိပ်တွင် ဘန်ကာတစ်ခုရှိ၏။ ကင်းသမား တစ်ယောက်ကလည်း ဘန်ကာမရောက်မီ ငါးကိုက်အကွာခန့်၌ ရှိ၏။ အမှောင်ထုအောက်ဝယ် ပြားပြားဝပ်လျက် အခြေအနေအကဲခတ်ရင်း ဟန်တိုး စိတ်မရှည်တော့။

''ဒီကောင်ကို အသံတိတ်ရှင်းမယ်၊ အနားကပ်ရင် အချိန်ပိုကြာတယ်''

ဟန်တိုးသည် လေသံသဲ့သဲ့ကလေးဖြင့် ပြောရင်း ဝတ်ရုံနက်အောက်မှ လွယ်ထားသော ဒူးလေးကို ဖြုတ်လိုက်၏။ ခါးကြား၌ ညှပ်ယူလာသော မြားနှစ်စင်းကို ဆွဲထုတ်ကာ တစ်စင်းကို ပါးစပ်မှာ ကိုက်ပြီး တစ်စင်းကို ဒူးလေးတွင် တပ်ဆင်၍ ပစ်လွှတ်လိုက်၏။ ပြီးတော့ နောက်တစ်စင်း –

'ဗွီး ဒုတ် ဒုတ်'





လေကိုခွင်း၍ ဒူးလေးမှ မြားထွက်သွားသံ လိုရာသို့ တိုက်ရိုက်ထိမှန်သံ။ ဟန်တိုး ကျေနပ်သွားသည်။ ရန်သူကင်းသမားမှာ ဆက်တိုက်ပစ်လွှတ်လိုက်သော မြားနှစ်စင်း လည်ပင်းတွင်စိုက်၍ မပီမသ ညည်းတွားလိုက်ပြီး နေရာတွင်ပင် ငြိမ်သက်စွာ လဲကျသွားတော့၏။

ဘန်ကာအတွင်းမှလည်း ဘာသံမှမကြားရ။ တိတ်ဆိတ်နေသည်။

''ကဲ . . . တစ်ကောင်တော့ ရှင်းသွားပြီ လှိုအနောက်ဘက်တောထဲကနေ ငါက ဝံပုလွေအူသံပေးတော့မယ်၊ ငါ ငါ . . . တပ်မတော်ကို သတင်းပို့ခဲ့ပြီ လေးနာရီထိုးတော့မလား၊ နာရီကြည့် လူရဲ''

''အေး . . . ထိုးတော့မယ်၊ ဆယ်မိနစ် လိုတော့တယ်၊ မြန်မြန်လုပ်၊ အူသံ သုံးမိနစ်ပဲ ကြာပါစေနော်၊ သုံးမိနစ်ပြည့်တာနဲ့ ငါ့ဆီပြန်လာခဲ့၊ ပြန်လာဖို့ နှစ်မိနစ်ပဲ အချိန်ပေးမယ်၊ စုစုပေါင်း ငါးမိနစ် . . . ဟုတ်ပြီလား''

''ကဲ သွား . . . သတိလည်းထား၊ အရှေ့ဘက်တောင်ကြောပေါ်မှာ ဘန်ကာတွေရှိတယ်၊ အဲဒီအနားမကပ်နဲ့ . . . ကြင်စိန့်ကို ငါ့ဆီပို့ခဲ့''

''ကောင်းပြီ . . . ဒီလိုဆို ငါသွားမယ်''

ဟန်တိုး ထွက်သွားပြီးမကြာမီပင် အသည်းတုန်ဖွယ်ရာ



www.burmeseclassic.com

www.burmeseclassic.com



ဝံပုလွေအူသံကြီးကို ကြားရတော့၏။

"ဝုအူး ဝုအူး ဝူး ဝူး အူး ဝူး ဝူး"

သံရှည်ဆွဲ၍ စူးရှကျယ်လောင်စွာ အူလိုက်သောအသံကြီးမှာ တစ်တောလုံး ဟိန်းသွားတော့သည်။

အချိန်ငါးမိနစ် ကြာသွား၏။

လူရဲသည် သူ၏ပစ္စတိုထဲသို့ ကျည်ကတ်အသစ် ထည့်လိုက်၏။ ထို့နောက် အသက်ကို အောင့်၍ ငြိမ်နေလိုက်သည်။

ဟန်တိုးပြန်ရောက်လာသည်။ မရှေးမနှောင်းပင် မီးကျည်သေနတ်ပစ်ဖောက်သံနှင့်အတူ လေထဲမီးကျည်များ ကောင်းကင်သို့ ထိုးတက်လာတော့၏။

ပတ်ဝန်းကျင်တစ်ခုလုံး ထိန်ထိန်လင်းလျက် ရှိနေ၏။

'ဝုန်း ဝုန်း ဝုန်း'

"ဟော . . . တပ်မတော်စစ်ကြောင်း ရောက်လာပြီ"

ဟန်တိုးက ဝမ်းသာအားရစွာ ပြောလိုက်၏။

ပထမဦးဆုံး ၃. ၅ ရော့ကတ်လောင်ချာများနှင့် စစ်ကြောင်းမှ စ၍ ခွင်းရာ ရန်သူ့ဘန်ကာများ လေထဲသို့ မြောက်တက်လွင့်စင် ပျက်စီးရတော့၏။

အမ် ၇၉ နှင့် စက်လက်နက်ဆွဲသံများလည်း တစ်ခဲနက် ထွက်ပေါ်လာ၏။





လှိုဏ်ထဲမှ ရန်သူတန်းလျားများ မီးလောင်ကာ လူတွေ ဟိုပြေး သည်လွှား ရှုပ်ယှက်ခတ်နေရာယူနေကြ၏။

အရုဏ်ဦးတိုက်ပွဲကား ပြင်းထန်လှ၏။ ဂူဘက်မှလည်း တပ်မတော်စစ်ကြောင်းမှ စီးမိထားပြီဖြစ်ကြောင်း မီးကျည်စိမ်းဖြင့် အချက်ပြနေ၏။ တဖြည်းဖြည်း လှိုဏ်ထဲမှ ရန်သူပစ်အားသည် လျော့၍ လျော့၍လာ၏။

လူရဲ ရိုပ်မိလိုက်သည်။ သောင်းကျန်းသူများသည် တစ်မိုင်ခန့်ရှည်သည့် လှိုဏ်အောက်ဘက်ပိုင်းသို့ စုန်၍ ပြေးကြလေပြီ။

'ဒက် ဒက် ဒက် . . . ဝုန်း'

အပြေးအလွှား ဆုတ်ခွာလာသော ရန်သူများ ဘိစပ်တောကို ဖြတ်ကျော်နေစဉ် တောင်ကြောပေါ်မှ စက်လတ်ဆွဲသံများ၊ လက်ပစ်ဗုံးနှင့် ထုသံများ၊ အကွက်ချ၍ထုနေသော သုံးလက်မစိန်ပြောင်းသံများ ဘဝင်ညံမျှ ထွက်ပေါ်လာနေ၏။

ဘိစပ်ပင်များမှာ ရှည်လျားထူထပ်၍ မြင့်မားသည် ဆိုသော်လည်း မျက်ကွယ်သာရပြီး ကျည်ကွက်ပေးနိုင်သည့် အပင်မျိုး မဟုတ်ရကား။ ရန်သူများမှာ ဘိစပ်တောကိုအားကိုး၍ မနေရဲတော့ချေ။

"ဆုတ်ပြေ . . . မြန်မြန်။ နင်တို့အဖေတွေ တောင်ကြောပေါ် ရောက်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



စောသောင်းမြင့်သည် ကရင်ဘာသာဖြင့် ဒေါသတကြီး အော်ဟစ်အမိန့်ပေးကာ သူကိုယ်တိုင် လှိုဏ်ထဲပြန်ဆုတ်လာသည်။ အလယ်အူကြောင်း ဝါးရုံတောမှ ဖောက်ထွက်ရန် ကြိုးစားသော်လည်း အသင့်ဆီးကြိုနေသော တပ်မတော်သားများလက်မှ တစ်ယောက်မျှ မလွတ်တော့ပေ။

သို့နှင့် လူချို့မှာ နောက်ကြောင်းပြန်လှည့်ကာ လှိုဏ်ထိပ်သို့ စွတ်၍ တက်လာကြတော့၏။

လေထီးမီးကျည်၏အလင်းရောင်အောက်တွင် စောသောင်း မြင့်၏မျက်နှာကြီး ဘွားခနဲ လှိုဏ်ဝမှပေါ်လာသည်။

လှိုဏ်ထဲမှ အနီဒွာရုံ မြင်ကွင်းကို စောင့်ကြည့်နေသော လူရဲ အံ့အားသင့်သွား၏။ သူ့ ကိုယ်တစ်ခြမ်း ကျည်ကွယ်မဲ့နေသည်ကိုပင် သတိမရနိုင်တော့။

စောသောင်းမြင့်သည် လက်ထဲမှ သေနတ်ကို ချိန်မနေဘဲ လူရဲကို လက်တန်းထိုးပြီး ပစ်အချ . . .

လူရဲ၏ရင်ဘတ်တွင်း မီးစကြီးနှင့် ထိုးလိုက်သည့်အလား ပူခနဲ။

သူပစ်လွှတ်လိုက်သော သေနတ်ကျည်ဆန်များကတော့ စောသောင်းမြင့်၏ဦးခေါင်းထဲသို့ ပြေးအဝင်။

"အဝယ် အဝယ် . . . အမယ်လေး . . . အဝယ် သေပါပြီဗျ"

ခု နှစ် စဉ့် ကြယ် တာ ပေ



ကြင်စိန်၏ အလန့်တကြား အော်သံများမှာ လူရဲ၏နားထဲတွင် တိုး၍တိုး၍ ဝါး၍ဝါး၍လာ၏။ လက်မှသေနတ်လည်း လွတ်ကျသွားတော့၏။

သတိကို ကြိုးစားနေသော်လည်း မရချေ။

"ခင် . . . ခင်ထား"

သည်တစ်ခွန်းသာ သူ့နှုတ်မှ လွင့်ထွက်လာပြီးနောက် အမှောင်ကျသွား၏။

ပကတိအမှောင်ကမ္ဘာထဲသို့ သူ လွင့်စဉ်လိမ့်ကျသွားရတော့၏။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

ရှေ့တန်းကွပ်ကဲရေးဗျူဟာမှူးရုံးတွင် ဖြစ်ပါ၏။

''ကဲ ဗိုလ်မှူးလှတင် ... အခြေအနေအားလုံးကို ရှင်းပြပါဦး''

ဗျူဟာမှူးကြီးညွှန့်လှိုင်က တိတ်ဆိတ်ခြင်းကို စတင်ဖြိုခွင်းလိုက်၏။

တိုက်ပွဲသည် အောင်ပန်းဆွတ်ခြင်းနှင့် အဆုံးသတ်ပြီး သောင်းကျန်းသူတပ်မဟာ (–) မှ တပ်မမှူး စောသောင်းမြင့်ကို အသေဖမ်းမိကာ သူ့လက်နက်ခဲယမ်း၊ အရေးကြီးသည့် စာရွက်စာတမ်းများ၊ ၎င်းတို့၏ မြေပေါ်မြေအောက်အမာခံများစာရင်း၊ ဖျက်ဆီးနှောင့်ယှက်ချေမှုန်းမည့် စီမံလျာထားချက်များ မြောက်မြားစွာနှင့် ဦးခင်ဇော်၏ပင်မမှောင်ခိုပစ္စည်းများ သိမ်းဆည်းရာမှ ဌာနဂူကြီးကိုယ်





တပ်မတော်မှ သိမ်းပိုက်နိုင်ခဲ့သော်လည်း သည်တိုက်ပွဲအတွက် စီစဉ်သူ၊ ထောက်လှမ်းသူ၊ အရေးကြီးသည့်အပိုင်းမှ ပါဝင်လှုပ်ရှားသူတစ်ယောက် ဒဏ်ရာပြင်းထန်စွာရ၍ သေမည်ရှင်မည်မသိနိုင် ဖြစ်နေခြင်းအတွက် တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးလှတင်မှာ မျက်နှာညှိုးနွမ်းနေတော့၏။

''ဒီလိုပါ ဗျူဟာမှူးကြီး ... လှရဲ့ ဟန်တိုးနဲ့ ကြင်စိန်တို့ဟာ ကျားသစ်နက်, ဝံပုလွေ, ကျားရိုင်း စတဲ့ နာမည်ဝှက်တွေနဲ့ တပ်မတော်စစ်ကြောင်းအတွက် လှုပ်ရှားထောက်လှမ်းပေးခဲ့တာ ကြာပါပြီ ဒါဟာ ဘယ်သူမှ နိုင်းလို့မဟုတ်ပါဘူး ...।

သူတို့အဖွဲ့ငယ်လေးရဲ့ ခေါင်းဆောင်ကတော့ လှရဲပါပဲ၊ ဒီအတွက် သူတို့ဟာ ငွေကြေးအထောက်အပံ့ လုံးဝယူကြတာ မဟုတ်ပါဘူး၊ ဟန်တိုးနဲ့လှရဲဟာ ကျွန်တော်နဲ့လာပြီး စတင်ဆက်သွယ်ပါတယ် ...।

အစကတော့ သူတို့ကို ကျွန်တော် ယုံကြည်မှုမရှိခဲ့ပါဘူး၊ ဒါပေမဲ့ သူတို့သတင်းပေးမှုကြောင့် ကျွန်တော်တို့စစ်ကြောင်းဟာ မကြာခဏ လူလက်နက်ခဲယမ်းတွေ ဖမ်းဆီးရမိခဲ့ပါတယ် ...।

အောင်ပွဲဆက်တိုက် ရခဲ့ပါတယ်၊ ဒါပေမဲ့ ... ကျွန်တော်တို့တပ်ရဲ့စစ်ကြောင်းလှုပ်ရှားမှုတွေကို စောင့်ကြည့်၊ တောထဲကို သတင်းပို့၊ ဆေးဝါးရိက္ခာကအစ ရှာဖွေပေးနေတဲ့လူရှိကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ သတင်းရလာတယ်၊ ဘယ်သူမှန်း တိတိကျကျ သိရအောင် စုံစမ်းဖို့ လှုရဲကိုပဲ ကျွန်တော် လျှို့ဝှက်တာဝန်ပေးခဲ့ပါတယ်၊

လှုရဲဟာ သတင်းထောက်လှမ်းနိုင်ခဲ့တယ်၊ သူဟာ တကယ်ထက်မြက်ထူးချွန်တဲ့ လူတစ်ယောက်ပါပဲ …။

မြေပြင်ပေါ်မှာ လှုပ်ရှားနေတဲ့ မြေအောက်ကစပိုင်ဟာ မှုံမြို့မျက်နှာဖုံး အရေခြုံထားတဲ့ ဦးခင်ဇော်ပါပဲ …။

လှုရဲဟာ ကျောင်းဆရာအလုပ်ကထွက်ပြီးနောက်ပိုင်း ဦးခင်ဇော်ဆီမှာ အလုပ်တစ်ခုခု ဝင်လုပ်ဖို့ ကြံနေတုန်းမှာပဲ ဦးခင်ဇော်က လှုရဲကို သူ့ရဲ့ မော်လမြိုင်–သံဖြူဇရပ် ခရီးသည်တင်ကား မောင်းပေးဖို့ အခေါ်ရောက်လာတာကိုး …။

ဦးခင်ဇော်အိမ်မှာ လှုရဲ ကားမောင်းနေစဉ်အတွင်း … အဖိုးတန်တဲ့ သတင်းတွေကို လှုရဲဟာ ကျွန်တော့်ကို ပို့ပေးနိုင်ခဲ့ပါတယ်၊

လှုရဲလက်ထပ်တဲ့ညမှာ ဟန်တိုးနဲ့အတူ တောလည်ထွက်ချင်ယောင်ဆောင်ပြီး ဦးခင်ဇော်နောက်ကို လိုက်လံထောက်လှမ်းပါတယ် …။

ဒါပေမဲ့ … ရန်သူ့ကင်းသမားနှစ်ယောက်နဲ့တိုးပြီး သူ့အသက် ကိုယ့်အသက်လုရာက လှုရဲဗိုက်မှာ သေနတ်ဒဏ်ရာ ရခဲ့ပါတယ် …။





နောက် … သူ့ဗိုက်က ဒဏ်ရာကို ဆေးကုနေတုန်း ကျွန်တော့်ဆီ စောသောင်းမြင့်ရဲ့ ဌာနချုပ်စခန်း, ပထဝီအနေအထား, ထွက်လမ်း၊ ဝင်လမ်း၊ ဆုတ်လမ်းအားလုံးနဲ့ တောင်ကြောပေါ်က ဘန်ကာတွေ ဘယ်နေရာမှာရှိတတ်ပြီး လူအင်အား ဘယ်နှယောက်, ကင်းရှည်ကို ဘယ်နားတစ်ပိုက်အထိ လှည့်တတ်တယ်ဆိုတာတွေ အားလုံး အသေးစိတ် မြေပုံဆွဲပို့ခဲ့ပါတယ်ခင်ဗျာ''

ထို့နောက် တိုက်ပွဲအခြေအနေအရပ်ရပ်ကို တပ်ရင်းမှူးက အသေးစိတ် ဆက်လက်တင်ပြ၏။

''ကဲ ဟန်တိုး … ကျန်တဲ့မင်းအပိုင်းကို ဆက်တင်ပြပေတော့''

ဟန်တိုးသည် လေထုကိုခွင်း၍ ကောင်းကင်သို့ တဖြည်းဖြည်း မြင့်တက်သွားသော လှုရဲပါသွားသည့် ရဟတ်ယာဉ်ကို မျက်ရည်ပြည့် မျက်လုံးများဖြင့် ငေးမျှော်ကြည့်နေရာမှ ခေါင်းကို ငုံ့ချလိုက်၏။

''ဟုတ်ကဲ့ … ကျွန်တော့်ဘက်က ပြောစရာအထွေအထူး မရှိပါဘူး၊ လှုရဲရဲ့ခေါင်းဆောင်မှုအောက်မှာ သူ့အစီအစဉ်အတိုင်း ကျွန်တော် ပါဝင်လုပ်ဆောင်ခဲ့ပါတယ်၊ ကျွန်တော်တို့ နှစ်ယောက် ပေါင်းပြီး အမဲလိုက်တယ်ဆိုပေမယ့် … ဒါက ဟန်ပြသက်သက်ပါပဲ …။



www.burmeseclassic.com

www.burmeseclassic.com



သတင်းထောက်လှမ်းမှု မစမီကလေးမှာတော့ ရုပ်ပြကောင်းအောင် သမင်,ဒရယ်တွေကို အရင်ပစ်တတ်ကြပါတယ်၊ စောသောင်းမြင့်ဟာ ကျွန်တော့်ယောက်ဖတော်ပါတယ်၊ ကျွန်တော့်နှမ ဆယ့်ခြောက်နှစ် တောင် မပြည့်သေးဘူး၊ အတင်းခေါ်သွားပြီး အမြှုပ်ယူတဲ့အကောင်ပေါ့၊

ဒါပေမဲ့ . . . တကယ်အတည်တကျ မပေါင်းဘူး၊ ဖျက်ဆီးပစ်တဲ့သဘောပါပဲ၊ ဒါကြောင့် . . . သူ့ကို ကျွန်တော် သိပ်နာကြည်းခဲ့တယ်၊ အခုဆို စောသောင်းမြင့်လည်း သေပြီဆိုတော့ နှမလေးလည်း မုဆိုးမဖြစ်ရရှာပြီပေါ့ . . . !

ဒါလည်း ခပ်ကောင်းကောင်းပါပဲ၊ ခြေမ,မကောင်း ခြေမ၊ လက်မ,မကောင်း လက်မ ဖြတ်ဖို့ ဝန်မလေးကြောင်းနဲ့ တိုင်းရင်းသားတစ်ယောက်ရဲ့ တာဝန်ကျေကြောင်း ပြလိုက်ရတဲ့အတွက် ဝမ်းသာပါတယ်၊ ဒါပေမဲ့ လူရဲအတွက် စိတ်မကောင်းဘူး''

''လူရဲအတွက် ဘာမှမစိုးရိမ်ပါနဲ့၊ ဆေးမှူးကိုယ်တိုင် ပြုစုပေးရင်း မင်္ဂလာဒုံဆေးရုံရောက်သွားရင် အားလုံးကောင်းသွားမှာပါ''

ဗိုလ်မှူးကြီးညွန့်လှိုင်က လူရဲအတွက် စိတ်ထိခိုက်နေသော ဟန်တိုးအား အားပေးစကား ပြောကြားလိုက်၏။

❑ ❑ ❑

## အခန်း (၃၁)

ဟိုအဝေးဆီမှ အသံညင်ညင်ကလေးက သူ၏သောတအာရုံထဲသို့ တိုး၍ဝင်လာ၏။ အို . . . သည်အသံကလေးကို သူ ကြားဖူးပါ၏။

ပထမတော့ သူ့အကြားအာရုံသည် မပီပြင်ချေ။ ထို့နောက်မှ တစ်စထက်တစ်စ ပီပြင်လာ၏။ ကြည်လင်လာ၏။

''လူရဲ လူရဲရေ''

''သတိရပါတော့ အချစ်ရယ်''

''ခင်ထားလေ လူရဲအနားမှာ ရောက်နေပါတယ်ကွယ်''

ရင်ထဲတွင် စွဲနေခဲ့ရသော အသံကလေးက နားနားတွင် ကပ်၍ တိုးတိုးကလေး ဆက်ကာဆက်ကာ ခေါ်နေလေရာ လူရဲသည် သတိပြန်လည်မသွားအောင် သူ၏သတိအာရုံကို ကြိုးစားပမ်းစား အလူးလူးအလဲလဲပင် ထိန်းချုပ်နေရရှာသည်။

''မင်းကို ခင်ထားလေ သိပ်ချစ်ပါတယ် အချစ်ရယ်''

ခု နှစ် ဧဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



လေးလံမှေးမှိတ်နေသော မျက်ခွံကို အားယူ၍ဖွင့်၏။ အမျှော်လင့်ရဆုံးသောစကားကို ကြားလိုက်ရ၍ အားသစ်အင်သစ် ဝင်လာ၏။ နူးညံ့သိမ်မွေ့ နွေးထွေးသော နှုတ်ခမ်းအစုံက သူ့ပါးပြင်အား ရွရွကလေး ထိတွေ့လာ၏။ ပြီးမှ ကြေကွဲဆွေးမြည့်စွာ ရှိုက်လိုက်သံကလေးတစ်ချက်ကို သူကြားရ၏။

''ခင် ထား''

''ဟင် . . . လှူရဲ မင်း သတိရလာပြီနော်၊ အို . . . ခင်ထား ဝမ်းသာလိုက်တာ လှူရဲရယ်''

''ကိုယ် ဘယ်ရောက်နေတာလဲဟင်''

''မင်္ဂလာဒုံ စစ်ဆေးရုံကြီးမှာလေ၊ လှူရဲ သတိလစ်နေတာ ငါးရက်တောင်''

''ဟုတ်လား၊ ခင်ထားရယ် . . . ကိုယ် အိပ်မက်မက်နေတာ လား၊ တကယ်လား မသဲကွဲလို့ပါ''

ခင်ထားမျက်နှာတွင် ရှက်သွေးများ စွန်းထင်း၍သွားသည်။ နောက် တိုးတိုးကလေး ပြောလိုက်၏။

''ခင်ထားလေ လှူရဲကို သိပ်ချစ်ပါတယ် လှူရဲရယ်''

''အို . . . ခင်ထားရယ်၊ ကိုယ် အိပ်မက်မက်နေတာ မဟုတ်ပါဘူးနော်၊ ကိုယ်လေ ကိုယ်မသေတော့ဘူး၊ မင်းအတွက် ကိုယ် မသေနိုင်တော့ဘူး။ ဝမ်းသာလိုက်တာ ခင်ထားရယ်၊ ဝမ်းသာလိုက်တာ

ခု နစ် စဉ် ကြယ် စာ ပေ



အချစ်ရယ်''

လှူရဲပြောနေသည်ကို တောက်ပရွှန်းလက်စွာ ပြုံးလျက် ငုံ့ကြည့်နေ၏။

''ကိုယ်နေကောင်းတာနဲ့ ချက်ချင်းလက်ထပ်ကြမယ်နော်''

''အင်းပေါ့ . . . ရှေ့လျှောက် ခင်ထားတို့အတွက် ဝမ်းသာစရာချည်းပဲသိလား လှူရဲ၊ ခင်ထားဒဏ်ရာလည်း လုံးဝစိတ်ချရပြီတဲ့၊ အခန်းပြင်မှာ လှူရဲတွေ့ချင်တဲ့ ဒေါက်တာတင်ဦးလည်း ရောက်နေတယ်''

''ဟန်တိုးနဲ့ ကြင်စိန်ကော ဘာမှမဖြစ်ဘူး မဟုတ်လား''

''ဟန်တိုး လက်မောင်းနည်းနည်းထိတယ်၊ ကြင်စိန် ဘာမှ မဖြစ်ပါဘူး၊ ဒေါက်တာတင်ဦးကို ခင်ထား ခေါ်လိုက်ရတော့မလား ဟင်''

''နေပါဦး၊ နေပါဦး . . . တင်ဦးက အလိုက်သိတတ် ပါတယ်၊ ဒီနားတိုးစမ်းပါ အချစ်ရယ်၊ ကိုယ့်ကိုချစ်ရင် နမ်းစမ်းပါကွယ်''

''အိုကွယ်''

ခင်ထားသည် ချစ်ရည်တို့ဖြင့် တောက်ရွှန်းစိုလက်နေသော လှူရဲ၏မေတ္တာမျက်လုံးများ အကြည့်ဒဏ်ကို မခံနိုင်တော့သလိုအလား မျက်လွှာကလေးကိုချပစ်မိပြီး ချစ်သူ၏လက်မောင်းများအကြားသို့ တိုးဝင်လိုက်လေတော့သတည်း။

ဆက်လက်ကြိုးစားပါဦးမည်
စိတြဲအင္ဂ

www.burmeseclassic.com